

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



(သောကြာမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၀၀ခုနှစ်မှ
မတ်လ၊ ၂၀၀၃ခုနှစ်အထိဆောင်းပါးများစုစည်းမှု)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အီကြာကွေး

၁၉၃၈ ခုနှစ်တွင် ဓနုဖြူမြို့၊ မင်းပိုင်းရပ်၌ မွေးဖွားသည်။ အဖ ဦးမောင်နှစ်၊ အမိ ဒေါ်ညွန့်မေတို့၏ တစ်ဦးတည်းသောသား ဖြစ်သည်။ အမည်ရင်းမှာ ကိုကျော်ထွန်း ဖြစ်၍ မူလကလောင်အမည် (ဓနုဖြူ) ကျော်ထွန်း ဖြစ်သည်။ ၁၉၅၄ ခုနှစ် ဇန်နဝါရီလ တွင် စာ, စရေး၍ ယနေ့အထိ စဉ်ဆက်မပြတ် ရေးလာရာ၊ စာရေးသက် အနှစ်ငါးဆယ် ရှိခဲ့ပြီ ဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် (အီကြာကွေး) ကလောင်အမည်ကို ထပ်ပွားသည်။

ဓနုဖြူ အစိုးရအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၅၃၊ ၁၉၅၄တွင် ဓနုဖြူ ပြည်ထောင်စုလူငယ်အဖွဲ့တွင် ပညာရေးမှူးနှင့် စာကြည့်တိုက်မှူး၊ ၁၉၅၅ ခုနှစ်တွင် စာပေဝါသနာရှင်များအသင်း(ဓနုဖြူ)၏ စာပေတာဝန်မှူးနှင့် စာကြည့်တိုက်မှူး တာဝန်ယူ၍ မှန်တိုင်း စာစောင် အမှတ် (၁) နှင့် အမှတ် (၂) တို့ကို ထုတ်ဝေခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဓနုဖြူ ကဗျာဆရာအသင်းကို တိုးချဲ့ ဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ပြည့်သူ့လူငယ်အဖွဲ့ (ဓနုဖြူ) တွင်ဥက္ကဋ္ဌနှင့် ကမ္ဘာ့ ငြိမ်းချမ်းရေး ကွန်ဂရက် (ဓနုဖြူ) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်မှ စာရေးဆရာကြီးများအား ဖိတ်ကြား၍ စာဆိုတော်နေ့ စာပေဟောပြောပွဲကို စတင် ကျင်းပပေးခဲ့သည်။ ဓနုဖြူတွင် စာပေဟောပြောပွဲကို မျိုးစေ့ချပေးခဲ့ခြင်း ဖြစ်သည်၊

၁၉၅၆ ခုနှစ်တွင် တောင်ဥက္ကလာပ ကဗျာ့ကလာပ်စည်း၏ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ၍ ပစ္စက္ခ ကဗျာများနှင့် ပွဲတင်သံ ကဗျာများ စုပေါင်း ကဗျာစာအုပ် နှစ်အုပ် ထုတ်ခဲ့သည်။ အီကြာကွေး အမည်ဖြင့် ရေးခဲ့သော (နောင်တစ်ခါ မေးရင် ဖြေလိုက်မယ်) ဝတ္ထုတိုကို ရုရှဘာသာသို့ ပြန်ဆိုခြင်း ခံခဲ့ရသည်။

(ဓနုဖြူ) ကျော်ထွန်းအမည်ဖြင့် ကဗျာ (၁၂၀၀)ကျော်၊ ဝတ္ထုတို (၈၀)ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် (၃)ပုဒ်နှင့် ပီမိုးနင်း၏ ဝတ္ထုတို အတတ်ပညာ စာပေကျမ်း(၁)ကျမ်းကို ပြုစုခဲ့သည်။ လက်သင်စ ကဗျာရှင်များအတွက် လမ်းညွှန်နည်းပြ မဂ္ဂဇင်းတွင် (ကဗျာ့ ပွဲခင်းသာ) ကဏ္ဍကို နှစ်ပေါင်း သုံးဆယ်ကျော် လစဉ်မပျက် တာဝန်ယူ ရေးသားခဲ့သည်။ ယခုအခါသောကြာစာစောင်တွင် (ကဗျာ့ပွဲခင်းသာ) ကဏ္ဍကိုဆက်လက်ရေးသားခဲ့ရာ သုံးနှစ်သက်တမ်းရှိခဲ့ပြီးဖြစ်၏။ အီကြာကွေး အမည်ဖြင့် လုံးချင်းအုပ်(၂၀) ရေးခဲ့ပြီး၍ သောကြာစာစောင်တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

**ထုတ်ဝေပြီးစာအုပ်များ**

၁။ ပန်းဝတ်ရည် * ကလေးတို့တတ်ကြဖို့ ကမှအကိုရေးကြစို့
၂။ ပန်းဝတ်ရည် * ကလေးတို့တတ်ကြဖို့ Aမှ Zကိုရေးကြစို့
၃။ အီကြာကွေး * ရုံအပြင်ကထွက်ကြည့်ပါ
၄။ သုမောင် * နံနက်စာ
၅။ ကိုပိုက် * ကြုံဆုံခဲ့ရ မုဆိုးဘဝ
၆။ အီကြာကွေး * ရယ်စရာဗေးရှင်း(၁)
၇။ အဏ္ဏဝါစိုးမိုး * ခရီးဆောင်ဟာသများ
၈။ ချစ်နိုင်(စိတ်ပညာ) * သန့်ရှင်းသောစိတ်
၉။ မင်းလူ * သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့
၁၀။ သုမောင် * အရက်သမားအမှားတစ်ခါ
၁၁။ သစ္စာနီ * စကားလုံးများနှင့်ဆော့ကစားခြင်း
၁၂။ အီကြာကွေး * တွေ့ရကြုံရရှုတတလေးတွေ
၁၃။ ကိုပိုက် * ၂၀၀၁ မုဆိုးများ
၁၄။ အီကြာကွေး * မျက်စိအောက်က ဇရာ
၁၅။ ဆွေမင်း(ဓနုဖြူ) * ဘဝတစ်ခုအမှတ်တရ
၁၆။ အီကြာကွေး * ရယ်စရာဗေးရှင်း(၂)
၁၇။ ကျော်မင်းနိုင် * လျှို့ဝှက်ဆန်းကြယ်ဝတ္ထုများ
၁၈။ ကိုပိုက် * သေမင်းတမန်မုဆိုး
၁၉။ ကိုပိုက် * စိတ်ကြိုက်မုဆိုး
၂၀။ ကိုပိုက် * အင်ကြင်းဝက်ပါ
၂၁။ အီကြာကွေး * နတ်ရှူးတို့ကြောင်နိုင်ပေ
၂၂။ မင်းလူ * လွန်လေပြီးသော နှလုံးသား
၂၃။ ကိုပိုက် * မထူးဆန်းသောဝတ်ရုံလွှာ
၂၄။ သုမောင် * မျိုးရိုးထဲမှဆိုးပေကြီးများ
၂၅။ ကိုပိုက် * လောကငရဲ
၂၆။ လင်းယုန်မောင်မောင် * ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ ပြောင်ချက်နှင့်လျှောင်ကွက်များ
၂၇။ အီကြာကွေး * ငယ်မူငယ်သွေး(ကလေးလိမ္မာရေးစာစုများ)
၂၈။ ကိုပိုက် * အင်ဒုံဗွမ်တောကမာယာတဲစု
၂၉။ အဏ္ဏဝါစိုးမိုး * ဟီးဟီးဟားဟားမော်တော်ကား

**ယခုလ**

အီကြာကွေး * ငုတ်တုတ်ထင်ရှားရေးဖော်များ

**ဆက်လက်၍**

အီကြာကွေး * စာပေအင်တာဗျူး
လယ်တွင်းသားစောချစ် * ပရိသတ်ရှေ့မှာဟောပြောနည်း
ကိုပိုက် * အမေသိလျှင်ကျေနပ်မှာပါလေ

www.burmeseclassic.com

www.burmeseclassic.com

စာအုပ် ၃၀

# အီကြာကွေး

ငုတ်တုတ်ထင်ရှားရေးဖော်များ

တွတ်ပီစာအုပ်တိုက်
အမှတ်(၄/က)၊ အဝေရာလမ်း၊ ဘောက်ထော်၊
ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။
☎-    ၀၁-၇၀၁၉၅၈၊၀၉-၅၀၀၂၄၆၂

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်[ ၁၅၀၄/ ၂၀၀၃ (၈) ]
**မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၁၃၃/ ၂၀၀၄(၂) ]**

**မျက်နှာဖုံးသရုပ်ဖော်**
ပန်းချီစောတင်မောင်၊ ကာတွန်းပိုးဇာ၊ ဂရပ်ဖစ်ဒီဇိုင်းဘိုဘိုထွန်း
**မျက်နှာဖုံးနှင့်အတွင်းဓာတ်ပုံ**
ဇော်မိုး(တတိုင်းမွှေး)
**ပုံနှိပ်ခြင်း**
ပထမအကြိမ်
**ထုတ်ဝေသည့်လ**
မတ်လ (၂၀၀၄) ခုနှစ်
**အုပ်ရေ**
(၅၀၀)
**မျက်နှာဖုံးဖလင်**
STARS
**အတွင်းဖလင်**
တွတ်ပီ
**ကွန်ပျူတာစာစီ**
နန်းဝေခိုင်ကျော်ဦး
**စာအုပ်ချုပ်**
ကိုမြင့်နှင့် ညီဝင်းမြင့်
**ပုံနှိပ်/ ထုတ်ဝေသူ**
ဦးခင်မောင်မြင့် (ခ) ဆွေမင်း(မနုဖြူ)
တွတ်ပီရောင်စုံပုံနှိပ်တိုက် (၀၆၇၀၂)၊ တွတ်ပီစာပေ(၀၃၈၂၅)
အမှတ်(၄/က)၊ အဝေရာလမ်း၊ ဘောက်ထော်၊
ရန်ကင်း၊ ရန်ကုန်မြို့
**တစ်အုပ်**
(၁၀၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

-အတူလျှောက်ခဲ့သူများ
-ထုတ်ဝေသူ အမှာ
၁။ ငုတ်တုတ်ထင်ရှားရေးဖော်များ ၁၁
၂။ ငုတ်တုတ်ထင်ရှားရေးဖော်များ ၂၃
၃။ ငုတ်တုတ်ထင်ရှားရေးဖော်များ ၃၂
၄။ ကိုဆေးရိုးတို့အဖေသက်တော်ရှည် ၄၀
၅။ လည်တွင်းသားနှင့်သွားသွားလာလာ ၅၅
၆။ သင်းနေသေးသည့်အိုနှင်းဆီ ၇၅
၇။ မင်းသိခ်နှင့်ကမ္ဘာသကာ ၉၆
၈။ ဗလဆိုတဲ့ကောင် သုမောင် ၁၅၄
၉။ ကတ္တီပါ ဖိနပ်မစီး၊ ရွှေထီးမဆောင်း
မောင်စိန်သောင်း ၁၇၂
၁၀။ ပါရဂူတွေကြားကသီးခြားပါရဂူ ၁၈၃
၁၁။ ဒဂုန်တာရာ(သို့မဟုတ်)မအိုသေးသည့်
ပန်းနုရောင် ၁၉၉

www.burmeseclassic.com

www.burmeseclassic.com

# အတူလျှောက်ခဲ့သူများ

ဂုရုကွေးသည်ခရီးတစ်ခုကိုတမ်းတမ်းမက်မက်ဖြင့်လျှောက်ခဲ့သည်။ ခရီးအစ ပထမခြေလှမ်းမှသည် ယခုခြေလှမ်းအထိ ခြေလှမ်းပေါင်းထောင်၊ သောင်း၊ သိန်း၊သန်း၊ ကုဋေ မကတော့ပေ။

ထိုခရီးကို လျှောက်နေတာကိုယ်တစ်ယောက်တည်းလား။ မဟုတ်။ ကိုယ့်လိုပဲ အလားတူ လျှောက်နေသူတွေရှိသည်။ ကိုယ့်ရှေ့မှာ၊ ကိုယ့်ဘေးမှာ၊ကိုယ့်နောက်မလှမ်းမကမ်းမှာ တစ်ယောက်လည်းမက။ နှစ်ယောက်လည်း မက။ များစွာ များစွာ အများကြီးဖြစ်သည်။

တာစထွက်သည်မှယခုနေရာအထိပါလာသူတွေရှိသလိုတာထွက်စမှာပင်ကျန်ခဲ့သူတွေ၊ခရီးတစ်ဝက်မှာအကြောင်းအမျိုးမျိုးဖြင့်နားခဲ့သူတွေ၊ ခရီးသွားနေရင်းမှ ဆုံးပါးသွားသူတွေ များစွာ ရှိခဲ့သည်။

တစ်ခရီးထဲကို နှစ်ပေါင်းများစွာ အတူတွဲလျှောက်လာကြသူများဖြစ်၍ ပကတိမျက်စိဖြင့် မမြင်နိုင်သော သံယောဇဉ် ကြိုးတွေ ရစ်ပတ်နှောင်ဖွဲ့နေကြသည်။ နှစ်ကြာလေလေ၊ ကြိုးရစ်တွေ များလာလေ၊ ပိုမိုခိုင်မြဲလာလေ၊ ကြာလေလေ၊ ခိုင်မြဲလေလေ. . .။

ထိုသူအားလုံးကဂုရုကွေးကိုသံယောဇဉ်ရှိသလို၊ ဂုရုကွေးကလည်း ထိုသူများအားလုံးကို သံယောဇဉ်ရှိသည်။ ဘာပဲ ဖြစ်ဖြစ် မတူ လျှောက်ခဲ့ကြသူများ အကြောင်းမှတ်တမ်းလေး တစ်ခုတော့တင်ချင်သည်။ ဤမှတ်တမ်းလေးသည် သမိုင်းဝင်သည်ဖြစ်စေ၊ မဝင်သည် ဖြစ်စေ၊ ဂန္ထဝင်မြောက်သည်ဖြစ်စေ၊ မမြောက်သည်ဖြစ်စေ၊ အကြောင်းမဟုတ်။

လမ်းအတူလျှောက်သူခြင်း ဘယ်ကွေ့မှာဆုံခဲ့သည်။ ဘယ်နားမှာသိခဲ့သည်။ ဘယ်လိုခင်ခဲ့သည်။ ဘယ်မျှသံယောဇဉ် ကြီးခဲ့သည်။ ဒါလေးတွေ ဒါလေးတွေကို မှတ်တမ်းမှတ်ရာ ဖြစ်ကျန်ခဲ့စေချင်သည်။ မှာထားအလားသင့်တိုင်း၍ ယက်သည့်ပက္ကလာမိုးရွာသည်နှင့်အခန့်သင့်။ သောကြာစာစောင်တွင်အယ်ဒီတာချုပ်လုပ်ခွင့်ရလာသည်။ ဘာရေးမလဲ။ လစဉ်ဘာရေးမလဲ။

အီကြာကွေး၏ ရေးရိုးရေးစဉ် ခွပ်လိုက်ကြစို့ သူငယ်ချင်းတို့၊ ဘာခုမှကြောက်ပါပြီလဲတို့ ၊ကပ်မလိုက်နဲ့ပုသွားမယ်တို့၊ အတို့အဆိတ်အဆွအဖွလေးတွေရေးမလား။

လမ်းအတူလျှောက်သူများက စိတ်ကိုလွှမ်းမိုးနေသည်။ သူတို့နှင့်နေ့စဉ်တွေ၊ နေ့စဉ်စကားပြော၊ ဟောပြောပွဲခရီးအတူသွား ရင်းနှီးလွန်း

www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်ကြီးလွန်းနေတော့သူတို့အကြောင်းပဲရေးရန်ဆုံးဖြတ်လိုက်ရသည်။ သို့ဖြင့် သောကြာ စာစောင် မဂ္ဂဇင်းတွင် (ငုတ်တုတ်ထင်ရှားရေးဖော်များ) ပင်တိုင်ခေါင်းစီးဖြင့်ပင်တိုင်ကဏ္ဍ တစ်ခုကို ရေးဖြစ်သွားသည်။

ထိုကဏ္ဍကို ရေးခဲ့ရာတွင်ထေရ်စဉ်ဝါစဉ်အလိုက်မဟုတ်။ အက္ခရာဝလိအတိုင်း မဟုတ်။ ကိုယ့်စိတ်ထဲတွင်အာရုံပေါ်ရာ အာရုံကျရာစာရေးဆရာ၊ စာရေးဆရာမများကို အလျဉ်းသင့်သလို ရေးခဲ့သည်။ အချို့နှစ်လ၊ တချို့ သုံးလ၊ တချို့ ငါးလချို့ ရှစ်လ။ အာရုံ မပြယ်မချင်းရေးခဲ့သည်။

လစဉ်ရေးနေတာဆိုတော့ ကြာလာသည်နှင့်အမျှ အထုအထည်ဖြစ်လာသည်။ ယခုထိုအထုအထည်ထဲမှ(၁၁) ဦးအကြောင်းကို ငုတ်တုတ်ထင်ရှားရေးဖော်များ ဒုတိယအုပ်၊ တတိယအုပ်၊ များလည်း ဆက်၍ ဆက်ကာ ထွက်ပေါ်လာဦးမည် ဖြစ်သည်။

အတူလျှောက်သူများ ခရီးသည်အထိ ဆက်လျှောက် နိုင်ကြပါစေ။ ကိုယ်လည်း သူတို့အကြောင်းကို စဉ်ဆက် မပြတ် ရေးနိုင်ပါစေ။ ဟု တောင်းဆုမေတ္တာဝေလိုက်ပါသည်။

ခရီးသွားဖော်ချင်းသံယောဇဉ်ဖြင့်

[illegible]

www.burmeseclassic.com

www.burmeseclassic.com

## စာတိုက်သေချာပါ

အချို့စာရေးဆရာများသည်အရွယ်ကောင်းစဉ်ကစာများများရေးခဲ့ကြသော်လည်း အသက်အရွယ်ကြီးရင့်လာကြသောအခါ စာမရေးဖြစ်ကြတော့။

အချို့စာရေးဆရာများကတော့ ဇရာကိုသတိမရဘဲ လက်မှကလောင်တံကို မချ စတမ်းစာများကို အားသွန်ခွန်စိုက်ရေးနေကြဆဲ။

အချို့စာရေးဆရာတို့သည်စာရေးခြင်းဖြင့်အောင်မြင်စွာရပ်တည်နေကြသော် လည်း စာရေးဆရာအချင်းချင်းပေါင်းသင်းဆက်ဆံမှု နယ်ပယ် သိပ်မကျယ်ဝန်းလှ။

ဆရာအိကြာကွေးကား ၁၉၅၄ ခုနှစ်မှစ၍ စာရေးခဲ့သည်။ ယခုဆိုလျှင်ဆရာ၏ စာရေးဆရာသက်သည် နှစ်ပေါင်း(၅၀) တိုင်ခဲ့ပြီ။

ဆရာအိကြာကွေးကား စာကို အဆက်မပြတ် တသွင်သွင်ရေးနိုင်သလိုစာပေ ဝန်းကျင်၌လည်း ပေါင်းသင်းဆက်ဆံရေးနယ်ပယ် အလွန်ကျယ်ဝန်းသူဖြစ်၏။

ယနေ့အသက် ဆယ်စုနှစ်(ခုနှစ်ခု)ဝန်းကျင်မျှ ချဉ်းလာပြီဖြစ်သော်လည်း ရန် ကုန်မြို့လယ် စာပေဝန်းကျင် အယ်ဒီတာများ စားပွဲများသို့သူပျော်ရွှင်ရယ်မောစွာရောက်ရှိ နေဆဲ။

မြန်မာပြည်တစ်နံတစ်လျားသို့ စာပေဟောပြောပွဲ ခရီးစဉ်များ စဉ်ဆက်မပြတ်နှင် နေဆဲ။

ယင်းနှယ် သူ၏စာပေမာရသွန်ခရီးဝယ်သူနှင့်ထိတွေ့ဆက်စပ်ခဲ့သမျှသောစာပေ ပညာရှင်များအကြောင်း၊စာပေလောက အကြောင်းတို့သည် သူ့အဆက်မပြတ် ပြောနေ တတ်သောစကားများအဖြစ် လေထဲမှာပင်ပျောက်ပျက် ကျန်ရစ်မှာမိမိတို့ကနှမြောသည်။

စာပေလောကဝယ်နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ပြီးဖြစ်သောဆရာအိကြာကွေး ကိုသူ၏စာပေခရီးတစ်ထောင့်တစ်နေရာမှရေးဖော်များအကြောင်းသတိတရရေးပေး ပါဟု မိမိတို့သောကြာအယ်ဒီတာအဖွဲ့ကတောင်းဆိုခဲ့ပါသည်။

ဆရာကလည်း စိတ်လိုလက်ရလိုက်ရောပြီး သောကြာမဂ္ဂဇင်းကိုမိမိတို့စတင် တာဝန်ယူ ထုတ်ဝေခဲ့သည့်(၂၀၀၀)ခုနှစ် ဇန်နဝါရီလမှစ၍ ယနေ့ထက်တိုင်**"ငုတ်တုတ် ထင်ရှားရေးဖော်များ"**ဆောင်းပါးကို စဉ်ဆက်မပြတ် ရေးသားပေးနေဆဲဖြစ်ပါသည်။

ယခုထိုအထဲမှ စာရေးဆရာ (၁၁)ဦး၏အကြောင်းကိုမိမိတို့စာပေပီတိဖြင့် **"ငုတ်တုတ်ထင်ရှားရေးဖော်များ"** (ပထမအုပ်) အဖြစ်စတင်ထုတ်ဝေလိုက်ပါသည်။

**ဆွေမင်း(ဓနုဖြူ)**

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## မောင်စိန်ဝင်း(ပုတီးကုန်း)

ပုတီးကုန်းမှ မောင်စိန်ဝင်းဆိုသော ကောင်လေးသည် ပုတီးကုန်းတွင် ကျောင်းနေရာမှ ကြို့ပင်ကောက်ကျောင်းသို့ ရောက်လာသည်။ ပုတီးကုန်းမှ ကြို့ပင်ကောက်သို့ ယာယီ ရွှေ့လာသော မောင်စိန်ဝင်းသည် ကြို့ပင်ကောက်တွင် ရှိနှင့်နေသော ကိုတင်ဦး (ကဗျာဆရာ မောင်လွမ်းဝေ)နှင့် မိတ်ဆွေ ဖြစ်ကြသည်။

"ကိုတင်ဦး. . . ကျွန်တော်ရေးထားတဲ့ ကဗျာလေးတွေ ဖတ်ကြည့်စမ်းပါ"

မောင်စိန်ဝင်းက ကဗျာရေး ဝါသနာပါသည်။ တစ်ချိန်တစ်ခါတွင် ကဗျာဆရာ ဖြစ်ရန် ကြိုးစားအားသစ် နေသူဖြစ်သည်။ သူရေးထားသော ကဗျာများကို ကဗျာဆရာ ဖြစ်နှင့်ပြီးသော မောင်လွမ်းဝေကို ပြသည်။ ထိုစဉ်က မောင်လွမ်းဝေက ဂုရုကြွေးတို့နှင့် ခေတ်ပြိုင်ကဗျာဆရာ ရှုမဝ သွေးသောက် မဂ္ဂဇင်း များတွင် ကဗျာရေးနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မဆိုးဘူး မောင်စိန်ဝင်း ဆက်ရေးကွာ မင်းမှာ လက်စလက်နရှိတယ်၊ ဖြစ်ကို ဖြစ်ရမယ်"

ကိုတင်ဦး (မောင်လွမ်းဝေ)က အားပေးတော့ မောင်စိန်ဝင်းလေးပျော်သွားသည်။ ကြို့ပင်ကောက်မှာက သက်နိုင် (ကြို့ပင်ကောက်) ဆိုသော ကဗျာဆရာလည်း ရှိနှင့်နေပြီ။ မောင်စိန်ဝင်းလေးအတွက် ပို၍ ကံကောင်းထောက်မသည်ကား ကြို့ပင်ကောက် အ. ထ. က မှ အထက်တန်းပြဆရာ ဦးရွှေမှိုင်း ကိုယ်တိုင်က (ရွှေငယ်မှိုင်း) အမည်ဖြင့် ကဗျာဆရာ ဖြစ်နှင့်နေခြင်းပင်တည်း။ ရွှေငယ်မှိုင်းမှသည် မောင်လွမ်းဝေတို့၊ သက်နိုင်တို့ ဆင့်ပွား ဖြစ်ထွန်းလာရသလို မောင်လွမ်းဝေတို့ သက်နိုင်တို့မှ မောင်စိန်ဝင်း ဆင့်ပွားဖြစ်ထွန်းလာတော့မည်။ ကဗျာဆရာ ဖြစ်ချင်သော မောင်စိန်ဝင်းတစ်ယောက် ကဗျာစာပေနှင့် ပတ်သက်၍ ရေခံ၊ မြေခံ ဘူမိနက်သန် မှန်လှသော ကြို့ပင်ကောက်တွင် ကျောင်းပြောင်းနေခဲ့မိခြင်းမှာ ကံကောင်းပေစွ။

ပုတီးကုန်းတွင်သာ ဆက်နေခဲ့ပါက ကဗျာဆရာ ဖြစ်ချင်မှဖြစ်မည်။ ဖြစ်သည့်တိုင် ကာလတာရှည် ကြာလိမ့်ဦးမည်။ ကြို့ပင်ကောက်ကဲ့သို့ အဆင်ပြေနိုင်ဖို့ မလွယ်။ မောင်လွမ်းဝေနှင့် ဂုရုကွေးက ခေတ်ပြိုင်ရေးဖော်များ ပီပီ အလွန်ခင်မင် ရင်းနှီးသည်။ မည်မျှ ရင်းနှီးသနည်းဆိုသော် ကောင်းတိုင်ပင် ဆိုးတိုင်ပင် ဆိုးတူကောင်းဖက် ပွင့်ပွင့်လင်းလင်း ရင်းနှီးကြသည်။

"ဟေ့ လူကြီး. . . ကိုယ့်ကောင်လေး တစ်ယောက် ကဗျာတွေ ရေးနေတယ်။ ကဗျာလေးတွေ ကောင်းတယ်။ ယူခဲ့ရမလား"

ထိုစဉ်က ဂုရုကွေးက မဂ္ဂဇင်းတစ်စောင်တွင် ကဗျာအယ်ဒီတာ။ ကဗျာရေးနည်း ဆောင်းပါးတွေ ရေးနေသည်။ ကဗျာပွဲခင်းသာကဏ္ဍပင် မဖွင့်ရသေး။ ထိုမဂ္ဂဇင်း၏ ဦးရဲလွင်နှင့် တာဝန်ခံအယ်ဒီတာ ရွှေလင်းသက်ဝေတို့၏ အကြံပေးချက်အရ ကဗျာအယ်ဒီတာ ဝင်လုပ်စ ပူပူနွေးနွေးသာ ရှိသေးသည်။

"ယူခဲ့လေဗျာ ခင်ဗျားကောင်းတယ်ဆိုရင် ကျွန်တော်စိတ်ချတယ်။ ယူသာယူခဲ့. . . ကျွန်တော်ကလည်း မဂ္ဂဇင်းအတွက် ကဗျာကောင်းလေးတွေ မျှော်နေတာ အတော်ပဲ. . ."

မောင်စိန်ဝင်းသည် ရေးစကပင် ကဗျာလေးတွေ လှသည်။ ကဗျာကို ပီပီပြင်ပြင်နှင့် ရင်ထဲရှိအောင် ရေးနိုင်သည်။ ဤသို့ဖြင့် မောင်စိန်ဝင်း (ပုတီး ကုန်း) တစ်ယောက် ယင်းမဂ္ဂဇင်း၏ လက်ရွေးစင် ကဗျာဆရာ တစ်ယောက် ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂိုရှိပြီးသူများမှာ နကိုင်းထွက်လွယ်သည်။ နဂိုရှိမှ နကိုင်းထွက်သည်ဟု ရှေးလူကြီးများ ဆိုရိုးပြုခဲ့သည် မဟုတ်ပါလော။ ဤနည်းဖြင့် မောင်စိန်ဝင်းနှင့် ဂုရုကွေးတို့ ခင်မင်ရင်းနှီးခဲ့ကြသည်။ ကဗျာရှင်နှင့် ကဗျာ အယ်ဒီတာ ရင်းနှီးပုံမျိုးထက် ကဗျာဆရာချင်း ရင်းနှီးသလို အချိန်တိုတိုအတွင်း ခင်မင်ရင်းနှီးသွားကြသည်။

မောင်စိန်ဝင်းလေးသည် တဖြည်းဖြည်းနှင့် မောင်စိန်ဝင်းလတ် ဖြစ်လာသည်။ လူပျိုပေါက်စမှ လူပျိုပီပီပြင်ပြင် ဖြစ်လာသည်။ ကြို့ပင်ကောက်ကျောင်းမှ ဆယ်တန်းအောင်ပြီး စက်မှုတက္ကသိုလ်သို့ ရောက်လာသည်။ စက်မှုတက္ကသိုလ်ကျောင်းသား ဘဝတွင် ကဗျာလုံးချင်း စာအုပ်ကလေးများ ထုတ်၍ ကဗျာဆရာ ဖြစ်နေပြီ။ သောကခြေရာ ကဗျာများမှာ စက်မှုကျောင်းသားဘဝမှ မောင်စိန်ဝင်း ထုတ်ခဲ့သော ကဗျာစာအုပ် ဖြစ်သည်။ ကိုယ့်ငွေနှင့်ကိုယ်စိုက်ထုတ်ပြီး ကျောင်းတွေမှာ ရောင်းကာ ရောင်းရငွေကို ပျော်ပျော်ပါးပါး လက်ဖက်ရည်သောက်ပစ်ကြသည်။ ထိုစဉ်က စီးပွားရေးအရ အရှုံးအမြတ် မတွက်ကြ။ ရေးချင်သည်။ ရေးသည်။ ထုတ်သည်။ ရောင်းသည်။ ကျေနပ်ပြီ. . . ဒါပါပဲ။

“ဂုရုကြီး. . . အားတယ် မဟုတ်လား. . . ”

တစ်နေ့၌ ဂုရုကွေး နေထိုင်ရာ တောင်ဥက္ကလာပ အိမ်ကလေးသို့ မောင်စိန်ဝင်းနှင့် ရေးဖော်တစ်စု ရောက်လာသည်။ ထိုအုပ်စုထဲတွင် တစ်နေ့သောအခါ (နွမ်ဂျာသိုင်း) ဖြစ်လာမည့် ကောင်လေးတစ်ယောက်လည်း ပါလာသည်။

“စာရေးတဲ့ အလုပ်ကလွဲလို့ ဘာအလုပ်မှ မရှိတာ မင်းသိသားပဲ။ ငါအမြဲတမ်း အားနေတယ်။ ဘာလုပ်ပေးရမလဲ။ မင်းအတွက် မိန်းမခိုးပေးရမလား။ ဒါမျိုးတွေလည်း ရတယ်နော်. . . ငါခိုးပေးလို့ ရသွားတဲ့ အတွဲတွေ ကလေးတောင် ရနေပြီ. . . ”

ဂုရုကွေး၏ ဟာသကို ဒီကောင်တွေ အုပ်စု ပွဲကျသွားသည်။ သူနှင့်ပါလာသော ငတိတချို့မှာ ခုကတည်းက ရယ်ရနေပြီဟု ဂုရုကွေးကို စိတ်ချသွားပုံရသည်။

“ကဲ. . . ငါ ဘာလုပ်ပေးရမလဲ. . . ပြော. . . ”

“စာပေ ဟောပြောပွဲ ဖိတ်ချင်လို့. . . ”

“ဟိုက်. . ရှာလပတ်ရည်. . . ဒါလေးများ. . . ပြောနေရသေးတယ် . . . အခုလိုက်ခဲ့ ရမှာလား. . . ”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး. . . ဒီလို. ဒီလို. . . ပြဿနာလေးတွေ နည်းနည်း ရှိတယ်"

"မင်းတို့ဟာ ဟောတောင်မဟော ရသေးဘူး. . . ပြဿနာက ရှိနေ ပြီလား"

မောင်စိန်ဝင်းက အဖြစ်မှန်ကို ရှင်းနှီး ပွင့်လင်းစွာ ရှင်းပြသည်။ သူတို့၏ လက်ရှိ ပါမောက္ခချုပ် ဒေါက်တာ (. . . )က စာပေ ဟောပြောပွဲ မလုပ်ချင်။ ကျောင်းသားတွေ ပူဆာသောကြောင့်သာ ခွင့်မပြုချင်ပြုချင်ဖြင့် ခွင့်ပြုရခြင်း ဖြစ်သည်။

စက်မှု ကျောင်းသားတွေက ကြိုက်သည့် စာရေးဆရာ တစ်ယောက် ဖိတ်၊ စက်မှု ကျောင်းသူတွေက ကြိုက်သည့် စာရေးဆရာမ တစ်ယောက် ဖိတ်. . . ဆရာတစ်ယောက်၊ ဆရာမတစ်ယောက် နှစ်ယောက်ဟောရမည်။

"သိတဲ့အတိုင်း ကျွန်တော်တို့ အုပ်စုက ကွေးကြီး ပရိသတ်မို့ ကွေးကြီး ကို ဆန္ဒပြုကြတယ်။ ကောင်မလေးတွေကတော့ ယုဝတီ ခင်စိန်လှိုင်တဲ့။ အဲဒါ ပြဿနာက ပါမောက္ခချုပ်က မြန်မာစာနယ်ဇင်းတွေ မဖတ်ဘူး။ အင်္ဂလိပ်စာ အုပ်တွေပဲ ဖတ်တယ်. . . "

"အီကြာကွေးဆိုတော့ သူဘာပြောသလဲ. . . "

"သူသိတာ အီကြာကွေးကို မုန့်ပဲသိတယ်။ ကွေးကြီးနာမည် ကျွန်တော် တို့က ဆန္ဒပြုတော့ မင်းတို့ဟာ ကြံကြံဖန်ဖန် လူစင်စစ်က မုန့်နာမည်နဲ့ စာရေး ဆရာပါလား. . . ဘာတွေ ဟောမှာလဲ. . . ငါ့ကျောင်းမှာ ရှုပ်ရှုပ်ယှက်ယှက် တွေ ဟောလို့ မဖြစ်ဘူးနော်တဲ့. . . ကျွန်တော်တို့က ကျွန်တော်တို့ ဆရာကြီး ဟောတာ ရယ်စရာဟာသတွေ ဟောမှာပါလို့ အာမခံမှအင်တင်တင်နဲ့ ခွင့်ပြု တယ်။ ဆိုလိုတာက ကွေးကြီးကို ကျွန်တော်တို့က အထင်ကြီးလို့ ဖိတ်ပေမယ့် ပါမောက္ခချုပ်က လုံးဝအထင်မကြီး ဘူး။ အဲဒါ ကြိုသိထားဖို့ ပြောထားတာ. . . "

ဟိုက်ရှာလပတ်ရည်. . . လုံးဝ အထင်မကြီးဘူး ဆိုပါလား. . . ကောင်းဟောင်းဟောင်းလေစွ. . .

"အထင်စမောတယ်ပေါ့ကွာ. . . အဲဒါ ကောင်းပါတယ်. . . အထင် ကြီးပြီး ကြီးသလို ဖြစ်မလာလို့ အထင်သေးခံရတာထက် စာရင် စောစောက တည်းက အထင်သေးခံရတာ ပိုကောင်းတယ်. . . "

သို့ဖြင့် စက်မှုတက္ကသိုလ်တွင် ဂုရုကွေး ဟောဖြစ်သွားသည်။ ထိုစဉ်က ယုဝတီခင်စိန်လှိုင်မှာ လုံးချင်းတွေ အဆက်မပြတ် ရေးကာ ထိုဝတ္ထုတွေကို



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်တွေ တစ်ကားပြီးတစ်ကား ရိုက်ရသဖြင့် စူပါ ဖြစ်နေသော အလွန်စန်း တက်နေသော ကာလဖြစ်သည်။

ဂုရုကွေးကား အားလုံး သိကြသည့်အတိုင်း မဂ္ဂဇင်းများတွင် ဟိုစပ်စပ်၊ ဒီစပ်စပ် မဖြစ်ညစ်ကျယ် လျှောက်ရေးနေသော စာရေးဆရာသာဖြစ်သည်။ စူပါစာရေးဆရာ မဟုတ် စပ်စပ် စပ်စပ် စာရေးဆရာ မဖြစ်ညစ်ကျယ်ဟာသဆရာ။

ပါမောက္ခချုပ်က ဝတ္တုရားအရ ဧည့်ခံရသော်လည်း ဂုရုကွေးအပေါ်၌ ဟက်ဟက်ပက်ပက် မရှိကြောင်းသတိထားမိသည်။ လက်ဖက်ရည် သုံးဆောင်ပါ ဆရာ။ ဒါပဲပြောပြီး ခင်စိန်လှိုင်နှင့် စကားပြောနေသည်။ ဂုရုကွေးဘက်သို့ ပြန်လှည့်မလာတော့။

ထိုဟောပြောပွဲကား မရည်ရွယ်ဘဲ ပြိုင်ပွဲဆန်နေသည်။ ကျောင်းသူများက သူတို့ဆန္ဒပြုထားသော ခင်စိန်လှိုင်ကို သာစေချင်သည်။ မောင်စိန်ဝင်းတို့က သူတို့ဆန္ဒပြုထားသော ဂုရုကွေးကို သာစေချင်သည်။ ခင်စိန်လှိုင်က ထိုပွဲသို့ သူ့သားငယ်လေးကို ခေါ်လာသည်။ ကလေးက ချစ်စရာ ဘောင်းဘီရှည်လေး ဝတ်ထားသည်။

"စက်မှု ကျောင်းသူများမျှော်လင့် စောင့်စားနေကြတဲ့ နာမည်ကျော် စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်က ခင်စိန်လှိုင်နှင့် တိုင်းရင်းသား သရုပ်ဖော်ဝတ္ထုများ အကြောင်း ဟောပြောပါတော့မယ်"

စက်မှုတက္ကသိုလ် ခန်းမကြီးတွင် လက်ခုပ်သံများ ဟိန်းထွက်သွားသည်။ မိန်းကလေးများ၏ လက်ခုပ်သံက အကျယ်ဆုံး၊ အများဆုံး၊ အမြည်ဆုံး ဖြစ်သည်။ ခင်စိန်လှိုင်နှင့် ဂုရုကွေးတို့မှာ ပွဲပေါင်းများစွာ အတူတွဲလျှက် ဟောလာကြသော ဟောဖော်ဟောဖက်များ ဖြစ်သည်။ စက်မှုပွဲတွင်ကား. . . ခင်စိန်လှိုင် အထူးကြိုးစားဟောပါသည်။ အလွန်ကောင်းမွန်၍ မှတ်သားစရာလည်း များပါသည်။

ထူးခြားချက်ကား ကရင်လူမျိုးဘဝ သရုပ်ဖော် ဝတ္ထုများအကြောင်း ပြောပြီး ကရင်သီချင်းဆိုသည်။ ရှမ်းလူမျိုးဘဝ သရုပ်ဖော်ဝတ္ထုအကြောင်းပြောပြီး ရှမ်းသီချင်းဆိုသည်။ အလားတူပင် ကချင်၊ ချင်း၊ မွန်၊ ရခိုင် ဘဝသရုပ်ဖော်ဝတ္ထုတွေအကြောင်း ဆက်ဟောပြီး၊ သက်ဆိုင်ရာသီချင်းများကို ဆိုပြသည်။ အလုံးစုံသွားသောအခါ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး သီချင်းကို ဆိုသည်။ မြန်မာသီချင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ. . . စင်ပေါ် ခဏကြွခဲ့ပါဦးကွယ်"

ကလေးငယ်ကို လှမ်းခေါ်သည်။ ကလေးငယ်က ဘောင်းဘီရှည်ထဲတွင် အသင့်ထည့်လာသော ဘာဂျာထုတ်၍ မှုတ်ပေးသည်။ မိခင်က သီချင်းဆိုသားငယ်က ဘာဂျာဖြင့် အထောက်အကူပေး။ အဆင်ပြေလှသည်။ မြိုင်ဆိုင်လှသည်။ ဟာမိုနီ ဖြစ်လှသည်။ ကျောင်းသူများ၏ လက်ခုပ်သံများ အတောမသတ်ညံသွားသည်။ တချို့ကျောင်းသူများ မတ်တတ်ရပ်၍ လက်ခုပ်တီးကြသည်။

မည်သို့ပင် ဖြစ်စေ။ နှစ်ယောက်တည်း နွဲရသော တူးမင်းရှိုးတွင် ခင်စိန်လှိုင်က အမှတ်ပေါင်းများစွာဖြင့် ဂုရုကွေးရှေ့ရောက်သွားသည်။ ထိုပွဲတစ်ပွဲလုံး သူ့ပွဲဖြစ်သွားကြောင်း ထင်ရှားသည်။

မောင်စိန်ဝင်းတို့ အုပ်စုမျက်နှာလေးတွေ အငယ်သား ဖြစ်နေသည်။ အတ္တုပ္ပတ္တိဖတ်နေချိန်အထိ ဂုရုကွေးဘယ်ကစ၍ ဘယ်လိုဝင်ရမှန်း စဉ်းစားမရသေး။ ဆရာအီကြာကွေး ဟောပြောဖို့ ကြွပါဆိုတော့မှ ခေါင်းထဲတွင် လင်းခနဲဖြစ်သွားသည်။ မိုက်ကရိုဖုန်းရှိရာသို့ လျှောက်လာစဉ် ကျောင်းသား ပရိသတ်၏လက်ခုပ်သံများညံသွားသည်။ ကျောင်းသူပရိသတ်က လက်ခုပ်မတီးကြ။

"ဆရာမကြီးက သီချင်းတွေဆိုသွားတော့ ကျွန်တော်လည်း သီချင်းဆိုဖို့အကြံရလာတယ်။ ဟောပြောချက်ကို သီချင်းနဲ့ စဖွင့်ရမယ်။ ကျွန်တော်ဆိုမယ့်သီချင်းက နိုင်ငံရေးခေါင်းဆောင်ကြီး တစ်ဦးကို ဂုဏ်ပြုထားတဲ့ (အရှေ့ဆီက အနီ) ဆိုတဲ့ သီချင်းပါပဲ. . . တရုတ်လိုဆိုပါ့မယ်။"

ဤသို့လျှင် ပဏာမခံပြီးနောက် ထိုစဉ်က ရန်ကုန်တွင် ရုံတင်နေသောအာရာဒါးနားကုလားကားမှ. . .

"ရှူးပွတ်တေလား. . . မတ်စကားနား. . . ပြားဝူးမေလား. . . ဒီဝါးနား. . . ကျဲလိအာ. . ကျဲလိအာ ကို ကျဲလိအာ. . . ကျဲလိအာ. . . "

ကုလားသီချင်းကို ကုလားသံနှင့်အပီ ဆိုပြီး အဲဒါ တရုတ်သီချင်းပါပဲ ဟုနောက်လိုက်ရာ ခန်းမတစ်ခုလုံး ရယ်သံများ အတောမသတ် ဖြစ်သွားသည်။ ပါမောက္ခချုပ်ရယ်သံကိုပါ နောက်ဘက်မှ ကြားရသည်။

"ကွေးကြီးကွ. . . ကွေးကြီး. . ကွေးကြီး. . . ဒါမှ တို့ကွေးကြီး. . . "

တော်တော်နှင့် ပြန်မငြိမ်သော ရယ်သံများကြားတွင် မောင်စိန်ဝင်း၏အော်သံကို ကြားရသည်။ ထို့နောက်ကား. . . ဂုရုကွေး၏ ထုံးစံအတိုင်း အားကြိုးမာန်တက် အပြတ်အသတ်ကြဲရာ ပွဲစမှ ပွဲဆုံးရယ်သံ တအုန်းအုန်းဖြင့် စည်စည်ညံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကို ကျွန်တော် ဒါလောက်ရယ်ရမယ် မထင်ဘူး. . . ကျွန်တော့်ရော ကျောင်းသားတွေပါ အလွန်ပျော်ရ၊ အလွန်ရယ်ရပါတယ်။ နောက်ကို ကျွန်တော့်ကျောင်းကို နှစ်တိုင်း လာလာဟောပေးပါဆရာ. . ."

ပါမောက္ခချုပ်၏ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်သောစကား. . .။ မည်သို့ပင်ဖြစ်စေ အီကြာကွေးဆိုသော သတ္တဝါမှာ မုန့်အီကြာကွေးလိုပင် စားကောင်း ဝါးကောင်း နှင့် အရသာရှိလှကြောင်း ပါမောက္ခချုပ် သိသွားလေပြီ။

မောင်စိန်ဝင်းနှင့် အပေါင်းပါ ကဗျာအုပ်စု မြောက်ကြွမြောက်ကြွ ဖြစ်နေကြသည်။ ဂုရုကွေးကို ကျောင်းကင်တင်းသို့ ခေါ်သွားပြီး စား. . . စား. . . ကြိုက်ရာစားဟု တစ်ဝကျွေးကြသည်။

♦ ♦ ♦

ကဗျာနှင့် စကားပြေမှာ မတူပေ။ နှစ်မျိုးစလုံး သူ့နည်းသူ့ဟန်ဖြင့် ခက်ကြသည်ချည်း။ ကဗျာကောင်း တစ်ပုဒ်ရဖို့ အားစိုက်ကြိုးစားရသည်။

ကဗျာဆရာကောင်း ဖြစ်ဖို့မလွယ်။ ထို့အတူ စကားပြေကောင်းသော စာရေးဆရာကောင်း ဖြစ်ဖို့လည်း မလွယ်။ ကဗျာဆရာသည် များသောအားဖြင့် ကဗျာဆရာသာ ဖြစ်၍ စာရေးဆရာဖြစ်မလာ။ စာရေးဆရာသည်လည်း စာရေးဆရာသာ ဖြစ်၍ ကဗျာဆရာ ဖြစ်မလာ။

မောင်စိန်ဝင်းက ထူးခြားသူ ဖြစ်သည်။

ပထမဆုံး သူစဖြစ်တာက ကဗျာဆရာ၊ ကဗျာတွေ ရေးနေရာမှ စကားပြေကိုပါ တွဲရေးလာသည်။ ကဗျာတွင် အောင်မြင်သလို စကားပြေတွင်လည်း အောင်မြင်သည်။ မောင်စိန်ဝင်းသည် ကဗျာဆရာသာမက စာရေးဆရာပါ ဖြစ်လာသည်။

စာရေးခြင်းနှင့် စကားပြောခြင်း (ဟောပြောခြင်း)တို့မှာလည်း တစ်ဘာသာဖြစ်သည်။ စာရေးကောင်းတိုင်း၊ ကဗျာရေးကောင်းတိုင်း စကားပြော မကောင်းတတ်ကြ။ စကားပြောကောင်းတိုင်းလည်း စာရေးကောင်း၊ ကဗျာရေးကောင်းမဖြစ်ကြ။ စာရေးရော၊ အပြောပါ စွယ်စုံရသူ ဟူ၍ အတော် ရှားသည်။ မောင်စိန်ဝင်းကား စာရေးကောင်းရုံသာမက အပြောအဟောလည်း ကောင်းသည်။

စက်မှုတက္ကသိုလ်တွင် ကျွန်တော့်ကို ဟောဖို့ လာဖိတ်သော မောင်စိန်ဝင်းနှင့် နောက်ပိုင်းမောင်စိန်ဝင်းတို့ အံ့သြစရာကောင်းအောင် လုံးဝ ကွဲပြားခြားနားသွားသည်။ ကျွန်တော့်ကို လာဖိတ်တုန်းက ကဗျာဆရာ ပေါက်စ၊ စက်မှု



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်မှ ကဗျာဝါသနာရှင်များစုစည်း၍ ကဗျာစာအုပ်ကလေးများ ထုတ်နေစ ဝတ္ထုတိုလေးတွေ စမ်းသပ်ရေးသားစ. . .။

ကျွန်တော်နှင့် နှစ်အနည်းငယ်ကွဲကွာနေသော ကာလအတွင်း မောင်စိန်ဝင်းတစ်ယောက် တစ်ရိပ်ရိပ် တက်လာသည်။ ကဗျာဆရာ မောင်စိန်ဝင်း၊ စာရေးဆရာ မောင်စိန်ဝင်း၊ ထိုမှ. . . ကဗျာဆရာ ဝတ္ထုတွင်ပါ စူပါမောင်စိန်ဝင်း. . .။ စာဖတ်ပရိသတ် အသည်းစွဲ ဖြစ်လာသော မောင်စိန်ဝင်း။

"မင်းနာမည်နောက်. . . ပုတီးကုန်းကြီး ဖြုတ်လိုက်စမ်းပါကွာ. . . မောင်စိန်ဝင်း သက်သက်ပဲ လုပ်စမ်းပါ"

ကလောင်နာမည်နှင့် ပတ်သက်ပြီး ကျွန်တော်က ဝေဖန်တော့ မောင်စိန်ဝင်းက ပြုံးထေ့ထေ့ လုပ်၍. . .

ကိုယ့်မြို့ကိုယ် ဂုဏ်ယူတာပဲ ဂုရုကြီးလည်း တစ်ချိန်က ဓနုဖြူ ကျော်ထွန်း လုပ်ခဲ့တယ် မဟုတ်လား။ နောက်မှ အီကြာကွေး ဆိုပြီး ကလောင်ထပ်ခဲ့တာပဲ. . ."

"အေး. . . မင်းလည်း မောင်စိန်ဝင်း (ပုတီးကုန်း)နဲ့ အတည်အခန့်တွေ ရေးရာကနေ နံပြားဆိုပြီး ဟာသ ရေးဖို့ကောင်းတယ်"

သည်တော့ မောင်စိန်ဝင်း တဟားဟားရယ်သည်။ ကျွန်တော့် ဦးနှောက်က အနုအလှ၊ သမုဒယတွေပဲ ထွက်တယ်။ ဂုရုကြီးဦးနှောက်လို သွတ်သွတ်သွတ်တွေ ဟိုက်ရှာလပတ်ရည်တွေ မထွက်ဘူး ဟုပြောသည်။

ကိုယ့်ကို ဟောပြောပွဲလာဖိတ်သော လူငယ်တစ်ယောက် လျှမ်းလျှမ်းတောက်အောင်မြင်သောအခါ ဝမ်းသာရသည်။ ထို့ထက် အတူတွဲ၍ ဟောပြောရသောအခါမျိုး၌ ဝမ်းသာရသည်။ မောင်စိန်ဝင်းသည် အရေးအသားတွင်သာ ကြိုးစားသည် မဟုတ်။ အဟောအပြောတွင်လည်း ပရိသတ် သည်းခြေခိုက်အောင် ကြိုးစားသည်။

မောင်စိန်ဝင်းနှင့်ကျွန်တော် မြန်မာပြည်အနှံ့အပြားလှည့်၍ ပွဲပေါင်းများစွာ ဟောခဲ့သည့်အနက် မမေ့နိုင်သော အမှတ်တရ ဖြစ်ရသော ပွဲအချို့ရှိသည်။ (ဥပမာ) ပျဉ်းမနား စာပေဟောပြောပွဲ။ သည်ပွဲက မောင်စိန်ဝင်းနှင့် ကျွန်တော်သာမက ချစ်ဦးညိုလည်းပါသည်။ သုံးယောက်ပေါင်းလောင်းကျော်သည့်ပွဲ။ မြတ်ခိုင်က တစ်နေရာကကူးလာပြီး ဟောဖို့ ရှိသည်။ သူအချိန်မီရောက်မလာ။ ရောက်လာပါက ထိုနှစ်ပျဉ်းမနားပွဲသည် လေးယောက်ပေါင်းလောင်းကျော်ပွဲ ဖြစ်မှာသေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်မှာ မီးသွေးမော်တော်၊ မီးသွေးကားတွေ ခုတစ်လော အဝင်ကြဲနေလို့ မီးသွေးဈေး နည်းနည်းမြောက်သွားတယ်"

ကျွန်တော့်မှာ စာရေးရင်း တစ်ဖက်မှ မမာမကျန်း ဖြစ်နေသော အဒေါ်အပျိုကြီးကိုပါ ချက်ပြုတ်ကျွေးမွေးနေရသည်။ ဝတ်ကြီးဝတ်ငယ်ပြုစုနေရသည်။ စာရေးချိန်၊ မြို့ထဲထွက်ချိန်တွင် စာရေးဆရာ၊ ဈေးသွားချိန်၊ ချက်ပြုတ်ချိန်၊ လျှော်ဖွပ်ချိန်တွင် အိမ်ရှင်မ၊ စာပေဟောပြောပွဲတွေ လိုက်ဟောချိန်တွင် စာဟောဆရာ၊ လူတစ်ကိုယ်တည်းက အသွင်မတူသော ဘဝသုံးမျိုးကို ဒလက်လည်သလို လည်နေရသော ကာလ၊ အလုပ်အမျိုးမျိုးကို ဇယ်ဆက်သလို လုပ်နေရသောအချိန်၊ အိမ်မှာ ဆန်ကုန်လျှင် ကိုယ်ပဲပူရသည်။ ဆီကုန်လျှင်လည်း ကိုယ်ပဲပူရသည်။ ထင်းကုန်နေလျှင်လည်း ကိုယ်ပဲ ပူရသည်။ အပူမျိုးစုံကို ရင်ဝယ်ပိုက်၍ တစ်ယောက်တည်း ပျဉ်းမနားသို့ ထွက်မလာခင်မှာ အိမ်တွင် မီးသွေးကုန်လုလု ဖြစ်နေသည်။ အဒေါ့်ကို အစောင့်ထားခဲ့သော တပည့်လေးအား မီးသွေးတစ်ပိဿာ၊ နှစ်ပိဿာ လိုသလို ဝယ်ချက်ဖို့ ပိုက်ဆံပေးထားခဲ့ရသည်။

"ရန်ကုန်မှာ မီးသွေးဈေးမြောက်နေတော့ ဂုရုကြီး ဘာလုပ်ချင်လို့လဲ. . ."

"ဒီလိုကွ၊ ဒီပျဉ်းမနားမှာ မီးသွေးဈေးငါစုံစမ်းကြည့်တာ ရန်ကုန်နဲ့ ဘာမှ မဆိုင်ဘူး။ အတော်သက်သာတာပဲ"

"ရန်ကုန်မှာက သယ်ယူပို့ဆောင်တဲ့ စရိတ်ခ ရှိတယ်လေ. . . ဘယ်ပစ္စည်းမဆို အဝင်နည်းရင် ဈေးမြောက်မှာပဲ"

"အဲဒီမြောက်တဲ့ဈေးကို ငါက လိုက်မမီတာ ခက်နေတယ်။ အပြန်မှာ မီးသွေးတစ်အိတ်လောက် ဝယ်သွားရကောင်းမလားလို့ ငါစဉ်းစားကြည့်တယ်. . ."

မီးသွေးဆိုသည်နှင့် တီကိုဆားနှင့် တို့သလို မောင်စိန်ဝင်းတွန့်သွားသည်။

"မီးသွေးလောက်မည်းတာ မီးသွေးလောက်ပေရေတာ အမှုန်အမွှားကျတာ မီးသွေးပဲရှိတယ်။ အပ်ပါးနဲ့ ပြန်ရမှာ ခင်ဗျားမီးသွေးအိတ်ကို အပ်ပါးကဘယ်အတင်ခံမလဲ"

"လပ်ဂိတ်တွဲက တင်မယ်ကွာ ရတာပဲ"

"ဒါလောက်လည်း ပင်ပမ်းခံမနေပါနဲ့ ဂုရုကြီး မီးသွေးတစ်အိတ်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ နှစ်အိတ်။ ရန်ကုန်ရောက်ရင် ကျွန်တော် ဝယ်ကန်တော့မယ်။ မီးသွေး သယ်ဖို့ စိတ်ကူးကြီး ဖျောက်လိုက်ပါတော့. . ”

သူက ဖျောက်လိုက်ပါဆိုမှ ကျွန်တော့်တွင် ဖျောက်မရဘဲ အိမ်တွင် ဖင်ကပ်သာသာကျန်ခဲ့သော မီးသွေးအိတ်ကို မြင်ယောင်နေသည်။ ပျဉ်းမနား မြို့လယ်က ဓမ္မာရုံတွင် စာပေဆွေးနွေးပွဲလုပ်သည်။ ဆွေးနွေးပွဲတွင် သူတို့ မေးသော စာပေအကြောင်းထက် ကျွန်တော့်ခေါင်းထဲက မီးသွေးအကြောင်းက လွှမ်းမိုးကြီးစိုးနေသည်။ စာပေအကြောင်းမဆွေးနွေးဘဲ မီးသွေးအကြောင်း ဆွေးနွေးလျှင် မည်မျှ ကောင်းချေမည်နည်း။

“ကိုနှင်းခိုင်. . . ခဏဗျာ. . ပြောစရာရှိတယ်. . . ”

စာပေဆွေးနွေးပွဲ ကျွန်တော့်အလှည့်အပြီးတွင် ပရိသတ်ထဲမှ မောင်နှင်းခိုင်ကို ဓမ္မာရုံအဝသို့ ခေါ်ထုတ်ခဲ့ရသည်။ မောင်နှင်းခိုင်နှင့် ကျွန်တော်က ကဗျာဆရာ ဘဝကတည်းက အလွန်ရင်းနှီးကြသော သူငယ်ချင်းတွေ ဖြစ်သည်။ သူ့ဇနီးစမ်းသီတာ (ကလော)ကလည်း ကျွန်တော်နှင့် ရင်းနှီးနေတာ ကြာပါပြီ။ မောင်နှင်းခိုင်နှင့် အိမ်ထောင်မကျခင် ကလောတွင်နေစဉ်က ကျွန်တော်၏ ကဗျာများကို နှစ်သက်သော သူ့သူငယ်ချင်းမ တစ်ယောက်က စမ်းသီတာတို့ အိမ်တွင် ထမင်းကျွေးခဲ့ဖူးသည်။

“ပြော ဂုရုကြီး ကျွန်တော် ဘာလုပ်ပေးရမလဲ”

မောင်နှင်းခိုင်က တီးတိုးမေးသဖြင့် ကျွန်တော်ကလည်း တီးတိုးပင် ဖြစ်ရပ် အကျဉ်းချုပ်ကို ပြောပြရသည်။

“စိတ်ချ ဒါ့အတွက်မပူနဲ့ သပ်သပ်ရပ်ရပ် သားသားနားနားလေး ဖြစ်အောင် ကျွန်တော် ဖန်တီးပေးမယ်. . . ”

သို့နှုတ် ကတိပေးပြီး မောင်နှင်းခိုင် ဓမ္မာရုံပေါ်မှ ဆင်းသွားသည်။ ဆွေးနွေးပွဲရှိရာသို့ ကျွန်တော်ပြန်လာတော့ မောင်စိန်ဝင်းက

“ခင်ဗျားတို့ နှစ်ယောက် ဘာတွေ တိုင်ပင်နေတာလဲ. . . တီးတိုး တိုးတိုးနဲ့၊ ဒီက မြင်ရတယ်နော်. . ”

“မင်းနဲ့ မဆိုင်ပါဘူးကွာ. . . ချစ်ဦးညိုနဲ့လည်း မဆိုင်ပါဘူး။ ငါ့ကိုယ်ရေးကိုယ်တာ ကိစ္စအတွက်ပါ”

ညနေစောင်းတွင် မောင်နှင်းခိုင်နှင့် စမ်းသီတာတို့ ကျွန်တော်တို့ တည်းခိုရာသို့ လာ၍ ကျွန်တော့်ကို လက်ဆောင် ပစ္စည်းတစ်ခုပေးသည်။ ပြာနုရောင် မြွေရေခွံလက်ဆွဲအိတ် တစ်လုံး၊ အိတ်က အသစ်ကလေး၊ ဆွဲပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သောဇစ်က ကြေးဝါရောင်ပြောင်ပြောင်. . .

ရေဆင်းဟောပြောပွဲတွင် မြတ်ခိုင်ရောက်လာသဖြင့် သူပါ ဝင်ဟောသည်။ ပျဉ်းမနားသကြားစက်ပွဲနှင့် မြို့မပွဲတွင် ကျွန်တော်တို့ သုံးယောက်တည်းကြရသည်။ ရထားကို လိုက်ပို့တော့ မောင်နှင်းခိုင်က သူ့လက်ဆောင် အပြာရောင် အိတ်ကလေးကို ဆွဲပြီး တွဲပေါ်အထိပို့ပေးသည်။ ကျွန်တော်နှင့် မောင်စိန်ဝင်းဘေးချင်းကပ်ယှဉ်ထိုင်မည့် ထိုင်ခုံနှစ်လုံးပေါ်မှ ပစ္စည်းတင်သောစင်ပေါ်တွင် အိတ်ကလေးကို တင်ပေးသည်။

"ကိုင်း. . . ရထားထွက်တော့မယ်. . .။ နောက်နှစ်လည်း လာခဲ့ဦးဗျာ. . ."

"အဆင်ပြေရင် လာခဲ့မယ် သူငယ်ချင်း"

ရထားထွက်လာပြီး မကြာခင် ပြဿနာစသည်။ ရထားအလှုပ်တွင် မောင်စိန်ဝင်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ဘာဖြစ်တာလဲကွ. . . ပွင့်ကောင်းငံပြာရည်မခပ်မိလို့လား"

"မဟုတ်ဘူး ဂုရုကြီး. . . ခေါင်းပေါ်ကို ဘာတွေလဲ မသိဘူး။ တဖွားဖွားကျနေတယ်. . ."

"ရထားက ဖုံတွေ ဖြစ်မှာပေါ့"

"ဘယ်က ဖုံရမှာလဲ. . ဒါအထက်တန်းတွဲ၊ အပ်ပါးသီးသန့်တွဲ ခင်ဗျားအိတ်ကို ကျွန်တော် မသက်ာဘူး။ ချပြီး ဖွင့်ရှာရမယ်"

"မလုပ်ပါနဲ့ကွာ. . . အထဲမှာ ဘိန်းလည်းမပါဘူး။ မောင်နှင်းခိုင်နဲ့ မစမ်းသီတာ လက်ဆောင်ပေးလိုက်တာပါ။ မုန့်ပဲသရေစာ တစ်ခုခု ဖြစ်ပါလိမ့်မယ်. . ."

"ဟော. . ဟော. . ပြောရင်းဆိုရင်း ထပ်ကျလာပြန်ပြီ။ မလိုချင်ဘူး။ ရှာမှ ဖြစ်တော့မယ်. . ."

အတန်တန် တားနေသည့်ကြားမှ မောင်စိန်ဝင်းအိတ်ကို ဆွဲချပြီး ဇစ်ကို ဖွင့်ကြည့်သည်။ အတွင်းမှာ အဝတ်အစားလည်း မဟုတ်၊ မုန့်ပဲသရေစာလည်းမဟုတ်၊ သူလုံးဝထင်မထားတာကို တွေ့ရသဖြင့်

"ဟိုက် ရှာလပတ်ရည် ဂုရုကြီးကတော့ တကယ့်ကို စံနမူနာပါပဲ၊ ဒါကြောင့် ခေါင်းပေါ်ကို တဖွားဖွား ကျတာကိုး. . ."

ဘေးက ခရီးသည်တွေ မမြင်ခင် ဇစ်ကို ကမန်းကတန်း ဆွဲစေ့ပြီး စင်ပေါ်ပြန်တင်သည်။ ပြီးနောက် စိတ်မသက်မသာသံဖြင့် ညည်းသည်။



www.burmeseclassic.com

www.burmeseclassic.com

"မီးသွေးများ ပင်ပန်းခံပြီး ရန်ကုန်အထိ သယ်ရတယ်လို့။ ကျွန်တော်ကတော့ အိမ်ရောက်တာနဲ့ ခေါင်းလျှော်ပစ်ရတော့မှာပဲ. . . "

"ငါက ခေါင်းတုံးဆံတောက်ဆိုတော့ လျှော်စရာ မလိုဘူး။ အေးအေးဆေးဆေးပဲ. .။ ခေါင်းက ရေလောင်းချိုးလိုက်တာနဲ့ ပြီးတယ်"

ကျွန်တော်၏ ဘဝအခြေအနေကို သိနေသော မောင်စိန်ဝင်းက ပျဉ်းမနားကမီးသွေးကို ရန်ကုန်ရောက်အောင် ကြံဖန်သယ်သော ကျွန်တော့်ကို အပြစ်မတင်တော့ဘဲ တဟားဟားတဝါးဝါး ရယ်နေသည်။

"နွမ်ဂျာပါတဲ့ ပွဲတစ်ပွဲကျရင် အဲဒီအကြောင်း ထည့်ဟောဗျာ။ ပရိသတ်က ကျိန်းသေ ပွဲကျမယ်. . "

နွမ်ဂျာသိုင်းက စက်မှုတက္ကသိုလ်တွင် ခင်မင်ရင်းနှီးခဲ့သည်။ ဒီငနဲက လည်း ခေသူမဟုတ်၊ အဟောကောင်း အပြောကောင်း၊ ပွဲထိန်းကောင်း၊ ပရိသတ် တဝါးဝါးပွဲကျအောင် ဟောတတ်သည်။ အချစ်ဝတ္ထုစာနု၊ စာနွဲ့တွေရေးသော စာရေးဆရာက ဟာသကို ပီပြင်အောင်ပြောတတ်သူ ဟူ၍ သူတစ်ယောက်ပဲ ကျွန်တော်တွေ့ဖူးသည်။

ပြောတတ်ပေမပေါ့။ နွမ်ဂျာသိုင်းဖြစ်မလာမီ တစ်ခြားကလောင်အမည်တစ်မျိုးဖြင့် ဆရာသော်တာဆွေအဟိတွင် ဟာသ ဝတ္ထုတိုတွေ ရေးခဲ့သည် မဟုတ်ပါလား. . .။

♦ ♦ ♦

သောကြာစာစောင်

**အမှတ်(၄၃၇)၊ ဒီဇင်ဘာလ၊ ၁၉၉၉ ခုနှစ်**

အမှတ် (၄၃၈)၊ ဖေဖော်ဝါရီလ၊ ၂၀၀၀ ပြည့်နှစ်

www.burmeseclassic.com

www.burmeseclassic.com



## နှမ်ဂျာသိုင်း

သူ့နာမည်ကလည်း သုံးလုံး၊ ဂုရုကွေးနာမည်ကလည်း သုံးလုံး။ ဂုရုကွေးနာမည်မှာ လူတိုင်းနှင့် ရင်းနှီးပြီးသားနာမည်. . .။ သူ့နာမည်က. . . လူတိုင်းနှင့် ရင်းနှီးဖို့ ဝေးစွ. .။ ကြားလိုက်ရသည်နှင့်. . ကျားလား မ,လား ခွဲခြားမရနိုင်သော နာမည်။

အီကြာကွေးကို လက်ဖက်ရည်ဆိုင်တိုင်းတွင် တွေ့နိုင်သည်။ လူတိုင်းစားကြသည်။ လူတွေနှင့် ရင်းနှီးပြီးသား နာမည် ဖြစ်သည်။ ဂုရုကွေး၏ ငယ်နာမည်မှာ အီကြာကွေးဖြစ်သည်။ ကဗျာရေးနေရာမှ ဟာသတွေ ရေးလာသောအခါ ကျေးဇူးရှင် ငယ်ဆရာ ကြယ်နီက.

"မင်း. . ဟာသရေးရင်. . ဟာသနာမည်တစ်ခုခု ထပ်ခွဲရေးမှ ဖြစ်မယ်။ ဒီနာမည် တစ်ခုတည်းနဲ့ ကဗျာလည်းရေး၊ ဘဝသရုပ်ဖော်လည်း ရေး၊ အလွမ်းလည်းရေး. .၊ အချစ်လည်းရေး၊ ဟာသလည်းရေးဆိုရင်. . စာဖတ်သူတွေ ရှုပ်ထွေးကုန်မယ်. ."

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



. . ဟု ဆုံးမလမ်းညွှန်သဖြင့် ဘာနာမည်ပေးရမလဲ. . စဉ်းစားလိုက်တော့ ဟိုက် - ရှာလပတ်ရည် အီကြာကွေးဆိုသော ငယ်နာမည်ကို သွားသတိရသည်။ သို့ဖြင့် အီကြာကွေးဆိုသော ဝတ်ထုလေးတစ်ကောင် ဟာသစာပေလိုင်းတွင် အူကြောင်ကြောင်. . ပေါ်ပေါက်လာသည်။ ထို. . အူကြောင်ကြောင်ကောင်သည်. . ဟာသဆို. . . ဟာသတစ်ခုတည်းကို ဇောက်ချ၍ တစ်စိုက်မတ်မတ်ရေးခဲ့ရာ နှစ်ပေါင်းများစွာ ကြာသောအခါ. . . အသက်သုံးထောင် ဂုရုကွေး၊ ဘာညာကွိကွ ဟာသ ဘိုးအေကြီး. . ဖြစ်လာခဲ့ရသည်။

နာမည်အမျိုးမျိုး ရှိသည့်အနက် လူတိုင်းသိပြီးသား၊ လူတိုင်းနှင့် ရင်းနှီးပြီးသား (အီကြာကွေး) နာမည်ကို ယူလိုက်မိသည်မှာ ဂုရုကွေး ကံကောင်းသည်ဟု ဆိုရမည်။ ထိုနည်းတူစွာ ကံကောင်းသူ တစ်ယောက်လည်း ရှိသေးသည်။ ထိုသူကား ဂုရုကွေးနှင့် ဆန့်ကျင်ဘက် လူတိုင်းမသိသော၊ သိလျှင်လည်း ကျားလား၊ မ,လား. . ခွဲခြားရခက်သော နာမည်ကို ယူထားသူ ဖြစ်သည်။

သုံးလုံးချင်း တူပါလျက် သူက. . တစ်မျိုး။ (နွမ်ဂျာသိုင်း)တဲ့။ နွမ်ဂျာသိုင်းဆိုတာ ယောကျ်ားလား မိန်းမလား. . ။ ကမ္ဘာပေါ်ရှိ လူမျိုးစု တစ်ခုခု၏ နာမည်လား. . ။ ဒါမှမဟုတ်. . ဘာသိုင်း၊ ညာသိုင်း၊ တောင်ကျွန်းသိုင်းဆရာကြီး. . ၊ မြောက်ကျွန်းသိုင်းဆရာကြီး။ သိုင်းဝတ္ထုတွေ ခေတ်စားနေခိုက်ဖြစ်၍ နွမ်ဂျာသိုင်းဆိုတာ နွမ်ဂျာ အမည်ရှိသော သိုင်းဆရာကြီးလား စသည်ဖြင့်. . နာမည်ကြားရသူတိုင်း ရှုပ်ထွေးခြင်းနှင့်အတူ စိတ်ဝင်စားခြင်းပါ ပူးတွဲဖြစ်ပေါ်ကြရသည်။ ဤသို့ဖြင့် နွမ်ဂျာသိုင်း အမည်အောင်မြင် ပေါက်မြောက်သွားသည်။

"ဟေ့ကောင်. . မောင်စိန်ဝင်း. . ။ နွမ်ဂျာသိုင်းဆိုတာ မင်းသိလား။ မင်းတို့ စက်မှုတက္ကသိုလ် စာပေအသိုင်းအဝိုင်းက. . လို့ ငါကြားလို့ မေးကြည့်တာ. . "

"ဂုရုကြီး. . . ခံသွားရပြီ။ နွမ်ဂျာသိုင်းဆိုတာ ဝင်းမြင့်မောင်ဗျ"

ဝင်းမြင့်မောင် နာမည်ကို ရုတ်တရက် စဉ်းစားလို့မရ။ လူနှင့်ရုပ် တွဲကြည့်လို့ မပေါ်။

"ဘယ်သူလဲကွ. . ဝင်းမြင့်မောင်ဆိုတာ. . "

"ဝင်းမြင့်မောင်ဆိုတာ. . မောင်မိုးခက် (အင်းစိန်)လေ. . "

ခုမှ ပို၍ အူလည်လည်ဖြစ်ရသည်။ မောင်မိုးခက်မှာ ဆရာသော်တာဆွေ၏ အပါးတွင် ဟာသဝတ္ထုတိုလေးတွေ ရေးနေသည်။ ထိုအချိန်တွင် ဂုရုကွေး



www.burmeseclassic.com

www.burmeseclassic.com



မှာ အဟိတွင် မရေးတစ်ချက် ရေးတစ်ချက်။ ရေးဖြစ်တာထက် မရေးဖြစ်တာက ပိုများသည်။ မောင်မိုးခက်ဆိုတာ. . မောင်ငယ်မွန် မိတ်ဆက်ပေးတုန်း သိခဲ့ဖူးသော ငတိပင် ဖြစ်ပေလိမ့်မည်။

"ဝင်းမြင့်မောင်က မောင်မိုးခက်ဖြစ်. .၊ မောင်မိုးခက်က နွမ်ဂျာသိုင်းဖြစ်. .၊ နွမ်ဂျာသိုင်းက ဘာဆက်ဖြစ်လိမ့်ဦးမလဲ။ ပုဆိုးကွင်းသိုင်း ဖြစ်ဦးမလား. .။ တော်တော် နောက်တဲ့ကောင်. ."

မောင်စိန်ဝင်း ရှင်းပြတော့လည်း ဇာတ်ရည်လည်သွားသည်။ စက်မှုတက္ကသိုလ်တွင် စာပေဟောပြောပွဲ လာဖိတ်တုန်းက. . ပါလာတယ်တဲ့။ မျက်နှာစပ်ဖြုဖြုနဲ့၊ အသံသြသြနဲ့ ရယ်တဲ့ကောင်ဟာ ဝင်းမြင့်မောင်ခေါ် မောင်မိုးခက်ခေါ် နွမ်ဂျာသိုင်းပါပဲ. . တဲ့။

ငါ့. . ဘယ်သူများလဲ မှတ်တယ်။ လက်စသတ်တော့ မောင်ရင်ကိုး. . ဟူသော. . ဆိုရိုးစကားအတိုင်း နွမ်ဂျာသိုင်းဆိုတာ စက်မှုတက္ကသိုလ်မှာ. . ကိုယ်သွားဟောတုန်းက ပရိသတ်အလယ်က အသံအကျယ်ဆုံး ထ,ထရယ်တဲ့ငနဲကိုး။ ဂွတ်ထ ဂွတ်ထ. . ကောင်းလှောင့်တေး ကောင်းလှောင့်တေး။ ရုတ်တရက် ကြားရလျှင် ကျားမှန်းမသိ မ,မှန်းမသိရသော နွမ်ဂျာသိုင်းသည် ကိုယ်နှင့် အပေါင်းအသင်းအရင်း ခေါက်ခေါက်ကြီး ဖြစ်နေသည်။

"သူငယ်ချင်း. . နွမ်ဂျာက စာပေဟောပြောပွဲတွေမှာ သူငယ်ချင်းကဗျာကို ထည့်,ထည့်ရွတ်တယ်။ ဒီကဗျာကျေးဇူးကြောင့် သူစာရေးဆရာ ဖြစ်လာရတာပါတဲ့"

စာရေးဆရာ ဒါရိုက်တာ မောင်နေမျိုးနှင့် ဆုံမိခိုက် ပြောသဖြင့်. .

"ဘယ်ကဗျာလဲ ကိုနေမျိုး"

"သူငယ်ချင်း ရှုမဝမှာရေးခဲ့တဲ့ (တိုက်ပွဲပျော်)ဆိုတဲ့ ကဗျာလေ။ သူ့ဘဝ လေလွင့်နေချိန်၊ စိတ်ဓာတ်ကျနေချိန်မှာ တိုက်ပွဲပျော်ကို သွားဖတ်မိပြီး အားတွေ တက်လာတယ်။ ဆက်ကြိုးစားတယ်၊ ကြိုးစားရင်း စာရေးဆရာ ဖြစ်လာတယ် တဲ့. . .။ မောင်ရင့်ကဗျာကို . . ဌာန်, မာန်အပြည့်နဲ့ ရွတ်ပြပြီး ဟောသွားတာ လက်ခုပ် တဖြောင်းဖြောင်းပဲ"

နွမ်ဂျာသိုင်းနှင့် ဂုရုကွေးတို့ ရွှေတိဂုံဘုရားရှေ့မှ ကြားတောရလမ်းစင်တွင် အတူတူ တွဲဟောဖြစ်ကြသည်။ ထိုပွဲကို ဗဟန်းမြို့နယ် လမ်းစဉ်လူငယ်အဖွဲ့မှ. . ကြီးမှူးကျင်းပသည်။ ထိုပွဲတွင် ကွယ်လွန်သူ စာရေးဆရာဒါရိုက်တာ ရုပ်ရှင်သရုပ်ဆောင် ဗိုလ်ဗကိုလည်း ပါသည်။ သူက သိပ်ကြာကြာမဟော။



www.burmeseclassic.com

www.burmeseclassic.com



ဒေသခံဖြစ်နေ၍. . . နည်းနည်းပဲ ဟောပြီးနွမ်ဂျာနှင့် ဂုရုကွေးတို့ကို များများ ဟောစေသည်။

နွမ်ဂျာသိုင်း ဆိုသော ငတိကလည်း အဟောကောင်း အပြော ကောင်း. . ။ အသံပြြ အောင်အောင်ဖြင့် ပရိသတ် ပွဲကျအောင် ဟောနိုင် သည်. . ။ စင်နှင့်မလှမ်းမကမ်းမှ အိမ်တစ်အိမ်တွင် လမ်းစဉ်လူငယ်တွေက. . ဂုရုကွေးကို လက်ဖက်ရည် အချိုဖြင့် ဧည့်ခံနေခိုက် စင်ဆီမှ တဟားဟားရယ်သံ များ ကြားရသည်။

"ဟော့ကောင်တွေ. . ။ အီကြာကွေးကွ။ အီကြာကွေး ဟောနေတာ. . "

ကလေးတွေ အော်ပြီး စင်ဆီ ပြေးသွားသံကြားရသည်။ စင်နားရောက် မှ အင်! အီကြာကွေးလည်းမဟုတ်ဘူး။ ဘယ်သူမှန်းလည်း မသိဘူး။ ရယ်တော့ ရယ်ရတယ်. . ကျွက်စီကျွက်ညံ ပြောသံများကို ထပ်ကြားရသည်။

"နွမ်ဂျာရေ. . မင်းအနေနဲ့ ပရိသတ်က မျှော်လင့်ထားတာ အနုအလှ သမုဒယ။ တစ်ခါတုန်းက တက္ကသိုလ်မှာ. . ဘာ. . ညာ. . ဒါမျိုးကွ။ မင်းက စွတ်,ချည်းလောင်နေတော့ ကလေးတွေက အီကြာကွေး အပြောခံရတယ်။ အချစ်ဝတ္ထုရေးသူ အနေနဲ့ ဟာသကို ပွဲစိုရုံလောက်ပဲလုပ်။ နင်းကန်လုပ်နေရင် လိုင်းပျောက်ပြီး ဟာသသမား ထင်သွားမယ်"

ဒီကောင် ထိုညပွဲတွင် တိုက်ပွဲပျော်ကဗျာကို ဌာန်,မာန် အပြည့်ဖြင့် ရွတ်ပြသွားသည်။ စင်ပေါ်က ဆင်းကာနီး၌. .

"အဲဒီတိုက်ပွဲပျော်ကဗျာကို ရေးခဲ့တဲ့ ဆရာကတော့ အခုကျွန်တော် ဟောပြီးရင် ဆက်ဟောမယ့် ဆရာအီကြာကွေးပါပဲ"

. . ဟု မိတ်ဆက်ပေးခဲ့သည်။ မည်သို့ပင်ဖြစ်စေ. . တိုက်ပွဲပျော်ကဗျာ ကြောင့် နွမ်ဂျာသိုင်း ဖြစ်လာရသလို နွမ်ဂျာသိုင်း လိုက်ဟောလွန်းသော ကြောင့်. . တိုက်ပွဲပျော်ကဗျာကိုလည်း မျိုးဆက်သစ် လူငယ်များ စိတ်ဝင်စား ကြသည်။ နွမ်ဂျာသိုင်းဟောသမျှ ပွဲတိုင်းလိုလို တိုက်ပွဲပျော်ကဗျာကို အော်တို စာအုပ်များထဲတွင် ရေးပေးရသည်။ ကြာတော့ ဒီငနဲ မတတ်နိုင်တော့. . ။ တိုက် ပွဲပျော်ကဗျာကို စာကူးစက်ဖြင့် စောင်ရေများစွာ ကူးယူသွားပြီး သူဟောသော ပွဲတိုင်းတွင် တောင်းသမျှ လူတိုင်း မရ မရှိရအောင် ရုပ်ရှင်ကြော်ငြာ စာရွက် ဝေသလို ဝေရတော့သည်။

နွမ်ဂျာနှင့် ဂုရုကွေးတို့ မြန်မာပြည် တစ်ခွင် ပြုံပြုံစင်အောင် လှည့်လည် ပြီး ပွဲပေါင်းမရေမတွက်နိုင်အောင် ဟောခဲ့ပါသည်။ ပွဲတိုင်းလိုလို နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံး အောင်မြင်ပါသည်။ ထိုမျှ အောင်မြင်ခဲ့လင့်ကစား. . မြန်မာပြည်တစ်နေ ရာရှိ အလွန်ဝေးလံခေါင်ဖျားမှ ပွဲတစ်ပွဲတွင်ကား နှစ်ယောက်စလုံး ကွဲလိုက်ကြ တာ ဟက်တက်. . ။ ။

အပွဲပွဲနွှဲခဲ့သမျှ ဒီတစ်ပွဲကျမှ နှပ်ပစ်ခံရတယ်. . ဆိုသော ဆိုရိုးစကား မှာ ဂုရုကွေးနှင့် နွမ်ဂျာသိုင်းအတွက် ရည်ရွယ်ပြီး ထားခဲ့သော စကားဖြစ်ပုံရ သည်။

ရွှေတိဂုံ အရှေ့ဘက် ကြားတောရလမ်း ဟောပြောပွဲမှစ၍ မြန်မာပြည် တစ်ဝှမ်းလုံး. . တိုင်းအနှံ့၊ ပြည်နယ်အနှံ့၊ မြို့အနှံ့၊ ရွာအနှံ့ပွဲပေါင်း မရေတွက် နိုင်အောင် ဟောခဲ့ကြပြီးပြီ။ ဆက်လက်၍လည်း. . ဟောနေဆဲ ဖြစ်သည်။

“နွမ်ဂျာရေ. . မင်းက ရှေ့ကသယ် အလယ်မှာ တစ်ယောက်ထား ပြီး. . ငါက နောက်ကသယ်မယ်။ သည်ပွဲမှ မလှရင်. . အခြားဘယ်ပွဲ လှဦး မလဲ”

“စိတ်ချပါ ဆရာကွေး. . ကျွန်တော့်တာဝန် ကျေပွန်ရပါစေ့မယ်”

နွမ်ဂျာနှင့် ဂုရုကွေး တွဲသောပွဲတိုင်း နွမ်ဂျာက ရှေ့ဆုံးမှ ဖွင့်၍ ပရိသတ်ကို တဝါးဝါးတဟားဟား ဖြစ်စေသည်။ အခြား စာရေးဆရာ (သို့မ ဟုတ်. . ) စာရေးဆရာမက အလယ်မှနေပြီး. . စာပေရေးရာ အလေးအနက် များဟောသည်။ ဂုရုကွေးက နောက်ဆုံးပိတ် အိတ်နှင့် လွယ် တဝါးဝါးတဟား ဟား ဖြစ်စေပြီး ပွဲသိမ်းပေးလိုက်သည်။ ပျော်စရာနှင့်စပြီး ပျော်စရာနှင့်သိမ်း လေ့ရှိသော စာပေဟောပြောပွဲများချည့်သာ. . ။

“ဆရာ ရှိပါသလား. . ”

တစ်နေ့ နံနက်ခင်းတွင်. . အသားဖြူဖြူ လူငယ်တစ်ယောက် အိမ် ရောက်လာသည်။ သူ့ကို မြင်ဖူးသလိုလိုတော့ ရှိသား. . ။ ရင်းရင်းနှီးနှီး သိထား သူလည်း. . ဖြစ်သည်။ ခက်တာက သူ့နာမည်ကို ရုတ်တရက် စဉ်းစား၍မရ။

“ဆရာ. . မမှတ်မိဘူးလား။ ကဗျာရေးတဲ့ ဆရာ့တပည့် မိုးနောင် (ကောလင်း)လေ။ ဆရာဦးဉာဏ်ဝန် ရှိတုန်းက တိုက်ခဏခဏ လာ နေတာပဲ”

ဟိုက် ရှာလပတ်ရည်. . ။ မှတ်မိပြီ. . မှတ်မိပြီ။ သည်တုန်းက ကချင် မြေ မင်းမော်တို့၊ ကချင်မြေ သန်းဆောင်တို့နှင့် တိုက်သို့ ကဗျာလာ, လာပို့တဲ့ မိုးနောင်ပေပဲ။

“မင်း. . အခု ဘယ်မှာလဲ၊ ရန်ကုန်မှာပဲလား”

“မဟုတ်ဘူး. . ဆရာ. . ။ ကောလင်း ပြန်ရောက်နေတယ်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်လာတာက ဆရာ့ကို စာပေဟောပြောပွဲ ဖိတ်ဖို့ပါ။ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဌ ဗိုလ်မှူးငြိမ်းချမ်းကလည်း . . စာရေးပေးလိုက်တယ်”

ဗိုလ်မှူးငြိမ်းချမ်းမှာ ဓနုဖြူသားဖြစ်၍ ငါးတန်းမှ တက္ကသိုလ်ဝင်သင်တန်းအထိ ဓနုဖြူ အထကတွင် ကျောင်းနေဖက်များဖြစ်သည်။ သူငယ်ချင်းက သူအုပ်ချုပ်နေသော ကောလင်းသို့ စာပေဟောပြောပွဲ ကြွရောက်ပါရန် လေးလေးစားစား ဖိတ်နေပြီ။ တစ်ယောက်က စာပေတပည့်၊ တစ်ယောက်က ကျောင်းနေဖက် ငယ်သူငယ်ချင်း . ။ ဂုရုကွေး အဘယ်မှာ ငြင်းလို့ ရမည်နည်း။

သို့ဖြင့် နွမ်ဂျာသိုင်းနှင့် စာရေးဆရာမ လေးသူစံတို့ကို ခေါ်ပြီး မိုးနောင်နှင့်အတူ . ကောလင်းသို့ လိုက်ခဲ့သည်။ ပွဲက . . တစ်ပွဲတည်းမဟုတ်။ ကောလင်း၊ အင်းတော်၊ ဗန်းမောက် သုံးပွဲ . ။ ကောလင်းပွဲသည် . . ခြိမ့်ခြိမ့်သဲ အောင်မြင်သည်။ အင်းတော်ပွဲလည်း ခြိမ့်ခြိမ့်သဲ အောင်မြင်သည်။

“ဆရာကြီးတို့ . . ကျွန်တော့် ရွာမှာလည်း ဟောပေးပါ”

အင်းတော်ပွဲအပြီးတွင် . . အသားဖြူဖြူ လူတစ်ယောက် . . စကားသံဝဲဝဲဖြင့် လာပြောသည်။

“မနက်ဖြန်ည ဗန်းမောက်ပွဲ ရှိတယ်။ မအားဘူး . . ”

“ဗန်းမောက်ပွဲကို နောက်တစ်ညရွှေ့လို့ရတယ်။ မနက်ဖြန်ည ကျွန်တော်တို့ ရွာမှာ ဟောပေးပါ . . ”

ရွှေ့လို့ရတယ် ဆိုတော့လည်း ဂုရုကွေးတို့က လုပ်လိုက်လေ ကြာသလားလို့။ ထိုပွဲကို လက်ခံလိုက်ရသည်။ ထိုရွာကြီးမှာ အင်းတော်နှင့် ဗန်းမောက် သွားသော လမ်းတွင်ရှိသည်။ တိုင်းရင်းသားလူမျိုးစုတစ်စုနေသည်။ မြန်မာပြည် တစ်နေရာမှ အလွန်ဝေးခေါင်လှသော ရွာကြီးဖြစ်သည်။

“ဆရာကြီး . . စာဟောပွဲမှာ ဘုန်းကြီး ဘယ်နှပါးပင့်ရမလဲ။ ကန်တော့ပွဲ ဘယ်နှပွဲ ပြင်ရမလဲ။ လှူဖွယ်ဝတ္ထု ဘာတွေ လိုမလဲ”

ရွာရောက်သည်နှင့် . . အင်းတော်အထိ လာဖိတ်သော ရွာလူကြီးက မေးသည်။ တစ်နေရာရာမှာ တစ်ခုခုတော့ မှားနေပြီ။

“စာဟောပွဲနဲ့ စာပြန်ပွဲ ခင်ဗျားတို့ မှားနေပြီ။ ဘုန်းကြီးပင့်စရာ မလိုဘူး။ ကန်တော့ပွဲ ပြင်စရာမလိုဘူး။ လှူဖွယ်ဝတ္ထု ထည့်စရာမလိုဘူး။ ဟိုဗျာ . . အင်းတော်မှာ ခင်ဗျားလည်း နားထောင်ပြီးပြီပဲ။ အဲဒါတွေပဲ ပြန်ဟောမှာ . . ”

“ကောင်းပါပြီ . . ကောင်းပါပြီ . . ”



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာလူကြီး၏ အစီအမံဖြင့်. . အဆောက်အဦငယ်တစ်ခုတွင်. . ရွာသူရွာသားတွေ ပြည့်လျှံသွားသည်။ ရွာလူကြီးက. . သူတို့ ဘာသာစကားဖြင့် ဘာပြောသည်မသိ။ ရောက်ရှိလာသည့် ပရိသတ်မှာ ဆူညံခြင်းမရှိ။ ကလေးကအစ အသံမထွက်။ မျက်နှာတွေ အတည်သားဖြင့်. . တိတ်တိတ်ဆိတ်ဆိတ် ကွန်ခြွေရရ ထိုင်နေကြသည်။

"နွမ်ဂျာရေ. . ငါ့ မသိစိတ်ထဲမှာ ဒီပွဲ အကုသိုလ် အပြားလိုက် ကပ်လိမ့်မယ်လို့ ခံစားနေရတယ်။ ပွဲအနေအထား၊ ပရိသတ် အနေအထားက တစ်မျိုးကြီးနော်။ မျက်နှာထားကြီးတွေ တည်တည်နဲ့. . . ကျောက်ရုပ်ကြီးတွေ စီထိုင်နေတဲ့အတိုင်း မလှုပ်မချောက်နဲ့. . "

"ကျွန်တော်လည်း. . နည်းနည်း လန့်နေတယ်။ ဆရာကွေးပဲ အရင်ဖွင့်ပါ"

လုပ်နေကျ မဟုတ်သော. . အလုပ်ကို လုပ်လိုက်ရပြီ။ ပွဲပိတ်မှ ထွက်ရသော ဂုရုကွေးက ပွဲထိပ်မှ ဖွင့်လိုက်ရခြင်း. . ။

ပရိသတ်ကို သွေးတိုးစမ်းသည့် အနေဖြင့် ရယ်စရာ တစ်လုံးပစ်ကြည့်သည်။ လုံးဝမရယ်. . ။ နောက်ထပ်. . သူ့ထက်ပြင်းသော ရယ်စရာ နောက်တစ်လုံး ထပ်လွှတ်သည်။ ဘုရားစူးရစေ့ မရယ်. . ။ နှစ်ပေါင်းသုံးဆယ်ကျော် ပွဲပေါင်းမရေနိုင်အောင် ဟောခဲ့တာ ပွဲတိုင်းရယ်ရသော အလုံးများ ထိုပွဲတွင် လုံးဝ (လုံးဝ) မရယ်ကြ. . ။

"နွမ်ဂျာရေ. . မင်း. . တစ်လှည့်ထွက်ဦးဟေ့။ ငါတော့ ဟောရင်း. . ဟောရင်းနဲ့ ရှက်လာပြီ"

မိနစ်နှစ်ဆယ်လောက်ဟောပြီး နွမ်ဂျာကို တစ်လှည့်ထွက်ခိုင်းရသည်။ ဒီကောင်လည်း မတတ်နိုင်။ ပရိသတ်က လုံးဝမရယ်။ ဂုရုကွေး ချွေးပြန်သလို သူလည်း ချွေးပြန်လာသည်။ ဆောင်းတွင်းညကြီးမှာ ချွေးပြန်တယ်ဆိုတာ နည်းနည်း အီစလံဝေခြင်းမဟုတ်. . ။ အကြီးအကျယ် မဟာ့မဟာ အီစလံဝေခြင်းဖြစ်သည်။

"ကျွန်တော်လည်း မရဘူး ဆရာကွေး. . "

"မရရင် ရပ်လိုက်တော့. . ။ လေးသူစံ. . ထွက်. . "

လေးသူစံလည်း မတတ်နိုင်။ သူ့ကို ဆယ့်ငါးမိနစ်ခန့် ပြောခိုင်းပြီး ဂုရုကွေး ပြန်ထွက်သည်။ မိနစ် နှစ်ဆယ်လောက်ပြောကြည့်သည်။ ပရိသတ် တုတ်တုတ်မလှုပ်။ ရယ်ဖို့ဝေးစွ. . ချောင်းဆိုးသံပင် မကြားရ. . ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . နွမ်ဂျာ. . မင်းတစ်လှည့်ထွက်ဦး. . "

နွမ်ဂျာ. . ခေါင်းကုတ်ပြီး ထွက်ရပြန်သည်။ ပရိသတ်က လုံးလုံး မလှုပ်။ ဒီကောင် စိတ်ညစ်ပြီး လေးသူစံကို တစ်လှည့်ခေါ်သည်။

"ဆရာမ. . တစ်လှည့်ထွက်ပါဦး. . "

လေးသူစံ ထွက်ရပြန်သည်။ ဂုရုကွေးတို့ သုံးယောက်မှာ ရသေ့ရှစ်သောင်းဇာတ်လို အူချာပတ်ချာလည်နေသည်။ တစ်ယောက်တစ်ယောက်စီ ဆယ့်ငါးမိနစ်. . မိနစ်နှစ်ဆယ်ထက် ပိုမပြောနိုင်။ တစ်ယောက်ပြော ကြည့်လိုက်. . မရလိုက်. . ။ နောက်တစ်ယောက် ပြောလိုက်. . မရလိုက်. . ။ ညဥ့်နက်စ ပြုလာပြီ။

"ခစ်. . ခစ်. . ခစ်. . ခစ်"

ဟိုက် ရှာလပတ်ရည်. . ။ လေးသူစံ. . တတိယအကြိမ် ပြန်အထွက်တွင် ပရိသတ်နောက်ဆုံးတန်းမှ ရယ်သံသဲ့သဲ့ ကြားရသည်။ ဝါးခနဲ. . အုန်းခနဲ တစ်ခဲနက် ပွဲကျခြင်း မဟုတ်။ ခစ်. ခစ်. ခစ်. ခစ်. ဖြင့် ခပ်အုပ်အုပ် ရယ်ကြခြင်း ဖြစ်သည်။ ရယ်သံက တစ်တန်းပြီးတစ်တန်း ရွေ့လျားလာကာ တဖြည်းဖြည်း ရှေ့ဆုံးတန်း ရောက်လာပြီးမှ ရပ်သွားသည်။

"နည်းနည်းတော့ ဟုတ်လာပြီဟေ့. . ။ ငါ တစ်ကျော့ပြန်ထွက်မယ်"

ဂုရုကွေး စတုတ္ထအကြိမ်ပြန်အထွက်တွင် ရယ်သံက လှိုင်းလုံးတွေ လိမ့်လာသလို နောက်ဆုံးတန်းမှ စပြီး တစ်တန်းတန်းပြီး တစ်တန်း ခစ်. ခစ်. ခစ်. ခစ်. လုပ်လာရာ ရှေ့ဆုံးတန်းကျမှ ရပ်တော့သည်။ နွမ်ဂျာအလှည့်တွင်လည်း ထိုအတိုင်းပင်။ လှိုင်းလုံးလိမ့်သလို ရယ်သံတွေ. . ဖြည်းဖြည်း. . ဖြည်းဖြည်း. . လိမ့်လာသည်။

"ပရိသတ် ဘယ်လိုဖြစ်တာလဲ. . ။ ရယ်ရင်. . တစ်ပြိုင်တည်း မရယ်ဘဲ အဆင့်ဆင့် ရယ်လာရတာလဲ။ ကျွန်တော်တို့ တစ်ခါမှ ဒါမျိုးမကြုံဖူးဘူး"

ကျေးရွာလူကြီးက သိမ်မွေ့စွာ ပြုံးပြီး. .

"ဒီလိုပါ ဆရာကြီး. . ။ ပရိသတ်က. . ဆရာကြီးတို့ ပြောတာ နားမလည်ပေမယ့် အမူအရာတွေ ကြည့်ပြီး ရယ်ချင်လာတယ်။ ကျွန်တော်က မရယ်ရဘူး၊ ရယ်ရင် မရိုသေသလို ဖြစ်မယ်ဆိုလို့ မရယ်ကြတာပါ"

"နောက်ကျမှ ရယ်တာကကော. . "

"ဆရာကြီးတို့ကို ကြည့်ပြီး အားနာလာတာနဲ့. . နောက်ဆုံးအတန်းကို ရယ်ကြလို့ ပြောလိုက်တယ်။ အဲဒီအတန်းက သူ့ရှေ့အတန်း၊ သူ့ရှေ့အတန်း



www.burmeseclassic.com

www.burmeseclassic.com



က သူ့ရှေ့အတန်း. . ရယ်ကြ ရယ်ကြလို့ အဆင့်ဆင့်ပြောပြီး ရယ်ခိုင်းလို့. . ရယ်သံက နောက်ဆုံးကနေ တဖြည်းဖြည်း ရှေ့ဆုံးရောက်လာတာပါ"

နောက်တစ်နေ့ ဗန်းမောက်ပွဲကို ကူးတော့ နွမ်ဂျာက ဂုရုကွေးကို စပ်ဖြဲဖြဲဖြင့် ပြောသည်။

"ဆရာကွေး. . ကျွန်တော့်သက်သက်. . ခေါ် ဒုက္ခပေးတာပဲ။ ရန်ကုန်မှာနေ အကောင်းသား. .။ ဖြစ်ချင်တော့. . ဝေးလံခေါင်ဖျား တစ်ခါမှ မရောက်ဖူးတဲ့ အရပ်မှာ ဒုက္ခလာတွေ့ရတယ်"

အတူတူ ဒုက္ခတွေ့ရသူချင်း သူကပြောနေသည်။ သည်လိုပြောစတမ်းဆိုလျှင်. . သူ့ကို ဒုက္ခပေးရတာ တစ်ခါတည်း. .။ မင်းလူကို ဒုက္ခပေးခဲ့တာများလှပြီ။ ။

♦ ♦ ♦

သောကြာစာစောင်

အမှတ် (၄၃၉)၊ မတ်လ၊ ၂၀၀၀ ပြည့်နှစ်

အမှတ် (၄၄၀)၊ ဧပြီလ၊ ၂၀၀၀ ပြည့်နှစ်

www.burmeseclassic.com

www.burmeseclassic.com



## မင်းလူ

သည်လိုသေးညှက်သော ကောင်ငယ်လေးက သည်မျှ ထူထဲသော လုံးချင်းဘုတ်အုပ်ကြီးတွေ ရေးနိုင်တယ်ဆိုတာ ဘယ်လိုမှ ယုံနိုင်စရာမရှိ။ သို့သော် ငယ်တယ်ဆိုပြီး လျှော့တွက်လို့ တော့မရ၊ လူသာငယ်တယ် နာမည် က လန်ဘား ဆိုသော ပုဂ္ဂိုလ်စားတွေ လောကမှာ အများကြီး ရှိသည်။

မင်းလူသည် ဆရာသာခုနှင့် ဆရာမကြီး ဒေါ်ခင်ညိုတို့၏ သား အထွေးဆုံးဖြစ်သည်။ ဝဏ္ဏတို့၊ ဗလတို့၊ ရူပတို့၏ ညီအငယ်ဆုံးဖြစ်သည်။ အမည်ရင်းက ဉာဏ်ပေါ်။ ဉာဏ်ပေါ်ဆိုပေမင့် သူ့ဉာဏ်တွေက ချက်ချင်းမပေါ်တတ်၊ ပေါ်ချင်သည့် အချိန်မှ ပေါ်သည်။ တစ်ခါတစ်ရံ တစ်လသေသေ တစ်လဆန်းဆန်း ဉာဏ်မပေါ်ဘဲ ဉာဏ်ငုတ်နေတတ်သည်။

ထိုအခါ ဉာဏ်ပေါ်တစ်ဖြစ်လဲ ဉာဏ်ငုတ်သည် ဆေးပေါ့လိပ်ကလေး လက်ကြားညှပ်ကာ ငေးရင်းငိုင်ရင်း ငုတ်နေသော ဉာဏ်တွေ ပြန်ပေါ်အောင် ကြိုးစားသည်။ ပေါ်လာပြီဆိုလျှင် ရေးတော့သည်။ ထိုအခါမှ မင်းလူ ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါရှင်သန်လှုပ်ရှားလာသည်။ သူက စာရေးနည်းသည်။ အရေး ကျဲသည်။ သို့သော် ရေးသမျှ စာများက ဆန်ခါတင် ဒေါင်ဒေါင်မြည်။

သူတို့ ညီအစ်ကို လေးယောက်လုံး ဂုရုကွေးနှင့် ခင်သည်။ သူတို့အဖေ ဆရာသာခုနှင့် ဂုရုကွေးက ခေတ်ပြိုင်မဟုတ်သော်လည်း ခေတ်ဆက်ဖြစ်သည်။ သာခု၊ သန်းဆွေ၊ သော်တာဆွေ၊ အောင်လင်းတို့ ခေတ်နောက်တွင် ဂုရုကွေးတို့ ဆက်တွဲပါလာခဲ့သည်။ သာခုနှင့် ဂုရုကွေးက ခေတ်ပြိုင်မဟုတ်။ ခေတ်ဆက်. .

သူတို့ညီအစ်ကို လေးယောက်တွင် ရှုပတစ်ယောက်ကလွဲပြီး သုံးယောက်က စာရေးသည်။ မောင်ဝဏ္ဏ၊ သုမောင်၊ မင်းလူ သုံးယောက်အနက်တွင် မင်းလူလက်ရာက တစ်ဘာသာလာသည်။ သူ့မှာ ဟာသရှိသည်။ လူကြည့်တော့ မတုန်မလှုပ် ရေးတဲ့စာက ဟာသ အလယ်လူထင်လင်းစွာ မင်းဖြစ်တော့သည်။ သီချင်းနှင့် ပြောင်းပြန်နောက်ဆုံးလူ ထင်လင်းစွာ ငပေါက်ဖြစ်တော့သည်ဟု ဆိုရလေမည်လားမသိ။

ဂုရုကွေးကျတော့ အပြင်မှာလည်း ပေါက်သည်။ စင်ပေါ်မှာလည်း ပေါက်သည်။ စာထဲမှာလည်း ပေါက်သည်။ အမြဲတမ်းပေါက်သည့် အကာလိကောငပေါက် ပါမင်းနှင့် ငပေါက်မင်းလူက အပြင်မှာ မပေါက်၊ စင်မှာမပေါက် စာထဲမှာပဲ ပေါက်သော သီးသန့် ငပေါက်. . .

တစ်နေ့သောအခါ ထိုငပေါက်ပေါက်စလေးမင်းလူက အသက်နှစ်ထောင် (ထိုစဉ်က သုံးထောင်မဖြစ်သေး) ငပေါက်ကြီးကို ကဗျာစာအုပ်ကလေးတစ်အုပ် လက်ဆောင်ပေးသည်။ ကိုမိုး၊ မြင့်ကောင်း၊ မင်းလူ (တစ်ယောက်နာမည် မေ့နေပြီ) သူရဲကောင်းလေးယောက်၏ ကဗျာများဖြစ်သည် မင်းလူက ကဗျာလည်းမဆိုး ထိမိစွဲငြိအောင် ရေးနိုင်သည်။ ထို့နောက် မင်းလူ၏ ဝတ္ထုတိုလေးများ၊ လုံးခြင်း ဝတ္ထုများကို ကြိုကြား၊ ကြိုကြား ဖြိုးဖြိုးဖြောက်ဖြောက် တွေ့လာရသည်။ မင်းလူသည် ဘဝသရုပ်ဖော်ဝတ္ထုလေးတွေလည်း ရေးတတ်သည်။ (ကျုပ်တန်ကလေး တစ်ရွက်) ဆိုသော ဘဝသရုပ်ဖော်ဝတ္ထုတိုလေးကို ဂုရုကွေးရင်ထဲတွင် ယနေ့ထက်တိုင် မမေ့နိုင်သည်။

"ဟေ့ကောင်. . . ဟောပြောပွဲရှိတယ် လိုက်ခဲ့ကွာ. ."

မင်းလူက ဂုရုကွေးကို ခင်လည်းခင်သည်။ ကြောက်လည်းကြောက်သည် သူ့ခမျာ အပြင်မှာလည်း အေးအေးကုပ်ကုပ်နေသူကိုမှ ဂုရုကွေးက ဟောပြောပွဲအတွက် အတင်းသွားဆွဲသည် စာပေဟောပြောပွဲဆိုတာက ဂုရုကွေးတို့လို လေများသော အဲယားကွန်းဒစ်ရှင်းတွေနှင့် ကိုက်သည်။ မင်းလူလို နှုတ်



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်း လေနည်းနည်းသမားတွေနှင့် မကိုက်။

"ကျွန်တော် သိပ်မပြောတတ်ဘူး. . . မလိုက်ပါရစေနဲ့. . . "

"လုပ်မနေနဲ့. . . မင်းလည်း စာရေးဆရာပဲ ဘာလို့ မပြောတတ်ရမှာလဲ။ နောက်က ငါထိန်းမယ် မင်း ပြောတတ်သလိုပြော. . . "

ထိုစဉ်က မင်းလူက အိမ်ထောင်ကျစသာ ရှိသေးသည်။ သူ့ခမျာ မလိုက်ချင်လိုက်ချင်နှင့် အထုပ်အပိုးပြင်ကာ ဂုရုကွေးခေါ်ရာလိုက်ခဲ့သည်။ ဒီကောင့်မှာ တစ်ခု ချစ်စရာကောင်းတာက ဘာလုပ်လုပ် သပ်သပ်ရပ်ရပ် လုပ်တတ်ခြင်း၊ စာရေးရင်လည်း သပ်သပ်ရပ်ရပ်၊ မပြောတတ်ဘူး ဆိုသော်လည်း စင်ပေါ်တွင် သပ်သပ်ရပ်ရပ် ဟောသွားသည်။ သူပြောတတ်သလို ပြောပြီး အစ- အလယ်- အဆုံး အလေးချိန်ညီညွတ်စွာဖြင့် ပရိသတ်ကို ဆွဲဆောင်သွားသည်။ သူ့အတွက် မိန်းမသွားတောင်းတော့ မိန်းကလေးဘက်က ဆရာကြီး ဦးရန်အောင်။ သူ့ဘက်က သူ့အဖေ ဆရာသာခု. . .

အများသိကြသည့်အတိုင်း သည်ဆရာ နှစ်ယောက်စလုံးက နားလေးသည်။ ဦးရန်အောင်ပြောတာက တစ်မျိုး၊ ဆရာသာခု ကြားတာက တစ်ဖုံ၊ သားရေး သမီးရေး ဆွေးနွေးကြသည်။ ကမောက်ကမတွေ ဖြစ်ရပုံကို မင်းလူက လေအေးလေးဖြင့် ပြောသွားသည်။ သူ့အသံက အေးအေး သူ့မျက်နှာက အတည်ပေါက် စင်အောက်မှ ပရိသတ်များက တဝါးဝါး. . .

"အဲဒီ ဟာသကွက်ကလေးက သိပ်ကောင်းတယ်။ ပွဲတိုင်းထည့်ဟောကွာ. . . ငါကိုယ်တိုင် မအောင့်နိုင်လို့ အော်ရယ်တာ မင်းတွေ့တယ် မဟုတ်လား"

မင်းလူသည် သူ့ဟောပြောချက် အဆုံးသတ်သည့် ကဗျာအချပိုဒ် (ဩော်. . . ယသော်ဓရာ ယသော်ဓရာ)ကို လေးတွဲစွာရွတ်ပြီး၊ ဟောပြောခြင်းကို ရုတ်တရက် ရပ်ပစ်လိုက်သည်။ ပရိသတ် မင်သက်မိသွားသည်။ ရင်ထဲတွင် စွဲငြိကျန်ခဲ့သည် ပြီးမှ သတိဝင်လာသည်။ လက်ခုပ်သံများ တရုံးရုံး ဟိန်းသွားသည်။

မင်းလူပါသော ပွဲတိုင်း ဂုရုကွေး သက်သာရာ အများကြီးရသည်။ မင်းလူသည် ဂုရုကွေး၏ ဆွဲစရာ၊ လွယ်စရာ၊ သယ်စရာ၊ ပိုးစရာများကို ကူညီသယ်ပိုးပေးသည်။ အနားမှာ တကပ်ကပ်နေသည်။ သူ့ဝတ္ထုတွေဖတ်ပြီး မင်းလူဆိုသော စာရေးဆရာသည် ဤသတ္တဝါအသေးစားလေးဖြစ်ကြောင်း မည်သို့သိနိုင်ကြမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ခက်တာက ဒီကောင့်မှာ စာရေးဆရာဂိုက်မရှိ၊ မျက်မှန်မတပ်၊ တိုက်ပုံ မဝတ်၊ ရှပ်အင်္ကျီလက်တိုလေးဖြင့် ဆေးပေါ့လိပ်ကလေး လက်ကြားညှပ်ကာ ခပ်အေးအေး ထိုင်နေတတ်သည်။ ဆရာမင်းလူ ဟောပြောရန် ကြွပါဆိုမှ ပါလာသော တိုက်ပုံလေးကို ကပျာကယာ ကောက်စွပ်ပြီး စင်ပေါ်တက်သည်။

တစ်ခါတော့ မြစ်ဝကျွန်းပေါ်မြို့တစ်မြို့မှ ဟောပြောပွဲတွင် ပြဿနာတစ်ခု ကြုံရသည်။ မင်းလူ စင်ပေါ်မတက်ခင် ပရိသတ်က မင်းလူဟု မထင်ကြ။ ထိုအကြောင်းကို မင်းလူကိုယ်တိုင်က ထည့်ဟောမှ အဖြစ်မှန်ကို သိရသည်။

"ပရိသတ်က ကျွန်တော့်ကို ကျွန်တော်မှန်းမသိခင်တော့ ဘာပြောတယ်မှတ်လဲ ဆရာအကြီးကြီးကွေးက ဟောပြောပွဲလာတာ သူ့သားလေးခေါ်လာတယ်တဲ့ ကျွန်တော် ဆရာသာခုသားပါ။ ဆရာကွေးသားမဟုတ်ပါဘူး။ ဒါပေမယ့် ဆရာကွေးနဲ့ ကျွန်တော်က အမြဲတမ်း တပူးတွဲတွဲ အရွယ်ကလည်း အဖေနဲ့ သားလို ဖြစ်နေတော့ ထင်ကြတာ မဆန်းပါဘူး"

ပရိသတ်တဝေါဝေါ ရယ်ကြသည်။ ဟာသဖောက်တာ ထင်ပြီး ဂုရုကွေးလည်း ရယ်ခဲ့သည်။ စင်ပေါ်ကဆင်းလာမှ သူ့မေးကြည့်တော့ ဟာသဖောက်တာမဟုတ်။ ဟောပြောပွဲ ကော်မတီတစ်ယောက်က ပြောတာဟု ရှင်းပြသည်။

မင်းလူ၏ ဟောပြောချက်တွေက အေးအေးညက်ညက်ကလေးနှင့် ကောင်းသည်။ ဓနုဖြူစာပေဟောပြောပွဲသို့ ဆရာကျော်မြသန်းနှင့်အတူ မင်းလူကိုပါ ခေါ်သွားသည်။ ဟောပြောပွဲအပြီး နောက်တစ်နေ့မနက်တွင် မင်းလူနှင့် ဆရာသန်းကို ဗိုလ်တဲ၌ ခေတ္တထားခဲ့ပြီး ဂုရုကွေးမြို့ထဲ ခဏသွားသည်။ ပြန်လာတော့ မင်းလူက ဆီးတိုင်သည်။

"ဆရာကွေးတို့ ဓနုဖြူက မလွယ်ဘူး. . . စောစောက အမျိုးသမီးတစ်ယောက်လာပြီး "မောင်လေး ညကဟောသွားတာ ကောင်းတော့ ကောင်းတယ်။ ဒါပေမဲ့ နည်းနည်းလိုသေးတယ်" တဲ့ ဝေဖန်သွားတယ်"

အမျိုးသမီး အသက်အရွယ်နှင့် ပုံပန်းကို မေးကြည့်ပြီး ဂုရုကွေးက တဟားဟား ရယ်တော့ ဆရာကျော်မြသန်းက ဘာလို့ရယ်သလဲ မေးသဖြင့်. . .

"ခုနက လာသွားတာ စိတ်မနှံ့တဲ့ အမျိုးသမီးဗျ။ မင်းလူရေ မင်းငါနဲ့လိုက်နေရင် ရှေ့လျှောက်မလွယ်ကြောချည့်ပဲ သွတ်. . . သွတ်. . . သွတ်. . . သွတ်"

မင်းလူနှင့် ဂုရုကွေးက အိမ်ချင်းသိပ်မဝေး. . .

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တောင်ဥက္ကလာနှင့် သက်န်းကျွန်းမြို့နယ်ချင်းကပ်လျက်။ ဂုရုကွေး နေတာက တောင်ဥက္ကလာ တောင်ဘက်ခြမ်း မေတ္တာလမ်းတောင်ဘက်၊ မင်္ဂလာ (၁၂) ရပ်ကွက်၊ မင်းလူနေတာက သက်န်းကျွန်း သာစုခြံ။

ကျိုက္ကဆံ ဘုရားဝင်းကို ဖြတ်ပြီး ကုန်းကြောင်းလျှောက်သွားလျှင် ကြာကြာမလျှောက်ရ၊ ခဏဖြင့် ရောက်သည်။ စာပေဟောပြောပွဲတွေ ခြိမ့်ခြိမ့်သဲ ကျင်းပနေချိန်၊ ဂုရုကွေးအိမ်ကလေးမှာ ဧည့်သည်မပြတ်၊ ဟိုနယ် ဒီနယ်၊ ပြည်မြန်မာ အရပ်ရပ်မှ ဟောပြောပွဲ ဖိတ်သူများ အိမ်မှာ အဝင်အထွက်များသည်။

တစ်ဖွဲ့က ရောက်လာလိုက်၊ ရက်ချိတ်သွားလိုက်၊ တစ်ဖွဲ့ပြန်မဆင်းသေးခင် နောက်တစ်မြို့မှ နောက်တစ်ဖွဲ့ အိမ်ပေါ်တက်လာသည်။ အဖွဲ့ဖွဲ့ချင်း အိမ်ပေါ်မှာ ဆုံကြသည်။

"ဆရာကွေးကိုတော့ မြို့ပရိသတ်က တောင်းဆိုပြန်ပြီ. . . "

"ဟာ. . . တစ်နှစ်ကတင် လာပြီးတာ. . . သည့်ပြင် ဆရာခေါ်ပါဦးဗျာ. . . "

"သည့်ပြင်ဆရာလည်း ခေါ်မှာပါပဲ. . . ဆရာကွေးက အဓိကဖြစ်နေတယ်. . . "

ဖိတ်ရုံသာမဟုတ် ပွဲကြီးတစ်ခုလုံးကိုပါ ထိုးအပ်သည်။ သူတို့မြို့စာပေဟောပြောပွဲအတွက် ဂုရုကွေးက လိုက်ပါ ဟောပြောပေးရုံမက ကျန်ဆရာများကို ရှာဖွေစုစည်းပေးရသည်။ နေရင်း ထိုင်ရင်းမှ ဟောပြောပွဲ စီစဉ်သူဖြစ်မှန်း မသိ ဖြစ်လာသည်။

"ဆရာကွေးရယ်. . . ဆရာမတစ်ယောက်ရယ် နောက်တစ်ယောက်စဉ်းစားပါဦး. . . "

စဉ်းစားစရာမလို။ ဘယ်တော့မဆို သွားသွားခေါ်ပြီး နှိပ်စက်နေကျမင်းလူရှိသည်။ လွယ်လွယ်ကူကူ နီးနီးနားနား ဒီသတ္တဝါလေးကိုပဲ သွားဆွဲရမည်။

"မင်းလူ ဆိုရင်ဘယ့်နှယ်လဲ သဘောကျလား. . . "

"ခင်ဗျားတို့ သွားခေါ်ရင်တော့ လိုက်ချင်မှ လိုက်မယ်. . . ကျွန်တော်ခေါ်ရင်တော့ လိုက်ပါတယ်. . . မလိုက်လည်း သူ့မိန်းမပြောပြီး ကျွန်တော်က အတင်းဆွဲခေါ်တာကိုး. . . ကျွန်တော်တို့ အချင်းချင်းတွေက နားလည်မှုရှိကြတယ်. . . ကူညီမှုရှိတယ်. . . စည်းလုံးတယ်. . . ချစ်တယ်. . . သံယောဇဉ်ကြီးတယ်. . . မင်းလူ သဘောကျပြီနော်. . . "



www.burmeseclassic.com

www.burmeseclassic.com



"ကျတာရဲ့ ဟိုဘက်တောင် လွန်သေးတယ် ဆရာကွေး. . ."

ဤသို့ဖြင့် မီးသေနေသော ဆေးပေါ့လိပ်တိုလေး လက်ကြားညှပ်ကာ အေးအေးဆေးဆေး ငေးငေးငိုင်ငိုင်နေတတ်သော အလွန်တရာ စကားနည်းသော နှုတ်နည်းသော မင်းလူခမျာ ဂုရုကွေး၏ နှိပ်စက်သမျှ ဟမ်းဘက်အိတ်ကလေး လွယ်ကာ မြန်မာပြည်အရပ်ရပ်သို့ လိုက်ရရှာလေသတည်း။

"ဉာဏ်ပေါ်ရေ. . . ငါန်းဇွန်းတရားပွဲတော့ လိုက်လာခဲ့ဦးကွာ. . . လူစိမ်းမပါဘူး တို့ချင်းတို့ချင်း ရင်းရင်းနှီးနှီး တွေချည်းပဲ. . . ငါရယ် မင်းရယ် စွန်ကြီးရယ်. . ."

"ဆရာမောင်ရွှေစွန်လား"

"ဟုတ်တယ်လေ အဲဒီစွန်ကို ပြောတာ တခြားစွန်က ကောင်းကင်မှာ ဝဲနေတဲ့ ငှက်စွန်နဲ့ ကလေးတွေလွှတ်တဲ့ စက္ကူစွန်. . . ဒါပဲ ရှိတယ် မဟုတ်လား. . ."

ငါန်းဇွန်းပွဲမှာ မင်းလူရယ်၊ မောင်ရွှေစွန်ရယ်၊ ဂုရုကွေးရယ် သုံးယောက် ဟောကြသည်။ ငါန်းဇွန်းအထက‌ရွှေ့မှ မြက်ခင်းပြင်တွင် ဖြစ်သည်။

ငါန်းဇွန်းပွဲမှ ဆီပုလင်း၊ ထောပတ် ပုလင်းတွေနှင့် ရွှေဝါဆပ်ပြာတောင့်တွေ လက်ဆောင်ပေးသည်။ မင်းလူ တရားပွဲထည့်ပေးလိုက်ပြီး ဂုရုကွေးက သီပေါကိုယ်စားလှယ်နှင့် မန္တလေးတွင် ဆုံကာ သီပေါတက်သွားသည်။

သီပေါဆိုတာက တစ်ချိန်က ကိုယ်ကျင်လည်ကျက်စားခဲ့ရာမြို့၊ စာပေသမားတွေများသည်။ ဦးစိန်လှအောင်ခေါ် စာရေးဆရာ မေတ္တာရှင်ကတော့ ဆုံးရှာပြီ။ မောင်မြတ်ကောင်းတို့ လှမောင်လတ်တို့၊ ပန်းတနော် လှထွန်းတို့ စိုင်းသာလှိုင်တို့ အများကြီးရှိသည်။ မောင်မြေလွှာကတော့ တာချီလိတ်လား ပြောင်းသွားသည်တဲ့။

ဖြစ်ချင်တော့ ဂုရုကွေးမရောက်ခင်ညက သီပေါဈေးကြီး မီးလောင်သည်။ ရောက်သွားတော့ မီးကငြိမ်းပြီးစ။ မီးလောင်ပြင်တွင် အပူငွေ့မပြယ်သေး။ ဈေးမီးလောင်ထားတာ ပူပူနွေးနွေး ရှိသေးတဲ့မြို့ ဟောပြောပွဲလုပ်လို့ ဖြစ်မလား ပရိသတ် လာပါ့မလား။

"လှမောင်လတ် မင်းတို့ပွဲ ဘယ်လိုလဲ. . . ဖျက်လိုက်မလား. . ."

"မဖျက်ဘူး ဆရာကွေး လုပ်မယ်. . . လူမလာမှာ မပူနဲ့ လာကိုလာရစေ့မယ်. . ."

မင်းလူနှင့် မောင်ရွှေစွန် ရောက်မလာသေး။ သူတို့ကို စောင့်ရင်း ခန်း



www.burmeseclassic.com

www.burmeseclassic.com



မထဲမှာ ဂုရုကွေးက တစ်ယောက်တည်းဟောသည်။ ပရိသတ်က ခန်းမအပြည့်။ တောင်ဥက္ကလာက ခေါ်လာခဲ့သော တပည့်ငယ်ကျော်ကျော်လွင်က ရှေ့ဆုံးတန်းမှ ထိုင်ဟားနေသည်။ ထူးဆန်းသည်ကား ဈေးမီးလောင်တုန်းက ဆိုင်ပါသွားသော ဈေးသည်များ လာနားထောင်ခြင်း၊ သူတို့ပြောတော့ စိတ်ညစ်ပြေအောင် ဆရာကွေး တရားလာနာတာတဲ့။

"ဆရာမင်းလူတို့ ရောက်လာပြီ. . . "

လှမောင်လတ်က စာရွက်တိုလေးတွင် ရေးပြီးလာတင်ပေးသွားသည်။ ဂုရုကွေးအနည်းငယ် ဆက်ဟောပြီး နားလိုက်သည်။ နောက်ဆက်လက်ဟောပြောမည့် မင်းလူနှင့် မောင်ရွှေစွန်တို့ကို ပရိသတ်နှင့် မိတ်ဆက်ပေးထားခဲ့သည်။

သီပေါပွဲ အောင်မြင်ပါသည်။ သီပေါ အောင်မြင်တော့ ကျောက်မဲကလည်း တောင်းဆိုလာသည်။ တစ်ပွဲဆက်ပေးပါတဲ့။ ဂုရုကွေးတို့ သုံးယောက်သား သီပေါပွဲကို နေ့ခင်းဟောပြီး ကျောက်မဲပွဲကို ညပွဲဟောသည်။ ကျောက်မဲပွဲမှာ လှမောင်လတ်ပါ ဝင်ဟောသည်။ ကျောက်မဲပွဲ ရုံပြည့်ရုံလျှံ ဝက်ဝက်ကွဲအောင်မြင်ပါသည်။

သီပေါပွဲစဉ်က ပြီးသွားပြီ။ ဂုရုကွေးက မပြီးသေး။ ချောက်မြို့ပွဲသို့ ဆက်ရမည်။ ဟိုမှာ ဆရာယုတို့ စောင့်နေသည်။ ကျောက်မဲက မန္တလေးသို့ ဆင်းလာတော့ ဂုရုကွေးက ရှေ့ဆုံးခန်းမှာ၊ မင်းလူ၊ မောင်ရွှေစွန်နှင့် တပည့်လေး ကျော်ကျော်လွင်တို့က နောက်ခန်းမှာ။ မင်းလူသည် ပတ်ဝန်းကျင်ရှုခင်းများကို ငေးမောရင်း ပါလာသည်။ သူ့အတွက် မြင်ကွင်းသစ်တွေ ဖြစ်နေ၍ ဆေးပေါ့လိပ်ပင် မဖွာနိုင်။

"ဆရာကွေးကို ကျေးဇူးတင်တယ်ဗျာ. . . "

"တင်ရမှာပေါ့ကွာ. . . ငါနဲ့တွဲရင် အရပ်တကာနှံ့ရမယ်. . . မင်းမဟေသီကိုပြောထား. . . ငါလာရင် ရှောရှောရှူရှူ ထည့်လိုက်. . . "

မန္တလေးမှာ မင်းလူကို တစ်ယောက်တည်းထားခဲ့ရသည်။ သူက မန္တလေးကနေ ရန်ကုန်ပြန်မည်။ ဂုရုကွေးတို့က မန္တလေးမှ ချောက်သို့ ခရီးဆက်မည်။

"ဒုက္ခပဲဗျာ. . . ဆရာကွေးပစ္စည်းတွေကော ဆရာစွန်ပစ္စည်းတွေကော သယ်သွားရမယ်. . . ကျွန်တော့် ပစ္စည်းတွေကလည်း ရှိသေး. . . "

ထောပတ်ပုလင်းတွေ၊ နို့ဆီပုလင်းတွေ၊ ဆပ်ပြာတောင့်တွေ၊ ပုဆိုးတွေ၊ စောင်တွေနှင့် မင်းလူခမျာ မန္တလေးမှာ တစ်ယောက်တည်း မြင်းလှည်းနှင့် ဘူတာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းဖို့တော့ သေသေချာချာ စီစဉ်ပေးထားခဲ့ပါသည်။ ချောက်ကို ခေါ်တော့လည်း ဒီကောင်က မလိုက်နိုင်။

မင်းလူကို ဒုက္ခပေးခဲ့သမျှ ထိုဒုက္ခမှာ အကြီးမားဆုံးဒုက္ခဖြစ်သည်။ ပစ္စည်းတွေ တစ်ပုံတစ်ပင်နှင့် မန္တလေးတွင် ကျန်ခဲ့သော မင်းလူ၊ ချောက်ကားထွက်လာတော့ စွန်ကြီးရယ်၊ ကျော်ကျော်လွင်ရယ်၊ ဂုရုကွေးရယ် (ဉာဏ်ပေါ်ရေတို့သွားပြီဟေ့) လို့ အော်ဟစ်နှုတ်ဆက်တော့ မင်းလူခမျာ ပြန်မနှုတ်ဆက်နိုင်။ လက်ဖက်ရည်ဆိုင်ရှေ့ ပလက်ဖောင်းပေါ်တွင် မျက်နှာငယ်လေးနှင့် ကျန်ခဲ့ရှာလေသည်။

♦ ♦ ♦

သောကြာစာစောင်
အမှတ် (၄၄၂)၊ ဇွန်လ၊ ၂၀၀၀ ပြည့်နှစ်
အမှတ် (၄၄၃)၊ ဇူလိုင်လ၊ ၂၀၀၀ ပြည့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



**ဆင်ဖြူကျွန်းအောင်သိန်း**

ကိုဆေးရိုးတို့အဖေသက်တော်ရှည်

လေထန်ကုန်းဆိုတာက ဂုရုကွေးမသွားလို့ မရတဲ့နေရာ။ ဖြစ်နိုင်ပါက (ပိတ်ရက်တနင်္ဂနွေမှ လွဲ၍) နေ့စဉ် ရောက်နေတတ်သော နေရာ. . .

ဘာကြောင့်ဆို ထိုနေရာမှာ စာရေးဆရာစုံသည်။ ကဗျာဆရာစုံသည်။ ကာတွန်းဆရာ စုံသည်။ အယ်ဒီတာ စုံသည်။ ဖလင်သမားစုံသည်။ ဘိုင်းနင်း သမားများပင် တစ်ခါတစ်ရံ လာတတ်သည်။

အလေးအနက်ပြောပါက လေထန်ကုန်းသည် စာပေနယ်တစ်ခုလုံး၏ အသည်းနှလုံး ဖြစ်သည်။ ရန်ကုန်စာပေသမား တွေသာမက နယ်စာပေသမား တွေပါ လေထန်ကုန်းမှာ ဆုံကြသည်။ နယ်သတင်းတွေ ဘယ်သူဘာလုပ်နေ တယ်။ ဘယ်သူ နေမကောင်းလို့ စသည်ဖြင့် ကြားရတတ်သည်။ လေထန်ကုန်း မှာ လူစုံသည်။ သတင်းစုံသည်။ အဲ မဟုတ်က ဟုတ်က သတင်းတွေလည်း စုံသည်။

"ကွေးကြီး လာ လာ ထိုင်. . . သောက်ပြီးပလား. . . "

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ နေ့လည် လေထန်ကုန်းသို့ ရောက်အသွား လူကြီးဝိုင်းတစ်ဝိုင်းမှ ခေါ်သံကြားရသည်။ လေထန်ကုန်းမှာ လူငယ်ဝိုင်းတွေ များသည်။ လူကြီးဝိုင်းအလွန်နည်းသည်။ တစ်ခါတစ်ရံမှ တွေ့ရတတ်သည့် လူကြီးဝိုင်းမှာ အသက်ခြောက်ဆယ်နှင့် ခြောက်ဆယ်အထက် ခေါင်းတွေ ဖွေးဖွေးလှုပ်နေသော အဘိုးကြီးဝိုင်း ဖြစ်သည်။

"သောက်ပြီးပါပြီ. . . ဒါပေမဲ့ ခင်ဗျားတို့နဲ့ တွေ့ဖို့က မလွယ်ဘူး. . . တစ်ပတ်တစ်ခါတောင် တွေ့ချင်မှ တွေ့ရတာ. . . "

ဂုရုကွေးကို လမ်းခေါ်သူမှာ တစ်ပတ်လျှင် အင်္ဂါတစ်ရက်သာ မြို့ထဲထွက်တော့သော ဆရာ ဆင်ဖြူကျွန်းအောင်သိန်း ဖြစ်သည်။ သူသည် ခေါင်းဖြူရုံမက မျက်ခုံးမွေးတွေပါ ဖြူနေပြီ။ နှစ်ပေါင်းလေးဆယ်နီးပါး ရင်းရင်းနှီးနှီး ပေါင်းသင်းလာခဲ့သော စာပေမိတ်ဆွေများ ဖြစ်သည်။

"ဆင်ကြီး. . . ခုဘယ်လောက် ရှိသွားပလဲ. . . "

"အဲဒါသိတော့ ခင်ဗျားဘာဖြစ်မှာလဲ. . . သိန်းသုံးရာဆု ပေါက်မှာလား. . . "

"ပေါက်ပေါက် မပေါက်ပေါက်လေ. . . သိချင်လို့ မေးတာပါ ဟောင်းအိုး အာ ယူ. . . ခင်ဗျား အသက်ဘယ်လောက် ရှိသွားပလဲ"

ဆင်ကြီးက ပြုံးကျဲကျဲ မျက်နှာဖြင့် ရေနွေးပန်းကန်ကို လှမ်းကိုင်သည်။ ရေနွေးကြမ်းဖြင့် ပက်မည့် ဟန်ပြုသည်။ တကယ် မပက်ပါ။ လူခင်လူရင်းချင်း နောက်ပြောင်ခြင်း ဖြစ်သည်။

"ခုနစ်ဆယ့်ငါးကျော်သွားပြီ. . . ဘယ်လောက်ကျော်လဲဆိုတာ အတိအကျမသိချင်နဲ့. . . သေမင်းကြားသွားရင် မလွယ်ဘူးဗျ. . . "

သူ့ဟာသူပြောပြီး သူ့ဟာသူ ရယ်သည့် ဂုရုကွေးနှင့်တကွ တစ်ဝိုင်းထဲထိုင်နေကြသော စာရေးဆရာ ရဲဘော် ကျော်ဆန်းနှင့် သုတေသီ မြင့်ထွန်းတို့ ပါရယ်မိကြသည်။

"ကျုပ်တို့လည်း တဖြည်းဖြည်းနဲ့ အသက်တွေကြီးလာကြပြီ. . . ချမ်းလည်း မချမ်းသာ ငတ်လည်း မငတ် ထမင်းလေး နပ်မှန်ရုံနဲ့ စာပေနယ်ထဲ ကျင်လည်လာ ခဲ့ကြတာ. . . "

ဂုရုကွေးက သံဝေဂသံဖြင့် ပြောတော့ ဆင်ဖြူကျွန်း အောင်သိန်းက. . .

"ဘာအခုမှ ကြောက်ပါပြီလဲ. . . အစကတည်းက ခင်ဗျားကို ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့သားပဲ. . . ဒီနယ်ထဲ ခြေစုံပစ်မဝင်နဲ့. . . ဒုက္ခရောက်လိမ့်မယ်လို့ လွန်ခဲ့တဲ့နှစ်လေးဆယ်က. . .

မှန်ပါသည်။ ဆင်ကြီးခမျာ စာပေမိတ်ဆွေကောင်းတို့၏ ဝတ္တရားအတိုင်း ဂုရုကွေးကို သတိပေးခဲ့ပါသည်။ လူက လေထန်ကုန်း လူကြီးဝိုင်းမှာထိုင်နေသည်။ စိတ်က နှစ်လေးဆယ်ဆီသို့ နောက်ကြောင်းပြန်သွားသည်။

ဆင်ကြီးကို ဂုရုကွေး စတွေ့ဖူးတာ အမှတ် (၂၉) ဘရုတ်ကင်းလမ်း (ယခု ဘိုကလေးဈေးလမ်း)ရှိ စုံထောက်ဝတ္ထု/မဂ္ဂဇင်းတိုက်တွင် ဖြစ်သည်။ ဂုရုကွေးက အသက်နှစ်ဆယ်ပင် မပြည့်တတ်သေး ခေါင်းတုံးဆံတောက်နှင့် ပင်နီတိုက်ပုံနှင့် လွယ်အိတ်လွယ်ကာ ခုံဖိနပ်စီးထားသည်။ ဖဲထီးရိုးကောက်တစ်လက်လက်မောင်းချိတ်ထားသည်။ ပါးစပ်တွင် ဆေးပြင်းလိပ်တို ခဲထားသည်။ ကဗျာဆရာပေါက်စဘဝ ကဗျာဆရာမှန်းသိအောင် တမင်ဖန်တီးထားသော ဒီဇိုင်းနှင့်။

"အဲဒါ မနေဖြူကျော်ထွန်းတဲ့. . . ဒါကတော့ ဆင်ဖြူကျွန်းအောင်သိန်း. . . "

နေသွေးနီကလား၊ ကိုစောလင်းကလား၊ ကိုရွှေလှကလား မမှတ်မိတော့ ကျွန်တော်နှင့် ရင်းနှီးပြီးသားစုံထောက် ဝိုင်းတော်သားတစ်ယောက်က မိတ်ဆက်ပေးသည်။ ထိုစဉ်က စုံထောက်မဂ္ဂဇင်းသို့ ကိုနတ်နွယ်မရောက်သေး။ အလွန်စောသေးသောကာလ။

ဤမှ စ၍ ဂုရုကွေးနှင့် ဆင်ကြီးတို့ ရင်းနှီးလာခဲ့ကြတာ ယနေ့ဆိုလျှင် နှစ်လေးဆယ်ကျော်နေပြီ။ ထိုစဉ်က လင်းယုန်သစ်လွင်၊ တင့်ဆန်း၊ ဆင်ဖြူကျွန်းအောင်သိန်းတို့မှာ စာပေတြိဂံဖွား ဖြစ်သည်။ အတူတူ ကျော်ကြားခဲ့ကြသော ခေတ်ပြိုင်များဖြစ်သည့် နောက်ခေတ်တွင်မှ မင်းကျော်၊ နတ်နွယ်၊ မောင်နေဝင်း ဟု စာပေတြိဂံ တစ်ခုထပ်ပေါ်လာသည်။ သူတို့လည်း အတူတူ ကျော်ကြားခဲ့ကြသော ခေတ်ပြိုင်များ ဖြစ်သည်။

သည်တုန်းက ဂုရုကွေးက မနေဖြူမှာ အနေများသည်။ ဟိုမှာက စာပေဝါသနာရှင်များ အသင်း၊ ကဗျာဆရာအသင်းတွေ ဖွင့်ထားသဖြင့် မနေလို့မရ။ အသင်းတွင် စာကြည့်တိုက်ပါတွဲဖွင့်ထားသဖြင့် ပို၍တာဝန်ကြီးသည်။ ရန်ကုန်နှင့် မနေဖြူက ရေလမ်းခရီးဖြင့် မိုင်တစ်ရာကျော်သာ ဝေးသည်။ ဟသ်ာတ ရန်ကုန်ပြေးဆွဲနေသော ကြားသင်္ဘောတွေ တစ်နေ့နှစ်စီး ရှိသည့် အစိုးရဧရာဝတီသင်္ဘောလည်း ရှိသည်။ ကြားသင်္ဘောစီးလျှင် ၄/။ ဧရာဝတီစီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



၆၀/၁၅ပြား။

ခနေဖြူမှာ နေသော်လည်း ရန်ကုန်သို့ တရွတ်ရွတ်လာနိုင်သော ကာလ။ ကဗျာတွေပို့စရာရှိလျှင် ပိုက်ဆံမရှိသည့်အခါ စာတိုက်မှ ပို့သည်၊ အိမ်က ပိုက်ဆံတောင်းရသည့်အခါ၊ သင်္ဘောခကို အကုန်ခံ၍ ရန်ကုန်ဆင်းသည်။ မဂ္ဂဇင်းတိုက်ပေါင်းစုံ ခြေစကြာဖြန့်သည်။ ရန်ကုန်ပေတစ်ရာလမ်းပေါ်တွင် ခုံဖိနပ် တဂွပ်ဂွပ်ဖြင့် ဟိုတိုက်ဝင်ဒီတိုက်ထွက် ကိုယ့်ဟာကိုယ်လှုပြီးသား ထင်ထားသော်လည်း ဘေးအမြင်က ငပေါတွေဟု ထင်ချင်စရာ။

ဂုရုကွေးနှင့် စသိစဥ်က ဆင်ကြီးက ဂွတ္တလစ် ဈေးဟောင်းလမ်းမှာ နေသည်။ ရန်ကုန်ရောက်တိုင်း သူ့အိမ်အမြဲရောက်သည်။ သူလိပ်စာပေးထား၍ ပထမဆုံးတစ်ကြိမ်ကလား အိမ်ရှာမတွေ့၍ လမ်းထဲမှာ ကစားနေသော ကလေးတစ်ယောက်ကို မေးမိသည်။

"ဟဲ့ကလေး ဒီလမ်းထဲမှာ စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း နေတယ်မဟုတ်လား. . . အစ်ကိုတို့ အိမ်ရှာတာ မတွေ့လို့"

"သံမဏိတို့ အဖေကို ပြောတာလား. . . "

ရှုပ်ကုန်ပြီ ရှာတာက ဆင်ဖြူကျွန်းအောင်သိန်း။ ကလေးက သံမဏိတို့အဖေလားတဲ့။ အတူပါလာသော ခနေဖြူစာပေဝါသနာများအသင်း၏ ဒုတိယမြောက်အတွင်းရေးမှူး ကျော်မြလေးဘက်သို့ လှည့်၍

"ကျော်မြရေ တို့တော့ ဒုက္ခပဲ. . . ဆင်ကြီးနဲ့ မတွေ့ပဲ ဘယ်ကလာမှန်းမသိတဲ့ သံမဏိနဲ့ တွေ့ရတော့မယ် ထင်တယ်. . . "

ကျော်မြလေးက အသာနေ ဒီကိစ္စ ကျွန်တော်ရှင်းမယ်ဟု ဂုရုကွေးကို ပြောပြီး ကလေးဘက် လှည့်၍

"အဲဒီသံမဏိတို့ အဖေအိမ်လဲ တို့ကိုပို့ပေးပါ. . . ရော့မုန့်ဖိုးအတွက် မုန့်ဘိုး. . . "

မုးစေ့တစ်စေ့ပေးလိုက်တော့ ကလေးက ရွှေထုပ်ကောက်ရသည့်အလား မုးစေ့ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဈေးဟောင်းလမ်းထဲ ဝင်ပြေးသည်။ ဂုရုတို့ မနည်းလိုက်ရသည်။ ကလေးသည် ဈေးဟောင်းလမ်းအတွင်းပိုင်းမှ အိမ်တစ်အိမ်ရှေ့တွင် ရပ်ပြီး ဂုရုကွေးတို့ကို စောင့်နေသည်။

"အဲဒါ သံမဏိတို့ အိမ်ပဲ. . . "

ကျော်မြလေးက ဗျို့ ဦးသံမဏိ ဦးသံမဏိ ဟု အိမ်ရှေ့မှ အသံပြုလိုက်သောအခါ ဘဒူဒေလဲ ဘဒူနဲ့တွေ့ချင်လို့လဲ ဟု ဖြေသံနှင့်အတူ ကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ထွက်လာသည်။

"လူကြီးမင်းက ဦးသံမဏိလား. . ."

"ဟုတ်တယ်. . . အနော်ပဲ အနော်နဲ့ တွေ့ချင်တာ ဘာလဲ. . . မုန့်ဘိုးပေးမလို့လား. . ."

ဂုရုကွေးက ကြားဝင်၍

"မုန့်ဘိုးခဏထားပြီး ကျွန်တော်မေးတာ အရင်ဖြေပါ. . . ဦးသံမဏိရဲ့အဖေက စာရေးဆရာလား"

"ဟုတ်တယ်. . . ချာရေးချရာ. . ."

"သူ့နာမည်. . ."

"ချင်ဖြူကျွန်းအောင်တိန်း"

"အေး. . . အဲဒါကြီး အိမ်ထဲမှာ ရှိလား. . ."

"ရှိတယ်. . ."

"ဘာလုပ်နေလဲ. . ."

"ခင်ဗျားတို့လို အရုပ်မရှိလို့ လျှောက်သွားနေတာ မဟုတ်ဘူး ရုပ်ရုပ်နေတယ်. . . ချင်ဖြူကျွန်းအောင်သိန်း စာရေးနေတယ်. . ."

"အသံပြုလိုက်စမ်းပါ. . . ခနုဖြူက မိတ်ဆွေတွေ လာတယ်လို့. . ."

ဦးသံမဏိက အိမ်အတွင်းဘက်သို့ လှမ်းအော်သည်။

"အဖေ အဖေ ဒီမှာ ခင်ဗျား တငယ်ချင်းတွေတဲ့. . . ခနုဖြူကတဲ့. . ."

မျှော်တုန်းမျှော်ဆဲ ပျိုလည်းထွက်လာ အငြိမ့်သီချင်းကဲ့သို့ ဂုရုကွေးတို့ အမျှော်လင့်ကြီး လာခဲ့ရသော စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်း အတွင်းခန်းမှ ထွက်လာသည့် စာရေးရင်းတန်းလန်းမှ ထလာခဲ့ရသဖြင့် လက်ထဲတွင် ဖောင်တိန်ကြီးကိုင်လျက်သား

"ဟာ ရဲဘော်ကျော်ထွန်းနဲ့ ရဲဘော်ကျော်မြလေးတို့ ပါလား လာလာ တက်ထိုင်ကြ. . ."

စျေးဟောင်းလမ်းထဲက သူ့အိမ်ခန်းကလေးပေါ် သို့ ဖိတ်ခေါ် သည်။ ဤတွင် ကိုသံမဏိက

"အဖေ အနော်သွားကစားလိုက်ဦးမယ်" ဟုပြောပြီး စျေးဟောင်းလမ်းထိပ် ထွက်သွားသည်။ ဆင်ကြီးအိမ် ဂုရုကွေးရှာခဲ့စဉ်က တွေ့ကြုံခဲ့ရသော ဖြစ်စဉ်ကလေးကို ယနေ့တိုင် မမေ့နိုင်သေး။ ပြန်ရေးတာနှင့် ပြန်သတိရပြီး ပြန်ပြုံး ရသည်။

♦တွတ်ပီစာ♦အုပ်တိုက်♦

www.burmeseclassic.com

www.burmeseclassic.com



ဂုရုကွေးတို့မှာ ရန်ကုန်စာပေလောကတွင် အကြောင်းကိစ္စရှိပါက ဆင်ကြီးကိုပဲ အားပြုရသည်။ ဆင်ကြီးက ဂုရုကွေးတို့ကို လူငယ်တွေ၊ ချာတိတ်တွေဟု ခွဲခြား ခွဲခြားမလုပ်၊ သူလင်းယုန်သစ်လွင်၊ တင့်ဆန်းတို့ အရွယ်လို သဘောထားပြီး ရင်းရင်းနှီးနှီးပေါင်းသည်။ လိုက်လိုက်လဲ့လဲ့ ကူညီသည်။ ထက်ထက်သန်သန် စောင့်ရှောက်သည်။

ခနေ့ဖြူစာပေ ဝါသနာရှင်များ အသင်းအပေါ် အထူးစေတနာထားသည်။ ၁၉၅၉ ခုနှစ်က ရန်ကုန်မြို့မှလွဲပြီး နယ်မြို့များတွင် စာပေ ဟောပြောပွဲမလုပ်ကြသေး။ လုပ်သည့်မြို့အလွန် နည်းသည်။ တစ်ပြည်လုံး အတိုင်းအတာနှင့် တွက်ကြည့်လျှင် စာပေဟောပြောပွဲလုပ်သည့် မြို့ကို လက်ချိုးရေတွက်လို့ရသည်။ လက်တစ်ဘက် မပြည့်ချင်။

၁၉၅၉ ခုနှစ် ခနေ့ဖြူစာပေ ဟောပြောပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည်ဆိုတော့ ဆင်ကြီးကို အကူအညီတောင်းရသည်။ သူက တင့်ဆန်းကို ခေါ်ပြီး လာဟောပေးမည်ဟု ကတိပေးသည်။ ကိုတင့်ဆန်းမှာ ထိုနှစ်စာဆိုတော်အချိန်က ရန်ကုန်တွင် ဟောနေရ၍ မအား။ တင့်ဆန်းအစား ရွှေဓားကိုခေါ်ပြီး သူလာဟောပေးသည်။

၁၉၅၉ ခုနှစ်၊ ခနေ့ဖြူ စာဆိုတော်နေ့ စာပေဟောပြောပွဲကို မင်္ဂလာသီရိ ရုပ်ရှင်ရုံဟောင်းတွင် ကျင်းပသည်။ ရန်ကုန်မြို့မှ စာရေးဆရာကြီးနှစ်ဦးနှင့် ဂုရုကွေး၏ ငယ်သူငယ်ချင်းအဆိုတော် ခနေ့ဖြူ စိုးသိန်းပါ လာဟောပေးသည်။ တပ်ရင်း (၄)မှ ဗိုလ်ကြီးဟန်ညွန့် (ရှင်စိုးမိုး)လည်း ပါဝင်ဟောပြောသည်။ ဖြစ်ချင်တော့ စာပေဟောပြောပွဲသို့ မြို့ထဲက လူကြီးများတစ်ယောက်မှ မလာ။ အသင်းဝင်လူငယ်များနှင့်အတူ လူမလာ၍ ဟောင်းလောင်းဖြစ်နေသော ရုံထဲတွင် ဂုရုကွေး ပျာယာခတ်နေသည်။

လူလာလိုလာငြား စောင့်စားရင်း သီချင်းတွေပဲ နင်းကန်ဖွင့်နေရသည်။ သီချင်းတစ်ပုဒ်ပြီးသွားသည်။ လူမလာ။ တစ်ပုဒ်ပြီးတစ်ပုဒ် အဆက်မပြတ် ဖွင့်သည်။ လူတစ်ယောက်မှ မလာ။

"ရဲဘော် ခင်ဗျားပွဲက ဘယ်လိုလဲ ဖြစ်ဦးမလား. . . "

လူမရှိသော ရုံထဲတွင် မျက်မှောင်ကြုတ်ပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ဆင်ကြီးက ဂုရုကွေးကို မေးသည်။ ဂုရုကွေး တော်တော်စိတ်ညစ်သွားသည်။

"လာပါလိမ့်မယ် လာမှာပါ. . . "



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့သာ ပြောရသည်။ အားကမရှိ။ အသံက တိုးလွန်းနေသည်။ မတတ်သာလွန်းမက မတတ်သာသောအခါ ရုံးနှင့်လမ်းသာခြားသော အထက်တန်းကျောင်းသို့ ပြေးရသည်။ ကျောင်းအုပ်ဆရာကြီးဦးဘိုကို အကူအညီတောင်းရသည်။ ရန်ကုန်က စာရေးဆရာတွေ ပင့်လာပြီး ဟောပြောပွဲလုပ်တာ လူမလာလို့ ကယ်ပါယူပါ ဘာညာ စသည်ဖြင့် ဖြစ်ရပ်မှန်ကို ပြောပြတော့ ဆရာကြီးဦးဘိုက ကျောင်းသားတွေကို အတန်းလိုက် လွှတ်ပေးလိုက်သည်။ ကျောင်းသားပရိသတ်ဖြင့် ရုံပြည့်သွားသည်။

ရှင်စိုးမိုး ဟောသည်။ ခနေဖြူစိုးသိန်းဟောသည်။ ဂုရုကွေးဟောသည်။ အရွယ်စုံ ကျောင်းသားပရိသတ် မငြိမ်ပါ။ ငြိမ်အောင် မထိန်းနိုင်ကြပါ။ ဆင်ကြီးအလှည့်တွင် ကျောင်းသားငလောင်အချို့က ခွက်တွေ ခေါက်တော့ ဆင်ကြီးစိတ်ဆိုးသည်။ စိတ်ဆိုးပင် ဆိုးလင့်ကစား စာပေအကြောင်းများကို တစ်နာရီနီးပါးဟောပြောပေးသည်။ ထိုပွဲကို ရွှေခြားတစ်ယောက်ပဲ ထိန်းနိုင်သည်။ နောက်ဆုံးလူ ရွှေခြားသာ မထိန်းနိုင်လျှင် ဟောပြောပွဲတစ်ခုလုံး ပုံပျက်ပန်းပျက်နှင့်ပြီးဆုံးရတော့မည်။

ဂုရုကွေးတို့ အသင်းမှာ ငမွဲအသင်းဖြစ်၍ ဆင်ကြီးနှင့် ရွှေခြားကိုဖျာသေးသေးလေးနှစ်ချပ်သာ လက်ဆောင်ပေးလိုက်နိုင်ပါသည်။ ဆင်ကြီးကိုထိုတစ်ကြိမ် နှိပ်စက်ပြီးနောက်ထပ် နှိပ်စက်စရာတွေ ပေါ်လာပြန်သည်။

ထိုစဉ်က ၅၉-၆၀ က ဗမာ့ရုပ်ရှင်အမည်ရှိ တစ်ကျပ်တန် ရုပ်ရှင်စာစောင်လေးတွင် ဆင်ကြီးက နာမည်မခံဘဲ အယ်ဒီတာလုပ်ပေးနေသည်။ ဗမာ့ရုပ်ရှင်တွင် ရုပ်ရှင်မင်းသမီးတစ်ဦးစီ တစ်ဦးစီ၏ ဓာတ်ပုံနှင့် တွဲ၍ အလှဘွဲ့ကဗျာတစ်ပုဒ် ရှေ့ဆုံးစာမျက်နှာမှ လစဉ်ဖော်ပြသည်။

ဂုရုကွေးတို့က ကဗျာဆရာပေါက်စ အင်မတန်မှ လက်သွေးကြွနေချိန်။ အလှဘွဲ့တွေ ရေးကာ ဆင်ကြီးဆီ ပို့ကြသည်။ ဆင်ကြီးက ဂုရုကွေးအပါအဝင် စာပေဝါသနာရှင်များအသင်းမှ ကဗျာဆရာပေါက်စတို့၏ ကဗျာများကို ဗမာ့ရုပ်ရှင်တွင် လစဉ်ဖော်ပြပေးခဲ့သည်။ သူ့ကျေးဇူးတွေ များလှပါသည်။

သည်တုန်းက စာပေဝါသနာရှင်များအသင်းကို တိုးချဲ့ကာ ကဗျာဆရာအသင်း ထပ်ဖွဲ့ရန် အားယူနေကြသည့် ကဗျာဆရာ အင်အားလိုသည်။ ထို့အတွက် ဆင်ကြီးက ဗမာ့ရုပ်ရှင်တွင် ခနေဖြူမှ ကဗျာများကို လစဉ်ထည့်ပေးသည်။ ကဗျာရေးသူအချင်းချင်းက ဗမာ့ရုပ်ရှင် စာစောင်ကို ခနေဖြူစာစောင်ဟု ဝေဖန်ကြသည်။ ဤအထိ ဆင်ကြီးကူညီခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကျေးဇူးဖြင့် ကဗျာဆရာအင်အား တိုးလာသည်။ ကဗျာဆရာအသင်း ဖွဲ့နိုင်သည်။ သည်စဉ်က မြန်မာတစ်ပြည်လုံးတွင် အင်အားကြီးမားသော ကဗျာဆရာအသင်း သုံးသင်းရှိခဲ့သည်။ တောင်ငူ ကဗျာဆရာအသင်း၊ ပျဉ်းမနား ကဗျာဆရာအသင်း၊ ဓနုဖြူ ကဗျာဆရာအသင်း၊ ပျဉ်းမနားက ကဗျာဆရာအင်အား အများဆုံး၊ တောင်ငူက ဒုတိယ၊ ဓနုဖြူက တတိယ၊ ဂုရုကွေးမှာ စာပေဝါသနာရှင်များအသင်းတွင် ဥက္ကဋ္ဌ၊ နှစ်သင်းခွဲပြီး တာဝန်ယူသည်။ ဘယ်သူကမှ ပေးသည့်တာဝန်မဟုတ်။ ကိုယ့်ဟာကိုယ် စာပေဝါသနာအရ ယူထားသည့် တာဝန်။

"တို့ စာစောင်လေးတစ်ခု လောက် ထုတ်ကြရင်ကောင်းမယ်"

စာပေဝါသနာရှင်များ အသင်းအနေဖြင့် စာစောင်ထုတ်ရန် တိုင်ပင်ကြသည်။ အားလုံးက ဖိုးရေးချင် မယ်ရေးချင်တွေ ဖြစ်နေ၍ ထိုအဆိုကို ကန့်ကွက်သူ မရှိ။ အတည်ပြုလိုက်ကြသည်။ ရန်ကုန် ဝွတ္တလစ် ဈေးဟောင်းလမ်းမှာ ဆင်ဖြူကျွန်းအောင်သိန်း ရှိနေသည်။ ဓနုဖြူအသင်း နှစ်သင်းလုံး၏ အားကိုးရာ၊ လဲလျောင်းရာ ညောင်ညိုပင်ကြီးကို အကူအညီ တောင်းရမည်။

ဂုရုကွေးတို့ ငမွဲအသင်းသည် အသံ ချဲ့စက်ငှားကာ မြို့ပေါ်တွင် အလှူခံကြသည်။ ဂုရုကွေးက လမ်းပေါ်မှာ မိုက် ဖြင့်ပြော၊ အသင်းသားတွေက ငွေဖလား ကိုယ်စီဖြင့် လမ်းဟိုဘက်မှာ ဒီဘက် မှာ အိမ်တွေပေါ်တက် အလှူခံ။ ဤသို့ပင်ပန်းတကြီး ခွက်ထိုး အလှူခံရလာ သော ရံပုံငွေလေး မဖြစ်ညစ်ကျယ်ဖြင့် စာစောင်ထုတ်ကြသည်။

"ဆင်ကြီး ဟောဒီမှာ ကျွန်တော်တို့ ရှာလာတဲ့ ရံပုံငွေ ဒါနဲ့ စာစောင်ထုတ်မယ်. . . ဖြစ်အောင် လုပ်ပေးပါ. . . "

စာစောင်နာမည်ကလည်း ကြည့်ဦး။ သူများတွေ ယုဇနတို့ ပန်းတော်ဝင်တို့၊ ကေသီပန်တို့ နာမည်လှလှလေးတွေ သုံးနေချိန်မှာ ဂုရုကွေးတို့ စာစောင်နာမည်က (မှန်တိုင်း)။ စာစောင်၏ ကြွေးကြော်သံကလည်း ကြောက်ခမန်းလိလိ။ (စာပေ အလှေးအမှိုက်များကို တိုက်ထုတ်ပစ်မည့် မုန်တိုင်း)တဲ့။

ဆင်ကြီးက ဂုရုကွေးနှင့် ရဲဘော် မောင်မင်းယာ တို့ရှာလာသော ရံပုံငွေဖြင့် မုန်တိုင်းစာစောင်လေးကို ဖြစ်အောင် စီစဉ်ပေးသည်။ သူ၏ စာမူသာမက မာန်အောင်ပီယ၏ စာမူကိုပါ တောင်းယူပေးသည်။ မုန်တိုင်း(၁) ထွက်ပြီးတော့ မုန်တိုင်း(၂) ဆက်ထုတ်သည်။ ကန်တော်လေးထဲက ရွှေဟသာ်ပုံနှိပ်တိုက်မှ ကိုကျော်ညွှန့် (စာရေးဆရာ အောင်ကျော်စည်) ထံ ဆင်ကြီးပဲ တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



အပ်နှံပေးသည်။

“ရဲဘော် ခင်ဗျားက တကယ့် ခွစာပဲနော်. . . ”

“ဘာဖြစ်လို့လဲ ဆင်ကြီး”

“သူများ စာစောင်တွေ မိန်းကလေးပုံလှလှလေးတွေနဲ့ ထုတ်နေချိန်မှာ ခင်ဗျားက သရဲပုံမျက်နှာဖုံးလုပ်ပြီး ထုတ်တယ်. . ”

“ဒီသရဲပုံရဖို့ ကျွန်တော် ဘယ်လောက်အထိ ကြိုးစားရတယ် မှတ်သလဲ. . . ”

ထိုစဉ်က ရန်ကုန်သင်္ကြန်တွင် သင်္ကြန်သံချပ်ကားတွေများစွာ ထွက်သည်။ မင်္ဂလာတောင်ညွန့်မှ ကိုမြင့်နော်တို့အဖွဲ့ သံချပ်စာအုပ်အဖုံးမှာ အားလုံးထဲတွင် တမူထူးခြားသည်။ နယ်ချဲ့သမားသရဲကြီးသည် ပါးစပ်တွင် သွေးများစီးကျနေသည်။ လက်ထဲတွင် အနုမြူဗုံး ကိုင်ထားသည်။ ထိုသရဲကြီးကို လက်ဝါးကြီးတစ်ဘက်က ဟန့်တားထားသည်။ လက်ဝါးပေါ်တွင် (နယ်ချဲ့စနစ်ကို ဟန့်တားလော့)ဟု ရေးထားသည်။ ပန်းချီဆရာကြီး ဦးစန်းလွင်၏ လက်ရာဖြစ်သည်။

“ဒီသရဲကြီးပုံကို ကျွန်တော်ကြိုက်လို့ ကိုမြင့်နောင်ဆီက မူရင်းပန်းချီပုံ သွားတောင်း. . . ဆရာဦးစန်းလွင်ဆီပို့. . . သင်္ကြန်အဖွဲ့နာမည်ကို ဖျက် . . . မုန်တိုင်း နာမည်ပြင်ရေး အောက်ကစာပေဝါသနာရှင်များအသင်း ခနေဖြူ စာတန်းထည့်. . . ဆရာဦးစန်းလွင်က မေတ္တာနဲ့ကူညီလိုက်တဲ့ သရဲကြီးဗျ. . . ပေါ့သေးသေး မထင်နဲ့”

ဆင်ကြီးက နယ်ချဲ့သရဲပုံကြီးကို ကြည့်ကာ တဟားဟားရယ်သည်။

“ခင်ဗျားတို့ သဘောကျတဲ့ သရဲကြီးပဲ အဖုံးလုပ်လိုက်ပေါ့ဗျာ. . . ရဲဘော်ကတော့ တကယ့် ပြောစမှတ်ပါပဲ. . . ”

မုန်တိုင်း (၂)မှာ ခနေဖြူ တစ်မြို့လုံးတွင်လည်း တကယ်ပင် ပြောစမှတ်ဖြစ်ခဲ့သည်။ ဂုရုကွေးတို့က စာစောင်ကို ပြားခြောက်ဆယ် ရောင်းသည်။ အိမ်တွေ တက်ရောင်းတော့ အိမ်အချို့က စာစောင်ဖုံးကြည့်ပြီး မျက်လုံးပြူးကာ

“ဟော့ကောင်လေး. . . မောင်ကျော်ထွန်း. . . မင်းသရဲကြီးပြန်ယူသွားပါကွာ. . . အိမ်မှာထားရတာ ကျက်သရေ ယုတ်တယ်. . . ပြားခြောက်ဆယ်ကို တစ်ကျပ်လျှော့မယ်. . . ပြားလေးဆယ် ပြန်မအမ်းနဲ့တော့. . . ရော့ ရော့. . . မင်းသရဲကြီး. . . ”

ဆင်ကြီး နိမိတ်ဖတ်တာ မှန်သွားသည်။ ဂုရုကွေးလည်း ခနေဖြူတွင်



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးသွားသည်။ ဒီကောင်လေးကို သွားမစမ်းနဲ့ သူမှန်တယ်ထင်ရာကို ဇွတ်တရွတ်လုပ်တဲ့ ကောင်တဲ့။ ၁၉၆၁တွင် ထုတ်ခဲ့သော သရဲကြီးပုံ မျက်နှာဖုံးနှင့် မုန်တိုင်း (၂)ကို ဓနုဖြူမှ အိမ်အတော်များများတွင် ယနေ့တိုင်တွေ့နိုင်ပါသေးသည်။

"ဓနုဖြူမှာ စာပေသွားဟောတော့ ခင်ဗျားလုပ်ခဲ့တဲ့ သရဲကြီးနဲ့ မုန်တိုင်းကော မုန်တိုင်း (၁)ကော ယူသွားပြီး ပရိသတ်ကို ထောင်ပြခဲ့ရတယ်. . . "

ဓနုဖြူ စာပေဟောပြောပွဲများကား စည်ကားလှပါသည်။ ဂုရုကွေးတို့ ဖောက်ခဲ့သောလမ်းမှာ ယခုအခါ ဖြောင့်ဖြူးနေပါပြီ။ ဆင်ကြီးသည် ဂုရုကွေးနှင့် ပတ်သက်ပြီး ဓနုဖြူအပေါ် သံယောဇဉ်ကြီးသည်။ သူသွားဟောစဉ်က မုန်တိုင်း(၁) နှင့် မုန်တိုင်း(၂)ကို ယူသွားပြီး ဂုရုကွေးအကြောင်းကို ထည့်ဟောခဲ့သည်။

အတွေးစသည် (၃၃)လမ်းမှ လေထန်ကုန်း လက်ဖက်ရည်ဆိုင်သို့ ပြန်ရောက်လာသည်။ ၅၉တုန်းက ဆင်ကြီး ၆၀တုန်းကဆင်ကြီးနှင့် ယခုဆင်ကြီး မတူတော့ပေ။ ယခုဆင်ကြီးက ခေါင်းတွေဖြူ မျက်ခုံးတွေပါဖြူနေသည်။ သို့သော် အလွန်သန်မာသေးသည်။ ကြံ့ခိုင်သေးသည်။ လမ်းသွားလျှင် ယခင်က အတိုင်း သွက်လက်ဆဲ။ ဂုရုကွေးအပေါ် အလွန်စေတနာထားခဲ့သော။ ထက်ထက်သန်သန် ကူညီခဲ့သော ကိုဆေးရိုးတို့အဖေ သက်တော်ရှည်ကြီးကို သည့်ထက်သည် အသက်ရှည်ပါစေဟု ဆုတောင်းလိုက်ပါသည်။

♦ ♦ ♦

ဆင်ကြီးနှင့် ဂုရုကွေးတို့ ၁၉၅၉ ခုနှစ်၊ ဓနုဖြူစာပေ ဟောပြောပွဲတွင် ဆုံကြပြီ၊ နောက်ထပ်မဆုံဖြစ်ကြတော့။ သူက တခြားစာရေးဆရာများနှင့် တွဲကာ လျှောက်ဟောနေသည်။ ဂုရုကွေးနှင့် ပြန်မတွဲဖြစ်သေး။

၁၉၆၃ ခုနှစ်တွင် ဂုရုကွေး နေထိုင်ရာ ဓနုဖြူမှ အပြီးအပိုင် ထွက်လာပြီး၊ ယခု လက်ရှိနေထိုင်ရာ တောင်ဥက္ကလာ၊ မင်္ဂလာလမ်းမှ အိမ်ပုကလေးတွင် နေသည်။ ရန်ကုန်တွင် အမြဲတစေ၊ နေပြီဆိုတော့ ဆင်ကြီးနှင့်မကြာခဏ တွေ့ဆုံဖြစ်သည်။

အထူးသဖြင့် ထိုစဉ်က ထုတ်ဝေနေသော နဝဒေးမဂ္ဂဇင်းတိုက်တွင် ဆုံလေ့ရှိသည်။( (မှတ်ချက်) ထိုနဝဒေးမှာ ယခုထုတ်နေသော နဝဒေးမဟုတ်၊ ယခင့် ယခင်ကာလ များက တစ်ကျပ်တန် နဝဒေးဂျာနယ်မှ တစ်ဆင့် နှစ်ကျပ်တန် နဝဒေး မဂ္ဂဇင်း အဖြစ် ပြောင်းလဲ ထုတ်ဝေခဲ့သော မူလ နဝဒေး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။)

သည်တုန်းက ပုဇွန်တောင်၊ ရေကျော်ဘက်တွင် မဂ္ဂဇင်းတိုက် အတော်များများရှိခဲ့သည်။ ရေကျော်ဝတ်ကျောင်းလမ်းတွင် ကေသီပန်မဂ္ဂဇင်း (တစ်ကျပ်တန်)၊ ရေကျော် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်တွင် ပန်တော်ဝင်မဂ္ဂဇင်း (တစ်ကျပ်တန်)၊ ၄၈လမ်း အထက်ဘလောက်တွင် သွေးသောက်မဂ္ဂဇင်း (နှစ်ကျပ်တန်)၊ မဟာသုခလမ်းထဲတွင် ကဗျာသစ်မဂ္ဂဇင်း (တစ်ကျပ်တန်)။

လမ်း-၅၀ အထက်ဘလောက်တွင် ကာနယ်ဇင်း (စထုတ်စဉ်က တစ်ကျပ်တန်၊ နောက် နှစ်ကျပ်တန်)။ လမ်း-၅၀ အောက်ဆုံးဘလောက်တွင် နဝဒေးမဂ္ဂဇင်း။ နဝဒေး အယ်ဒီတာအဖွဲ့က အင်အားကောင်းသည်။ တက္ကသိုလ် နန္ဒမိတ်၊ လေးမြင့်၊ ငွေလင်း၊ ထွန်းသစ်၊ နောက်ပိုင်းတွင် ပန်းတနော် ဝင်းသိန်းပါ အယ်ဒီတာ အဖွဲ့ထဲ ပါလာသည်။

နဝဒေးမဂ္ဂဇင်းတိုက်မှာ နေရာထိုင်ခင်း ကျယ်ဝန်းသည်။ ပိုင်ရှင် ဦးထွန်းအောင်က ဆက်ဆံရေးကောင်းသည်။ စာရေးဆရာများ၏ သည်းညည်းကို ခံရသည်။ သည်တော့ သည်မဂ္ဂဇင်းတိုက်မှာ စာရေးဆရာတွေ ပျော်ကြသည်။ တစ်နေ့ နေ့လယ်ခင်း ဂုရုကွေး ရောက်အသွား ဆင်ကြီးနှင့် ဆုံသည်။

ဦးငွေလင်း မရောက်သေး၍ ဦးငွေလင်းစားပွဲတွင် ထိုင်ကာ ဓာတ်ပုံတစ်ပုံ၏ နောက်ကျောတွင် တစ်စုံတစ်ခု ရေးနေတာ မြင်ရသည်။ ဟေ့ လူကြီး. . . ဘာတွေ ရေးနေတာလဲ မေးတော့ အသာနေ အသာနေ မကြာခင် သိရမယ်ဟု ပြောသည်။

“ဟာ ကိုအောင်သိန်းတို့ ဆရာကွေးတို့ ရောက်နေကြမှကိုး”

လက်ဆွဲအိတ်ကြီး တကားကားဆွဲကာ မြောင်းမြသခင်တင်ကြီး ဝင်လာသည်။ မြောင်းမြသခင်တင်က နဝဒေးမဂ္ဂဇင်းတွင် ဟာသကဗျာများ ကဏ္ဍကို လစဉ်ပင်တိုင်ရေးသည်။ အရပ်ကြီး ကလန်ကလား၊ လမ်းလျှောက်လျှင် မားမား မားမား၊ အလွန် သဘောကောင်းသည်။

“မဂ္ဂဇင်းထဲ ထည့်ဖို့ ကျွန်တော်တို့ ဓာတ်ပုံတွေ ရပြီလား မသိဘူး”

ဆင်ကြီးက မပြောတတ်ဘူး။ စားပွဲပေါ်မှာ ရှာကြည့်ဟုပြောပြီး ဂုရုကွေးကို မျက်စိမှိတ်ပြသည်။ သခင်တင်ကြီးသည် ကိုင်းကိုင်း ကိုင်းကိုင်းဖြင့် ဓာတ်ပုံများကို ရွေးရှာသည်။ သူ့ပုံကိုတွေ့သွားသည်။ ဓာတ်ပုံက အင်္ကျီကော်လံလည်ကတုံးဖြင့် တိုက်ပုံဝတ်လျက် စတိုင်တွေ မလိုင်တွေ အပြည့်။

“ကိုကျော်ထွန်း ကျွန်တော့်ပုံ မဆိုးဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com



သခင်တင်က ဂုရုကွေးကို ဆရာကွေးခေါ်တဲ့အခါခေါ်၊ နာမည်ရင်းဖြစ်သော ကိုကျော်ထွန်း ခေါ်တဲ့ အခါခေါ်၊ သူ့ပါးစပ်ထဲ အလျဉ်းသင့်သလို ခေါ်တတ်သည်။ ဓာတ်ပုံကို ရှေ့ကကြည့်ပြီး နောက်ကျောဘက် လှည့်ကြည့်သောအခါ သခင်တင် မျက်နှာရှုံ့သွားသည်။

"တော်တော်ဆိုးတဲ့လူတွေ၊ ဒါဘယ်သူရေးတာလဲ"

ဂုရုကွေးက ဓာတ်ပုံကိုယူပြီး ကြည့်မိသည်။ ရေးထားတဲ့စာက (မသေမီနောက်ဆုံး ရိုက်ထားသောပုံ) တဲ့။ ဘယ်လိုမှ အောင့်ထားလို့မရသဖြင့် ဂုရုကွေးအော်ကြီးဟစ်ကြီး ရယ်မိသည်။ ရယ်သံကြောင့် နဝဒေးရိုက်သော သန်းထိုက်ရတနာပုံနှိပ်တိုက်မှ အလုပ်သမားတွေ ထွက်လာသည်။ ဓာတ်ပုံကို ဝိုင်းကြည့်ပြီး တအုံးအုံး ရယ်ကြသည်။ ဘယ်သူတွေ ဘယ်လောက်ရယ်ရယ်၊ ဆင်ကြီးကတော့ ခပ်တည်တည်။

မြောင်းမြသခင်တင်ကြီးမှာ လူပြည်တွင် နှစ်ပေါင်းများစွာ နေပြီးမှ သေသွားသည်။ ထိုစဉ်ကတော့ လောလောလတ်လတ် သေမလားဆိုပြီး လန့်သွားတာ အမှန်။

ကာနယ်ဇင်းမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာစစ်သူမြလေး (ခေါ်) အောင်လျှပ်စက် ကွယ်လွန်သွားသဖြင့် တာဝန်ခံအယ်ဒီတာအဖြစ် ဆင်ကြီးဝင်လုပ်သည်။ လက်ထောက်အယ်ဒီတာက ကွယ်လွန်သူ မောင်မြတ်ခေါင်။

"ဟေ့လူ. . . ခင်ဗျား. . . အားလား"

တစ်နေ့ ကာနယ်ဇင်းတိုက် ရောက်အသွား ဆင်ကြီးကမေးသဖြင့်. . .

"စာရေးတာကလွဲပြီး ဘာမှမလုပ်တဲ့ကောင်။ အမြဲအားတယ်။ ဘာဖြစ်လို့လဲ"

"ကျောက်တံခါးမြို့က စာပေဟောပြောပွဲ ဖိတ်ထားတယ်။ ခင်ဗျားလိုက်မလား"

"ဘယ်သူတွေ ပါမှာလဲ"

"ကျွန်တော်ရယ်၊ ငြှေသီးရယ်၊ သိန်းတန်ရယ်၊ ခင်ဗျားတို့ တောင်ဥက္ကလာက လင်းယုန်သစ်လွင် တပည့် ဗဟိုပွင့်ဦးရယ်၊ ခင်ဗျား လိုက်မယ်ဆိုငါးယောက်ပေါ့"

"ဟာ. . . လိုက်မယ်. . . လိုက်မယ်"

ငြှေသီးဆိုတာ စုံထောက်မဂ္ဂဇင်းတွင် ကပ္ပိယစုံထောက် ဦးဖြူသီးဝတ္ထုတွေရေးသော တင့်ဆန်းကို ဆင်ကြီးက နောက်ခေါ်တာပါ။ သိန်းတန်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက တွံတေးသိန်းတန်မဟုတ်။ ဂျာနယ်ကျော်မမလေးသား စာရေးဆရာ ရုပ်ရှင်မင်းသား မောင်သိန်းတန်။ ထိုစဉ်က ဒါရိုက်တာခင်မောင်ရင်၏ နှမ လက်လျှော့နေလေတော့ ရုပ်ရှင်ကားတွင် မင်းသားအဖြစ် သရုပ်ဆောင်ထား၏။ နာမည်ရစ ဗဟိုပွင့်ဦးမှာ နောင်အခါ ဇာတ်ညွှန်းရေးဆရာလှိုင်ဦး ဖြစ်လာသူ၊ ယခုတော့ သူလည်း ကွယ်လွန်ပြီ။

ကျောက်တံခါးပွဲကား တကယ့်ပွဲဖြစ်သည်။ စာဆိုတော်ကာလ မဟုတ်သော ကြားရက်တွင် ကျင်းပသည်။ စာပေနှင့် ဘာမှမဆိုင်သော အား/ကာ ရန်ပုံငွေ လက်မှတ်ရောင်းထားသည်။ ပိုဆိုးတာက စာပေဟောပြောပွဲပြီးလျှင် မာသီတို့၏ ခေတ်ပေါ်တီးဝိုင်းဖြင့် ဖျော်ဖြေမည်တဲ့။

ကျင်းပတာက ရုပ်ရှင်ရုံထဲမှာ ပွဲက နေ့ပွဲ။ လာရောက်နားထောင်သော ပရိသတ်က စာပေပရိသတ်မဟုတ်။ ဂီတပရိသတ်များသည်သာ။ ဘာပြော ကောင်းမလဲ။ မောင်သိန်းတန်တစ်ယောက်သာ ရုပ်ရှင်မင်းသားဆိုသော ဟိတ် ကြောင့် ပရိသတ်လက်ခံသည်။ အဖွဲ့ခေါင်းဆောင် ငြိမ်းသီးမှ စပြီး ဗဟိုပွင့်ဦး အဆုံး ဂုရုကွေးတို့ အကုန်လုံးကွဲသည်။

"တော်ပါတော့ဗျို့. . . သီချင်းနားထောင်ဖို့ လာတာ။ ဘာတွေပြော နေတာလဲ"

ငမူးငလောင်များက ထထအော်သဖြင့် ဘယ်သူမှ ကြာကြာမဟော လိုက်ရ။ သိန်းတန်တစ်ယောက်ပဲ နာရီဝက်ခန့် ဟောရသည်။ ဂုရုကွေးတို့မှာ တစ်ယောက်လျှင် ဆယ်မိနစ် ဆယ့်ငါးမိနစ်ဖြင့် စတိလောက် ဟောပြောပြီး ဆင်းပေးရသည်။

"ကျွန်တော့်ကို ငါးမိနစ်လောက် အချိန်ပေးပါ။ ငမိုးရိပ်မှ ငမိုးရိပ်သို့ အကြောင်းလေး ပြောခဲ့ချင်လို့"

ငရဲပွက်သလို ဆူပွက်နေသော ပရိသတ်ကို နောက်ဆုံးဟောသော တင့်ဆန်းက ဈေးသွားဆစ်နေသဖြင့် ဆင်ကြီး ကိုယ်တိုင် ထအော်သည်။

"ငြိမ်းသီး တော်တော့. . . တော်တော့"

အခြေအနေမကောင်းသဖြင့် ဂုရုကွေးပါ ဝင်အော်သည်။

"ကိုတင့်ဆန်း. . . ဆင်း. . . ဆင်း. . . ပွဲကြမ်းနေတယ်။ ခဲတက် လာလိမ့်မယ်"

ခဲဖြင့်ပေါက်မည်စိုး၍ အတင်းဆင်းခိုင်းရသည်။ ကိုတင့်ဆန်း ပရိ သတ်ကို ပေကန်း ပေကန်းကြည့်ပြီး ဆင်းလာသည်။ ကံဆိုးမသွားလေရာ၊ မိုး



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ရှာ ဆိုသလို ဂုရုကွေးတို့မှာ ခံရမည့်ဝဋ်ကြွေး မကုန်သေးပေ။ ကျောက်တံခါးပွဲတွင် စုတ်ပြတ်သတ်ပြီး အသားနီလန်အောင် ခံခဲ့ရပြီးနောက် ရန်ကုန်အပြန်ခရီးတွင် ရေကြီးသည်နှင့် တိုးရသည်။

ရထားသံလမ်း ရေကျော်သဖြင့် ပဲခူးတွင် သောင်တင်ကြရသည်။ ဇလပ်ထော်တံတား ကျိုးသဖြင့် ကားလမ်းတွေလည်း ရေကျော်ကုန်သည်။ ဘယ်လိုမှ ပြန်လို့မရတော့။ ပဲခူးတစ်မြို့လုံး ရေတွေ ဖွေးနေသည်။ ပိုက်ဆံလည်း မပါ။ လဲစရာ အဝတ်အစားလည်း မပါ။ ပေရေညစ်ပတ်နေသည်။ စာရေးဆရာရုပ်မပေါက်ဘဲ ပျံကျအလုပ်ကြမ်းသမားရုပ် ပေါက်နေသည်။

"ကျွန်တော့်မှာ သူများစာမူခပေးဖို့ ပိုက်ဆံ နည်းနည်းပါတယ်"

ဆင်ကြီးက ပြောသဖြင့် အားလုံးဝမ်းသာသွားကြသည်။ မောင်သိန်းတန်မှာ ထိုဒုက္ခကို မခံရ။ ကျောက်တံခါးတွင် နေခဲ့သဖြင့် ကံကောင်းသွားသည်။

"တစ်ယောက်စွပ်ကျယ် တစ်ထည်စီတော့ ဝယ်လို့ရမယ်။ ဒီပိုက်ဆံ ရန်ကုန်ကျမှ ပြန်ရှင်းကြတာပေါ့"

အင်္ကျီတွေက နံစော်နေပြီး သူ့အနံ့ ကိုယ်မခံနိုင်။ ကိုယ့်အနံ့ သူမခံနိုင်။ ကမ္ဘာ့အနံ့ကြီးတွေ ဖြစ်ကုန်ပြီ။

"လာ. . . လာ. . . ဈေးထဲ သွားဝယ်ကြရအောင်"

ရေလွှမ်းထားသော ပဲခူးမြို့လယ်တွင်ခါးတောင်းတွေ အမြှောင်သားကျိုက်ပြီး စွပ်ကျယ်ဝယ်ထွက်ကြသည်။ ရေတွေက ဝါးလုံးထိုးစီးနေသည်။ လူတွေက လှေတွေနှင့် သွားနေကြသည်။ ရေထဲတွင် တဘွမ်းဘွမ်း လျှောက်နေသူဟူ၍ ဂုရုကွေးတို့ လူစုသာ ရှိသည်။

"ရေပေါ်မှာ ဖိနပ်စီးတော့။ နှပ်ချေးက ငန်တန်တန်"

"ပတ်. . . ဗိန် နောင် ဗျောင်. . ."

"စဘတ်ဘီး တလန်လန်ငယ် မျက်မှန်နဲ့အကန်း"

"အို ဘာတဲ့တုန်း။ ဆင်ကြီးတဲ့။ ကျိတ်လိုက်စမ်း။ မဆလာတွေ. . ."

ဆင်ကြီးက ဘုံထောက်သံဆို ဂုရုကွေးတို့က ပါးစပ်ဆိုင်းတီးပေးစဉ် တိုက်ကြားမှ ထွက်လာသော လှေတစ်စီးက ဆင်ကြီးကို ဝင်တိုက်သည်။ ကံကောင်းလို့၊ ရေထဲလဲမလို့ ဂုရုကွေးတို့ လှေဦးကို ဝိုင်းတွန်းပြီး၊ ဖယ်ရှားလိုက်မှ ထိုလှေမှာ အဟုန်ပြင်းစွာဖြင့် အခြားဘက်ရောက်သွားသည်။

လေထန်ကုန်းမှာ ဆုံစဉ် ထိုအကြောင်းကို စကားစပ်မိတိုင်း. . .

"ဘယ်လိုလဲ ဆင်ကြီး။ ပဲခူးမြို့လယ်ခေါင်က လမ်းမကြီးမှာ လှေ



www.burmeseclassic.com

www.burmeseclassic.com

အီကြာကွေး

တိုက်ခံရတာ မှတ်မိသေးလား” ဟု မေးလျှင် ဆင်ဖြူကျွန်း အောင်သိန်းက “တော်စမ်းပါ ရဲဘော်ရာ။ စိတ်ကုန်လွန်းလို့” ဟု တုံ့ပြန်ပြီး ပြုံးပြုံးကြီး လုပ်နေတတ်သည်။ ဆင်ကြီး အသက်ရာကျော် ရှည်ပါစေ။

♦ ♦ ♦

သောကြာစာစောင်


အမှတ် (၄၄၄)၊ ဩဂုတ်လ၊ ၂၀၀၀ ပြည့်နှစ်

အမှတ် (၄၄၅)၊ စက်တင်ဘာလ၊ ၂၀၀၀ ပြည့်နှစ်

အမှတ် (၄၄၆)၊ အောက်တိုဘာလ၊ ၂၀၀၀ ပြည့်နှစ်

www.burmeseclassic.com

www.burmeseclassic.com



**လယ်တွင်းသားနဲ့ သွားသွားလာလာ**

## လယ်တွင်းသားနဲ့ သွားသွားလာလာ

ဇလွန်ပွဲက ဂုရုကွေးအတွက် ပြဿနာ။

သူလုပ်မည့်ရက်တွင် ကိုယ်ကမအား။ ကိုယ်အားသည့် ရက်တွင် သူက မလုပ်။ မသေချာဘဲ ကြော်ငြာမှာ မထည့်ပါနှင့်ဟု ပြောထားတာမရ။ မြို့နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူးနှင့် စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌ အဖျောက်မြေမောင်ဆွေမွန်က အပေါင်းအသင်း ရောင်းရင်း ဖြစ်နေသည်။

ဇလွန်ပွဲ လုပ်သည့်နေ့တွင် ဂုရုကွေးက မလှိုင် ရောက်နေသည်။ ဇလွန်အရှေ့ဘက်ကမ်း နန်းတော်ကျွန်းရွာကလေးမှာ ကိုင်းလုပ်သော အမျိုးများက ကြော်ငြာကို ကြည့်ပြီး ဂုရုကွေးပါသည် ထင်ကာ လှေဖြင့် တကူးတက ကူး၍ လာနားထောင်။ ဒီကျ မပါလာတော့ ဂုရုကွေးကို ဆဲကြ. . .

တစ်နှစ်လည်း ဒီလို။ နောက်တစ်နှစ်လည်း ဒီလို။ ဂုရုကွေး နှစ်နှစ်ဆက်တိုက် အဆဲခံရပြီး တတိယနှစ်ကျမှ ချိတ်မိသည်။ မောင်ဆွေမွန် စိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပိုစတာမှာ ထည့်မရေးတော့ တခြားဟောမည့် စာရေးဆရာ/ဆရာမ သုံး လေးယောက်ပဲ ရေးပြီး ကြော်ငြာသည်။

ရန်ကုန်ကို စာရေးဆရာ လာကြိုစဉ်။ ဂုရုကွေး အားလိုအားငြား တောင်ဥက္ကလာ လှည့်ဝင်လာသည်။ ဟန်ကျချင်တော့ ထိုရက်မှာ ဂုရုကွေး ပွဲ နားရက် အားနေသည်။

"ဟေ့လူကြီး ဒီနှစ် ခင်ဗျား လိုက်ကိုလိုက်ရမယ်. . . "

"လိုက်ပါတယ် ဘယ်တုန်းက မလိုက်ဘူး ငြင်းလို့လဲ။ ကိုယ်အားတဲ့ ရက်ကို မပေးဘဲ မောင်ရင်က ကြော်ငြာသွားသွားထည့်နေလို့ ပြဿနာဖြစ်ရ တာ။ ဘယ်သူတွေ စီစဉ်ထားသလဲ"

မောင်ဆွေမွန်က သုံးဦးစီစဉ်ထားကြောင်း၊ ဂုရုကွေးပါနှင့်ဆို လေးဦး ဖြစ်ကြောင်း။ ဇလွန်တစ်မြို့လုံး အနှံ့ ကပ်ထားသော ပိုစတာများတွင် အောက် ဘက်ကျန်နေသော နေရာမှာ ဂုရုကွေး နာမည်လျှောက်ရေးထည့်မည် ဖြစ် ကြောင်း ပြောပြသည်။

"ပင်ပန်းပါတယ်ဟာ။ အသံချဲ့စက်နဲ့ အော်တဲ့အခါ ထည့်အော်လိုက် ပါ. . . ဒီနှစ် ကျိန်းသေလာမယ်။ အပိုင်မိထားပြီလို့ အော်။ အထူးသဖြင့် ဇလွန် အရှေ့ဘက်ကမ်း နန်းတော်ကျွန်းက ငါ့အမျိုးတွေ ကြားရအောင် အော်. . . "

လမ်းမှာ နွမ်ဂျာတို့ မောင်နီသင်းတို့နှင့် ဂုရုကွေး တဟားဟား လုပ် သွားသည်။ လယ်တွင်းသားက ခပ်တည်တည်။ သူ့ကြည့်ရတာ ဂုရုကွေးနှင့် စကားပြောရမှာ ဟေးလားဝါးလား လုပ်ရမှာ နည်းနည်း လန့်နေပုံရသည်။ ခုမှ စတွေ့ဖူးလို့ မရင်းနှီးသေးလို့ပဲဟု ဂုရုကွေး ခပ်ပေါ့ပေါ့ပဲ သဘောထားလိုက်ပါ သည်။

ဇလွန် ရောက်သည်နှင့် မောင်ဆွေမွန်က စာပေလုပ်သားအဖွဲ့ဝင်တွေ မီးသတ်ရဲဘော်တွေနှင့် လှေကားသယ်ကာ ပိုစတာအောက်တွင် ဂုရုကွေး နာမည် ဖြည့်ရေးကြသည်။ တစ်မြို့လုံး လိုက်ဖြည့်ရေးကြခြင်းဖြစ်၍ အလွန်ပင်ပန်းလက် ဝင်သည်။ အသံချဲ့စက်ကို အရှေ့ဘက်ကမ်းတွင် လှည့်အော်ပေးကြသည်။ အီကြာကွေး ပါလာပြီဟု လှေကြုံတွေနှင့် မှာသည်။ မိုးချုပ်စမှာ အမျိုးတွေရောက် လာပြီး တတိယအကြိမ် ဆဲကြသည်။ မင်းလုပ်လိုက်ရင် ဒါမျိုးချည့်ပဲတဲ့. . .

စာရေးဆရာ လေးဦးလာကြသည့်အနက် ကိုစောချစ်မှာ ဂုရုကွေး အပေါ် မဝံ့မရဲ ဖြစ်နေတာ တဖြည်းဖြည်း သိသာလာသည်။ ကျန်နှစ်ယောက် နှင့်ကျတော့ သူက ရင်းရင်းနှီးနှီး ဂုရုကွေးနှင့်ကျ သူက စိမ်းစိမ်းကားကား။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်တာလဲ။ ဘာသဘောလဲ။ ဖြစ်ချင်တာဖြစ် မောင်စောချစ်။ သူ့အလုပ် သူလုပ်။ ကိုယ့်အလုပ် ကိုယ်လုပ်. . .။ ဒါပဲ ရှိတော့သည်။ အဓိက,က လာရောက် နားထောင်သော ပရိသတ်အပေါ် တာဝန်ကျေဖို့. . .

ဇလွန်ဂီတကောင်စီနှင့် ဇလွန်သဘင်ကောင်စီ ပူးတွဲအဖွဲ့က စာဆိုတော်နေ့ ဂုဏ်ပြုတေးများ သီဆိုဖျော်ဖြေနေစဉ် ဂုရုကွေးတို့ စာရေးဆရာအဖွဲ့မှာ ဘယ်သူ အရင်၊ ဘယ်သူက အလယ်၊ ဘယ်သူ နောက်ဆုံး၊ အစီအစဉ် ဆွဲကြသည်။ ဟောပြောပွဲ ကျင်းပသောနေရာမှာ ဇလွန်ကမ်းနားဘက်တွင် ဖြစ်သည်။ ပရိသတ်က စည်မှစည်။ ကျိတ်ကျိတ်တိုး စည်သည်။ တံတားကြီးပေါ်တွင် လူတွေ ပြည့်သိပ်နေသည်။

"မောင်ရင်တို့ သုံးယောက်ပဲ ညှိကြပါ။ ကိုယ်က နောက်မှ ပါရတဲ့လူဆိုတော့ နောက်ဆုံးကပဲ နေမယ်"

ဂုရုကွေးစကားကြားရတော့ ကိုစောချစ် သက်ပြင်းချလိုက်တာ သတိထားမိသည်။ မောင်နီသင်း အရင်ဆုံးဟောသည်။ ပြီးတော့ လယ်တွင်းသားစောချစ်၊ ပြီးတော့ နွမ်ဂျာသိုင်း။ ကိုစောချစ် ဟောတာက စာရေးဆရာဟောတာနှင့်မတူ အခမ်းအနားတစ်ခုတွင် မိန့်ခွန်းမြွက်ကြားတာနှင့် တူနေသည်။ လူက ငြိမ်လွန်းသည်။ တည်ကြည်ခန့်ငြားသည်။ လှုပ်လှုပ်ရှားရှား မရှိ။

"တောင့်တဆဲခါ ပေါ်ထွက်လာ သတ္တဝါလေ့ ဟားကြောတွေ့ ဆိုသလို အခါပေးတော့လည်း ဆရာကွေးတို့ ဇလွန်ကို တကယ်ရောက်လာပါပြီ. . ."

နောက်ဆုံးပိတ်မှာ အိတ်နှင့်လွယ်ရမည့် ဂုရုကွေးက ယင်းသို့ အစပျိုးလိုက်ရာ ဇလွန် ပရိသတ်ဝေါခနဲ ပွဲကျသွားသည်။ စင်ရှေ့တည့်တည့်က ထိုင်နေသော စာရေးဆရာ သုံးယောက်အနက် နှစ်ယောက်က ရယ်သည်။ ကိုစောချစ်က မရယ်။ တစ်ခုခုကို စိုးရိမ်သော အကြည့်မျိုးဖြင့် စင်ပေါ်က ဂုရုကွေးကို လှမ်းကြည့်နေသည်။ နွမ်ဂျာကို ဘာကပ်ပြောသည့်မသိ နွမ်ဂျာက လက်ကာပြတာ မြင်ရသည်။

ဂုရုကွေး ဟောလာတာ နှစ်သုံးဆယ်ကျော်ပြီ။ မရယ်တဲ့သူ တစ်ယောက်မှမရှိ။ ဘယ်လောက် ဣန္ဒြေကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်ဖြစ် ရယ်ကို ရယ်သည်။ သည်လယ်တွင်းသား စောချစ်ဆိုတဲ့ ပုဂ္ဂိုလ်ကျမှ မျက်နှာကြီး တည်သားဖြင့် ဘာကြောင့် မရယ်တာလဲ။ တင်းခံနေရတာလဲ။ သည်လူ ရယ်ကို ရယ်ရမည်။ သူရယ်အောင် မဟောနိုင်လျှင် ဂုရုကွေး ဟောပြောပွဲစင်မြင့်ကို ရာသက်ပန်

www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းတော့မည်။

သို့နှယ် ဆုံးဖြတ်ပြီးသကာလ ပွဲတိုင်းတွင် အူတက်အောင် ရယ်ကြသော အူကြောင်ကြောင် ဟာသများကို စဟောသည်။ ပထမတစ်ခု၊ မသိသာသေး။ ဒုတိယတစ်ခု နည်းနည်းပြုံးလာသည်။ တတိယတစ်ခုတွင် တော်တော်ပြုံးလာသည်။ စတုတ္ထတစ်ခုတွင်ကား လယ်တွင်းသားစောချစ် မနေနိုင်တော့။ ပါးစပ်ကြီးဖြဲပြီး တဟားဟား ရယ်တော့သည်။

ကဲ မှတ်ပလား။ သာဒင်ကို ဘာထင်သလဲ။ အသင်ရယ်ပြီ မဟုတ်လား။ ဂုရုကွေးက ဟောပြောရှိန်ကို မြှင့်မြှင့်ဟောလာရာ တစ်ပွဲလုံး အုန်းအုန်းကျွတ်ညံ ရယ်သံများထဲတွင် ကိုစောချစ်၏ ရယ်သံလည်း ပါလာသည်။ သည်လူ ဘယ်လောက်အထိ ဣန္ဒြေမဆောင်နိုင်အောင် ရယ်သလဲဆိုတော့ နွမ်ဂျာကိုခေါ်ကာ ပွဲခင်းအပြင်ဘက်သို့ ထွက်ပြေးရသည်အထိ ဖြစ်သွားသည်။

ဇလွန်ပွဲက တကယ့်ကို ပြောစမှတ် ဖြစ်ရသည့်ပွဲ. . . ပရိသတ်ထဲမှာ အရှုးတစ်ယောက် ဗိုက်နှိပ်ရယ်နေတာ မြင်ရသည်။ နွမ်ဂျာလည်း ရယ်တာပါပဲ။ ဒါပေမယ့် သည်ကောင်က ဂုရုကွေးနှင့်တွဲနေကျ ဆိုတော့ ဂုရုကွေး ဘာပြောပြီး ဘာလုပ်မယ်ဆိုတာ ကြိုသိနေသည်။ ကိုစောချစ်က ဂုရုကွေးကို ပထမဆုံး အကြိမ် နားထောင်ဖူးခြင်း ဖြစ်သည်။ သူ့အတွက် ဂုရုကွေး၏ ဟာသများမှာ အသစ်အဆန်း ဖြစ်နေသည်။

“တကယ်ရယ်ရပါတယ် ဆရာ. . . ဆရာ့ကို ကျွန်တော်လေးစားသွားပြီ။ နားလည်သွားပြီ. . . နောက်ဆို ဆရာပါတဲ့ ပွဲတိုင်း ကျွန်တော့်ကို ခေါ်ပါ. . . ကျွန်တော် လိုက်မယ်. . . ”

ဟိုက် ရှာလပတ်ရည် ဘယ်လိုတွေ ဖြစ်ကုန်ပါလိမ့်။ စတွေ့ကတည်းက ဂုရုကွေးအပေါ် တစ်ခုခုလန့်နေသလို မဝံ့မရဲ ဖြစ်နေသော လယ်တွင်းသားစောချစ်က လက်ဆွဲနှုတ်ဆက်ပြီး ပွင့်ပွင့်လင်းလင်း ဖြစ်နေပါလား။ လေးစားတာ မလေးစားတာ ထားလိုက်ပါ။ လေးစားတာထက် ရင်းနှီးခင်မင်တာကို ဂုရုကွေး ပိုလိုလားသည်။ မလေးစားနှင့် ဟေးလားဝါးလား သာလုပ်။ အဲဒါဆို ဂုရုကွေးနှင့် တွဲလို့ ရပြီ ပေါင်းလို့ရပြီ. . .

“နေစမ်းပါဦး လယ်တွင်းသားရဲ့. . . နားလည်သွားပြီဆိုတာ ဘာနားလည်တာလဲ။ စာထဲမှာလည်း ပေါတယ်။ စင်ပေါ်မှာလဲ ပေါတယ်။ ငပေါကြီးဆိုတာ နားလည်သွားတာလား”

လယ်တွင်းသားက ဂုရုကွေးကို ထပ်မံ လက်ဆွဲနှုတ်ဆက်ပြန်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးဆရာ. . . ဆရာ့အလုပ် ဆရာလုပ်တာ ငပေါကြီးလို့ ကျွန်တော် မမြင်ပါဘူး. . . နားလည်သွားပြီဆိုတာက ဆရာနဲ့ ပတ်သက်ပြီး ကျွန်တော် ကြားထားတာတွေ စာရေးဆရာ တစ်ယောက်က သတိပေးထား တာတွေကို နားလည်သွားတယ်လို့ ဆိုလိုတာပါ"

"ဟိုက် ရှာလပတ်ရည် ခင်ဗျားက ဘာကြားထားလို့လဲ ဂုရုကွေးမှာ မယားလေးယောက်ရှိတယ် ကြားထားလို့လား. . . ဘာမယားမှ မရှိဘူး။ ကျုပ်က တစ်ယောက်တည်းသမား ဆိုလိုကွေး ဆင်ဂယ်လ်ကွေး"

"ဒါလည်း မဟုတ်ဘူးဆရာ။ အဲဒီ စာရေးဆရာ နာမည် မပြောပါရ စေနဲ့၊ ကျွန်တော့်ကို သတိပေးထားတယ်။ အီကြာကွေးပါတဲ့ ပွဲ ဘယ်တော့မှ လိုက်မဟောနဲ့. . . သူက ဆန့်ကျင်ဘက်တွေ ထော်လော်ကန့်လန့်တွေ အမြဲ ပြောတယ်. . . ခင်ဗျား ဒုက္ခ ရောက်သွားမယ်တဲ့"

ဘယ်သကောင့်သားကများ ချောက်တွန်းလိုက်ပါလိမ့်။ ကိုစောချစ် မဝံ့မရဲ ဖြစ်နေခြင်းကို ဂုရုကွေး သဘောပေါက်သွားသည်။

"ကျွန်တော် ဟောတာ ပွဲတိုင်း ဒီအတိုင်းပဲ။ ခင်ဗျား နားထောင်ပြီး ပြီပဲ။ ဘာပါသလဲ. . . ပညာပေးတာတောင် သိပ်မပါဘူး။ ပရိသတ်တွေ ပျော် ပါစေ။ ရယ်ပါစေ။ စေတနာ အပြည့်ထားဟောတဲ့ ဖျော်ဖြေရေး သက်သက် ပဲ. . . ဆန့်ကျင်ဘက်တို့ ထော်လော်ကန့်လန့်တို့ ဘာမှ မပါပါဘူးဗျာ. . . "

"ဟုတ်ပါတယ် ဟုတ်ပါတယ်. . . အဲဒီ စာရေးဆရာက ဆရာ့ကို ကျွန်တော် ကြောက်သွားအောင် ဆရာနဲ့ တွဲမဟောရဲအောင် တမင်ချောက်တွန်း တာပဲ. . .။ ဆရာဟာ ဘာပရောဂမှ မနှောတဲ့ အဖြူသက်သက်ပဲဆိုတာ ကျွန်တော် နားလည်သွားပါပြီ. . . "

သြ. . . မောင်စောချစ် တစ်ယောက် သဘောက်ပေါ - သဘော ပေါက် သွားမှကိုး။ သူ မဝံ့မရဲ ဖြစ်တာလည်း စင်စစ် ဘာမှ မဆန်း။ ဇလွန်ပွဲတွင် စသိ။ စတွဲဟောခဲ့စဉ်က သူက မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ်က လက် ထောက်ကထိက ဂုရုကွေးက ဘာအလုပ်မှ မလုပ်ဘဲ စာတစ်ခုထဲ ဇောက်ချရေး နေတဲ့ စာရေးဆရာ။ အမြင်မတော်လျှင် သရော်တတ်သော စာရေးဆရာ။

ဇလွန်ပွဲစချိန်မှ စပြီး ဂုရုကွေးနှင့် လယ်တွင်းသားတို့ တွဲလာလိုက် ကြတာ ပွဲပေါင်း မရေမတွက်နိုင်တော့။ ကိုစောချစ်မှာ အပြင်ပန်းကကြည့်လျှင် ခပ်တည်တည် ထင်ရသည်။ တကယ် ရင်းရင်းနှီးနှီး ပေါင်းကြည့်သောအခါ အလွန် အားနာတတ်သူ လူမှုရေးသိတတ်သူ။ အပေါင်းအသင်း သံယောဇဉ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးလွန်းသူ ဖြစ်ကြောင်းသိရသည်။

ဂုရုကွေးတို့ အတူတွဲဟောခဲ့ကြသော ပွဲပေါင်းများစွာအနက် ချောက်ကြီးထဲ ကျတော့မည့် ကျောက်ကြီးပွဲအကြောင်း တွေးမိတော့ ခုတိုင် ပြုံးရသေးသည်။

♦ ♦ ♦

လယ်တွင်းသားနှင့် ခရီးသွားရတာ စိတ်ချမ်းသာသည်။ ဒီလူကြီးက ကိန်းကြီးခန်းကြီးသမား မဟုတ်။ ဂုရုကွေးနှင့် လက်ရည်တစ်ပြင်တည်း ပေါလား ဝါးလား နေတတ်သည်။

လူတစ်ယောက် (အထူးသဖြင့်) စာရေးဆရာ တစ်ယောက်၏ ပကတိ စိတ်ထားကို သိလိုလျှင် ခရီးအတူ သွားကြည့်ပါ။ ညအိပ် ညနေ ရက်ရှည်ခရီး သွားကြည့်လေ။ ထိုသူ၏ စိတ်ထားကို သိရလေ။

ဂုရုကွေးမှာ စာပေဟောပြောပွဲသက်တမ်း သုံးဆယ့်ငါးနှစ်ကျော်အတွင်း စာရေးဆရာ, ဆရာမ အတော်များများနှင့် ခရီးသွားဖူးသည်။ အများစုမှာ စာရေးဆရာ စိတ်ဓာတ်အပြည့်အဝ ရှိကြသည်။ စုန်းပြူးတစ်ယောက်, နှစ်ယောက်က ရန်ကုန်မှာနေတော့ တစ်မျိုး၊ နယ်က ပင့်ဖိတ်၍ စာပေခရီးထွက်တော့ တစ်မျိုး. . .။

စာရေးဆရာက စာရေးဆရာ စိတ်မထားဘဲ ဗြိတိသျှခေတ်မှ မဟာဝန်ရှင်တော်မင်းကြီးလို ကိုယ့်ကိုကိုယ် ထင်ကြသည်။ သဘော်ာခရီးဆို ဦးခန်းမှ၊ ရထားခရီးဆို အထက်တန်းမှ၊ ထမင်းစားလျှင် ဘာဟင်းပါမှ၊ ညာဟင်းပါမှ ကိန်းခန်းကြီးချင်ကြသည်။ ထမင်းစားပြီးလျှင် ဘာလေး အချိုတဲချင်သည်ဆိုသော စာရေးဆရာမျိုးလည်း ကြုံဖူးသည်။

ထိုသူမျိုးပါလာလျှင် ထိုစာပေခရီးမှာ ပျော်စရာ မကောင်းတော့ပြီ။ စာရေးဆရာ အချင်းချင်း ဦးခေါင်းတစ်လုံး ပိုမြင့်ချင်သော ဘဝင်စိတ်ကြောင့် စင်ပေါ်မှာလည်း အဆင်မပြေတတ်။ ရှေ့ဆုံးမှ လွှတ်လိုက်လျှင် အချိန်များများယူပြီး ဟောသည်၊ မဆင်းတော့။ အလယ်က ထွက်ရလျှင် နောက်လူများကို မညှာမတာ အချိန်ရသမျှ ငါချည်းဟောမည်ဆိုပြီး စကားတံရှည်တတ်သည်။

လယ်တွင်းသားစောချစ်မှာ ထိုသို့သော စာရေးဆရာမျိုးမဟုတ်။ ဂုရုကွေး ကိုစောချစ်နှင့် ပွဲပေါင်းများစွာ မရေမတွက်နိုင်အောင် တွဲဟောဖူးသည်။ ရှေ့က ထွက်လျှင် နောက်ဆုံးလူအတွက် အချိန်ချန်ပေးခဲ့သည်။ ပွဲတိုင်းလိုလို နောက်ဆုံးလူကို ပို့ပေးညွှန်းပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်ကောင်းသမားများ၊ အတ္တကြီးသူများ ပါလာလျှင် စာရေးဆရာအချင်းချင်းလည်း စိတ်ညစ်ရသည်။ ပွဲကျင်းပသော ကော်မတီကလည်း စိတ်ညစ်ရသည်။ ရန်ကုန်မှာ ခင်ခင်မင်မင် ရှိကြသလောက် ခရီးအတူသွားပြီးမှ ခပ်တန်းတန်း ဖြစ်ကုန်ကြသော စာရေးဆရာများကို ကြုံဖူးသည်။ ထိုသူများကား ပွဲတကာတွင် ငါမှ ငါဟု အတ္တကြီးသူများပင်။

တစ်နေ့ မနက်ပိုင်း၊ ဂုရုကွေး စာဖတ်နေစဉ် အသားညိုညို လူပုပု တစ်ယောက် စာရွက်ကလေး တစ်ရွက် ကြည့်ကာ ကြည့်ကာဖြင့် အိမ်ရှေ့ ရောက်လာသည်။ အိမ်နံပါတ်ကို ကြည့်ပြီး (၇၆၅)ဟု အသံထွက်သွားသည်။

"ဒီအိမ်, စာရေးဆရာကြီး အီကြာကွေးအိမ်လား ခင်ဗျား"

"ဟုတ်ပါတယ်, စာရေးဆရာကြီးမှ နည်းနည်းနောနောကြီးတာ မဟုတ်ဘူး။ ကင်းကောင်လောက် ဂေါ်ဇီလာလောက်ကြီးတဲ့ စာရေးဆရာကြီးပါ၊ ကြွပါ ကြွပါ"

ထိုသူ အပြုံးဖြင့် တက်လာပြီး၊ သူ့ကိုယ်သူ မိတ်ဆက်သည်။ ကျောက်ကြီးမြို့ စာပေလုပ်သား အတွင်းရေးမှူး သတင်းထောက် ကိုသန်းထွန်းတဲ့။ ကျောက်ကြီးကို ဂုရုကွေး တစ်ခေါက် ရောက်ဖူးသည်။ ပဲနွယ်ကုန်းဟောပြောပွဲ အပြီးမှာ. . . စာဆိုတော် ကော်မတီက လိုက်ပို့ပေး၍ အလည်အပတ် ရောက်ဖူးခြင်း ဖြစ်သည်။ ထိုစဉ်က ဆရာကြီး ဦးရန်အောင်နှင့် စာရေးဆရာမယုဝတီ ဒေါ်ခင်လင်းတို့လည်း ပါသည်။

"သည်လောက် အဝေးကြီးက လာရတာဆိုတော့ စာပေဟောပြောပွဲကိစ္စပဲ ဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား ကိုသန်းထွန်း"

ဂုရုကွေးက စုံထောက်ကြီး ဦးစံရှား၏ လေသံမျိုးဖြင့် ဖမ်းမေးလိုက်တော့၊ ကိုသန်းထွန်းက ရင်းနှီးစွာ ပြုံး၍

"ဆရာကွေးဆီ လာမှတော့ စာမူတောင်းတဲ့ကိစ္စနဲ့ စာပေဟောပြောပွဲ ဖိတ်တဲ့ကိစ္စ၊ တစ်ခုမဟုတ် နှစ်ခု ဒါပဲ ဖြစ်ရမှာပေါ့၊ ဟုတ်ပါတယ်၊ စာပေ ဟောပြောပွဲ လာဖိတ်တာပါ"

"ခင်ဗျားတို့ ကျောက်ကြီးကို ကျွန်တော် တစ်ခါရောက်ဖူးတယ်ဗျ၊ ပဲနွယ်ကုန်းက မိတ်ဆွေတွေ လိုက်ပို့တာ၊ အဲဒီတုန်းက ရဟန္တာခြေတော်ရာရှိတဲ့ တောင်ပေါ်တောင် ရောက်ခဲ့သေးတယ်"

"တောင်ပေါ်လိုက်ပို့တုန်းက ကျွန်တော်ပါတယ်လေ ကျွန်တော့်ကို တောင် ဆရာကွေး နောက်သွားသေးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပ, မှတ်မိပြီ၊ မှတ်မိပြီ၊ ဟောပြောပွဲက ဘယ်သူတွေ ပါမှာလဲ၊ ဟာမိုနီ မဖြစ်တဲ့လူတွေနဲ့ သွားရရင် စိတ်ညစ်စရာကောင်းလို့ မေးရတာပါ”

“ဆရာသော်တာဆွေရယ်, ဆရာ လယ်တွင်းသား စောချစ်ရယ်၊ ဆရာ ကွေးရယ် သုံးယောက်ပါ”

“ကောင်းမှကောင်း တွဲနေကျ လူတွေချည်းပဲ၊ လိုက်မယ်၊ ကိုစောချစ် သေချာရဲ့လား၊ ကျောက်ကြီးပွဲမို့လို့ မေးရတာနော်”

“ပထမတော့ ခပ်အင်အင်ပဲ၊ ဆရာသော်တာဆွေနဲ့ ဆရာကွေး ပါမယ် ဆိုမှ လက်ခံလိုက်တာ”

မည်သို့ပင် ဖြစ်စေ၊ လူရင်းလူပျော်တွေနှင့် သွားရမည့်ပွဲမို့ မသွားခင်ကတည်းက ဂုရုကွေး ပျော်သွားသည်။ ကိုသန်းထွန်း လာခေါ်သော ကားနှင့် တကယ် သွားရတော့ ပိုပျော်သည်။ ကိုသန်းထွန်းက ဆရာသော်တာဆွေကို အရင်ဆုံး ဝင်ခေါ်ပြီး၊ ဂုရုကွေးကို ဒုတိယခေါ်သည်။ ရန်ကုန်ကအထွက်တွင် ကိုစောချစ် နေထိုင်ရာ မင်္ဂလာဒုံသို့ ဝင်ခေါ်သည်။

“ဆရာကွေးတို့ ဘာနဲ့ ပြန်လာကြမှာလဲ”

လယ်တွင်းသား၏ဇနီး ဆရာမကမေးသဖြင့် ခရီးစဉ်ကို ကြိုတင်မေးထားသော ဂုရုကွေးက. . .

ပြန်လာမည့်ရက်နှင့် စီးမည့်ရထားပါ အသေအချာ ပြောခဲ့သည်။ ကျောက်ကြီးပွဲက နှစ်ပွဲဖြစ်သည်။ နေ့တစ်ပွဲ၊ ညတစ်ပွဲ၊ ကျောက်ကြီးမြို့နှင့် မလှမ်းမကမ်းမှ ခလရ ၆၀ တပ်မိသားစုတွင် နေ့ပွဲ၊ ကျောက်ကြီးမြို့တွင် ညပွဲ. . .

ပဲခူးယ်ကုန်းမှ ထွက်လာပြီး၊ နတ်သံကွင်းအရောက်တွင် လက်နက်အပြည့်အစုံနှင့် ရဲဘော်များက စစ်ကားနှစ်စီးဖြင့် အသင့်စောင့်နေသည်။ ထိုစဉ်က ကျောက်ကြီးတစ်ဝိုက်တွင် နယ်မြေ မအေးချမ်းသေးပါ။ မြို့ပေါ်တွင် အဖြူရောင် ဖြစ်သော်လည်း နယ်မြေက အညိုရောင်ဖြစ်သည်။

“ဟော့ကောင်, စကားမများနဲ့ မင်းပါးစပ်ပိတ်ထားစမ်း”

ရှေ့နောက် စစ်ကားနှစ်စီးရံပြီး ဂုရုကွေးတို့ ကားက အလယ်မှ လိုက်ရသည်။ စာရေးဆရာများ၏ လုံခြုံရေးအတွက် ခလရ ၆၀မှ အပြည့်အဝ တာဝန်ယူခြင်း ဖြစ်သည်။ ဂုရုကွေးက သူတို့ အကြောက်ပြေအောင် နောက်သည်ကို ဆရာ သော်တာဆွေက ပါးစပ်ပိတ်ထားစမ်းတဲ့. . . ဆရာကော လယ်တွင်းသားပါ ကြောက်နေကြကြောင်း၊ သူတို့မျက်နှာတွေကို ကြည့်ခြင်းအားဖြင့် သိသာသည်။ ဂုရုကွေးကား ထိုခရီးကို သွားဖူးထား၍ ရိုးဟိုးဟိုးနေပြီ. . .

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်တွေ ရှေ့နောက် ကားနှစ်စီး အပြည့်ပါလာတာပဲ လုံခြုံရေးရှိနေပြီပဲ ဘာကြောက်ရမှာလဲ ကိုသန်းထွန်းကို လက်ကုတ်တော့ အထာပေါက်သော ကိုသန်းထွန်းက. . .

"ဒီကွေ့လေးမှာ တိုက်ပွဲဖြစ်တာပေါ့ ဆရာ. . . ချလိုက်ကြတာ တဂိုန်းဂိုန်းပဲ. . ."

ဟုတ်သလား မဟုတ်သလား မသိ။ ကားလမ်း အကွေ့တစ်ကွေ့တွင် ဆရာသော်တာဆွေကို ပြပြီး ပြောတော့ အကြောက်ကြီးနေသော ဆရာသော်တာဆွေက. . .

"ဟေ့ကောင် မင်းလည်းတော်၊ ဆက်ပြောရင် ငါမလိုက်တော့ဘူး၊ ဒီနေရာကနေ လှည့်ပြီး ရန်ကုန်ပြန်မယ်. . ."

ခပ်ငေါက်ငေါက် ပြောမှ ကိုသန်းထွန်းအနောက်ရပ်သည်။ လယ်တွင်းသား သည် လမ်းဝဲယာကို ပြူးတူးပြဲတဲ ကြည့်ပြီး သက်ပြင်းတွေ ခဏခဏ ချလာသည်။

"သူငယ်ချင်း ကြောက်နေပြီလား"

"နည်းနည်း ရင်ခုန်ချင်သလို ဖြစ်လာတယ်"

"ဘာမှ မကြောက်နဲ့ သေမှာပဲ။ အခုမဟုတ်ဘူး၊ သေနေ့စေ့တဲ့ နေ့မှ သေမှာ. . ."

ဆရာသော်တာဆွေက လှမ်းဆဲသဖြင့် ဂုရုကွေး ပါးစပ်ပိတ်လိုက်ရသည်။ ကားက ကျောက်ကြီးမြို့တွင်း ဝင်လာသည်။ မြို့ထဲမှာ ကားမရပ်။ ဆက်မောင်းသည်။ မြို့ပြင်သို့ ဝေးလံစွာ မောင်းလာပြီး ခလရ ၆၀ တပ်ဝင်းထဲသို့ ရောက်လာသည်။

"သုံးဆောင်ကြပါ ဆရာတို့။ အားရပါးရ သုံးဆောင်ကြပါ"

ခလရ ၆၀ တပ်ရင်းမှူး ဗိုလ်မှူးကျင်စိုးက နံနက်စာဖြင့် ဧည့်ခံသည်။ ဆရာကော၊ လယ်တွင်းသားပါ ဟုတ်ဟုတ်ငြားငြား မစားနိုင်ကြ။ ဂုရုကွေးနှင့် ကိုသန်းထွန်းတို့သာ ဆာဆာနှင့် ခေါင်းမဖော်တမ်း တွယ်ကြသည်။

ဆရာသော်တာဆွေ ဟောနေစဉ် လယ်တွင်းသားနှင့် ဂုရုကွေးတို့ ခန်းမအပြင်ဘက် ထွက်ထိုင်ကြသည်။ နည်းနည်း အိုက်သဖြင့် ခဏ ထွက်လာခြင်း။ တပ်ဝင်းက အတော်ကျယ်သည်။ ပန်းပင်တွေ စိုက်ထားသည်။ ခုံကလေးတွေ လုပ်ထားသည်။ ဂုရုကွေးက ခုံတစ်ခုံပေါ်တွင် ပက်လက်လှန်၍ အနားယူနေသည်။ ဗိုလ်မှူးကျင်စိုး အနားရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ အခန်းထဲဝင်နေပါ" "အိုက်လို့ဗျ၊ ဗိုလ်မှူးရ"

"ဟိုး. . . ကတောင်တွေပေါ်မှာ သူပုန်တွေ ရှိတယ်၊ လှမ်းလှမ်းပစ်တတ်တယ်"

"ဟာ. . . ဒါဆို ဝင်မယ်ဗျို့ ခုဝင်ပြီ"

လယ်တွင်းသားနှင့် ဂုရုကွေး ခန်းမထဲသို့ ဒရောသောပါး ဝင်ပြေးသည်။ တပ်တွင်း မိသားစု ပွဲပြီးတော့ တပ်က လုံခြုံရေးအတွက် ကားနှစ်စီးနှင့် ရှေ့နောက်ရံပြီး ကျောက်ကြီးသို့ ပြန်ပို့ပေးသည်။

"ညပွဲကျရင် သူပုန်တွေ လာနားထောင်မှာ ဆရာ" ဆရာသော်တာဆွေ၏ အဆဲခံချင်လို့လားမသိ။ ကိုသန်းထွန်းက ဂုရုကွေးကို မျက်စိတစ်ဘက်မှိတ်ပြပြီးနောက်သည်။ ဆရာ မဆဲတော့။ လက်သီး ဆုပ်ပြသည်။

ကျောက်ကြီးစာပေ ဟောပြောပွဲကား. . . တစ်ခဲနက် စည်လှပါသည်။ ပါတီကောင်စီ အာဏာပိုင်အဖွဲ့အစည်း သုံးရပ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ မြို့မိမြို့ဖများ လုပ်ငန်းရှင်များ၊ လုပ်သားပြည်သူများနှင့် အထူးစည်ကားသောပွဲဖြစ်သည်။ ဟောပြောပွဲ ကျင်းပရာနေရာတစ်ဝိုက်တွင် ပွဲဈေးတန်းတွေ၊ ဘာတွေနှင့် တကယ့်ဇာတ်ပွဲအလား ထင်ယောင်မှားရသည်။

ဆရာသော်တာဆွေက ပထမ၊ လယ်တွင်းသား စောချစ်က ဒုတိယ၊ ဂုရုကွေးက နောက်ဆုံးဟောကြသည်။ ဂုရုကွေး ဟောနေစဉ်ယူနစ်ဥက္ကဋ္ဌ ထိုင်နေသော ကုလားထိုင်ဘေးတွင် တင်ပျဉ်ခွေထိုင်နေသော လူလတ်ပိုင်းအုပ်စုမှ လက်ခုပ်တီးလိုက်၊ လက်ခေါက်မှုတ်လိုက် တဝါးဝါး ရယ်လိုက်, အားပေးကြသည်။

မနက်အိပ်ရာထတော့ ကိုသန်းထွန်းက ဂုရုကွေးကို လက်ကုတ်ပြီး၊ ဆရာသော်တာဆွေကို နောက်သည်။

"ဆရာ, ညက ဆရာကွေးဟောတော့ ယူနစ်ဥက္ကဋ္ဌဘေးမှာ ထိုင်နေတဲ့ အုပ်စုက၊ တစ်အား အားပေးတယ်နော်၊ ဆရာ သတိထားမိမှာပေါ့"

"အေး, သတိထားမိတယ်၊ အဲဒါ ဘယ်သူတွေလဲ"

"ကျွန်တော်လည်း မသိဘူးဆရာ၊ ကျောက်ကြီးမှာ မမြင်ဘူးတဲ့ မျက်နှာစိမ်းတွေပဲ၊ ပွဲရှိတယ်ဆိုရင် ဟိုကဒီက လာကြတာ များတယ်"

အမှန်တော့၊ ထိုသူများမှာ ကျောက်ကြီး ဈေးထဲမှ ဈေးသည်များ ဖြစ်ပါသည်။ ကိုသန်းထွန်းက ဆရာသော်တာဆွေကို နောက်ခြင်းဖြစ်သည်။

"စောစောပြန်ကြမယ်ဟေ့, ဒါမှ ရန်ကုန်ကို စောစောပြန်ရောက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာ၏ လောဆော်မှုကြောင့် ကျောက်ကြီးမှ စောစောထွက်ဖြစ် သည်။ နတ်သံကွင်းတွင် ခရီးတစ်ထောက်နားကြတော့၊ နတ်သံကွင်းမှ ဆရာ, ဆရာမများက. . .

"ဆရာတို့ ကြုံကြိုက်တုန်း ကျောင်းပွဲလေးတစ်ပွဲတော့ ဟောပေးပါ"

ဟု မေတ္တာရပ်ခံလာသည် ဆရာက မဟောချင် ဂုရုကွေးက ဟောချင်သည်။ နတ်သံကွင်းမှာ မီးလောင်ထားတာ ရက်ပိုင်းပဲ ရှိသေးသည်။ မီးလောင်ပြင်တွင် မီးလောင်တိုင်ငုတ်တွေ ကျိုးတိုးကျဲတဲ မြင်နေရသည်။

"မင်းဟောချင်, မင်းတစ်ယောက်တည်းဟော တို့မဟောဘူး၊ စောချစ်, မင်းမဟောဘူး မဟုတ်လား"

ဆရာသော်တာဆွေက မေးတော့၊ ကိုစောချစ်က ပြုံးပြုံးကြီး လုပ်နေသည်။ ဂုရုကွေးက နတ်သံကွင်း အဖွဲ့နှင့်ညှိရသည်။ ကျောင်းပွဲ ဟောနေလျှင် ပဲနွယ်ကုန်းကို ရထားအမီ မရောက်နိုင်။ ကားနှင့် ပြန်ပို့ပေးမှ ဖြစ်မည်ဆိုတော့ သူတို့ သဘောတူသည်။ သို့ဖြင့် နတ်သံကွင်း ကျောင်းပွဲ ဟောဖြစ်သွားသည်။

"ဆရာ စိတ်မပါရင် နည်းနည်းပဲဟော ဆရာ၊ ကျွန်တော်က နောက်ဆုံးက များများဟောပေးမယ်"

ဆရာသော်တာဆွေက မိတ်ဆက်ပဏာမလောက်ပဲ ပြောသည်။ လယ်တွင်းသားကလည်း သိပ်မပြော။ နတ်သံကွင်းပွဲကို ဂုရုကွေးတစ်ယောက်တည်း ကြဲရသည်။

ကျောင်းသားပရိသတ်နှင့် လမိုင်းကပ်လှသည်။ တစ်နာရီပဲ ဟောမည် ရည်ရွယ်ထားသော်လည်း ပရိသတ်တောင်းဆိုမှုကြောင့် တစ်နာရီခွဲ ကျော်ကျော်ဟော ဖြစ်သွားသည်။

"သုံးဆောင်ပါဆရာ, အားရပါးရ သုံးဆောင်ပါ"

နတ်သံကွင်းက နံနက်စာထမင်းဖြင့် ဧည့်ခံသည်။ ဟင်းတွေ စုံလှသည်။ ဘယ်ပန်းကန် နှိုက်ရမှန်းမသိ။ ဆရာသော်တာဆွေ ထမင်းဝင်မစား။ မီးလောင်တိုင်ငုတ်တွေကို လှမ်းလှမ်းကြည့်ပြီး စိတ်မာတ်ကျနေပုံရသည်။

"ဟေ့ကောင်, မြန်မြန်စား, သွားကြမယ်၊ ဒီကောင်က အစားကြီးသလို၊ စကားလည်း သိပ်များတဲ့ကောင်"

ဆရာသော်တာဆွေက ဂုရုကွေးကို လှမ်းဆူသည်။ ဆူလည်း ဆူပဲ, ဟောထားရသဖြင့် မောနေဆာနေတာ။ ဝလင်အောင်တော့ စားရမည်။ နတ်သံကွင်း အဖွဲ့က ဂုရုကွေးတို့ကို တစ်ယောက်လျှင် ဆန်တစ်အိတ်စီ လက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။

"ကားရပ်ဦး, ကားရပ်ဦး၊ ငါထမင်းဆာတယ်"

ပဲနွယ်ကုန်းရောက်မှ ဆရာသော်တာဆွေ ထမင်းဆာလာသည်။ ကား ရပ်ပြီး ထမင်းကျွေးရသည်။ နတ်သံကွင်းတုန်းက ကြောက်လို့ မစားတာတာတဲ့၊ ဆရာက ပြောတော့ အားလုံးရယ်ကြသည်။

ထိုနေ့က ဂုရုကွေးတို့ စီးပြန်မည့်ရထား ပုဇွန်တောင်ဘူတာတွင် မသမာသူများလက်ချက်ကြောင့် ဗုံးပေါက်ကွဲမှုဖြစ်သည်။ နတ်သံကွင်း ပွဲဝင် ဟောမိသဖြင့် ရထားနှင့် မပြန်ဖြစ်ဘဲ ကားနှင့် ပြန်ဖြစ်သည်။ ကံဖယ်သည်ဟု ဆိုရမည်ထင်သည်။ နတ်သံကွင်းပွဲကို ဂုရုကွေး လက်ခံလိုက်မိခြင်းသည် တစ် နည်းအားဖြင့် ကံဖယ်ခြင်း ဖြစ်သည်။

ကိုစောချစ်ကို မင်္ဂလာဒုံအိမ်ဝင်ပို့တော့၊ သူ့ဇနီး ဆရာမနှင့် သားနှင့် သမီးတို့ မျက်ရည်လည်ရွဲဖြင့် ဆီးကြိုကြသည်။ သူတို့က ရထားသတင်းကြား၍ စိတ်ပူနေကြစဉ် ဂုရုကွေးတို့က ကားဖြင့် ရောက်သွားသည်။

"သူငယ်ချင်း, မင်းတို့ ငါတို့ ဆရာတို့ ဘာမှ မဖြစ်တာ၊ ဘယ်သူကြောင့် ထင်သလဲ"

"ဘယ်သူကြောင့်လဲ ကွေးကြီး"

"အဲဒါ နာ့ကြောင့်, နတ်သံကွင်းပွဲ ငါလက်ခံလိုက်လို့ အန္တရာယ်က လွတ်သွားတာ၊ လွတ်ရုံတင် မကဘူး။ ဆန်တစ်အိတ်တောင် ရခဲ့သေးတယ်၊ အဲဒါ နာ့ကြောင့်, နာ့ကြောင့်"

လယ်တွင်းသားက ဘာမှမပြောဘဲ ရယ်နေသည်။ ဆရာမနှင့် ကလေး တွေလည်း ရယ်နေသည်။ လယ်တွင်းသားနှင့် သွားသွားလာလာ ခရီးတွေက မကုန်သေး။ မပြီးသေး။ စာပေဟောပြောပွဲတွေ ရှိနေသမျှ သွားရ, လာ ရဦးမည်။ စိတ်လှုပ်ရှားစရာတွေ ကြုံရဦးမည်။

♦ ♦ ♦

လယ်တွင်းသားနှင့် သွားသွားလာလာ လုပ်ခဲ့သမျှ မှတ်မှတ်ရရ ခရီး တွေက တော်တော်များများ ရှိသည်။ ကျောက်ကြီး နတ်သံကွင်းခရီး ပြီးသည့် နောက် နောက်ခရီးတစ်ခုကား ကျောက်ဆည်စာပေဟောပြောပွဲ ခရီး။

ကျောက်ဆည်ပွဲမှာ လယ်တွင်းသားစောချစ်နှင့် မေနှင်းတို့အတွက် အဆင်ပြေချောမောသော်လည်း ဂုရုကွေးနှင့် ဆရာကျော်မြသန်းတို့အတွက် ကားအခက်အခဲများစွာကို ကျော်ဖြတ်ရသည်။ ဆရာသော်တာဆွေ၊ ဆရာ ကျော်မြသန်းနှင့် ဂုရုကွေးတို့ ဖြူးမှာ ဟောပြီး ညတွင်းချင်း တောင်ငူသို့ ကူး၍

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးရထားပေါ် တက်ရသည်။ ရထားအထက်တန်းတွဲမှာ ထိုင်ခုံသုံးခုံက အသင့် ဝယ်ထားပြီး ဖြစ်သည်။ ရန်ကုန်က ထိုင်သူမဲ့ ဖြစ်လာသော ခုံများကို တောင်ငူ ရောက်မှ တက်ထိုင်ရသည်။

ဟောပြောပွဲ အစဉ်အလာကြီးသော မီးရထားစာကြည့်တိုက်၊ မန္တလေး၏ ဟောပြောပွဲက ညမှ ဟောရမည်။ တစ်နေ့လုံး အားနေသည်။ ဤသည်ကို ကြိုသိထားသော လယ်တွင်းသားက ဂုရုကွေးကို အကူအညီတောင်းသည်။ မြစ်ငယ်ပွဲ လာဟောပေးပါတဲ့။ မြစ်ငယ်အဖွဲ့တွေက မီးရထားစာကြည့်တိုက်သို့ ကားဖြင့် လာခေါ်သည်။

"ဘယ်လိုလဲ ဆရာကွေး။ ဖြစ်တယ် မဟုတ်လား"

"လယ်တွင်းသား လုပ်တဲ့ပွဲပဲ။ ဘယ်မဖြစ်လို့ ရမလဲ။ ကဲ တစ်ခါတည်း သွားကြမယ်"

မန္တလေး ရောက်တာ နာရီပိုင်းပဲ ရှိသေး။ ဆရာ သော်တာဆွေနှင့် ဆရာကျော်မြသန်းကို မီးရထားရိပ်သာ၌ ထားခဲ့ပြီး ဂုရုကွေး မြစ်ငယ် လိုက်သွားသည်။ ဟိုကျတော့ မောင်မင်းကြီးသား လယ်တွင်းသားက စပ်ဖြဲဖြဲလုပ်လျက်. .

"သူငယ်ချင်း ပါလာမယ် ဆိုတာ ငါသိသားပဲ"

"သိမနေနဲ့ ကိုယ့်လူ။ အိမ်သာ ဘယ်မလဲ။ ဒါက အရေးကြီးတယ်။ ဖြူးမှာ စားသောက်ထားတာ အခုထိ အိမ်သာမတက်ရသေးဘူး"

"ကွေးကြီးကတော့ ဖြစ်တော့မယ်။ လူငယ်တစ်ယောက် အိမ်သာလိုက်ပို့လိုက်ပါကွာ"

ဟောပြောပွဲက စတော့မည်။ ခန်းမထဲတွင် ပရိသတ်ပြည့်နေပြီ။ ဟောမည့်ငတိက အိမ်သာမတက်ရသေး။ လယ်တွင်းသားနှင့် မေနှင်းတို့ မင်းတို့ ဟောထားနှင့် အိမ်သာက ထွက်လာမှ ငါဆက်ဟောမယ်ဟု ပြောပြီး လိုက်ပြသောလူငယ်နှင့် အိမ်သာ ပြေးရသည်။

"ပရိသတ်များ မျှော်လင့်စောင့်စားနေတဲ့ အသက်နှစ်ထောင် ဂုရုကွေးကြီး ရောက်လာပါပြီ။ စာဆိုတော်ကာလမှာ စာပေလိုက်စားရင်း ဖြူးမြို့က စားလာတဲ့ အာဟာရတွေကို အိမ်သာတက်ပြီး ရှင်းလင်းရေး လုပ်နေပါတယ်"

လယ်တွင်းသား၏ မိတ်ဆက်ဟာသကို ပရိသတ်များ ဝေါခနဲ ဖြစ်သွားသည်။ ရယ်သံများ တော်တော်နှင့် အတောမသတ်။ အိမ်သာတက်နေရင်း လယ်တွင်းသားအကြောင်း စဉ်းစားမိတော့ တစ်ယောက်တည်း ပြုံးရသည်။

ဇလွန်ဟောပြောပွဲမှာ ပထမဆုံး စတွဲဖူးတုန်းက လယ်တွင်းသား

www.burmeseclassic.com

www.burmeseclassic.com



စောချစ်က ဟောပြောရာတွင် အလွန်တည်ကြည်သည်။ စာပေဟောပြောတာလား။ မိန့်ခွန်း ခြွေနေတာလား ထင်မှတ်လောက်အောင် ဣန္ဒြေကြီးသည်။

ခုတော့ မြစ်ငယ်မှာ ရယ်စရာတွေ ဘာတွေ ပြောလို့ ဂုရုကွေးနှင့် အတွဲများသဖြင့် ဇာတ်ပျက်စဖြစ်စပြုပြီ ဆိုတာ နားလည်ရသည်။ ဟောပြောသည့်အလုပ်မှာ ဟာသ မပါလို့မရ။ နည်းနည်း ဖြစ်ဖြစ် ပါကိုပါရသည်။ သူ့ဟာသူ ပင်ကိုအားဖြင့် တည်တည်ငြိမ်ငြိမ် ဟောတတ်သော လယ်တွင်းသားကို ဂုရုကွေးတို့ မောင်နီသင်းတို့ နွမ်ဂျာသိုင်းတို့ ဝိုင်းဝန်းမြှောက်ပေးရင်း ဖျက်ဆီးကြသဖြင့် ဇာတ်ပျက်ဖြစ်မှန်းမသိ ဖြစ်လာသည်။ ဟောပြောသူတစ်ယောက်သည် ထိုသူ အောင်မြင်သည်။ စင်မြင့်စကားပြောကောင်းတစ်ယောက် အဖြစ် ပရိသတ်ကို ထိန်းထားနိုင်ပါပြီ။

"ကျွန်မ သူငယ်ချင်းကွေးကြီး ဆိုတဲ့ ပုဂ္ဂိုလ်က အစားလည်း စားတယ်။ စကားလည်း များတယ်။ ဘယ်နှပန်းကန် စားရမလဲ။ စားနိုင်တယ်။ ဘယ်နှနာရီ ဟောရမလဲ။ ဟောနိုင်တယ်။ ဒါကြီးက စားလည်းစား။ ဟောလည်းဟော။ စားဟောကြီးရှင့်။"

မေနှင်းက သူ့အလှည့်တွင် ထပ်ဖောက်သည်။ မြစ်ငယ်ပရိသတ်ကားတို့လိုက်တာနှင့် ဝေါခနဲ။ ဂုရုကွေးအလှည့်တွင် ပင်ပန်းတာ အိပ်ပျက်တာတွေ ဘေးချိတ်ပြီး ပရိသတ် ကျေနပ်အောင် ဟောရသည်။ ပရိသတ်ဆိုတာ ကိုယ့်ကို ထမင်းကျွေးနေသည့် ကျေးဇူးရှင် ထမင်းရှင် မဟုတ်ပါလား။

"ရှော့. . . သူငယ်ချင်းအတွက် မြစ်ငယ်ဟောပြောပွဲ ကော်မတီရဲ့ လက်ဆောင်။ နက်ဖြန် ကျောက်ဆည်ကို ဆက်ဆက်လာခဲ့နော် သူငယ်ချင်း။ မလာရင် ငါတို့နှစ်ယောက်တည်း ဒုက္ခများလိမ့်မယ်"

လယ်တွင်းသားက ပုဆိုးတစ်ထည်ပေးသည်။ ကျောက်ဆည်ပွဲက လည်း သူ့ပွဲ။ သွားမကူလို့မရ။ သူနှင့်မေနှင်း နှစ်ယောက်တည်းနှင့် ပွဲမစိုပြေနိုင်။ ဟာသ,သမားက မပါမဖြစ် ပါကိုပါရမည်။

"စိတ်ချ သူငယ်ချင်း။ ဒါလောက် တွဲလာတာ. . . ကိုယ့်အကြောင်း သိလောက်ရောပေါ့။ လာမယ်ဆိုရင် ရောက်အောင် လာမယ်။ အဲ မလာနိုင်ဘူး ဆိုရင် ဝေါခနဲ့လာပင့်လည်း တကယ် မလာနိုင်ဘူး။ ဒီည မန္တလေး မီးရထား စာကြည့်တိုက်ပွဲမှာ ဟောမယ်။ မနက်ပိုင်းစာကြည့်တိုက်မှာ ရေးသူဖတ်သူ ဆွေးနွေးပွဲ လုပ်မယ်။ အဲဒါပြီးတာနဲ့ ကျောက်ဆည်ပွဲကို ကူးခဲ့မယ်။ အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



ရင် ဆရာကျော်မြသန်းပါ ခေါ်ခဲ့မယ်"

"ကောင်းတယ် သူငယ်ချင်း။ ကျောက်ဆည်ကို ပို့ပေးမယ့်ကားကို မီးရထား စာကြည့်တိုက်ကို စောစောလွှတ်ထားပေးမယ်"

"ကိုယ့်တာဝန် ကျေပြီနော်။ ကိုယ်လစ်မယ်။ ညကျ နွှဲရဦးမယ်"

မြစ်ငယ်က ပြန်ပို့သော ကားနှင့် မန္တလေး ပြန်ခဲ့သည်။ မီးရထား ရိပ်သာ ရောက်တော့ ဆရာသော်တာဆွေက ဆီးဆူသည်။ ကိုယ့်ဆရာ ဆိုတော့လည်း ဂုရုကွေး ဘာမှ ပြန်မပြောရဲ။

"မင်းဆိုတဲ့ကောင်ဟာ စကားများ၊ အစားများသလို တော်တော် ခြေများတာပဲ။ တို့နှစ်ယောက်ကို ထားခဲ့ပြီး။ ဘယ်ပျောက်သွားတာလဲ။ ငါက သေပြီ မှတ်လို့ ဝမ်းသာနေတာ"

"လယ်တွင်းသား အကူအညီခေါ်လို့ မြစ်ငယ်ပြေးဟောပေးနေရတယ် ဆရာ"

"ငါကတော့ စိတ်ပူလို့ ကျော်မြသန်း မေးတော့လည်း ပြုံးစိစိနဲ့ မန္တလေးက သူ့ရည်းစားဟောင်းနဲ့ သွားတွေ့တာ ဖြစ်ပါလိမ့်မယ်တဲ့။ သေချင်းဆိုး နင်လည်း မကောင်းဘူး"

ဆရာသော်တာဆွေကို ဂုရုကွေးတို့ ရယ်နေရုံမှ လွဲ၍ ဘာများတတ်နိုင်ပါဦးမည်နည်း။

မန္တလေး မီးရထားပွဲအပြီး ကျောက်ဆည်ကို ဘော်လန်တီယာ သွားရတော့ ဆရာကျော်မြသန်းပါ ပါလာသည်။ ဆရာသော်တာဆွေက မန္တလေးတွင် နေရစ်ခဲ့သည်။ ဆရာမြမျိုးလွင်၏ ဆွေမျိုးများနှင့် သွားတွေ့စရာရှိသည်တဲ့။

"သူငယ်ချင်း. . . လာ. . . လာ။ ပါတီကော၊ ကောင်စီကော သူငယ်ချင်း လာကူဟောပေးမယ် ဆိုလို့ ဝမ်းသာနေတာ။ ဆရာကျော်မြသန်းပါ ပါလာတယ်ဆိုတော့ ယူနစ်ဥက္ကဋ္ဌရေ စိတ်သာချပေရော့။ ဒီည ကျောက်ဆည်ပွဲကတော့ ပြောစမှတ်ပြုရမယ့် ပွဲ ဖြစ်ရမယ်"

ကျောက်ဆည်ပွဲမှာ အလွန်စည်သည်။ ဇာတ်သမားစကားဖြင့် ပြောရလျှင် ရုံပြည့်ရုံလျှံ ဝက်ဝက်ကွဲအောင် ပရိသတ် အားပေးသော ပွဲဖြစ်သည်။ လယ်တွင်းသားက မဟော။ ပဏာမစကားလေး နည်းနည်းပါးပါး ပြောပြီး ဂုရုကွေးတို့ကို လွှတ်ပေးသည်။ သူငယ်ချင်း ကြိုက်သလောက်ပြောဟော။ ကျောက်ဆည် ပရိသတ်က သူငယ်ချင်းတို့ ပရိသတ်ပဲတဲ့။

ဤတွင် လယ်တွင်းသားစောချစ်၏ အနစ်နာခံတတ်မှုကို ဂုရုကွေး သတိထားလိုက်မိသည်။ သူ့နယ်၊ သူ့ပွဲရှေ့ဆုံးမှ ထွက်ပြီး မင်္ဂလာယူတဲ့အနေနှင့်

www.burmeseclassic.com

www.burmeseclassic.com



အချိန်များများဟော။ ယူနစ်ဥက္ကဋ္ဌကလည်း သူ့တပည့် ဘယ်သူက ဘာပြောမည်နည်း။ ဝမ်းတောင်သာကြလိမ့်ဦးမည်။

သို့သော် သူမပြော အခွင့်အရေးမယူ။ မြို့ခံအနေဖြင့် မိတ်ဆက်သဘောလောက်ပဲ ပြောပြီး ပြန်ဆင်းလာသည်။ ဂုရုကွေး ဘေးလာထိုင်တော့။

"ကိုယ်က အများကြီး ပြောမယ် ထင်ထားတာ နည်းလှ ချည်လား"

"ဒါကိုယ့်မြို့လေ။ မြို့ခံက လျှော့ပေးပြီး ဧည့်သည်ကို ဦးစားပေးရမယ်။ သူငယ်ချင်းတို့ အားရပါးရ ဟောကြပါ"

ကျောက်ဆည်ပွဲပြီးတော့ ပေးတဲ့ လက်ဆောင်ပစ္စည်းတွေ ပိုနေသည်။ ထိုခေတ်က ယခုခေတ်ကဲ့သို့ ငွေကြေးမကန်တော့။ ပစ္စည်းလက်ဆောင်ပေးသော ခေတ်ဖြစ်သည်။ ပုဆိုးပေးသည်။ ဓာတ်ဘူးပေးသည်။ စားပွဲတင်နာရီပေးသည်။ လက်ဖက်ရည်ပန်းကန်စုံပေးသည်။ ဖန်ခွက်တွေ ပေးသည်။ တချို့မြို့များတွင် ဒေသထွက်ကုန် ဆန်၊ ဆီ၊ ငါးခြောက် စသည်ဖြင့် ပေးသည်။ ဖရဲသီးပေးသော မြို့ပင် ဂုရုကွေး ကြုံဖူးသည်။

"ပိတ်စသုံးစ ပိုနေတယ်။ သူငယ်ချင်းတို့ ယူလိုက်"

ပုဆိုး၊ ထဘီ၊ ပိတ်စတွေ အညီအမျှ ပေးထားရာက ဘယ်လိုဖြစ်သည် မသိ။ အင်္ကျီတစ်ဝတ်စာ ပိတ်စသုံးစ ပိုနေသည်။ ဒါကို လယ်တွင်းသားက သူမယူဘဲ ဂုရုကွေးတို့ သုံးယောက်ကို ဝေခြမ်းပေးသည်။ ကျောက်ဆည်ပွဲကား တကယ့်ကို ပြောစမှတ် ဖြစ်ရသည့်ပွဲ။ စာဆိုတော် ကော်မတီက ကျွေးမွေးသော ပဲဟင်းမှာ အတော်စားကောင်းသည်။

ဂုရုကွေးသည် ကြက်သား၊ ဝက်သားတွေ သိပ်မနှိုက်ဖြစ်ဘဲ ပဲဟင်းပဲ မည်းနှိုက်နေသည်။ ငါးခူကြော်ကြီးတွေနှင့် ပဲဟင်းက အတွဲညီနေသည် မဟုတ်ပါလား။

"ပဲဟင်းမိတယ်ဟေ့။ ဘယ်သူ ချက်တာလဲ"

"ဘိုင်ကြီးပဲဟင်း။ ဘိုင်ကြီးကိုယ်တိုင် ချက်တာ"

"ကျောက်ဆည်ရောက်ပြီး ဘိုင်ကြီးပဲဟင်း မစားဖူးသေးရင် ကျောက်ဆည်ရောက်တယ် မခေါ်နိုင်ဘူး"

ဧည့်ခံသော စားပွဲဘေးတွင် ဘိုင်ကြီးကိုယ်တိုင် ရပ်နေသည်။ ဂုရုကွေးမှာ လယ်တွင်းသားနှင့် တွေ့၍ ကျောက်ဆည်ပွဲအကြောင်း ပြောမိကြတိုင်း ဘိုင်ကြီး ပဲဟင်းအကြောင်း ထည့်ပြောမိသည်။

တစ်ခါတော့ လယ်တွင်းသားက ဘိုင်ကြီးပဲဟင်းက နာမည်ပဲ ကျန်

www.burmeseclassic.com

www.burmeseclassic.com



တော့တယ်။ ဘိုင်ကြီးကတော့ ကွယ်လွန်သွားပြီလို့ ပြောတော့ ဂုရုကွေးမှာ ဝမ်းနည်းသလိုလို ခံစားလိုက်ရသည်။

"လယ်တွင်းသားရေ၊ နင့်ပွဲတွေ ငါလိုက်ကူပြီးပြီ ငါ့ပွဲလည်း ကူဦး"

တစ်နေ့ လယ်တွင်းသားနှင့် တွေ့ခိုက် ပြောမိတော့

"ကူမှာပေါ့။ သူငယ်ချင်းပွဲက ဘယ်တော့လဲ၊ ဘယ်မှာလဲ"

"ငါ့ပွဲက ခနေပြုမှာ ရက်နည်းနည်းလိုသေးတယ်"

ခနေပြုကို လယ်တွင်းသား မရောက်ဖူးသေး။ သူ့ကျောက်ဆည်တော့ ဂုရုကွေး ရောက်ဖူးသွားပြီ။ ခနေပြုပွဲကို သူပါလာတော့ ကျိုက္ကလွန်ဗွန်း စေတီတော်မြတ်ကြီးကို လိုက်ပို့ရသည်။ ကျောက်စာတိုက်သို့ ပို့ရသည်။ ဗန္ဓုလကြေးရုပ်သို့ ပို့ရသည်။

"သူငယ်ချင်း မြို့လေးက ပျော်စရာလေးပဲ"

လယ်တွင်းသားစောချစ်က ခနေပြုကို ချီးကျူးသည်။ ညဟောတော့ ကမ်းနားဇာတ်ရုံကြီးထဲမှာ ခနေပြုပရိသတ်က စာပေဟောပြောပွဲကို အလွန်အားပေးသည်။

နာမည်ကြီး ဇာတ်ကြီးတွေ ကတာတောင် ရုံမပြည့်ခဲ့သော ဇာတ်ရုံကြီးသည် လယ်တွင်းသားတို့ ဟောသည့်ပွဲကျမှ ရုံပြည့်ရုံမက ရုံလျှံခဲ့သည်။ ရုံမဆန့်တော့၍ ရေကာတာရိုးကြီးပေါ်မှ မတ်တတ်ရပ်၍ပင် နားထောင်ကြရသည်။

"သူငယ်ချင်း ဟောမယ် မဟုတ်လား"

"ဟောရမှာပေါ့။ ကြော်ငြာထားတာပဲ"

"နောက်ဆုံးကဟောမယ့်သူဆိုတော့ အချိန်ဘယ်လောက် ယူယူ ပရိသတ် ရှိနေသေးရင် ဟောလို့ရသားပဲ"

"ကိုယ်က ဒီပွဲမှာ ရှေ့ဆုံးက လာဟောမှာ"

"သူငယ်ချင်းပွဲဦးက တက်ရင်တော့ နောက်က လူတွေ သေဖို့သာပြင်ကြပေတော့။ အချိန်ဘယ်လောက်ယူမှာလဲ"

"ဆယ်မိနစ်" "ဘယ့်နှာကြီးလဲ"

"ဘယ့်နှာကြီးမှ မဟုတ်ဘူး။ ဒါကိုယ့်မြို့လေ။ မိတ်ဆက်စကားလောက်ပဲ ပြောမှာ ဆယ်မိနစ်ဆို လုံလောက်ပြီ"

"နည်းလွန်းပါတယ်။ နာရီဝက်လောက်တော့ လုပ်ပါ"

"ရတယ်။ နာရီဝက်ဆိုလည်း နာရီဝက် အတိအကျပဲ"

www.burmeseclassic.com

www.burmeseclassic.com



ခနေဖြူ ဟောပြောပွဲကို ဂုရုကွေးက သွေးပူရုံလေးလောက် တို့ထိပေးပြီး ပွဲတစ်ပွဲကို လယ်တွင်းသားတို့နှင့် လွှဲပေးခဲ့သည်။ ကောင်းလိုက်သည့်ပွဲ၊ စောချစ်ကြီး တို့ အားရပါးရ တဝကြီးဟောလိုက်တာ သူ့ထက်ကောင်းသောပွဲတောင် သူ့လောက်မကောင်းဟု ဆိုရမလို ဖြစ်သွားသည်။

"သူငယ်ချင်းမြို့က ပရိသတ်က တကယ့်အမာခံပရိသတ်ပဲ။ ပွဲပြီးသွားတာတောင် ပြန်ချင်ပုံ မရဘူး။ မိုးလင်းအထိ ဟောရင် မိုးလင်းအထိ နားထောင်လိမ့်မယ် ထင်တယ်"

"သေချာတာပေါ့။ ဒီပရိသတ်က လွန်ခဲ့တဲ့ အနှစ်အစိတ်လောက်က တည်းက ကိုယ်တို့ ပြုစု ပျိုးထောင်ထားခဲ့တဲ့ ပရိသတ်"

"စာပေ ဟောပြောပွဲ အတွေ့အကြုံရင့်ကျက်နေပြီ။ ၁၉၅၉-၆၀ က စပြီး ဟောပြောပွဲလုပ်တုန်းက ဘာပြောကောင်းမလဲ။ စည်လိုက်တာ တစ်ယောက်မှ မလာဘူး။ ငါ့မှာ ရန်ကုန်က စာရေးဆရာကြီးတွေ ဖိတ်ထားပြီး လူမလာလို့ ဆရာကြီးတွေ ဆူတာခံရ။ ကိုယ့်မြို့ပရိသတ် ကိုယ်ဒေါသဖြစ်ရ။ နောက်ဆုံးမှာ ကျောင်းအုပ်ဆရာကြီး ဦးဘိုက သူ့ကျောင်းသားတွေ လွှတ်ပေးလို့ ပွဲဖြစ်ခဲ့ရတာ။"

အတိတ်က အိုးနင်းခွက်နင်း၊ ဇလုံနင်း၊ ပန်းကန်နင်း ဖြစ်ခဲ့ရတာတွေ ပြန်ပြောတော့ လယ်တွင်းသား တဟားဟား ရယ်သည်။

ခနေဖြူပွဲပြီးလို့ ဆကာကြီးပွဲဆက်တော့လည်း ဒီဟာကြီးက ပျော်တပြုံးပြုံး ဆကာကြီး ပရိသတ်ကလည်း ခနေဖြူပရိသတ်လိုပင် အမာခံပဲ။ ပွဲပြီးမှ ပြန်ကြသည့် ပရိသတ်ဖြစ်သည်။

လယ်တွင်းသားစောချစ်တစ်ယောက် ဂုရုကွေးတို့ ခနေဖြူနှင့် ခဏတည့်သွားလို့ ထင်သည်။ နောင်အခါ ခနေဖြူနှင့် ဆကာကြီးသို့ ရေထွက်မတတ်သွားသည်။

သူစာပေစိစစ်ရေးတွင် လုပ်စဉ်က ခဏခဏ သွားသည်။ ဟိုက ငါးပုစွန်တွေက လတ်ဆတ်သည်။ စားရတာ အရသာရှိသည်။ ခနေဖြူသား ဖြစ်သော ဂုရုကွေးတောင် ခနေဖြူကို သူ့လောက်မရောက်နိုင်။ သူက ဂဒီးဂဒီး ရောက်ဖြစ်နေသည်။

တလောက ရန်ကုန်မြို့လယ်မှာ ဆုံကြခိုက် ဘာပြောမည် ထင်သနည်း။

"သူငယ်ချင်း ခနေဖြူဟောပြောပွဲရှိရင် ငါ့ကိုခေါ်ဦးကွာ။ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့ သွားရတာ ပျော်တယ်" တဲ့။

ခနေဖြူ သွားရတာ ပျော်သလို သန်လျင် ရေနံချက်စက်ရုံပွဲသွားတော့လည်း သူပျော်တာပဲ။ အဲဒီပွဲက သုံးယောက်၊ သူရယ်၊ မောင်စိန်ဝင်းရယ်၊ ဂုရုကွေးရယ်။

"သူငယ်ချင်း၊ ငါ့ကားနဲ့ လိုက်လိုက် မောင်စိန်ဝင်းကားနဲ့လိုက်လိုက် ကြိုက်တဲ့ကားနဲ့ လိုက်ပါ။"

သန်လျင် စာဆိုတော်ကော်မတီက လာမကြိုနိုင်၍ ဟောမည့်သူအချင်းချင်းက လာကြိုမည်.။ ဂုရုကွေးသည် မောင်စိန်ဝင်းကို မျက်စိမှိတ်ပြပြီး. . .

"အသွား မောင်ရင့်ကားနဲ့ သွားမယ်။ အပြန် မောင်စိန်ဝင်းကားနဲ့ ပြန်မယ်၊ ဒါမှ ကိုယ်ကားနှစ်စီးလုံး စီးဖူးမှာ. . ."

သန်လျင်ပွဲအတွက်ပထမစီစဉ်ထားတာက သူအရင်ဆုံး စမည်။ မောင်စိန်ဝင်းက အလယ် ဂုရုကွေးက နောက်ဆုံး၊ ဒါပေမယ့် ဟိုရောက်တော့ အစီအစဉ်တွေ ကမောက်ကမ ဖြစ်သွားသည်။

ရေနံချက်စက်ရုံ ဒိုးပတ်ဝိုင်းက ပဏာမ ဧည့်ခံဖျော်ဖြေသည်။ ကောင်းလိုက်တဲ့ ဒိုးပတ်ဝိုင်း. . . ဂုရုကွေးမှာ ဟောချင်စိတ်ပျောက်ပြီး ကိုယ်တိုင်ဝင်ကချင်စိတ် ပေါက်လာသည်။

"သူငယ်ချင်း ငါတော့ ဒုက္ခပဲ။ ဒါလောက် ဆူဆူညံညံ တီးထားတာ၊ ငါပထမဆုံး ထွက်လို့ မဖြစ်ဘူးထင်တယ်"

လယ်တွင်းသား ဆူပွက်နေသော ပရိသတ်ကိုကြည့်ပြီး သွေးလန့်နေပုံရသည်။

"ဒါဆို မောင်စိန်ဝင်းထွက်ကွာ"

"ကျွန်တော်လည်း မထွက်ရဲဘူး ဂုရုကြီး"

"ကဲ ကဲ ဒါဆိုလည်း ဇာတ်သမား ငါကပဲ အရင်ထွက်ရတော့မှာပဲ"

အစီအစဉ်ကို ပြောင်းပြန်လုပ်၍ ဂုရုကွေး အရင်ထွက်လိုက်သည်။ ပြီးတော့ မောင်စိန်ဝင်း နောက်ဆုံးမှာ လယ်တွင်းသား။

ဂုရုကွေးက သိပ်မဟောပါ။ ပရိသတ်ငြိမ်ရုံမျှ သဘောလောက် လုပ်ပြီး ပြန်ဆင်းလာခဲ့သည်။ မောင်စိန်ဝင်းကလည်း သိပ်အကြာကြီးမဟောပါ။ တစ်နာရီ နီးပါးပဲ ဟောပြီး လယ်တွင်းသားနဲ့ လွှဲပေးခဲ့သည်။ သန်လျင်ပွဲသည် သူ့ပွဲဖြစ်သွားအောင် ဂုရုကွေးတို့ ချီပေးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လယ်တွင်းသားနှင့် သွားသွားလာလာ လုပ်ခဲ့ကြတာ နှစ်ချီ၍ ကြာပါပြီ။ ဆက်လက်၍လည်း သွားသွားလာလာ လုပ်ရဦးမည်။ စာပေဟောပြောပွဲတွေ များလာလေ ဂုရုကွေးနှင့် သူက ပိုတွဲရလေ မဟုတ်ပါလား။

♦ ♦ ♦

သောကြာစာစောင်

အမှတ် (၄၄၇)၊ နိုဝင်ဘာလ၊ ၂၀၀၀- ပြည့်နှစ်

အမှတ် (၄၄၈)၊ ဒီဇင်ဘာလ၊ ၂၀၀၀- ပြည့်နှစ်

အမှတ် (၄၄၉)၊ ဇန်နဝါရီလ၊ ၂၀၀၁- ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



## ကြူကြူသင်း

**သင်းနေသေးသည် အိုနှင်းဆီ**

ထိုစဉ်က ဂုရုကွေး စာပေနယ်သို့ စရောက်စ ကဗျာပေါက်စ အသက်နှစ်ဆယ်ပင် မပြည့်တတ်သေး ဆယ့်ခွန်၊ ဆယ့်ရှစ် အလွန်ငယ်လှသေးသော ရွယ်. . . ကျောင်းစာကို အပတ်တကုတ် ကြိုးစားသင့်သည့် အရွယ်တွင် စာကို ဟုတ်တိပတ်တိ မကြိုးစားဘဲ ကဗျာဆရာ ပေါက်စဘဝဖြင့် ကိုယ့်ဟာကိုယ် အဟုတ်ကြီးထင်နေသည်။ ထင်တစ်လုံးဖြင့် ဂုရုကွေး။

ပင်နီတိုက်ပုံကို လက်ခေါက်ဝတ်၊ ပုဆိုးကို တိုတိုစည်း၊ ခုံဖိနပ်ကို တဂွမ်ဂွမ်စီး၊ လွယ်အိတ်ကြီးက ကားကားလွယ်လျှက် မဂ္ဂဇင်း ဂျာနယ်တိုက်ပေါင်းစုံသို့ ကဗျာတွေ လိုက်ပို့သည်။ ဘေးက ဘာမြင်မြင် ဘာပြောပြော အရေးမစိုက် လုံးဝ (လုံးဝ) အရေးမစိုက်၊ ကဗျာဆရာ ဖြစ်ရေး၊ စာရေးဆရာ ဖြစ်ရေးသာ ကိုယ့်အတွက် ဦးစားပေးရည်ရွယ်ချက်။ ကဗျာဆရာ၊ စာရေးဆရာမှ မဖြစ်ရလျှင် မီရာရောဂါနှင့် မြန်မြန်သေအောင် ကြိုးစားနေသည်။

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်တုန်းက ကဗျာလောကတွင် ဆိုရိုးစကားတစ်ခု ခေတ်စားခဲ့ဖူးသည်။ တိုင်းရင်းမေဂျာနယ်မှာ ကဗျာပါဖူးမှ ကဗျာဆရာ ဖြစ်သည်။ ရှုမဝတွင် ကဗျာပါဖူးလျှင် ကဗျာနာမည် ခိုင်ပြီတဲ့ ကိုယ့်အနေအထားက ဘားမားစတား၊ ဖလင်စတား ဆယ်ပြားတန်စာစောင်တွေမှာ ဆရာကြီး၊ တိုင်းရင်းမေဂျာနယ်လို တစ်ကျပ်တန်တွင်ကား၊ ကိုယ်ကတပည့်ကြီးတောင် မဟုတ် တပည့်အောက်က တော်တော် နိမ့်နိမ့် နေရာမှာ ရှိနေသည်။

တိုရေရှားရေ၊ တစ်ခါတလေမှ ကဗျာလေးသုံးကြောင်းစ၊ လေးကြောင်းစပါဖူး ရုံသာ ရှိသောဘဝ၊ တိုင်းရင်းမေဂျာနယ်မှာ တတိယအကြိမ် ကဗျာပါတော့ သူငယ်ချင်း ကဗျာဆရာ မွန်ရည်နှင့် မောင်ယဉ်မျိုးက ဂျာနယ်တိုက်သို့ လိုက်ပို့ပေးသည်။

ဆရာဒေါင်းနွယ်ဆွေမှာ တိုင်းရင်းမေဂျာနယ်တွင် ကဗျာအယ်ဒီတာဖြစ်သည်။ နှုတ်ခမ်းမွေးတကားကား ကွမ်းတဖွတ်ဖွတ်ဝါးလျက် အာဘောင်အာရင်းသန်သန်၊ လေသံမာမာနှင့် အလွန်တက်ကြွနေသည်။ မြန်မာကဗျာလောကတွင် ဒေါင်းမှဒေါင်း ဖြစ်နေချိန် တော်ရုံတန်ရုံ ကဗျာဆရာပေါက်စသည် ဆရာဒေါင်းနှင့် စကားပြောရဲဖို့ ဝေးစွ၊ တိုင်းရင်းမေဂျာနယ်တိုက်ထဲသို့ပင် မဝင်ရဲ အားတင်း၍ဝင်ပါကလည်း အုတ်လှေကား တစ်ထစ်ထစ်ကို ခလုတ်တိုက်မိ ပြီးမှ တိုက်ထဲရောက်သည်။ ဒေါင်းတို့ အဲသလောက် ဘုန်းကြီးနေချိန်. . .

"နေဦး. . . သူငယ်ချင်း ဒေါင်းစားပွဲမှာ ဟိုကောင်မလေး ရောက်နေတယ်. . . "

တိုက်ထဲသို့ စွတ်ရွတ်ဝင်တော့မည့် ဂုရုကွေးကို ကိုမွန်ရည်နှင့် မောင်ယဉ်မျိုးက ဆွဲထားသည်။ တိုင်းရင်းမေ ဂျာနယ်တိုက်နှင့် မျက်စောင်းထိုးရှိ ကုလားလက်ဖက်ရည်ဆိုင်လေးထဲသို့ ခေါ်လာပြီး လက်ဖက်ရည် တိုက်သည်။

"အဲဒီ ကောင်မလေးက ဘယ်သူလဲကွ. . . စကားပြောတာ ခေါင်းတစ်ခါခါ လက်တစ်ခါခါနဲ့ ကနေသလား မှတ်ရတယ်၊ စကားလည်း အတော်များပုံပဲ၊ သာလိကာက မမခေါ်ရမယ့် ကောင်မလေးပဲ"

ကောင်မလေးက ဖြူဖြူသွယ်သွယ် ချောချောလေး ဖြစ်သည်။ မျက်နှာမှာ မိတ်ကပ်ပါးပါးလူးထားသည်။ နှုတ်ခမ်းနီဆိုးထားသည်။ ရွှေမျက်မှန်လေး တစ်ဝင်းဝင်းနှင့် ဆရာဒေါင်းကို ဘာတွေ ပြောနေသည် မသိ။ ခေါင်းခါခါ၊ လည်ခါခါ ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တက္ကသိုလ်ကြူကြူသင်းဆိုတာ သူပဲကွ။ ကျောက်မြောင်းထဲမှာ နေတယ်။ ဒေါင်းရဲ့ လက်ရင်းတပည့်ပဲ. . . "

ဟိုက် ရှာလပတ်ရည် လက်စသပ်တော့ တက္ကသိုလ် ကြူကြူသင်းဆိုတာ နှုတ်ခမ်းနီရဲရဲလေးနှင့် ဒီကောင်မလေးကိုး။ ကိုယ်နှင့် အသက်ချင်းတူတူလောက်ပဲ ရှိမည်။ ဒေါင်းရဲ့ လက်ရင်းတပည့်ဆိုတော့လည်း သူ့ဆရာကို ရင်းရင်းနှီးနှီး ပြောနေပုံရသည်။ ဒေါင်းကလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ တစ်ခါတစ်ရံ ရယ်သည်ကို မြင်ရသည်။

"သူကဗျာတွေ ငါဖတ်ဖူးပါတယ်။ မဆိုးပါဘူး ငါ့လောက်မတော်ပေမယ့် ငါ့တပည့်တွေလောက်တော့ တော်ပါတယ်. . . "

ဂုရုကွေးက မိမိ၏ ဝသီအတိုင်း အမှတ်မထင် နောက်လိုက်သည်ကို မောင်ယဉ်မျိုးခမျာ တင်ပါးကို ကင်းမြီးကောက် အထိုးခံရသလို မြောက်ခနဲ ဖြစ်သွားသည်။

"စိတ်ဆတ်တယ် သူငယ်ချင်း သွားမနောက်နဲ့ နှုတ်သီးကောင်းလှပါ့းလေး. . . မောင်ရင့်ကို လက်ခနဲ ပြန်တွယ်လိုက်လိမ့်မယ်. . . ကြူကြူသင်းက မဟုတ်မခံ ကက်ကက်လန် စွာတယ်နော်"

မွန်ရည်က ဝင်သတိပေးသည်။ သူတို့တွေက ရန်ကုန်မှာနေကြသော ကဗျာသူငယ်ချင်းတွေ ဖြစ်၍ ကြူကြူသင်းဆိုတာက လှသည်၊ ငယ်သည်၊ သွက်သည်၊ ထက်သည်၊ အဲ. . . စွာလည်းစွာသည် တဲ့။

"ငါလည်း ခနုဖြူမှာတော့ ငစွာပဲကွ၊ ရွာလယ်က စွာကျယ်ပဲ။ ခနုဖြူငစွာနဲ့ ရန်ကုန်က မိစွာ၊ တစ်နေ့နေ့ တစ်ကွေ့ကွေ့တော့ တွေ့ကြသေးတာပေါ့ကွာ. . . "

ထိုတစ်နေ့နေ့မှာ ကြာကြာမစောင့်ရပါ။ ၁၉၆၂ ခုနှစ်တွင် ကမ္ဘာအေးကုန်းမြေမှာ ကျင်းပသော ပထမအကြိမ်မြောက် စာပေညီလာခံကြီးဝယ်၊ တောကငစွာနှင့် ရန်ကုန်ကမိစွာတို့ တွေ့ကြပါတော့သည်။ ထိုစဉ်က ဂုရုကွေးက ခနုဖြူစာပေ ဝါသနာရှင်များအသင်း၏ စာပေတာဝန်မှူး ခနုဖြူကဗျာအသင်း၏ ဥက္ကဋ္ဌအဖြစ် အမျိုးသားစာပေညီလာခံကြီးသို့ လာတက်သည်။ ဂုရုကွေးနှင့်အတူ ခနုဖြူ ကဗျာဆရာအသင်း အတွင်းရေးမှူး အဥ္စလီ (ခနုဖြူ) (နောင်အခါ ကဗျာဆရာ မောင်မင်းယာ)ပါ ပါလာသည်။ ကမ္ဘာအေးကုန်းမြေတွင် တစ်နိုင်ငံလုံးမှ စာပေသမားတွေ ဆုံဆည်းကြသော ပျော်စရာ ညီလာခံကြီးဖြစ်သည်။ ထိုညီလာခံမှာ မတွေ့ဖူးသူတွေကို တွေ့ဖူးရမည်။ မမြင်ဖူးသူတွေကို မြင်ဖူးရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မခင်ဖူးသူတွေကို ထိုညီလာခံတွင် ခင်ဖူးရသည်။ ခင်ဖူးရာမှ သေသွားသည်အထိ ခင်သွားကြသူတွေ အများကြီး။ ပထမအကြိမ် အမျိုးသားစာပေညီလာခံကြီး၏ ကျေးဇူးကြောင့် နိုင်ငံအနှံ့ ပြန့်ကျဲနေသော စာပေသမားများ တွေ့ကြဆုံကြ သိကျွမ်းခင်မင်ကြရသည်။ ထိုညီလာခံကြီးမှ မျိုးစေ့သည် နောင်အခါ (စာပေလုပ်သားအဖွဲ့ကြီး) အဖြစ် ရှင်သန်ကြီးထွားလာသည်။

အမျိုးသမီးတွေက အမျိုးသမီးဆောင် သပ်သပ် အမျိုးသားတွေက အမျိုးသားဆောင် သပ်သပ် သူ့အဆောင်မှုးတွေနှင့်သူ စနစ်တကျ ကြည့်ကြပ်ကြပါသည်။ ကလောင်အမည်ရင်ထိုးများ အသီးသီးရထားသဖြင့် ဘယ်နယ်က ဘယ်လူဆိုတာ အလွယ်တကူ သိရသည်။ ကြူကြူသင်းက ဝိသာခါဆောင်မှာ နေသည်။ ညီလာခံခန်းမထဲတွင် ဟိုနားတွေ့လိုက် ဒီနားတွေ့လိုက် အမြင်ကတ်လောက်အောင် တွေ့ရသည်။

ဂုရုကွေးတို့က အမြင်ကတ်သလို သူကလည်း ဟိုနားတွေ့လိုက် ဒီနားတွေ့လိုက် တွေ့တွေ့နေရသော ဂုရုကွေးတို့ကို အမြင်ကတ်ပုံရသည်။ တွေ့လိုက်တိုင်း သူမ၏ နှုတ်ခမ်းနီကို စူ၍ တစ်ဖက်သို့ ချာခနဲ လှည့်သွားတတ်သည်။ ဂုရုကွေးတို့ကား. . . သူ့ကို ခင်မင်ဖို့ ဝေးစွ အော်တိုစာအုပ်ပင် မရေးခိုင်းခဲ့ပေ။ မျက်မှန်ဝင်းဝင်းထဲက မျက်လုံးပြူးပြူးကြည့်တတ်သော သူ့အကြည့်ကြောင့် ရန်ဖြစ်ချင်စိတ်တွေ ပေါ်ရသည်။

**"လက်ဖက်ရည်ဆိုင်**
**အမြဲထိုင်သည့်**
**ဘိုင်ကျနေသော**
**ကဗျာဆရာများ"**

သူ့ဆရာ ဒေါင်းနွယ်ဆွေ၏ ကဗျာစာတမ်းကို ထောက်ခံဆွေးနွေးရာမှ မဆီမဆိုင် ဂုရုကွေးတို့ ယောကျ်ားလေး ကဗျာဆရာတွေကို အသားလွတ်တီးထည့်သွားသည်။ သုံးကြောင်း ကဗျာရွတ်ပြီး တီးသွားခြင်း ဖြစ်သည်။ သိမယ်၊ သိမယ်၊ ဒီနှုတ်ခမ်းနီနှင့် သာလိကာမ သိမယ်။ မျက်မှန်တဝင်းဝင်းထဲက မျက်လုံးပြူးပြူးကြည့်တတ်တဲ့ ဇီးကွက်မ မျက်ပြူးမ သိမယ်။ တို့ဟာတို့ ဘိုင်ကျတာ သူနှင့် ဘာဆိုင်လို့လဲ။ တို့ဟာတို့ လက်ဖက်ရည်ဆိုင်ထိုင်တာကော သူနှင့် ဘာဆိုင်လို့လဲ။ နှုတ်ခမ်းနီနှင့် မျက်မှန်တဝင်းဝင်း သင်းသိမယ်။

ဂုရုကွေးတို့မှာ ကိုယ့်ရင်ထိုး ကိုယ်မတတ်ကြ၊ တစ်ယောက်နှင့် တစ်ယောက် နာမည်ရင်ထိုးချင်းလဲတတ်ကြသည်။ ဒီနေ့ အဥ္စလီ(ဓနုဖြူ)သည်

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့၌ ကျုံဒါး ကျော်မွန် ဖြစ်နေသည်။ နောက်နေ့တွင် အညာတမာ ဖြစ်သွားပြန်သည်။ ရင်ထိုးတွေ ပြောင်းတတ်တော့ ဘယ်သူက ဘယ်သူ ဆိုတာ မမှတ်မိကြတော့။ နာမည်တွေ မှားခေါ်ပြီး အချင်းချင်း ဟားရသည်မှာ ပျော်စရာ။ သြော်. . . အခုပြန်ရေးရင်းပင် ထိုစဉ်က ညီလာခံကြီးကို သတိရပြီး ပျော်မိသေးတော့. . .

စာပေသမားချင်း ချစ်ခင်ရင်းနှီးကြစေရန် ထမင်းစားခန်းမကြီးတွင် အတူဝိုင်းစားကြသည်။ အမျိုးသား အမျိုးသမီး မခွဲခြား၊ တစ်ဝိုင်းထဲ အတူစားကြသည်။ ကြူကြူသင်းထိုင်သော ဝိုင်းကို ဂုရုကွေးတမင်ဝင်ထိုင်သည်။ ကြူကြူသင်းသည် ဂုရုကွေး ရင်ဘတ်မှ ကလောင်အမည်ကို ကြည့်ပြီး လေးလေးစားစားနေရာပေးသည်။

"သြော်. . . ဆရာငွေမောင်းပါလား။ ထိုင်ပါ၊ ထိုင်ပါ. . ."

ငွေမောင်း ရင်ထိုးကို ဂုရုကွေး ယူတတ်ထားတာ သူမသိ ငွေမောင်းကလည်း မနုဖြူကျော်ထွန်း ရင်ထိုးတတ်ပြီး အရက်ကလေးတမြမြနှင့် တခြားဝိုင်းတွေမှာ တဟားဟား ဖြစ်နေတာ သူမသိ။ ဂုရုကွေးကို တကယ်ငွေမောင်း အစစ်ထင်သွားသည်။

"ဆရာရေးတဲ့ ဝတ္ထုတွေ ရှုမဝမှာ ဖတ်ရတယ်။ ကျွန်မက ဆရာ့ကို ကြီးလှပြီ ထင်ထားတယ်. . . ကျွန်မလောက်ပဲ ရှိသေးတာပဲ"

ဂုရုကွေးက ဇွန်းနှင့် ခရင်းကို အသံမြည်အောင် ခပ်တည်တည် တီးခပ်၍. . .

"တော်တယ်ဆိုတာ အရွယ်နဲ့မဆိုင် ဘူးလေ။ တော်တဲ့လူဟာ တော်ကို တော်တာပဲ. . . ဟဲ. . . ဟဲ. . ."

နှုတ်ခမ်းနီမ အဟုတ်မှတ်သွားသည်။ မျက်မှန်တဝင်းဝင်းမ တကယ်ထင်သွားသည်။ ညနေထမင်းဝိုင်းမှာ ကြူကြူသင်း ထိုင်သောဝိုင်းကို ဂုရုကွေး တမင် ဝင်ထိုင်သည်။

"ဟင်. . . ရှင်. . . ရှင်. . . မနုဖြူကျော်ထွန်း ဖြစ်နေပြန်ပြီ မနက်တုန်းက ငွေမောင်း. . . ဘယ်ဟာ ယုံရမှာလဲ. . ."

ရင်ထိုးအမှန် ပြန်တပ်ထားသော ဂုရုကွေးကို ကြူကြူသင်းက တအံ့တသြ မေးသည်။ ဂုရုကွေးက မနက်ထမင်းစားတုန်းကလို ဇွန်းနှင့်ခက်ရင်းကို မြည်အောင်တီး၍. . .

"ဘယ်ဟာမှ မယုံနဲ့ နက်ဖန်ကျရင် မောင်လွမ်းဝေ ဖြစ်ချင်ဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



သဘက်ခါကျတော့ မောင်ဟသ်ာဖြစ်ချင်ဖြစ်မယ်။ ခင်ဗျားကော ကြုကြုသင်း အစစ်ဟုတ်ရဲ့လား. . . ထိပ်ထား (သာယာဝတီ) ဆိုတာ ခင်ဗျား ဖြစ်ရမယ်"

"မဟုတ်ဘူး. . . မဟုတ်ဘူး. . . ကျွန်မ ကြုကြုသင်းအစစ်. . . ကြုကြုသင်းအစစ်မို့ ရင်ထိုးတတ်ထားတာ မမြင်ဘူးလား. . . "

"မြင်သားပဲ မြင်တိုင်းမယုံဘူး. . . ကျွန်တော်တို့လို ရင်ထိုးလဲတတ်ထားရင် ဘယ့်နှယ် လုပ်မလဲ"

နှုတ်ခမ်းနီမ ဒေါသပုန်ထသွားသည်။ ဖွန်းခက်ရင်းကို ပစ်ချ၍

"ဟဲ့. . . တို့မိန်းကလေးတွေက နင်တို့ယောကျာ်းလေးတွေလို နောက်တာပြောင်တာ မဟုတ်ဘူး. . . ငါကြုကြုသင်းအစစ် နင်ဘယ်သူလဲ. . . "

နင်တွေငါတွေ ဖြစ်လာသည်။ ဖြစ်ပါစေ ဒါမှ ရင်းနှီးမည်။ နင်ငါ သုံးနှုန်းခြင်းမှာ မိုက်ရိုင်းခြင်းမဟုတ်။ သူငယ်ချင်းအချင်းချင်း ရင်းနှီးခြင်း ဖြစ်သည်။

"ငါမနက်တုန်းက ငွေမောင်းလေ. . . နင်ငါ့ကို ဆရာခေါ်ပြီး ရှမဝက ဆရာ့ဝတ္ထုတွေ ဖတ်ဖူးတယ်လို့ ချီးကျူးခဲ့တဲ့ ငွေမောင်းပေါ့. . . ဓနုဖြူ ကျော်ထွန်းဆိုတာက သူများရင်ထိုး ခဏ ယူတတ်ထားတာ. . . "

နှုတ်ခမ်းနီမ အူလည်လည်ဖြစ်သွားသည်။ ဂုရုကွေးကတော့ ခပ်တည်တည်ဖြင့် ရှမဝတွင် ရေးခဲ့သော ငွေမောင်းဝတ္ထုတွေ အကြောင်းကို ရှင်းပြရသည်။ ထိုသို့ အသေးစိပ်ရှင်းပြလေ သူဇဝေဇဝါ ဖြစ်လေ။ ဆရာငွေမောင်း တစ်ယောက် နောက်ချင်ပြောင်ချင်၍ ဓနုဖြူကျော်ထွန်း၏ ရင်ထိုးကို ယူတတ်လာသည် ထင်လေ။

"ငါတို့ကို လက်ဖက်ရည်ဆိုင် အမြဲထိုင်သည်။ ဘိုင်ကျနေသော ကဗျာဆရာများလို့ တီးခဲ့တဲ့ ငတိမတော့ ငါသွားနှောက်လိုက်တာ တော်တော် အူလည်လည် ဖြစ်သွားပြီ. . . "

ထိုအကြောင်း သူငယ်ချင်းတွေကို ပြန်ပြောပြတော့ အားလုံးက မင်းတော်တယ်။ ဒီငတိမကို ငါတို့လည်း ကြည့်မရဘူးဟု ဝိုင်းဝန်းချီးကျူးကြသည်။ တကယ်တော့ ဘိုင်ကျနေသော ကဗျာဆရာများဟု အတီးခံထားရ၍ အားလုံးက ခံပြင်းနေကြသည်။ ဘိုင်ကလည်း တကယ်ကျနေကြသည် မဟုတ်ပါလား။

ကြုကြုသင်းကလည်း မခေ။ တစ်နေ့သောအခါ စာပေနယ်တွင် ထွန်း လက်လာမည့် ကြယ်တစ်ပွင့် ပီသသည်။ ထိုစဉ်က အမျိုးသားစာပေညီလာခံတွင် အကြီးအကဲ တစ်ဦးဖြစ်သော ထီလာစစ်သူကို သွားမေးသည်။ မေးတာမှ

www.burmeseclassic.com

www.burmeseclassic.com



ဂုရုကွေးကို လက်ညိုးထိုးပြပြီး၊ ငွေမောင်းလားဟု သွားမေးခြင်း ဖြစ်သည်။ ထီလာကြီးနှင့် ဂုရုကွေးတို့က သိနေတာ ကြာပြီ။ ထီလာကြီးက နာမည်အမှန်ကို ပြောပြလိုက်သည်။

"ဟဲ့. . . လာစမ်းပါဦး. . . မြတ်လွန်းအတု"

နောက်နေ့ လက်ဖက်ရည်သောက်ချိန်တွင် မြတ်လွန်းရင်ထိုးတတ်ထားသော ဂုရုကွေးကို ကြူကြူသင်းက လာခေါ်သည်။

"ဘာလဲ. . . နွယ်(စစ်တွေ) အတု. . . ဘာပြောချင်လို့လဲ. . ."

"ဘာပြောရမှာလဲ. . . ဓနုဖြူကျော်ထွန်းဆို ဓနုဖြူကျော်ထွန်းပေါ့၊ ငွေမောင်းဆိုလို့ ငါ့မှာတကယ်မှတ်ပြီး ထီလာကြီး သွားမေးတော့မှပဲ ရှင်းတော့တယ် နင်ဘာလို့ နောက်တာလဲ. . ."

"နင့်ကို အမြင်ကတ်လို့ နောက်တာ. . . ဘိုင်ကျနေတဲ့လူတွေကို လက်ဖက်ရည်ဝယ် တိုက်ဖို့တော့ သတိမရဘူး. . . ကဗျာရွတ်ပြီးနှိမ်လို့ ဒေါသဖြစ်ပြီး နင့်ကို လာနောက်တာ. . . ဘယ့်နှယ်လဲ. . . ကဗျာဆရာတွေရဲ့အကြောင်း သိသွားပြီ မဟုတ်လား. . ."

"သိသားပဲ. . . နင်တို့ဘိုင်ကောင်ဆိုတာ"

"လုပ်ပြန်ပလား. . . နင့်ကို ထပ်နောက်ရဦးမလား. . . ငါဟာ ဓနုဖြူ ကျော်ထွန်းတင် မဟုတ်ဘူး နောက်တစ်ခု ရှိသေးတယ်. . ."

"ဘယ်သူလဲ. . . ပြော. . . ပြော. . ."

"ဒီတိုင်း ဘယ်ပြောလို့ ဖြစ်မလဲ. . . မုန့်တစ်ခုဝယ်ကျွေးရမယ်"

"ကျွေးပါမယ် ဟယ်. . . ပြောစမ်းပါ. . ."

ဂုရုကွေးက တိုးတိုးလေးပြောပြတော့၊ နှုတ်ခမ်းနီမက အကျယ်ကြီး ထဟစ်သည်. . .။

"အောင်မယ်လေး. . . ငါခုမှ သိတယ်. . . အဲဒါလည်း နင်ပဲကိုး. . ."

ထိုမှစပြီး ကြူကြူသင်းနှင့် ဂုရုကွေးတို့ ခင်သွားကြတာ ယနေ့ယခု ဤစာမူရေးချိန်အထိ. . . သူသည် ဂုရုကွေးကို နာမည်အပြည့်အစုံ မခေါ်တော့၊ ကွေးကြီး ကွေးကြီးလို့သာ ချစ်စနိုး ခေါ်တော့သည်။

♦ ♦ ♦

သည်လောက် အူမြူးနေမှတော့ တစ်ခုခု ဖြစ်တော့မည်ဆိုတာ သေချာ သည်။ လောကသဘာဝကိုက ရယ်လွန်းအားကြီးလျှင် ငိုရတတ်သည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ပါလော. . .။

သန်လျင် အထည်ချုပ်စက်ရုံဟောပြောပွဲကား တခဲနက် စည်လှ သည်။ တင်ရီမ (ညောင်ဦး)က ကမကထပြု၍ ဂုရုကွေးရယ်၊ ကြူကြူသင်းရယ်၊ ပျဉ်းမနား မောင်နီသင်းရယ် သုံးယောက်သား ဟောကြမည်။ ဟောပြောပွဲ မစမီ အလုပ်ကြပ်တွေက စက်ရုံကို လိုက်ပြသည်။ အလုပ်သမတွေ ချုပ်လုပ်နေကြ တာ ပျော်စရာ အားကျစရာ။

တအောင့်အကြာတွင် သူတို့ပို၍ ပျော်ကြရတော့မည်။ စက်ရုံခန်းမ ကျယ်ကြီးတွင် ဂုရုကွေးတို့ ဟောတော့မည် မဟုတ်ပါလား။ ရန်ကုန်က စထွက် ကတည်းက တစ်ဖွဲ့လုံးတခိခိ ဖြစ်နေသည်။ ဘာမဟုတ်တာလေးနှင့် တဟား ဟား ပွဲကျကြသည်။

"မောင်နီသင်းရေ. . . ရယ်လွန်းအားကြီးရင် ငိုရတတ်တယ်လို့ ငါ ကြားဖူးတယ်။ ဒီနေ့ ဘာများဖြစ်မလဲ မသိဘူး"

"ဘာမှ မဖြစ်ဘူး ဂုရုကြီး. . . စာပေဟောပြောပွဲမှာ ဒါတွေ ဥပါဒါန် ကပ်မနေပါနဲ့. . . ဟောစရာရှိတာဟော၊ ဟားစရာရှိတာဟား၊ စားစရာရှိတာ စား၊ ပျော်ပျော်ပါးပါးပေါ့. . ."

မောင်နီသင်းက မည်မျှ အားပေးသည်ဖြစ်စေ ဂုရုကွေးစိတ်ထဲမှာ ဘာမှန်းမသိသော တစ်ခုခုအတွက် တထင့်ထင့် ဖြစ်နေပြန်သည်။

"သူငယ်ချင်းကွေးကြီး ငါကဗျာတစ်ပုဒ် စပ်လာတယ်"

မဟောပြောမီ ကြူကြူသင်းက ပြောလာသဖြင့်. . .

"နင်က ဝတ္ထုတိုတွေရေး၊ စပယ်တစ်ကုံး ဂမုန်းတစ်ပွင့် ဘာညာကွိကွ ဝတ္ထုတိုပေါင်းချုပ်တွေ ဘာတွေ ထုတ်ပြီး အမျိုးသားစာပေဆုတောင် ရပြီးပြီ ပဲ. . . ဘာအခုမှ ငယ်မူပြန်ပြီး ကဗျာစပ်ရတာလဲ၊ ကဗျာကော စပ်တတ်သေးရဲ့ လား"

"အောင်မယ်. . . နင်က အထင်သေးလိုက်တာ. . . လက်ဖက်ရည် ဆိုင်၊ အမြဲထိုင်သည့် ဘိုင်ကျနေသော ကဗျာဆရာများ၊ ကဗျာကို ရေးလာတဲ့ ကြူကြူသင်းပါဟ. . . ကဗျာလောက်တော့ ဘယ်အချိန် ထရေးရေး ရပါတယ်၊ တော်တော့ ငါရွတ်ပြမယ်"

မိကြူ ဘာကဗျာတွေများ ရေးလာပါလိမ့်. . . မရေးစဖူး၊ အရေးထူး၊ ငယ်မူပြန်ပြီး အချစ်ကဗျာတွေများ ရေးလာလေသလား။ ဆည်မြောင်းဌာနမှ အရာရှိကြီး ကိုသန်းဋ္ဌေးနှင့် အိမ်ထောင်ကျ၍ သားနှစ်ယောက်ပင် ရခဲ့ပြီး၊ သား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အမေ ဖြစ်ခဲ့ပြီ. . . အရွယ်တော်တစ်စိတ် ဟိုင်းသည့် နှစ်ဆယ်ကျော်အစိတ်အပိုင်း ထင်ပြီး အချစ်ကဗျာရေးလာလို့ကတော့ ကိုယ့်ဟောလှည့်တွင် မိကြူကို ကောင်းကောင်းဟား ပစ်လိုက်မည်။

မောင်နီသင်းက အရင် စ,ဟောသည်။ ဟောစမ်းပါဆိုတာ မဟော။ ဝါသနာမပါဘူး ပြောပြီး ရယ်နေသည်။ မောင်နီသင်းကား ထုံးစံအတိုင်း အ, သုံးလုံး ပညာပေးအတွေ့အကြုံတွေကို ဟာသနှောကာ တဝေါဝေါဖြစ်အောင် ဟောနေသည်။ အထည်ချုပ်စက်ရုံက လုပ်ငန်းခေတ္တရပ်ပြီး ဟောပြောပွဲခန်းမ အပြည့်အလျှံ တက်ရောက်အားပေးသည်။ အလုပ်သမားတွေကော အလုပ်သမတွေပါရယ်ရန် အသင့်ပြင်ထားကြသည်။ ဘာမှ မဟုတ်တာလေးကို ဝေါခနဲ ရယ်ကြသည်။

"ကျွန်မ ဒီစက်ရုံဟောပြောပွဲနဲ့ ပတ်သက်ပြီး ဒွေးချိုးကဗျာတစ်ပုဒ်စပ်လာပါတယ်. . . စောစောက ကွေးကြီးကို ကဗျာအကြောင်းပြောပြတော့ နင်တကယ်စပ်တတ်လို့လားတဲ့။ အလုပ်သမားတွေကော ကျွန်မကို အထင်သေးတဲ့ကွေးကြီးပါ နားထောင်ကြည့်ပါ။ ကျွန်မ ရွတ်ပြပါ့မယ်. . ."

မိကြူက သူ့ဟောပြောမှုအစတွင် သူရေးလာသော ဒွေးချိုးကဗျာလေးကို အသံနေအသံထားဖြင့် ရွတ်ပြသည်။ ကဗျာက ကဗျာကောင်းလေးပါ။ အထည်ချုပ်စက်ရုံ ဟောပြောပွဲအကြောင်းကော ဟောသောစာရေးဆရာ သုံးယောက်အကြောင်းပါ စုံအောင်ပါသည်။ မိကြူက အသံကောင်းသည်။ အဆိုတတ်သည်။ အဆိုနပ်သည်။ မြန်မာ့အသံတွင် သီချင်းကြီးတွေ ဆိုလာသည့် ဓါတ်ပြားရ ကြူကြူသင်းပေပဲ။ ဒွေးချိုးဆိုရတာလောက်တော့ ပျင်းတောင် ပျင်းသေး။

မိကြူ ဒွေးချိုးထဲတွင် (သင်းနှစ်သင်း၊ ကွေးတစ်ကွေး) ဆိုသော အသုံးအနှုန်းတစ်ခုပဲ မှတ်မိတော့သည်။ တော်တော်ဟုတ်တဲ့ မိကြူ မောင်နီသင်း၊ ကြူကြူသင်း၊ အီကြာကွေး ဟောသူ သုံးယောက်စလုံးနာမည်ပါအောင် (သင်းနှစ်သင်း၊ ကွေးတစ်ကွေး)တဲ့ ကြံကြံဖန်ဖန် သူမို့ ရေးတတ်သည်။

ကြူကြူသင်းက. . . သူ့ကလောင်အမည် ကြူကြူသင်းဖြစ်ရပုံကို ခေတ်ဟောင်း သီချင်းလေး ဆို၍ ရှင်းပြသည်။

"ကြူကြူသင်းတဲ့ ရွှေနှင်းဆီရယ်၊ သင်းရနံ့ကမွှေးတယ် မခူးရက်စရာကွယ် အထူးပင်လှတယ်။ သူ့ကိုယ်သူပင် ဆူးတွေကိုဆင် နတ်ဥယျာဉ်ဝယ် ရောင်စုံဖူးပွင့်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ် ငြိမ်ကျသွားအောင် ချိုမြသော ချစ်စဖွယ်အသံဖြင့် ဆိုပြီး၊ ရောင်စုံဖူးပွင့်တယ်တွင် ရပ်ပစ်လိုက်သည်။ တစ်ပုဒ်လုံး ဆုံးအောင် ဆက်မဆို။ ဆိုမယ် ထင်ထားသော ပရိသတ်မှာ ဆတ်တငံ့ငံ့ဖြစ်သွားရသည်။ ဒါလည်း ပညာ. . .

"သြော် ကြူကြူသင်း၊ ကြူကြူသင်း ဒညင်းကုန်းက စက်ရုံတစ်ရုံမှာ သွားဟောတော့ စက်ရုံက ကုလားကြီးက စာရေးဆရာမကြီး ကြူကြူမွှေးလို့ ခေါ်တာ ကျွန်တော်သွားသတိရတယ်။ အဲဒီပွဲမှာ ကျွန်တော် သူ့ကို ကြူကြူမွှေး ဆပ်ပြာ ဘာညာနဲ့ နောက်၊ သူကဆဲ မောင်နှမတစ်တွေ ပျော်ဖို့ ကောင်းလိုက်တာ။ ခုလည်း လုပ်ပြန်ပြီ။ (သင်းနှစ်သင်း၊ ကွေးတစ်ကွေး)တဲ့။ ကျွန်တော်တို့ လာတဲ့အဖွဲ့မှာ ဒေါ်တင်ရီမလည်း ပါပါတယ်။ တကယ် ဖြစ်သင့်တာက (သင်းနှစ်သင်း ကွေးတစ်ကွေး မတစ်မ) ဒါမှ စုံတော့မှာပေ့ါ။

စက်ရုံပရိသတ် ပွဲကျသွားသည်။ အရယ်ဆုံးက တင်ရီမ (ညောင်ဦး)။ သူ့နာမည် ထည့်နောက်သဖြင့် အတောမသတ်အောင် ရယ်နေသည်။ သန်လျင်အထည်ချုပ်စက်ရုံ ဟောပြောပွဲကား အထူးအောင်မြင်ပါသည်။ အလုပ်သမားတွေ၊ အလုပ်သမတွေ ရယ်ရ ဟားရလွန်းသဖြင့် အကြောအချဉ်တွေပြေ။ ဟောတဲ့လူတွေလည်း ဟောရ ပြောရ အင်္ကျီတစ်ထည်စီ လက်ဆောင်ရသဖြင့် ဝမ်းသာ။

"ဒီပွဲ အောင်မြင်တဲ့ အထိမ်းအမှတ်အဖြစ် ကျွန်မ ညစာကျွေးမယ်။ ဘယ်ဆိုင်မှာ စားကြမလဲ"

တင်ရီမ (ညောင်ဦး)က ပြောလာသဖြင့် မောင်နီသင်းကော ဂုရုကွေးပါ ရွှေဂုံတိုင်က မေဥယျာဉ်မှာ စားမယ်ဟု တစ်ပြိုင်တည်း ဖြေမိကြသည်။ မေဥယျာဉ်မှာ ကဗျာဆရာ မောင်မင်းယာကြီးကြပ်သည်။ ကဗျာဆရာချင်း ရိုင်းပင်းသည့်သဘောရယ်၊ မောင်မင်းယာနှင့် မတွေ့ရတာကြာလို့ တွေ့ချင်ပြောချင် ဟားချင်သည့် သဘောရယ်၊ နှစ်မျိုးလုံး အကျုံးဝင်သည်။

"ကဲ ကဲ စားကြ၊ အားရပါးရစား၊ ကြိုက်သလောက် မှာစား၊ ဒီနေ့ ကျွန်မ သိပ်ပျော်နေတယ်။ ရှင်တို့လည်း ပျော်တာပဲ၊ ဒီနေ့လောက် ပျော်ရတာ ဒီနေ့ပဲ ရှိတယ်။

အလျှူရှင် တင်ရီမ (ညောင်ဦး)က ပြောတော့ ဂုရုကွေး ရင်လေးသွားသည်။

"သိပ်ပျော်လွန်းအားကြီးတာ မကောင်းဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဂုရုကြီး ပါးစပ်ပိတ်ထားစမ်း ကျက်သရေမရှိ၊ ဘဲသရေမရှိ မကြားချင်ဘူး"

တင်ရီမက ငေါက်လိုက်သဖြင့် ဂုရုကွေး ဆက်မပြောဖြစ်တော့။ မေဥယျာဉ်တွင် မောင်မင်းယာပါ၊ ပါလာသဖြင့် လူပိုစုံလာသည်။ အရက် ပါသောဝိုင်းတွေက ဒါလောက်မဆူ. . . အမျိုးသမီး နှစ်ယောက်၊ အမျိုးသား သုံးယောက် အရက်မပါ။ အချိုရည်သောက် ပြီး ထမင်းသက်သက် စားသောဝိုင်းက ပိုဆူနေသည်။

နောက်နေ့ နေ့လည်ခင်းမြို့ထဲမှာ ကြူကြူသင်းနှင့် တွေ့တော့ မျက်စိမျက်နှာပျက်နေသည်။ မနေ့က ကြူကြူသင်းနှင့် ဒီနေ့ကြူကြူသင်း တစ်ယောက်စီလို့ ထင်ရသည်။

"ကွေးကြီး နင်ဘယ်လောက် ပါသွားသလဲ"

"ခနုဖြူက ငါမွေးခဲ့တဲ့ အိမ်ကြီး မီးလောင်သွားလို့ မြေကွက် ပြန်ရောင်းရတယ်။ အဲဒီခြောက်သောင်းက ဘဏ်မအပ်မိတဲ့ သုံးသောင်း ပါသွားတယ် နင်ကော"

"ငါက နည်းနည်းများတယ်၊ အစ်မကြီး တင်ရီမလည်း နည်းနည်းပါသွားတယ်။ ငါ့ဆီ စောစောလေးကတင် ဖုံးဆက်တယ်၊ နင်ပြောတာ မှန်တယ်တဲ့. . . ဂုရုကြီးတွေ့ရင် ပြောလိုက်ပါလို့ မှာတယ်"

"ဒါပေါ့ဟာ ရှေးစကားရှိသားပဲ။ ပညာရှိများ တွေးကြည့်ရင် ပြေးကြည့်တာထက် မှန်တယ်တဲ့. . . သွတ် သွတ် သွတ် သွတ်"

"အောင်မယ်. . . သေနာက ဒါလောက်ပါသွားတာတောင် သွတ် သွတ် သွတ် သွတ် လုပ်နေသေးတယ်"

"အများနဲ့ ဖြစ်တာပဲ၊ ငါက ဘာတတ်နိုင်မှာလဲ"

ဂုရုကွေးတို့မှာ အထည်ချုပ်စက်ရုံ ဟောပြောပွဲရက်ကို အထူးမှတ်ရန်မလိုတော့ပေ။ ထိုရက်၏ ရှေ့တစ်ရက်သည် စက်ရုံဟောပြောပွဲရက် ဖြစ်ချေသည်။

ဖျာပုံ ဟောပြောပွဲ သွားတုန်းက အဖြစ်များကိုလည်း အထူးမှတ်မိနေသေးသည်။ ထိုပွဲတွင် သင်းနှစ်သင်း ကွေးတစ်ကွေးသာမက စာရေးဆရာမ မိုးမြေပါ ပါခဲ့သည်။ ရန်ကုန် ဆိပ်ကမ်းမှ သင်္ဘောခွာသည်နှင့် အစားတွေစားကြ၊ စကားတွေ များကြ၊ သင်္ဘောဦးခန်းထဲတွင် စိတ်လက်ပေါ့ပါးစွာဖြင့် တဟားဟား လုပ်နေကြစဉ် အတူအခန်းစီးဖက် နယ်ကျောင်းဆရာ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



က

“ဆရာတို့ ပြောတာ နားထောင်ရင်း ကျွန်တော်ကြည်ညိုသွားပြီ”

ဟိုက် ရှာလပတ်ရည် ဂုရုကွေးတို့တတွေ ပေါက်တတ်ကရတွေ ပြောပြီး တဝါးဝါးပွဲကျနေတာကို ထိုနယ်ကျောင်းဆရာက ကြည်ညိုသွားပြီတဲ့. . .

“ကျွန်တော်တို့ ပြောနေတဲ့အထဲမှာ ဘာတွေ ကြည်ညိုစရာပါလို့လဲ ဆရာ. . .”

“ရယ်ရလို့ ကြည်ညိုတာဆရာ၊ ကျွန်တော့်ရွာကို ဖိတ်ပြီး ဆရာတို့ကို ဟောပြောပွဲလုပ်ချင်တယ်”

“လုပ်ချင် လုပ်လေ။ ဒါပေမယ့် ကျွန်တော်တို့ ဖိတ်မယ့်အစား လူရွှင်တော်တွေ ဖိတ်ဖို့ ကောင်းတယ်။ သူတို့က ပိုရယ်ရတယ်”

“ဆရာတို့လည်း ရယ်ရတာပါပဲ။ ကျွန်တော် ကြည့်ဖူးတဲ့ ပွဲထဲက လူရွှင်တော်တွေက ဆရာတို့လောက် မရယ်ရဘူး. . .”

“ဆရာ. . . ညအားတယ် မဟုတ်လား”

“အားပါတယ်၊ မနက်မှ ရွာပြန်မှာ”

“ဒါဆို ညဟောပြောပွဲ ကြွခဲ့ပါ”

ဖျာပုံ ဟောပြောပွဲလည်း ရုံပြည့်ရုံလျှံ ဝက်ဝက်ကွဲစည်သည်။ ဂုရုကွေး စဟောစဉ် ပရိသတ်နောက်ပိုင်းမှ ခုံကျိုးကျသံနှင့် တဝါးဝါး ရယ်သံများကြားရသည်။ မမြင်ရလို့ ခုံခုကြည့်ရင်း ခုံကျိုးကျတာတဲ့၊ ကံကောင်းလို့ လူတွေ ဘာမှ မဖြစ်။ ဖျာပုံပွဲလည်း အထူးအောင်မြင်သော ပွဲကြီးတစ်ပွဲ ဖြစ်ခဲ့ပါသည်။

“ဟဲ့ ကွေးကြီး ငါမဆင်းတတ်တော့ဘူး”

ဖျာပုံကအပြန် ပဲ့ထောင်ပေါ် အဆင်း ကမ်းနဖူးတံတားထိပ်တွင် ကြူကြူသင်း ဒုက္ခရောက်နေသည်။ ရေကျထားသဖြင့် ပဲ့ထောင်နှင့် တံတားထိပ် အလှမ်းဝေးနေသည်။ မမိုးမြေက ခက်ခက်ခဲခဲ ဆင်းလာသဖြင့် ပဲ့ထောင်ထဲ ရောက်နေပြီ။ ကြူကြူသင်း တစ်ယောက်သာ ကျန်တော့သည်။

“ထဘီ ခါးတောင်းကျိုက်ပြီး ခုန်ချလိုက် မြစ်ထဲ ဒါရိုက်ပဲ”

“ကြောက်ပါတယ်ဆိုမှ နင်ကလည်း တစ်မျိုး. . .”

မည်သို့ပင် ဖြစ်စေ ကြူကြူသင်းကိုလည်း ခက်ခက်ခဲခဲဖြင့် ပဲ့ထောင်ထဲရောက်အောင် ဆင်းစေရသည်။ အလာတုန်းက သင်္ဘော အပြန်ကား ကားဖြင့် ပြန်ခဲ့ကြသည်။ ကားပေါ်မှာလည်း ခရီးသည်တွေကြားမှာ ဂုရုကွေးတို့

www.burmeseclassic.com

www.burmeseclassic.com



လူစု ကအသံအကျယ်ဆုံး စကားအများဆုံး အဟားဆုံး. . .

"ဘယ်ဇာတ်ကလဲ ခင်ဗျာ"

"ကျွန်တော်တို့ ဇာတ်က မဟုတ်ပါဘူး။ စာရေးဆရာတွေပါ ဖျာပုံ စာပေဟောပြောပွဲ သွားဟောပြီး ပြန်လာကြတာ။ ရန်ကုန်မှာက တစ်ယောက်နဲ့တစ်ယောက် ဆုံခဲတယ်လေ။ မဂ္ဂဇင်းတိုက်မှာ လက်ဖက်ရည်ဆိုင်မှာ ဆုံရင်လည်း ခဏတစ်ဖြုတ်ပဲ။ စကားဝဝမပြောရဘူး။ ခုလို နယ်ထွက်ရင်း ဆုံကြမှ စကားဝဝပြောကြရတာ။ ရန်ကုန်ရောက်တာနဲ့ ကိုယ့်အလုပ်ထဲ ကိုယ်ဝင်။ မအားကြတော့ဘူး။ အားတဲ့အခိုက် ဆုံတဲ့အခါလေးမှာ ပြောကြရတာမို့ တဟားဟား တဝါးဝါး ဖြစ်နေကြတာပါ။ နားညည်း ရင် သည်းခံပါ"

"မညည်းပါဘူး မညည်းပါဘူး နားထောင်လို့ ကောင်းပါတယ်။ ကျွန်တော်တို့ ရယ်ရတယ်"

မိကြူအမျိုးသား ကိုသန်းဌေး ရာထူးတက်ပြီး စစ်ကိုင်းပြောင်းသွားရသဖြင့် မိကြူနှင့် ဂုရုကွေးတို့ မဆုံဖြစ်ကြတော့ ဟောပြောပွဲတွေမှာ မတွေ့ရတာလည်းကြာပြီ။ တစ်နေ့ တောင်ဥက္ကလာက စာပေတပည့်များနှင့် ဟောပြောပွဲအကြောင်းတွေ ပြောနေကြစဉ် တိုက်တိုက်ဆိုင်ဆိုင် မိကြူထံမှ စာတစ်စောင်ရောက်လာသည်။

စစ်ကိုင်း စာပေဟောပြောပွဲကို နှစ်စဉ်လုပ်နေကြောင်း၊ စစ်ကိုင်းပရိသတ်က ဂုရုကွေးကို နားထောင်ချင် ကြောင်း၊ ဖိတ်ပေးပါ ပြော၍ ဖိတ်ရကြောင်း ဆက်ဆက်လာပါ ကွေးကြီး။

ဟု မိကြူက ရေးထားသည်။ ဟောပြောပွဲရက်က လိုပါသေးသည်။ ဟောပြောပွဲ မတိုင်ခင် ငါးလအလို ဂုရုကွေး မြို့ထဲကအပြန် ဆယ်ရပ်ကွက်ဈေးကားမှတ်တိုင်တွင် အမှတ် (၃၁) ဘတ်စ်ကားကြီး ရှေ့ပေါက်မှ ကျသည်။ ကတ္တရာလမ်းနှင့် နောက်စိနှင့် မရိုက်မိခင် သက်န်းဆိုင်မှ မိတ်ဆွေက ဝင်ထိန်းလိုက်သည်။

သေနေ့မကြုံသေးတော့ ထိုမိတ်ဆွေက ထိုနေရာသို့ အချိန်ကိုက်ပြီး ရောက်နေရသည်။ ဂုရုကွေး မသေအောင် ကယ်ရသည်။ ကံတရားက အဆန်းကျယ်သား။

ကားပေါ်ကကျပြီး ဂုရုကွေး ကျန်းမာရေး ချို့ယွင်းသွားသည်။ အစားမဝင် ညတွင် အိပ်မပျော် တစ်ရက်သက်သာနိုး၊ နှစ်ရက်သက်သာနိုး၊ စောင့်ကြည့်ကုစားရင်း ရက်တွေကြာလာသည်။ လူလည်း ကမ္ဘာ့ဌာန်းခြောက်ရုပ် ပေါက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ သို့ဖြင့် ဆယ့်ခုနှစ်ရက်တိတိ ကြာသွားသည်။

"ဂုရုကြီး အကြီးအကျယ် မမာနေသည်။ သေတော့မည်"

"ဂုရုကြီး နေမကောင်းရင်း ဦးနှောက်ထိခိုက်ပြီး ရူးသွားပြီ၊ စာမရေးနိုင်တော့။ အိပ်ရာထက်မှာ ပက်လက်ဖြင့် သေမည့်ရက်စောင့်နေသည်"

"သတင်းတော့ သွားမေးချင်ပါတယ်။ ရူးနေတယ်ဆိုတော့ ရဲဒင်းနဲ့ ခုတ်မှာ ကြောက်တယ်။ သေမှပဲ မသာပို့တော့မယ်"

စသည်ဖြင့်. . . စသည်ဖြင့် မဂ္ဂဇင်းတိုက်ပေါင်းစုံမှာ. . . လေထန်ကုန်းမှာ သတင်းမျိုးစုံ ဖြန့်နေသည်။ ကိုယ်ကလည်း လှုပ်လှုပ်သာ ရှိသဖြင့် မြို့ထဲ မထွက်နိုင်သေး။ ပေါက်တတ်ကရ ကောလဟာလများကို မရှင်းနိုင်သေး။ တစ်နေ့ မနက်ပိုင်း ဘုရားစင်ရှေ့မှာ ဒူးပေါ် မေးတင်ရင်း ငေါင်းစင်းစင်း ထိုင်နေ စဉ်. . .

အိမ်ရှေ့သို့ ကားတစ်စီး ဆိုက်လာသည်။ကားပေါ်မှ အမျိုးသမီး တစ်ယောက် ဆင်းလာသည်။

"ဘုရား ဘုရား ကွေးကြီး အသက်ရှင်ပါစေ၊ အသက်နှင့် ကိုယ်နှင့် တွေ့ရ ပါစေ ဘုရား ကိုယ်တော်မြတ်ကြီး ကယ်တော်မူပါ။ ကျွန်မ သူငယ်ချင်းကြီး မသေပါစေနဲ့ဦး"

တတွတ်တွတ် ဆုတောင်းရင်း အိမ်ပေါ် တက်လာတာ ဘယ်သူများလဲ မှတ်တယ် စာပေငယ်သူငယ်ချင်း ကြူကြူသင်း. . .

"ဟဲ့ မိကြူ ငါမသေသေးဘူး ရေကူးတတ်တယ်။ ငါဟာ အသက်နှစ်ထောင်ကနေ အသက်သုံးထောင်အထိ ရှည်သွားပြီ ဆိုတာ နင်မသိဘူးလား"

ဂုရုကွေးကို ပိန်ပင်ပိန်လင့်ကစား ငုတ်တုတ်အကြောင်သား တွေ့ရသဖြင့် မိကြူ ဝမ်းသာသွားသည်။

"နင့်သတင်းတွေက မန္တလေး စစ်ကိုင်းအထိ ရောက်လာတယ်။ သေတော့မယ်၊ ရက်ပိုင်းလောက်ပဲ လိုတော့တယ်။ မရတော့ဘူး။ ဘာညာ စုံနေတာပဲ။ ကိုသန်းဌေးဆီက ကားယူပြီး မန္တလေးကနေ ငါဆင်းချလာရတာ။ တစ်လမ်းလုံးလည်း ငိုလာရတယ်။ ငါ့သူငယ်ချင်းကြီး မသေပါစေနဲ့ဦး အသက်ရှင်ရက် တွေ့ရပါစေလို့ ငိုလည်းငို ဆုလည်းတောင်း၊ ခုနင့်မြင်ရမှပဲ ငါစိတ်အေးရတော့တယ်"

"ငါက အသက်ရှည်မှာ၊ တော်တော်နဲ့ သေမှာ မဟုတ်ဘူး။ အလုပ်တွေ အများကြီး လုပ်ရဦးမယ်။ ငြိမ်းကျော် လဲနေတယ် ကြားတယ်။ ငါတော့ မသွား

www.burmeseclassic.com

www.burmeseclassic.com



နိုင်သေးဘူး နင်သွားမေးလိုက်ဦး အခြေအနေ မကောင်းဘူးတဲ့"

"ဟောတော့"

♦ ♦ ♦

"ဟောတော့"

မိကြူအံ့အားသင့်သွားသည်။ ဂုရုကွေး သေတော့မလို ဖြစ်နေသော သတင်းသာ မန္တလေးရောက်သည်။ ငြိမ်းကျော် အိပ်ရာထဲ လဲနေသော သတင်းက မရောက်။ ငြိမ်းကျော်က အိမ်ထဲက အိမ်ပြင် အထွက်နည်းသည်။ အိမ်မှာပဲ စာရေး စာဖတ် နေတတ်သည်။

ဂုရုကွေးက တစ်မျိုး။ ငြိမ်းကျော်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်။ အိမ်ကပ်ချိန် နည်းသည်။ လမ်းမှာ လတ်လျားလတ်လျား လုပ်နေတာ များသည်။ ဟိုတိုက်ထိုင်၊ ဒီတိုက်ထိုင်။ တော်ကြာ လေထန်ကုန်း ရောက်နေလိုက်။ တော်ကြာ ပန်းဆိုးတန်း စာအုပ်အဟောင်းတန်း ရောက်သွားလိုက်။ ဒလက်လည်သလို လှုပ်ရှားနေသည်။

အမြဲတမ်း တွေ့နေကျ ဂုရုကွေးပျောက်နေခြင်းအတွက် ချက်ခြင်း သတင်းပျံ့သွားသည်။ လဲနေပြီတဲ့။ အတွေ့ရနည်းသော ငြိမ်းကျော်လဲနေတာကို တော့ ဘယ်သူမှ သိပ်မသိကြသေး။ မိကြူကိုယ်တိုင် ဂုရုကွေးပြောလိုက်မှ သိသွားပြီး၊ ဟောတော့ ဖြစ်သွားသည်။

"ငါက အသက်ရှည်မယ့်ကောင်။ လူ့ပြည်မှာ ပျင်းအောင်နေရမယ်။ ဒီလူကြီးသေခဲလှ၊ သေခဲလှနဲ့ လူအမြင်ကတ်အောင် နေရမယ်။ ငါဖြစ်ရင် ခံရ တာပဲ။ သေတဲ့အထိ မဖြစ်သေးဘူး။ ငါ့မေးပြီးရင် ငြိမ်းကျော်ကို ဆက်ဆက် သွားမေး။ ငါလည်း လာမေးချင်တယ်။ ပန်လန်လက်နေလို့ မလာနိုင်ဘူးလို့ ပြောပြလိုက်ပါ"

"စိတ်ချ သူငယ်ချင်း ငါပြောလိုက်မယ်"

မိကြူမှာ ဂုရုကွေး သတိပေးလိုက်သဖြင့် ငြိမ်းကျော်ဆီ သုတ်သီးသုတ် ပျာ သွားသည်။ အသက်ထင်ရှား တွေ့လိုက်ရသည်။ စကားတွေ ပြောလိုက်ရ သည်။ ငြိမ်းကျော်ဆုံးတော့ ဂုရုကွေးက လမ်းကောင်းကောင်း မလျှောက်နိုင်။ ဟပ်ထိုး ဟပ်ထိုး ဖြစ်နေသည်။ ယိုင်နေသည်။

သတင်းကြားတာနဲ့ အသက်မီအောင် မန္တလေးက တန်းဆင်းလာခဲ့ ရသော မိကြူ၏ သံယောဇဉ်ကို ဂုရုကွေး သိလိုက်ရသဖြင့် ဝမ်းသာပီတိဖြစ် ရသည်။ စာပေငယ်ပေါင်း ရောင်းရင်းတွေ သိပ်မရှိတော့။ သေကုန်ကြတာတွေ

www.burmeseclassic.com

www.burmeseclassic.com



ကွေးကြီး. . .

နင်နေကောင်းပြီလို့ ငါယူဆတယ်။ စစ်ကိုင်း
မှာ ဟောပြောပွဲ ရှိတယ်။ စစ်ကိုင်း ပရိသတ်ကနင့်ကို
ဖိတ်ပေးပါဆိုလို့ ငါဖိတ်ရတာ။ ငါတို့သောင်းဝေဦးတို့
ကြီးမှူးလုပ်တဲ့ပွဲ။ နင်ဆက်ဆက်လာဟောပေးပါ။ နင့်
ကျန်းမာရေးအတွက် မန္တလေးကို ငါလေယာဉ်နဲ့လာခေါ်
မယ်။ နင် သက်တောင့်သက်သာ ဖြစ်အောင်လို့ပါ။

နင့်သူငယ်ချင်း

ကြူကြူသင်း

များသည်။ ရှိစုမဲ့စု လက်ကျန်တွေချင်း သံယောဇဉ်ကြီးကြတာ မဆန်း. . .။

နေကောင်းလို့ လှုပ်နိုင်ရှားနိုင် သွားနိုင် လာနိုင်တာ ဘာမှ မပြောသေး။ မိကြူထံမှ စာရောက်လာသည်။ လေယာဉ်နှင့်ခေါ်မည် ဆိုတော့ မဆိုးလှ။ လိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ စာရောက်ပြီး တစ်ပတ်အကြာတွင် မိကြူ အိမ်ရောက်လာသည်။ သူ့အမျိုးသား ကိုသန်းဌေးလည်း ပါလာသည်။

"လေယာဉ်လက်မှတ်က ငါလိုတဲ့ ရက်မှာ မရဘူး သူငယ်ချင်း။ နင့်ကို အားနာတယ်။ ရထားအပ်ပါးနဲ့ပဲ ခေါ်ရတော့မယ်။ လိုက်လို့ ရတယ် မဟုတ်လား. . ."

"လေယာဉ်နဲ့ဆိုလို့ ငါကပျော်နေတာ. . . ခုတော့လည်း ရထား အပ်ပါးတဲ့. . . သေလိုက်. . . သေလိုက်"

"နင် ဘယ်သူ့ပြောတာလဲ. . ."

"နင့်ပြောတာ နင့်ပြောတာ။ ငါ့မှာ နလံထတာ ဘာမှမကြာသေးဘူး။ နင်က ရထားတဂျိမ်းဂျိမ်း စီးခိုင်းပြီး နှိပ်စက်ဦးတော့မယ်. . ."

"နင် မလိုက်ဘူးပေါ့. . ."

"ဘယ်က မလိုက်ရမှာလဲ. . . လိုက်မယ် လိုက်မယ်။ ငါက အဖြစ်ကို ပြောတာ. . ."

မိကြူဆဲလိုက်တာ။ မသာတွေ သေချင်းဆိုးတွေ စုံသွားသည်ကို သန်းဌေးက ရယ်နေသည်။ ဤသို့ဖြင့် ဂုရုကွေးမှာ စစ်ကိုင်း ဟောပြောပွဲသို့ လိုက်သွားရသည်။ ရထားပေါ်မှာ အိပ်လို့မရ။ ငုတ်တုတ်အကြောင်သားဖြင့် မိုးစင်စင်လင်းသွားသည်။ မန္တလေးမှာ မနက်စောစောစားပြီး စစ်ကိုင်းကူးသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းမှာ တစ်အောင့်သာနားပြီး ရွာထောင်သို့ ခရီးဆက်သည်။ မီးရထား အလုပ်သမားတွေကို နေ့ပွဲဟောရသည်။

"မိကြူရေ ငါသွေးတွေ တိုးလာပြီ။ စစ်ကိုင်း ညပွဲဟောမှ ဟောနိုင်ပါ့မလား မသိဘူး"

ညက အိပ်ရေးပျက်၊ ခရီးပန်း၊ သည်ကျ မနားရ၊ ဆက်တိုက်ဟောရသဖြင့် ဂုရုကွေး သွေးတွေတိုးလာသည်။ ခေါင်းတွေ ကွဲထွက်မတတ် ကိုက်သည်။ မျက်လုံးတွေ မဖွင့်ချင် အိပ်ရာထဲမှာ ခွေလှဲမှိန်းနေချင်သည်။

"ဒုက္ခပါပဲ။ စစ်ကိုင်းမှာ ငါ့သူငယ်ချင်း ဆရာဝန်တစ်ယောက် ရှိတယ်။ ငါလိုက်ပို့ပေးမယ်"

မိကြူ ပျာပျာသလဲ ဖြစ်သွားသည်။ ကိုသန်းဒွေးလည်း သွေးတိုးရှိသည်။ သွေးတိုးလာလျှင် ဘယ်လိုခံရသည်ဆိုတာ မိကြူသိသည်။ စစ်ကိုင်းက အသိဆရာဝန်ထံ ဂုရုကွေးကို ခေါ်သွားသည်။ ဆရာဝန်က ဆေးထိုးပေးသည်။ သွေးကျဆေးပေးသည်။ ဆီးဆေးပါ ပေးလိုက်သည်။

"တည်းခိုခန်းမှာ ပြန်နားနေတော့ ဟောချိန်နီးမှ ငါလာခေါ်မယ်"

ဂုရုကွေးမှာ တည်းခိုခန်းထဲတွင် တုံးတင်းသရော ခံစားနေရသည်။ ဘယ်အချိန် အိပ်ပျော်သွားမှန်းမသိ။ အိပ်ပျော်သွားသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

"ဂုရုကြီး. . . ဂုရုကြီး. . . "

ခြေရင်းက လှုပ်နှိုးတော့မှ နိုးတော့သည်။ တော်ပါသေးရဲ့။ ဟောပြောခန်းမနှင့် တည်းခိုခန်းက နီးနီးလေးရယ်။ တအောင့်လျှောက်လိုက်ရုံဖြင့် ရောက်သည်။

"ဆရာမ ကြူကြူသင်းက ခေါ်ခိုင်းလိုက်လို့ပါ။ ဟောလို့ရတယ် မဟုတ်လား. . . "

"မရလည်း ရအောင် ဟောရတော့မှာပေါ့ တာဝန်က တာဝန်ကိုး. . "

မည်သို့ပင်ဖြစ်စေ ဂုရုကွေးမှာ သွေးတိုးမကျတကျ ခေါင်းခပ်နောက်နောက်ဖြင့် စစ်ကိုင်းပရိသတ်ကို ဟောရသည်။ ဟောရင်း ဟောရင်း စျာန်ဝင်လာတော့ သွေးတိုးလည်း ဘယ်ရောက်သွားသည် မသိ။ သွေးတိုးခမျာ ချွေးတိုးပေါက်မှ လစ်သွားပုံရသည်။ ဟောလို့ ကောင်းလိုက်တာ။ စစ်ကိုင်းပရိသတ်လည်း တဟားဟား၊ ဂုရုကွေးလည်း တဝါးဝါး. . .

"နေမကောင်းတဲ့ကြားက ခုလို ဟောပေးတာ ကျေးဇူးတင်တယ် သူ

www.burmeseclassic.com

www.burmeseclassic.com



ငယ်ချင်း”

“အစကတော့ နေမကောင်းဘူး၊ ဟောလိုက်တော့ ပူကန်ပွင့်ကြေဖြစ်ပြီး နေကောင်းသွားပြီ. . . ငါဆိုတဲ့ကောင်ဟာ တော်တော်နဲ့ မသေဘူးဆိုတာ နင်ယုံလား. . . ”

“ယုံပါတယ်တော်။ ယုံပါတယ် နင်ရွှေဘို ရောက်ဖူးလား. . . ”

“ရွှေဘိုမရောက်ဖူးသေးဘူး။ အဲဒီမှာ ဟောရမှာလား ရတယ်. . . ”

“နင်က အလကားနေရင်းလည်း ဟောချင်နေတဲ့ ငဟောကြီးပဲ ရွှေဘို က ဟောပြောပွဲသွားမှာ မဟုတ်ဘူး။ ငါ့သား အငယ်ဆီ အလည်သွားမှာ. . . ”

ကြူကြူသင်းမှာ သားနှစ်ယောက် ရှိသည်။ သူ့သားတွေကို သူအတော် ချစ်သည်။ ဟောပြောပွဲတိုင်းမှာ သားနှစ်ယောက်အကြောင်း ထည့်ဟောရတာ အမော။ မိကြူကျေးဇူးဖြင့် တစ်ခါမှ မရောက်ဘူးသော ရွှေဘိုကို ရောက်သွား ရသည်။ ဆရာမကြီး ဒေါ်ခင်ဆွေဦးလည်းပါသည်။ မိကြူမှာ သူ့သားငယ်နှင့် စကားတွေ ဖောင်ဖွဲ့နေသည်။ သားအမိနှစ်ယောက် တတွတ်တွတ်နှင့် တွတ်ထိုး လို့ မဆုံး. . .

“နင့်သား နင်တော်တော်ချစ်တာပဲနော်”

“ချစ်တာပေါ့ဟ၊ နင်က မယားမရှိ သားမရှိ တစ်ကိုယ်တည်းသမား ဆိုတော့ ဒါတွေ ဘယ်နားလည်းမလဲ။ နင်သားရကြည့် အဲဒီတော့မှ နင်သိမယ်”

“အောင်မယ်လေး သားလည်း မရချင်ဘူး၊ သမီးလည်း မရချင်ဘူး. . . ”

မိကြူတို့ ရန်ကုန်ပြောင်းလာသည်။ ကိုသန်းငွေးလည်း ပင်စင်ယူလိုက် ပြီး သူတို့ သန်လျင်မှာ နေကြသည်။ တစ်နေ့ မိုးတွေရွာနေတုန်း အိမ်ရှေ့သို့ ကားတစ်စီးထိုးရပ်လာသည်။ ကားပေါ်မှ ကိုသန်းငွေး ရယ်၊ မိကြူရယ်၊ စာပေ ဗိမာန်က ချိုချိုသန်းရယ်၊ သုံးယောက် ဆင်းလာသည်။ ဂုရုကွေး အိမ်ရှေ့က မြေကွက်လပ်မှာ အုတ်ခဲတွေ ခင်းထားသည်။ မြောင်းကူးတံတားကလည်း ခနော် နီ ခနော်နဲ့. . .။

“လာကြ. . . လာကြ. . . ဘယ်လိုဖြစ်လာကြတာလဲ”

မိကြူကို ကိုသန်းငွေးနှင့် ချိုချိုသန်းတို့က တွဲခေါ်လာသည်။ ရေတွေထဲ ဖြတ်ပြီး အိမ်ပေါ်ရောက်လာသည်။

“သူငယ်ချင်းရယ် ငါ့ကိုကယ်ပါဦး. . . ”

အလို မိကြူ ငိုနေပါလား၊ ပြောရင်းနှင့် ဝမ်းနည်း လာဟန်ထင့်

www.burmeseclassic.com

www.burmeseclassic.com



ထပ် ငိုနေသည်။ ကိုသန်းဌေးကလည်း မှိုင်လို့. . .

"ငိုနေလို့ မပြီးဘူး သူငယ်ချင်း၊ ဘာတွေ ဖြစ်နေတယ်ဆိုတာ ပြောဦး မှပေါ့"

သည်တော့မှ အငိုတိတ်ပြီး သားအငယ်ကောင် ယာဉ်တိုက်မှုဖြစ်၍ အချုပ်ခံနေရကြောင်း ပြောသည်။ ဂုရုကွေး၏တပည့် ရှေ့နေဦးတင်ယု (စာရေးဆရာ ချစ်ကိုကိုယု ဆကာကြီး)နှင့် တွေ့ပေးရန် ပြောသည်။

"မောင်တင်ယု သန်ဘက်ခါ လာလိမ့်မယ်၊ အဲဒီတော့ တွေ့ပေါ့. . ."

"ငါက ခုလောလောဆယ် တွေ့ချင်နေတာ"

"သူက ဆကာကြီးမှာဟ. . . လိုက်ရမှာ ဝေးတယ်။ ဒီကနေ့ ဓနုဖြူ သွား၊ ဓနုဖြူကမှ ဆကာကြီးကို ပဲ့ထောင်နဲ့ တစ်ဆင့်ထပ်သွား. . . ဝေးတယ် နော်"

"ဝေးပေစေ ငါလိုက်သွားမယ်"

မိခင်တစ်ယောက်၏ သောကကို ဂုရုကွေး မြင်ရသည်။ သားသမီး အပေါ်ထားရှိသော သံယောဇဉ်ကို သဘောပေါက်ရသည်။ မိကြူသည် ဂုရုကွေးနှင့် လာတွေ့ပြီး ဓနုဖြူသို့ ချက်ချင်းလိုက်သွားသည်။ သည်တုန်းက ဗိုလ်မြတ်ထွန်းတံတား မပြီးသေး။ ညောင်တုန်းဇက်ဆိပ်မှ စက္ကော့ကိုကူး၊ စက္ကော့ မှ ဓနုဖြူ၊ ဓနုဖြူမှ ဆကာကြီး၊ မိုးထဲလေထဲတွင် ဓနုဖြူအထိ အိမ်ကကားဖြင့် သွားပြီး၊ ဟိုကတစ်ဆင့် ဆကာကြီးအထိ ပဲ့ထောင်ဖြင့် လိုက်သွားသည်။ သား အပေါ်မှာ ထားရှိသည့် သံယောဇဉ် ချစ်မေတ္တာနှင့် ဇော. . .။

ဆင်မလိုက် သင်္ဘောကျင်း ဟောပြောပွဲတွင် မိကြူနှင့် ဆုံရသည်။ ထိုပွဲပြီးတော့ စက်ရုံမှ ကားဖြင့် သန်လျင်လိုက်ပို့ပေးသည်။ အိမ်ကျတော့ ခပ်ဖိုင့်ဖိုင့် လူငယ်တစ်ယောက်ကို ပြပြီး. . .

"နင်သူ့ကို မှတ်မိသလား. . ."

"မမှတ်မိဘူး. . ."

"ငါ့သား အငယ်ကောင်လေ ရွှေဘိုတုန်းကတောင် ယာဉ်တိုက်မှုဖြစ်ပြီး ခဏဝင်သွားရတဲ့ကောင်၊ ခုတော့ အားလုံးပြီးသွားပါပြီ။ သူအိမ်ထောင်ကျနေပြီ၊ အဲဒါ သူ့ဇနီး. . ."

ဓနုဖြူ လိုက်မည်ဟု လာပြောတုန်းက တငိုငိုဖြစ်နေသော ကြူကြူသင်းကို ပြန်သတိရသည်။ သည်တုန်းက ဆွဲချလိုက်သလို ပိန်ချုံးကျသွားသော ကြူကြူသင်းနှင့် ယခုပြုံးပြုံးရွှင်ရွှင် ဝဝဖြိုးဖြိုး ဖြစ်နေသော ကြူကြူသင်း၊ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် မိဘမဖြစ်ဖူးသော်လည်း မိဘတစ်ယောက်၏ မေတ္တာကို ကိုယ်စားဝင်ခံစားကြည့်မိသည်။ ခုတော့လည်း သူ့ခမျာ သားအတွက် စိတ်အေးရပြီ။ ပျော်နိုင်ပြီ. . . မဟုတ်ပါလား. . . ။

"နင့်ကို ငါစိုက်ထားတဲ့ ဟော်လန်သံပုရာတွေ ခူးပေးလိုက်မယ်။ အိမ်မှာ ဖျော်ရည်ဖျော်သောက်. . . အမောအပန်းပြေတယ်. . . "

"အားနာစရာကြီးဟာ. . . ခူးမယ့်ခူး တစ်ပင်လုံး ကုန်အောင်ခူး. . . "

သားငယ်ကလည်း အာလူးကြော်၊ ငါးမုန့်ကြော် လုပ်ငန်းလုပ်နေသည်။ ဂုရုကြီး စားဖို့ဆိုပြီး မုန့်ထုပ်တွေ ပေးလိုက်သေးသည်။ ဂုရုကွေးတို့ တတိယအရွယ်သို့ ရောက်နေကြပြီ။ ဘဝ၏ ပထမအရွယ်၊ ဆယ်ကျော်သက်တုန်းက တဖောင်းစေးနဲ့ မျက်ချေးလို ကြည့်မရရှုမရသူများ ဒုတိယအရွယ် တတိယအရွယ်တို့တွင် သံယောဇဉ်ကြီးမားသော စာပေငယ်ပေါင်းတွေ ဖြစ်လာကြသည်။

"နင်တော်တော် ရေးနိုင်တာပဲနော် ကွေးကြီး"

"ငါက အချိန်ပြည့် စာရေးနေတဲ့ စာရေးဆရာ အစစ်လေ။ စိတ်ကူးရမှ ထရေးတဲ့ စာရေးဆရာမဟုတ်ဘူး. . . ။ နင်စာရေးနည်းနေတယ် မိကြူ. . . ငယ်ငယ်တုန်းကလို များများရေးစမ်းပါဟာ. . . "

"ငါ့မှာ တခြားတာဝန်တွေ ရှိသေးတယ် ကွေးကြီး၊ နင့်လို စာချည်းဖိရေးလို့ ရတဲ့ အနေအထား မဟုတ်ဘူး. . . ၊ ငါ့ချစ်ချစ်ကြီး ကိုသန်းငွေကို ပြုစု၊ မြေးတွေ ထိန်းရ. . . "

"တော် တော် တော် တော့. . . "

ဝါမိုးအောင် စာပေပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနား

စင်မြင့်ပေါ်တွင် ပဝါစုံချထားသော အမျိုးသမီးတစ်ယောက် တေးထပ်ဆိုနေသည်။ စောင်းနှင့် ပတ္တလားက အဆိုကို ပံ့ပိုးပေးသည်။ ဂုရုကွေးသည် ဂီတပညာရှင် မဟုတ်ပါ။ သို့သော်ဂီတကို ငယ်စဉ်ကလေးဘဝကတည်းက ဝါသနာပါသည်။ ဆိုင်းသံကြားလျှင် ဆိုချင်သည်။ ကချင်သည်။ မဆိုရ မကရသည့်တိုင် အနည်းဆုံးစည်းလေးတော့ လိုက်နေရမှ နေပျော်သည်။ နေတတ်သည်။ အဲသလောက် ဝါသနာကြီးတဲ့ကောင်။

အသက်ကြီးလာသည့်တိုင် ဝါသနာက ငယ်မသွား။ အသက်နှင့်အတူကြီးနေတုန်း ရှိသေးသည်။ ထိုနေ့က တေးထပ်ဆိုနေသော အမျိုးသမီးကို စိတ်တွင်းမှ ချီးကျူးမိသည်။ အသံကောင်းသည်။ ဆိုဟန်ဆိုပေါက် ကောင်းသည်။ ဌာန်၊ မာန်၊ မှင်၊ မောင်းပြည့်သည်။ တေးထပ်ကို တေးထပ်ပီပြင်အောင် ဆိုနိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။

အဆိုရှင်မှာ စင်ပေါ်မှ ဆင်းလာတော့ ကြူကြူသင်း ဖြစ်နေသည်။ မိကြူသည် ကာလပေါ်သာမက ခက်ခဲနက်နဲသော ကြိုးဘွဲ့သီချင်းကြီးများကို လည်း ပီပြင်အောင် ဆိုနိုင်သည်။ မြန်မာ့အသံမှ မကြာခဏ အသံလွှင့်သည်။ ဓာတ်ပြားရ အဆိုတော်လည်း ဖြစ်သည်။ စာပေသာမက ဂီတပါ စွယ်စုံရသော အဟောကောင်း အပြောကောင်း သူငယ်ချင်းကို ကြည့်ကာ ပထမအကြိမ် ကမ္ဘာအေးကုန်းမြေ စာပေညီလာခံတုန်းက နှုတ်ခမ်းနီနှင့် မျက်မှန်တဝင်းဝင်း ကောင်မလေးကို သတိရသည်။

ထိုကောင်မလေးသည် တတိယအရွယ်၊ မြေးရသည်အထိ သွက်လက်ဆဲ၊ ထက်မြက်ဆဲ၊ တက်ကြွဆဲ၊ အားမာန်ပြည့်ဆဲ၊ ကြူကြူသင်းကို ကြည့်ရင်း. . . ပွင့်ဖတ်တွေ နွမ်းစပြုနေသော်လည်း ရနံ့သင်းနေသော နှင်းဆီတစ်ပွင့်ကို မြင်ယောင်လာသည်။

သောကြာစာစောင်
အမှတ် (၄၅၀)၊ ဖေဖော်ဝါရီလ၊ ၂၀၀၁- ခုနှစ်
အမှတ် (၄၅၁)၊ မတ်လ၊ ၂၀၀၁- ခုနှစ်
အမှတ် (၄၅၂)၊ ဧပြီလ၊ ၂၀၀၁- ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



## မင်းသိခ်

### မင်းသိခ်နှင့် ကမ္ဘသကာ

တစ်နေ့သ၌ ကျွန်ုပ်သည် လွန်စွာပျင်းရိသဖြင့် စာမရေး စာမဖတ်ဘဲ ပက်လက်ကုလားထိုင်ပေါ်တွင် ကျောစန့်ကာ ရှေးဖြစ်နောက်ဟောင်းများကို တွေးတောလျက် ရှိလေ၏။ နွေရာသီကား ပူလှပါဘိတောင်း။ ပူပြင်းလွန်းလှသဖြင့် (တယ်ပူတဲ့နွေ. . . တယ်ပူတဲ့နွေ ဂျေဂျေ. . . တက်ဂျေး. . . တက်ဂျေး) ဟု နွေရာသီကို ဂုဏ်ပြုသော်ကာ ပါးစပ်ဆိုင်းကလေးများပင် တီးချင်စိတ်ပေါက် လာလေ၏။

"ဂုရုကြီးတို့ မြို့ထဲသွားတယ် မှတ်နေတာ လက်စသတ်တော့ အိမ်ဘေးက သစ်ပင်ရိပ်မှာ ပက်လက်ကုလားထိုင်နှင့် ငြိမ့်နေတာကိုး. . ."

လေလေးတဖြူးဖြူးနှင့် ဇိမ်ကျကာ တွေးတောလို့ ကောင်းနေစဉ် ကျွန်ုပ်၏ မိတ်ဆွေ ဟာကြူလီ ငပျော့ ရောက်လာ၍ အထက်ပါအတိုင်း ပြောလေရာ၊ ကျွန်ုပ်ကလည်း အောက်ပါအတိုင်း ပြန်၍ ပြောလိုက်ရလေ၏။

"အိုင်ဆေး ကိုနှင်းမောင် (အဲလေ) ကိုပျော့ ထိုင်လေဗျာ. . . စားလို့

www.burmeseclassic.com

www.burmeseclassic.com



သောက်လို့ ပြီးခဲ့ပြီလား. . . မပြီးခဲ့ရင်လည်း ထမင်းဆိုင်သွားစားပေတော့ ကျုပ်လည်း မနက်က သပိတ်သွတ်တဲ့အိမ်က မုန့်ဟင်းခါး အဝတီးလာလို့ ထမင်း မချက်ဖြစ်ဘူး. . . ။

ကိုငပျော့လည်း လွတ်နေသော ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်ရင်း ကျွန်ုပ်အား ပြုံးပြကာ. . .

"ကားပွဲစား မိတ်ဆွေတစ်ယောက်က ဒကာခံလိုက်လို့ မနက်စာ တစ်နပ်တော့ ပြီးသွားပါပြီ။ ညစာတော့ ဂုရုကြီးအိမ်မှာပဲ နှိပ်ရတော့မှာပဲ. . . "

"ရပါတယ်. . . ရပါတယ် ကျုပ်လည်းဒီညစာ ဘယ်သူ့အိမ်သွားနှိပ် ရကောင်းမလည်း စဉ်းစားနေတာ. . . ကျုပ်သွားနှိပ်မယ့် အိမ်ကို ဧည့်မြှောင် အဖြစ် အိုင်ဆေး ကိုငပျော့ လိုက်စားပေ့ါဗျာ. . . သွတ်. . . သွတ်. . . သွတ် . . . သွတ်. . . ။

ဟာကြူလီ ကိုငပျော့သည် ကျွန်ုပ်အိမ်ကို ရောက်လာတိုင်း ကာတွန်း စာအုပ်များကို ရှာဖွေ ဖတ်ရှုလေ့ရှိသည်။ ကျွန်ုပ်အတွက် လက်ဆောင်ရသော ကာတွန်းစာအုပ်များကို ကျွန်ုပ်မဖတ်ရသေးခင် သူအရင်ဆွဲယူ ဖတ်တတ်၏။

"ဂုရုကြီး. . . ဘာကာတွန်းများ လက်ဆောင်ရထားသေးသလဲ. . . "

"ကာတွန်းသော်ကရဲ့ အမေ ကာတွန်းစာအုပ်တစ်အုပ်တော့ ရထား တယ်။ ဒါပေမဲ့ အိမ်ရှေ့အိမ်က ငှားသွားတာ ပြန်မရသေးဘူး. . . ဒီမှာ အိုင်ဆေးကိုငပျော့. . . ဟာရှုပ်ပါတယ်။ အိုင်ဆေးတွေ သိပ်များနေရင် နေ ကလဲ ပူပါဘိသနဲ့ အိုင်ထဲမှာ ဆေးစရာ ရေမကျန်ဘဲ ဖြစ်နေတော့မယ် ဘာ ကာတွန်းမှ မရှိဘူးဗျာ. . . "

"ဖတ်စရာ ကာတွန်းမရှိရင်လည်း သဗ္ဗေ သတ္တာ ကမ္ဘသကာပေ့ါ ဂုရု ကြီး. . . သွားတော့မယ်. . . "

ကိုငပျော့တစ်ယောက် ပြောပြောထထဖြင့် ထိုင်ရာမှ ထကာ မဝေး မလှမ်းရှိ သူ၏နေအိမ်သို့ ပြန်သွားလေ၏။ **သဗ္ဗေ သတ္တာ ကမ္ဘသကာ၊ သဗ္ဗေ သတ္တာ ကမ္ဘသကာ** ထိုစကားလုံးများသည် ကျွန်ုပ်၏နားဝတွင် ပဲ့တင်ရိုက်ကာ ကျန်ခဲ့လေ၏။

ဟိုက် ရှာလပတ်ရည် ကျွန်ုပ်၏ စိတ်အစဉ်ကားမရည်ရွယ်ဘဲ အတိတ် ဆီသို့ ပြန်ပြေးနေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေ၏။ ပြေးစမ်း၊ ပြေးစမ်း နင်ဘယ်လောက် ပြေးနိုင်မလဲ၊ ပြေးနီးကိစမ်းဟု စိတ်အစဉ်ကို လွှတ်ပေးလိုက် ရာ နှစ်ပေါင်းနှစ်ဆယ်ကျော် ခရီးကို နောက်ကြောင်းပြန်၍ ပြန်ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



လေသတည်း. . .

ကျွန်ုပ်၏ စာပေဘဝခရီးတွင် ကျောက်မြောင်းမပါက ပြီးပြည့်စုံမည် မဟုတ်ပေ။ ရပ်ကွက်မှာ လွန်စွာကျယ်ဝန်းလှသဖြင့် ကျောက်မြောင်းသားများသည် သူတို့၏ ရပ်ကွက်ကြီးကို (ကျောက်မြောင်းကြီး) ရပ်ကွက်ဟု ဂုဏ်တင်၍ ခေါ်ကြလေ၏။

ထိုစဉ်က မဂ္ဂဇင်း စာစောင်တိုက် အတော်များများလည်း ကျောက်မြောင်းကြီး ရပ်ကွက်အတွင်းတွင် တစ်စုတစ်ဝေးကြီး ရှိကြသည်။ ဇဗ္ဗုလလမ်းတွင် ပြည်သူ့ရုပ်ရှင်၊ သစ်ဆန်းစာစောင်၊ သင်္ဂဟလမ်းတွင် တိုင်းရင်းမေ၊ သြဘာလမ်းတွင် မေမဂ္ဂဇင်း နောက် သောကြာစာစောင်၊ အောင်မင်္ဂလာလမ်းတွင် ရုပ်ရှင်မျက်မှန်၊ အောင်မင်္ဂလာလမ်းထိပ် ဘိုလိန်းလမ်းမကြီးပေါ်တွင် ဗမာ့ ရုပ်ရှင်အသီးသီး ရှိကြလေ၏။

ကျွန်ုပ်သည် စာရေးခြင်းအလုပ်မှလွဲ၍ တခြားဘာအလုပ်မှ မလုပ်ခဲ့. . . စာရေးဆရာပေါက်စအဖြစ် ကျောက်မြောင်းကြီး ရပ်ကွက်တွင်းရှိ မဂ္ဂဇင်းတိုက်များတွင် တစ်တိုက်ဝင် တစ်တိုက်ထွက် နေ့စဉ်သွားလာလျှက် ရှိလေ၏။ ထိုစဉ်က လက်ဖက်ရည်တစ်ခွက် တစ်မတ်၊ နံပြားတစ်ချပ် ဆယ်ပြား၊ ထမင်းအဝစား တစ်ကျပ် စာမူခတစ်ဆယ်၊ ဆယ့်ငါးကျပ်ကို အတော်လေးကြာအောင် သုံးရ၏။

သုံးရတာ မကုန်သဖြင့် ဒေါသဖြစ်ကား မြန်မြန်ကုန်အောင် လမ်းဘေးမှ စာအုပ်အဟောင်းများကို ဝယ်လိုက်ရသည်။ စာအုပ်ဟောင်းများကလည်း ပေါမှပေါ။ ပလက်ဖောင်းပေါ်တွင် တောင်ပုံရာပုံ ပုံထားသည်။ ဈေးနှုန်းက ၅၅ပြား ပြား ၅၀၊ ခုနှစ်ဆယ့်ငါးပြား တစ်ကျပ်ဆိုသော စာအုပ် အလွန်ရှားသည်။ အားလုံးပေါပေါပဲပဲနှင့် ရသည်ကို မှတ်မိသေးတော့။

ကျောက်မြောင်းကြီးရပ်ကွက်ထဲတွင် မဂ္ဂဇင်းတိုက်တွေ ရှိသလို ကျွန်ုပ် အလွန်ခင်မင်သော သူငယ်ချင်း တစ်ယောက်လည်း ရှိလေ၏။ ထိုသူငယ်ချင်းမှာ ခင်မောင်သိန်းဟု ခေါ်တွင်၍ အလွန်စကားရှည်၏။ သူရာရည်ကလေးများ ဝင်သွားပါက မပြီးနိုင်။ မရိုးနိုင်အောင် စကားရှည်လေတော့သည်။

ကျွန်ုပ်နှင့် ခင်မောင်သိန်းမှာ များစွာရင်းနှီးသော သူငယ်ချင်းများ ဖြစ်၍ တစ်နေ့ သူမူးနေစဉ် (ပြောမဆုံးပေါင် တောသုံးတောင် ဆိုရိုးမှာ မင်းကိုများ ပြောတာလားဟု နောက်မိ၏။ ထိုအခါ အဆိုပါ ခင်မောင်သိန်းသည် များစွာ စိတ်ဆိုးသွားပြီး ဟော့ကောင် ရိမနေနဲ့ သတ္တိရှိရင် ချမလားဟု ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



အား စိန်ခေါ်၏။ ကျွန်ုပ်သည် သူငယ်ချင်းချင်း အချင်းမများလိုသဖြင့် ငြိမ်နေလိုက်ရသည်။ သို့မဟုတ်ပါက ဓနုဖြူသား သတ္တိကို ပြလိုက်လျှင် အရပ်ပုသော ခင်မောင်သိန်းမှာ ပို၍ အရပ်ပုပြီး မြေကြီးထဲသို့ ဝင်သွားမည် ဖြစ်သည်။

ကျွန်ုပ်၏ အလုပ်ကား စနေ၊ တနင်္ဂနွေ မဂ္ဂဇင်းတိုက်တွေ ပိတ်ရက်မှလွဲ၍ ကျန်ငါးရက်တွင် လွယ်အိတ်တစ်လုံး လွယ်ကာ တိုက်ပေါင်းစုံသို့ လျှောက်သွားခြင်းဖြစ်သည်။ စာမူ ပို့စရာရှိကပို့ စာမူခထုတ်စရာရှိကထုတ် ထိုသို့ မဟုတ်လျှင်လည်း အယ်ဒီတာများနှင့် လေပန်း အလုပ်ကြီးအကိုင်ကြီးသမား ကျွန်ုပ်မှာ ထိုအလုပ်များကိုမှ မလုပ်ရလျှင် သေဖွယ်ရာသာ ရှိလေ၏။

မနက်ထမင်းစားပြီးသည်နှင့် ကျွန်ုပ်မှာ ဇောင်းမှ လွတ်သည့်မြင်းကဲ့သို့ တကြွကြွ ဖြစ်နေ၏။ ကျောက်မြောင်းကြီးရပ်ကွက်သို့ သွားချင်လှပြီး (ဟေ့ ကောင် မောင်ကွေး ဇဟိ ဇဟိ လာလှည့် လာလှည့်) ဟု ညို့ခေါ်နေသယောင် ခံစားရသည်။ ညို့ခေါ်နေသံကို ကြားရသည်ဟု ထင်လာသည်။

သို့ဖြစ်ရကား ကျွန်ုပ်အပေါ်တွင် အမြဲတမ်း သစ္စာရှိခဲ့၍ လုံခြုံမှုပေးခဲ့သော ဦးသော့ကို အိမ်အပ်ကာ ကျောက်မြောင်းကြီးရပ်ကွက်သို့ ထွက်ခွာလာခဲ့၏။ ဘတ်စ်ကားကြီးပေါ်တွင် ဆုံမိသော တောင်ဥက္ကလာပသားက (ဆရာကြီးကတော့ အချိန်မှန် ရထားကြီးပဲ ကျောက်မြောင်းလား။ မြို့ထဲလား) မေးကြသဖြင့် (ကျောက်မြောင်းရော၊ မြို့ထဲရောပဲ) ဟု ပြီးလွယ်စီးလွယ် ဖြေခဲ့ရလေ၏။

နွေနေကား ပူပြင်းလှပါဘိ။ ကျွန်ုပ်သည် ဦးထုပ်ကလေး တစ်လုံးဖြင့် နေပူရှိန်ကို ကာကွယ်ကာ ကားမှတ်တိုင်အရောက် သုတ်သုတ်လျှောက်ရလေ၏။ ကံအားလျော်စွာ ကားချောင်သဖြင့် ကားပေါ်တွင် နေရာ ရလေ၏။ ကားပြတင်းပေါက်မှ လမ်းဘေးတစ်လျှောက် ငေးမောရင်း၊ ကား၏ သယ်ဆောင်ရာသို့ လိုက်ပါလာခဲ့ရာ၊ ရတနာဈေးမှတ်တိုင်အရောက်တွင် ကျွန်ုပ်၏ ပခုံးကို နောက်မှ လှမ်းပုတ်ခြင်းခံလိုက်ရလေသည်။

"ဟေ့ကောင်. . . ကွေးကြီး. . . စားပြီးပလား"

တောင်ဥက္ကလာတွင် ကျွန်ုပ်အား ကွေးကြီးဟု ခေါ်ဝံ့သူမရှိပေ။ ဆရာကွေး ဆရာကြီးကွေးဟုသာ ခေါ်လေ့ရှိကြသည်။ နောင်တစ်ခါတွင်မှ ဂုရုကွေး ဂုရုကြီးဟု သူတို့ ခေါ်ကြသည်။ ကွေးကြီးဟု ခေါ်သူအား ပြေးတီးရန် လှည့်ကြည့်လိုက်ရာ ကျွန်ုပ်၏ နှုတ်ဖျားမှ ဟိုက်ရှာလပတ်ရည်ဟု အလန့်တကြားထွက်သွားရလေ၏။ ခေါ်သူကား အခြားသူမဟုတ် ကျောက်မြောင်းကြီးရပ်ကွက်မှ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ သူငယ်ချင်း ခင်မောင်သိန်း ဖြစ်နေလေသတည်း. . .။

"အောင်မယ်. . . မင်းဉက္ကလာကို လာလည်တာလား"

"လာလည်တာ မဟုတ်ဘူး သူငယ်ချင်း ငါရှစ်ရပ်ကွက်မှာ ရောက်နေတယ်။ ဦးတင်အောင် (ကရမက်)တို့နားမှာ အိမ်ခန်းငှားနေတယ်။

ခင်မောင်သိန်းသည် ကျောက်မြောင်းတွင် နေလိုက် တောင်ဉက္ကလာတွင်နေလိုက် အလွန် ယာယီများသူ ဖြစ်သည်။ယခု ရှစ်ရပ်ကွက်သို့ ရောက်နေပြန်ပြီ။

"မင်းဘယ်လဲ. . . မြို့ထဲလား. . ."

"မြို့ထဲမဟုတ်ဘူး ကျောက်မြောင်းသွားမှာ အဘိုးကြီးက ပြန်ခေါ်ထားလို့ မဂ္ဂဇင်း ပြန်ကိုင်ပေးရနေတယ်။ မင်းကြုံရင် ဝင်ခဲ့ စာမူလည်း ရေးပေး. . ."

"အေး. . ရေးပေးမယ်"

ခင်မောင်သိန်းမှာ ရုပ်ရှင်မျက်မှန် ဦးအောင်သိန်း၏ သားဖြစ်သည်။ မောင်ရွှေစွန်အမည်ဖြင့် ကဗျာများ၊ ဝတ္ထုတိုများ ရေးသည်။ ပေပေတေတေ လူငယ်ပညာပေး ဝတ္ထုဖြင့် စာပေဗိမာန်ဆုရထားသူလည်း ဖြစ်သည်။ ရုပ်ရှင်မျက်မှန်မှာ သက်တမ်းရှည် မဂ္ဂဇင်းဖြစ်၍ ခင်မောင်သိန်းသည် ခဲစာလုံးများကြား၌ ကြီးပြင်းခဲ့သူဖြစ်သည်။ သူသည် မဂ္ဂဇင်းလုပ်ငန်းကို ကုလားမချေးတွန်းအောက်ခြေသိမ်းနားလည်သည့် လက်တွေ့လုပ်ကိုင်ရင်း အောက်သက်ကြေခဲ့သူလည်း ဖြစ်သည်။

တစ်ခါတည်း လိုက်ခဲ့ပါလား. . . အဘိုးကြီးကလည်း မင်းမလာတာကြာလို့ မေးနေတယ်. . .

အဘိုးကြီးဆိုသည်မှာ သူ့ဖခင် ရုပ်ရှင်မျက်မှန် ဦးအောင်သိန်းကို ဆိုလိုသည်။ ကျွန်ုပ်သည် ရုပ်ရှင်မျက်မှန်တွင် ဘိုင်စကုတ် ဟာသများကို မကြာခဏ ရေးလေ့ ရှိသည်။ ဇာတ်သဘင်အကြောင်းဟာသ ဝတ္ထုတိုများကိုလည်း အလျဉ်းသင့်သလို ရေးသည်။ ထိုစဉ်က မဂ္ဂဇင်းများတွင် ဇာတ်သဘင်သည် ကဏ္ဍကို လစဉ်ထည့်ပေးသည်မှာ ရုပ်ရှင်မျက်မှန် မဂ္ဂဇင်းတစ်စောင်သာ ရှိသည်။ ရုပ်ရှင်မျက်မှန် မဂ္ဂဇင်းသည် စာပေနှင့် ရုပ်ရှင်သာမက ဇာတ်သဘင်အပေါ်တွင်လည်း တာဝန်ကျေခဲ့သည်။

"မလိုက်သေးဘူးကွာ ကဗျာတွေ ရွေးရဦးမယ်။ ကဗျာ့ပွဲခင်းသာလည်း ရေးရဦးမယ်။ စာမူရေးပြီးပြီး- မပြီးပြီး လမ်းကြုံတာနဲ့ ငါဝင်ခဲ့မယ်။ မင်းအဘိုးကြီးကို ရုပ်ရှင်မျက်မှန်ကို စည်တော်မယွန်းဘဲ ငါကြွချီလာမယ်ဆိုတဲ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြိုပြောထားလိုက်. . . ”

“အေး. . . အေး. . . မင်းမှာတဲ့ အတိုင်း အတိအကျပြောလိုက်မယ်။ အဘိုးကြီးက မင်းကို ကြိုဆဲထားမှာ မြင်သေးသကွာ”

ကျွန်ုပ်သည် နီးသော ကျောက်မြောင်းဈေးမှတ်တိုင်တွင် ဆင်းကျန်ခဲ့သည်။ မောင်ရွှေစွန်ကား ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းတိုက်ရှိရာ အောင်မင်္ဂလာမှတ်တိုင် အထိ ဆက်လက်ပါသွားလေ၏။ ကျွန်ုပ်နှင့်မောင်ရွှေစွန်မှာ ကျောက်မြောင်းတွင် မဆုံသော်လည်း တောင်ဥက္ကလာပတွင် မကြာခဏဆုံမိကြသည်။ ဆယ်ရပ်ကွက်ဈေးရှေ့မှာ တွေ့လိုက် ပဒေသာရုပ်ရှင်ရုံရှေ့မှာ ဆုံလိုက် စာတိုက်ထောင့် လက်ဖက်ရည်ဆိုင်မှာ ပက်ပင်းတိုးမိလိုက်. . .

“ဟေ့ကောင် မင်းကို အဘိုးကြီးဆဲနေပြီ. . . ပင်တိုင်တစ်ခန်းရေးခိုင်းမယ်ပြောလည်း ပြောနေတယ်. . . ဘယ်တော့လာမှာလဲ. . . ”

“လာမယ်ကွာ ကျောက်မြောင်းက အလုပ်က တစ်မျိုး မြို့ထဲက အလုပ်ကတစ်ဖုံ အလုပ်တွေ ဆုံကျနေလို့ပါ လာမယ်”

ကျွန်ုပ်သည် လာမယ် လာမယ်နှင့် ကြာတယ်ကြာတယ် ဖြစ်နေသည်။ ရုပ်ရှင်မျက်မှန်သို့ မရောက်နိုင်သေးပေ။ ရောက်မည့် ရောက်တော့လည်း လုံးဝမမျှော်လင့်ဘဲ ရောက်သွားသည်။ ထိုနေ့က သောကြာစာစောင် ဦးမောင်ကလေးထံမှ စာမူခ ဆယ့်ငါးကျပ် ထုတ်ပြီး ဘယ်ဆက်သွားရကောင်းမလဲ စဉ်းစားလိုက်စဉ် ရုပ်ရှင်မျက်မှန် ဦးအောင်သိန်းသည် မုတ်ဆိတ် တဖားဖားဖြင့် အာရုံထဲတွင် ထင်လာသည်။

“ဟုတ်ပြီး မောင်ရွှေစွန်ဆီသွားမယ်. . . ဒီကောင် လက်ဖက်ရည်သောက်ရင် တိုက်မယ်. . . တိုက်ရင်သောက်မယ်. . . ”

ထိုနေ့က ရုပ်ရှင်မျက်မှန်သို့ ခြေတံရှည်မိခြင်းသည် နောင်အခါတွင် ပြောထုံးဖြစ်အောင် ငနက်ခေါင်နှင့် ခင်မင်ရင်းနှီးရန် ဖြစ်ကြောင်း ထိုစဉ်က ကျွန်ုပ်မရိပ်မိသေးပေ။ နေပူထဲတွင် ဦးထုပ်ကလေးဆောင်း၍ လွယ်အိတ် တရမ်းရမ်းဖြင့် သြဘာလမ်းမှ အောင်မင်္ဂလာလမ်းသို့ လျှောက်လာခဲ့မိသည်။

“မင်းအသက်ရှည်ဦးမယ်. . . စောစောကတင် အဘိုးကြီးပြောနေသေးတယ်. . . ”

“ဘယ်မလဲ. . . မင်းအဘိုးကြီး. . . ”

“အိပ်နေတယ်ကွ. . . ”

မုတ်ဆိတ်ဦးအောင်သိန်းသည် နေ့လယ် နေ့ခင်းတွင် တစ်ရေးတမော

www.burmeseclassic.com

www.burmeseclassic.com



အိပ်လေ့ရှိသည်။ ကျွန်ုပ်သည် မောင်ရွှေစွန်နှင့် စကားပြောနေရာမှ အိမ်သာသွားချင်စိတ် ပေါက်လာသည်။ သောကြာစာစောင်တိုက်မှ သောက်လာခဲ့သော ရေနွေးကြမ်းများက အလုပ်ပေးလာကြသောကြောင့် ဖြစ်သည်. . .

"စွန်ကြီး ငါပေါင်ချိန်လျော့ လိုက်ဦးမယ်"

အိမ်သာက အထွက်တွင် အိမ်ရှေ့စားပွဲမှ မောင်ရွှေစွန် အိမ်သာရှေ့ ရောက်နေသည်ကို တွေ့ရသည်။

"ဘာလဲ မင်းဝင်မလို့လား. . . ဝင်လေကွာ"

"မဝင်ပါဘူး ငါသတိရလို့ မင်းနဲ့မိတ်ဆက်ပေးရဦးမယ်"

စာစီခန်းထဲတွင် စာစီသမားတွေ စာစီနေကြသည်။ ထိုအထဲမှ လူခပ်ဖိုင့်ဖိုင့်တစ်ယောက်ကို လှမ်းခေါ်ပြီး. . .

"အဲဒါ ငါ့သူငယ်ချင်း စာရေးဆရာ အီကြာကွေး၊ ဒါက ငါ့သူငယ်ချင်း အောင်ထွန်း. . . သူက ကျောက်မြောင်းကြီးသား ငါနဲ့ ငယ်ငယ်ကတည်းက ကစားဘက် သူငယ်ချင်း"

ကျွန်ုပ်နှင့် စွန်ကြီးမှာ ကြီးမှခင်ရသော ကြီးသူငယ်ချင်း ဖြစ်၍ အောင်ထွန်းနှင့် စွန်ကြီးမှာ ငယ်ငယ်ကပင် ခင်ခဲ့သော ငယ်သူငယ်ချင်းများ ဖြစ်သည်။ ကြီးသူငယ်ချင်းနှင့် ငယ်သူငယ်ချင်းကို ပုဏ္ဏားတိုင်သဖွယ် မိတ်ဆက် ပေးသည်။ မိတ်ဆက်ပေးရုံတင်မက. . . ။

"ဒီကောင်လည်း စာပေဝါသနာပါတယ်။ စာရေးဖို့ ကြိုးစားနေတယ်။ ပုံနှိပ်တိုက်ပညာကို အောက်ခြေသိမ်းကစပြီး လေ့လာချင်လို့ ငါ့ဆီမှာ စာစီသင်ပြီး စာဝင်စီနေတယ်"

အဆိုပါ မောင်အောင်ထွန်း ဆိုသူမှာ ကိုယ်လုံးကိုယ်ထည် ခပ်ဖိုင့်ဖိုင့်ဖြစ်၍ စွပ်ကျယ်ချိုင်းပြတ် ဝတ်ထားကာ ပုဆိုးတိုတို စည်းထားသည်။ ခါးတွင် စာစီသမားများ ပတ်လေ့ရှိသော ပိတ်ပိုင်းကလေးပတ်ထားသည်။ စာစီရာမှ ထလာနှုတ်ဆက်ရသဖြင့် လက်တွင် မင်တွေ အပေသား ဖြစ်နေသည်ကို ကျွန်ုပ် သတိထားမိသည်။

"တွေ့ရတာ ဝမ်းသာတယ်ဆရာ။ ဆရာ့စာတွေ ကျွန်တော် ဖတ်ပါတယ်"

အဆိုပါ မောင်အောင်ထွန်းက လက်နှစ်ဘက် နောက်ပစ်ကာ လေးစားသမှုဖြင့် ခပ်ရို့ရို့ကလေး ဆိုသည်။ ကျွန်ုပ်မှာ အထင်သေးသေး အထင်ကြီးကြီး ဘာကိုမှ အမှုမထား။ ဒုန့်ကဲယား လုပ်ထားသူဖြစ်၍ တစ်ဘက်က

www.burmeseclassic.com

www.burmeseclassic.com



လေးလေးစားစား ဆက်ဆံသော်လည်း ပေးလားဝါးလား မလုပ်ရလျှင် မနေတတ်သော (ညာဉ်)ကြောင့် . . ။

"သြ . . ကိုအောင်ထွန်းတဲ့လား။ ခတ်ဆီ၊ ခတ်ဆံရဲ့ ခတ်ပြားထဲက လေအတိုင်းခေါ်ရရင်၊ လူကလေးမောင်အောင်ထွန်းလို့ ဘိုသံနဲ့ ခေါ်ရမယ်"

မောင်ရွှေစွန်က (အဲဒါ အီကြာကွေးအစစ်ပဲ) ဟု ဝင်ထောင်ပေးသည်။

အဆိုပါ ကိုအောင်ထွန်းသည် တစ်ချိန်သောအခါတွင် စာရေးဆရာလုပ်မည့်သူပီပီ၊ စာရေးဆရာတို့၏ သဘာဝကို ကြိုတင် နားလည်စွာဖြင့် (ခေါ်ပါဆရာ၊ ရပါတယ်) ဟု ပြုံးစိစိမျက်နှာဖြင့် ဖြေလေ၏။

"မောင်ရွှေစွန်က စာစီသင်ပေးတယ်ဆိုတော့ ချစ်ခွန်းချော့ခေါ် ခွဲခွာခြင်းလား၊ ချစ်ခုန်းခုခိုင် ခေါင်းခါးခါးလား **စာစီသမားလက်ာ** တွေ အရင်သင်မှာပေါ့"

"ဟုတ်ကဲ့ သင်ပါတယ်"

"လူကလေး မောင်အောင်ထွန်း . . မောင်မင်းကို သခင်အကြံပေးမယ်။ စားပြီး ကျန်တဲ့ အကျန်မဟုတ်ဘူး။ စေတနာနဲ့ ပေးမယ့်အကြံ၊ စာရေးဆရာဖြစ်ချင်ရင် စာများများဖတ်ပါ။ ရွှေဥဒေါင်းတို့၊ ဒဂုန်ရွှေမျှားတို့ မဖတ်ချင်နေ။ အသက်နှစ်ထောင်ဆရာကြီး အီကြာကွေးကို မလွတ်တမ်းဖတ်ပါ။ အမြဲဖတ်ပါ"

"အီကြာကွေး ဖတ်ရင် မင်းငပေါ်ဖြစ်မယ်"

မောင်ရွှေစွန်က ဝင်နှောက်နေသဖြင့် . . .

"လူကလေးခင်မောင်သိန်း မောင်မင်းပါးစပ်ကို ပိတ်ထားပါ။ အရပ်ပုသလောက် စကားမရှည်ပါနဲ့။ ကျွန်ုပ်ဆွဲထိုးရင် မောင်မင်းရဲ့ ပဥ္စမနံရိုးကျိုးသွားမယ်။ ဒီမှာ လူကလေးမောင်အောင်ထွန်း"

"ဟုတ်ကဲ့ . . . ပြောပါဆရာ"

"မောင်မင်းဟာ အလုပ်တစ်ခုကိုလုပ်ရင် အောက်ခြေသိမ်းကစပြီး စေ့စေ့စပ်စပ် လုပ်တတ်တယ်ဆိုတာ ကျွန်ုပ်နားလည်သွားပြီ။ ပုံနှိပ်တိုက်ပညာကို လေ့လာချင်တာနဲ့ စာစီပညာကို အရင်သင်တယ်။ ကိုယ်တိုင် ဝင်စီတယ်။ မောင်မင်းရဲ့အနာဂတ်ကို ကျွန်ုပ် ဖတ်ကြားမယ်"

"ဟုတ်ကဲ့ . . . ဖတ်ကြားပါ ဆရာကြီး"

"တစ်နေ့မှာ မောင်မင်း အကြီးအကျယ် အောင်မြင်မယ်။ အမြင့်တကာ

www.burmeseclassic.com

www.burmeseclassic.com



အမြင့်ဆုံးရောက်မယ်။ မောင်အောင်ထွန်းဆိုတော့ တနင်္ဂနွေသားပေါ့။ ဟင်း. . ဟင်း. . . မဟောချင်ပေမယ့် ကြုံတုန်းဟော လိုက်ရဦးမယ်"

"ဟောပါ ဆရာကြီး"

"တနင်္ဂနွေ ဂဠုန် ရှေ့မြောက်ကြို နေ့စဉ်ခြောက်နှစ်မျှ တနင်္လာကျား တစ်ဆယ့်ငါး၊ နံပြားထောပတ်သုတ်တွဲ။ မောင်မင်း မွေးနေ့မနက်တိုင်း နံပြား ထောပတ်သုတ်တစ်ချပ် တစ်ချပ်စားပါ"

"စားတော့ ဘာဖြစ်မလဲ ဆရာကြီး"

"စားတော့ ဗိုက်ဝတာပေါ့လေ။ တစ်ယောက်တည်း စားရတာပျင်းရင် ကိုယ့်ပါခေါ်ကွ"

အိမ်သာအဝနှင့် စာစီခန်းအဝ ကျဉ်းကျဉ်းကြပ်ကြပ်နေရာလေးတွင် မောင်ရွှေစွန်သည် အဆိုပါ မောင်အောင်ထွန်းရယ်၊ ကျွန်ုပ်ရယ် အထက်ပါ အတိုင်း ရယ်ပွဲဖွဲ့ခဲ့ကြသည်ကို ကျွန်ုပ်သည် ဤအရေးကို ရေးနေရင်း ပြန်လည် မြင်ယောင်မိသေး၏။ ထိုစဉ်က ကျွန်ုပ်တို့ သုံးယောက်၏ရယ်မောသံများသည် အိပ်မောကျနေသော မုတ်ဆိတ်ဦးအောင်သိန်းကို ပြန်နိုးလုဆဲဆဲအထိ အနှောင့် အယှက်ဖြစ်စေခဲ့ကြောင်း၊ နောင်အခါတွင် ကျွန်ုပ် ပြန်၍ သိခဲ့ရ၏။ အဘိုးကြီး သာ နိုးသွားပါက ကျွန်ုပ်တို့ သုံးယောက်လုံး နားရင်းအုပ်ခံရမည်မှာ အလွန် သေချာလှပါသည်။

"ဒီကောင် စာရေးတော့မယ်ကွ။ တအား လေ့လာနေတယ်"

အယ်ဒီတာစားပွဲတွင် ပြန်အထိုင် မောင်ရွှေစွန်က ပြောတော့

"ငါလည်း တတ်နိုင်သလောက် အားပေးခဲ့တာပဲ။ ဗေဒင် နားမလည် ဘဲနဲ့ သူ့ကိုစာရေးဆရာ ဖြစ်စေချင်လို့ ပေါက်ကရတွေ ပြောပြီး အားပေးခဲ့ ပါတယ်။ ဘာပဲဖြစ်ဖြစ် မင်းသူငယ်ချင်းဆိုရင် ငါ့သူငယ်ချင်းပဲ။ မင်းတို့ ငါတို့ အောင်မြင်သလို သူ့ကိုလည်းအောင်မြင်စေချင်တယ်"

လောကကား လွန်စွာရယ်ဖွယ်ကောင်းလှ၏။ မောင်ရွှေစွန်တို့ ကျွန်ုပ် တို့ အောင်မြင်ခြင်းမှာ အထိုက်အလျောက်သာအောင်မြင်ခြင်းဖြစ်သည်။ သူ၏ အောင်မြင်ခြင်းကား မြန်မာနိုင်ငံတရှိုး ဟိုးဟိုးကျော်အောင် ဝက်ဝက်ကွဲအောင် မြင်ခြင်း ဖြစ်လေ၏။

ကျွန်ုပ်က လူကလေးမောင်အောင်ထွန်းဟု နောက်ပြောင်ခေါ်ခဲ့သူ သည် နောင်သုံးနှစ်ကြာသောအခါ လူကြီး မောင်အောင်ထွန်း ဖြစ်ရုံမက စာရေး ဆရာကြီး၊ ဗေဒင်ဆရာကြီးလည်းဖြစ်ကာ လွန်စွာဝဖီးသော ဗိုက်ပူကြီး မောင်

www.burmeseclassic.com

www.burmeseclassic.com



အောင်ထွန်း (ခေါ်) မင်းသိခ် ဖြစ်၍နေသည်ကို အံ့ဩ ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရလေ သတည်း။

♦ ♦ ♦

တစ်နေ့သ၌ ခင်မောင်သိန်း (ခေါ်) မောင်ရွှေစွန်သည် ကျွန်ုပ်ထံသို့ ရောက်လာပြီး. . .

"အိုင်ဆေး ကွေးကြီး မနက်ပိုင်း လက်ဖက်ရည် မျိုပြီးပလား. . ."

ဟု ရိုသေစွာ မေးလာ၏။ ကျွန်ုပ်လည်း မောင်ရွှေစွန်ကို ကျီးကန်းပြုံး လေးပြုံးပြကာ. . .

"အိုင်ဆေး စွန်ကြီး ငါ့ကိုတော့ မေးပြီး မင်းကောမျိုပြီး ပလား. . . မမျိုရသေးရင် လမ်းထိပ်ဆိုင်မှာ အတူတူသွား မျိုရအောင်. . ."

ဟု ပြောလိုက်ရာ အဆိုပါ မောင်ရွှေစွန်သည် ဟင့်အင်းမငြင်းဘဲ လိုက်လာခဲ့လေ၏။ ကျွန်ုပ်တို့ နှစ်ယောက်သား လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်နှင့် အီကြာကွေး တစ်ချောင်းစီကို စားသောက်ကြလေ၏။

"မင်း. . . ဟိုကောင်ကြီး အကြောင်း သိပြီးပလား. . ."

"ဘယ်ကောင်ကြီးလဲ စွန်ကြီး. . ."

"အောင်ထွန်းလေကွာ မင်းနဲ့မိတ်ဆက်ပေးတဲ့ အောင်ထွန်းလေ. . ."

ကျွန်ုပ်သည် အသက်သုံးထောင်အဘိုးကြီး တစ်ယောက်ဖြစ်၍ သတိများက မေ့မေ့လျော့လျော့ ဖြစ်နေတာကြာပြီ။ အောင်ထွန်းနာမည်ကို ကြားဖူး သလိုလို ရှိသော်လည်း ဈေးရောင်းသော အောင်ထွန်းလား၊ ရုံးမှာလုပ်သော အောင်ထွန်းလား၊ ဘယ်အောင်ထွန်းကို ဆိုလိုမှန်း ရုတ်တရက် မရိပ်မိခြင်းကို ဝန်ခံရပေမည်။

"ငါတို့ ရုပ်ရှင်မျက်မှန်မှာ စာစီဝင်သင်သွားတဲ့ အောင်ထွန်းလေ စာရေးဆရာလုပ်ချင်တဲ့ အောင်ထွန်း မင်းနဲ့ မိတ်ဆက်ပေးခဲ့တဲ့ အောင်ထွန်း. . ."

ဟိုက် ရှာလပတ်ရည် ကျွန်ုပ်၏ မှတ်ဉာဏ်တွင် လျှပ်စီးလက်လိုက် သလို လက်ခနဲ ဖြစ်သွားလေ၏။

"လူကလေး. . . မောင်ရွှေစွန် မောင်မင်းပြောတဲ့ မောင်အောင်ထွန်းကို ကျွန်ုပ်မှတ်မိပြီ. . . အဲဒီလူ အခု ဘာဖြစ်သွားလဲ မိန်းမနှစ်ယောက်ပြူး တစ်ပြိုင်တည်း ရသွားလို့လား. . ."

ထိုအခါ မောင်ရွှေစွန်သည် လင်းတပြုံးလေး ပြုံးပြီး အဆိုပါ ကိုအောင်

www.burmeseclassic.com

www.burmeseclassic.com



ထွန်းအကြောင်းကို အောက်ပါအတိုင်း ကျွန်ုပ်ကိုပြောပြလေ၏။

ကိုအောင်ထွန်းသည် မောင်ရွှေစွန်နှင့် ငယ်သူငယ်ချင်း ကျောက်မြောင်းကြီးသားဖြစ်၍ ပန်းချီဆရာကြီး ဦးစံရှိန်၏သားကြီးဩရသ ဖြစ်၏။ သူ့အောက်တွင် ညီအစ်ကို မောင်နှမများ ငါးယောက်ရှိ၏။ ဆရာကြီး ဦးစံရှိန်၏ အခန်းမှာ နောင်အခါ သူ စာရေးဆရာ မင်းသိခ်ဖြစ်လာသောအခါတွင် ဆားပုလင်းနှင်းမောင်နေသော အခန်းအဖြစ်ရေးသားခဲ့သော အခန်းဖြစ် လေ၏။ ထိုအခန်းမှာ ဘုရင့်နောင်ရုပ်ရှင်ရုံနှင့် နီး၍ ယခုအခါ မိုးကုတ်ဝိပဿနာ ရိပ်သာဖြစ်နေ၏။ (ဤကား စကားချပ်)

"အောင်ထွန်း. . . တို့တိုက်မှာ သိပ်မကြာလိုက်ဘူး ဒါးပိန်ကဆန်စက်တစ်စက်မှာ စာရေးသွားလုပ်တယ် အဲဒီမှာ ဦးဂွမ်တီဆိုတဲ့ ပေါက်ဖော်ကြီးနဲ့ တွေ့တယ်. . ."

ကိုအောင်ထွန်းသည် ဆန်စက် စာရေးဘဝတွင် တရုတ်ကြီးဦးဂွမ်တီနှင့် အဆွေခင်ပွန်းဖြစ်လေ၏။ ဦးဂွမ်တီကား ကိုအောင်ထွန်းထက် အသက်များစွာကြီး၍ လောကတွင် သိသင့်သိထိုက်ရာရာများကို ကိုအောင်ထွန်းအား သင်ကြားပြသပေးလေ၏။ ဦးဂွမ်တီသည် ကိုအောင်ထွန်း၏ ဘဝ လမ်းညွှန်ဆရာကြီးဖြစ်သလို ကျေးဇူးရှင်လည်းဖြစ်လေ၏။

"အောင်ထွန်းဟာ ဦးဂွမ်တီဆီက ပညာတွေ အများကြီး ရခဲ့တယ်. . . ဆန်စက်မှာ ဝင်လုပ်တာဟာ သူ့ရဲ့ စာရေးဆရာဘဝအတွက် ကုန်ကြမ်းရှာတာလို့ ငါ့ကို ပြောတယ်. . ."

မောင်ရွှေစွန် ပြောသွား၍ စာစီခုံမှတစ်ဆင့် ဆန်စက်ထဲရောက်သွားသော ကိုအောင်ထွန်း၏ဘဝ တစ်ဆစ်ချိုးကို ကျွန်ုပ် တစ်စွန်းတစ်စ သိလိုက်ရလေ၏။ ကျွန်ုပ်သည် ခေါင်းစဉ် မယ်မယ်ရရ မတတ်သာသော လူမှုရေး ကိစ္စမျိုးစုံတို့ဖြင့် အလုပ်များနေ၍ ကိုအောင်ထွန်း၏ အကြောင်းကို မေ့သွားလေ၏။

ဈေးရောင်းသော ကိုအောင်ထွန်းနှင့်တွေ့သောအခါမှ ဒါးပိန်ဆန်စက်မှ စာရေးဆရာလောင်းလျာ ကိုအောင်ထွန်းကို သတိရလေ၏။ ရုံးမှ ကိုအောင်ထွန်းနှင့် တွေ့သောအခါမှ ပေါက်ဖော်ကြီး ဦးဂွမ်တီ၏ အန္တေဝါသိက တပည့်ကျော် ကိုအောင်ထွန်းကို အမှတ်ရလေ၏။

ကျန်အချိန်များတွင် ကိုယ့်ကိစ္စနှင့်ကိုယ် အလုပ်များနေ၍ အဆိုပါ ကိုအောင်ထွန်းအား သတိမရနိုင်ပေ။ အသက်သုံးထောင် ကျွန်ုပ်အဖို့ စာမူရေးပေးရန်ကိစ္စ စာပေဟောပြောပွဲကိစ္စများ ဝိုင်းဝိုင်းလည်နေသောအခါ ကျွန်ုပ်အား

www.burmeseclassic.com

www.burmeseclassic.com



ဒါလင်ကွေးဟု အားလုတ်ပြုခဲ့သော ငယ်ချစ်ဦးကလေးကိုပင် မေ့လျော့၍ နေလေသည်ကား သွတ်. . . သွတ်. . . သွတ်. . . သွတ်. . .။

နှစ်နေ့နှစ်၌ နံနက်စောစောပိုင်း အချိန်တွင် ခင်မောင်သိန်း (ခေါ်) မောင်ရွှေစွန်သည် ကျွန်ုပ်၏အိမ်သို့ ရောက်လာပြန်လေ၏။

"ကွေးကြီး. . . ဟိုကောင်ကြီး အကြောင်း သိပြီးပလား. . ."

ရုတ်တရက်ဖြစ်နေ၍ ဘယ်ကောင်ကြီးကို မေးမှန်း ကျွန်ုပ်မရိပ်မိ။ စဉ်းစားနေစဉ် ခင်မောင်သိန်း (ခေါ်) မောင်ရွှေစွန်က. . .

"ဒါးပိန် ဆန်စက်မှာ အလုပ်သွားလုပ်နေတဲ့ ငါ့သူငယ်ချင်း အောင်ထွန်း အကြောင်းပြောတာ. . ."

"အေး. . . အေး. . . လုပ်စမ်းပါဦး. . . ငါစိတ်ဝင်စားတယ်. . ."

"ငါ့ကောင် အခုဒါးပိန်မှာ မရှိတော့ဘူး. . ."

"ဘယ်ရောက်သွားလို့လဲ ဒါးပိန်မှာမရှိဘဲ ဒါးဝရောက်သွားလို့လား တော်တော်ခြေရှည်တဲ့ကောင်. . ."

"ဒီကောင်ဟာ ဘယ်ပညာမဆို ကျားကုတ်ကျားခဲရအောင် ဆည်းပူးတတ်တယ် ပညာရှာတဲ့နေရာမှာ ဖွဲကောင်းသလို ပညာလောဘ အလွန်ကြီးတယ် ဒီကောင်ဗေဒင် လက္ခဏာပညာကို လေ့လာဆည်းပူးရင်း ဆရာတစ်ဆူ အဆင့်ကို ရောက်သွားပြီ. . ."

ကိုအောင်ထွန်းဆိုသူကား အလွန်တော်လေစွ. . .။ တန်ဘိုးရှိသော အချိန်ကို တန်ဘိုးရှိအောင် အသုံးချတတ်လေစွ. . .။ ကျွန်ုပ်ကား သူ့ထက် အသက်နှစ်ထောင့်ငါးရာ ခြောက်ဆယ့်လေးနှစ်ကျော်ကြီးသော်လည်း အချိန်ကို တန်ဘိုးရှိအောင် အသုံးမချတတ်။ တွေ့ကရာ ရှစ်သောင်းများပြောခြင်း၊ လက်ဖက်ရည်ဆိုင်တွင် ပေးလားဝါးလား လုပ်ခြင်းတို့ဖြင့် အလကားရသောအချိန်များကို အလကားဖြစ်အောင် လုပ်ပစ်ခဲ့လေ၏။ အတတ်ပညာ တစ်ခုမှ နောက်ထပ်အတတ်ပညာ တစ်ခုကို ဆင့်ပွားတတ်ဖို့ ဝေးစွ ငယ်စဉ်က တတ်ခဲ့သော ဆယ့်ခြောက်အလီပေါင်းကိုပင် မကြာခဏ မေ့လျော့လေ့ရှိသဖြင့် အလယ်တန်းကျောင်းသားလေးများ အဟားကို မကြာခဏ ခံရလေသတည်း. . .။

"မင်းတို့ ငါတို့နဲ့စာရင် ဒီကောင်ကြီးကို ချီးကျူးဖို့ကောင်းတယ်. . . အခု သူဘယ်ရောက်နေသလဲ သတင်းရလား. . ."

"ရတယ် ငါ့ရည်းစားက ကျောက်မဲကဆိုတော့ သူ့ဆီက တစ်ဆင့် သတင်းအတိအကျ ရတယ် အောင်ထွန်းကြီး သီပေါရောက်နေပြီတဲ့. . ."

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ ကိုအောင်ထွန်း ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုအောင်ထွန်းသည် နယ်လှည့်ဗေဒင်ဆရာအဖြစ် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ဟောပြောရင်းမှ သီပေါသို့ သွားကာ သောင်တင်လျက် ရှိနေသည်တဲ့။

"ဒါဆိုဟန်ကျတာပေါ့ သီပေါမှာ ဦးစိန်လှမောင် ရှိတယ်။ တရားရေးက ဦးကိုလွင် ရှိတယ်။ သစ်လုပ်ငန်းက ဦးတင်ဝင်းရှိတယ် ၁၉၇၁ ခုနှစ်က ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ငါစာပေဟောရင်း သီပေါကို ရောက်ဖူးတယ်. . . "

ဦးစိန်လှမောင်ခေါ် စာရေးဆရာ မေတ္တာရှင်မှာ သီပေါသူ ဒေါ်ငွေရီနှင့် အိမ်ထောင်ကျကာ သီပေါတွင် အခြေချနေထိုင်ခဲ့သည် မှာ ကြာချေပြီ။ ဦးကိုလွင်က ကျွန်ုပ်ကဗျာ အယ်ဒီတာလုပ်နေသော ကျောက်မြောင်းမဂ္ဂဇင်းတိုက်တစ်တိုက်တွင် မောင်ကိုလွင် (တရားရေး) ကလောင်အမည်ဖြင့် ဥပဒေပညာပေး ဝတ္ထုတိုကလေးများ ရေးနေသည်။ သစ်လုပ်ငန်းမှ ဦးတင်ဝင်းက စာဖတ်သမားဖြစ်၍ စာမရေးပေ။ ထိုစဉ်က သီပေါတွင် မောင်မြေလွှာ (သီပေါ)၊ မောင်မြတ်ကောင်း(သီပေါ)၊ ကြည်သူ (ပန်းတနော်)၊ လှမောင် (သီပေါ) စသဖြင့် စာပေသမားများ ရှိနေသည်။ ကိုအောင်ထွန်းကား နယ်လှည့်ဗေဒင်ဟောရင်း ထိုစာပေသမားများ တစ်စုတစ်ဝေးရှိရာ ဘူမိနက်သန်သီပေါ၌ ပျော်နေပုံရသည်။

"ဒီကောင် စာရေးတော့မယ် ကလောင်နာမည်တောင် ယူပြီးပြီ. . . "

ဟိုက် ရှာလပတ်ရည်။ ကျွန်ုပ်၏ မိတ်ဆွေကြီး အိုင်ဆေး ကိုအောင်ထွန်း မှာ စာတကယ်ရေးတော့မည်ဖြစ်၍ ကလောင်နာမည်ပင် ယူပြီးပြီတဲ့။ ဂွတ်ထ၊ ဂွတ်ထ၊ ကောင်းလှောင့်တေး။ ကောင်းလှောင့်တေး။ ကောင်းပေစွ. . . ။ ကျွန်ုပ်တို့ နယ်ပယ်တွင် စာရေးဆရာ တစ်ယောက် ထပ်တိုးလာတော့မည်. . . ။

"ကလောင်နာမည်က ဘာတဲ့လဲ. . . "

"ဒီလိုကွ သီပေါမှာ သူနဲ့ တရားရေးက ဦးကိုလွင်နဲ့ အဖွဲ့ကျသွားတယ်. . . ဦးကိုလွင်က မောင်ကိုလွင်(တရားရေး) ဆိုပြီး မင်းတို့ မဂ္ဂဇင်းမှာ ကြိုကြားကြိုကြား ရေးနေတဲ့ ကလောင်အမည်ကို ပြောင်းမယ် နာမည်သစ်ယူမယ်. . . နှစ်ယောက်စလုံးရဲ့ နာမည်တွေ ရှေ့မှာ (မင်း) ထည့်ကြမယ်တဲ့. . . "

"ဟိုက် ရှာလပတ်ရည်. . . သူတို့က မင်းမျိုးမင်းနွယ်တွေလည်း မဟုတ်ဘဲနဲ့ နာမည်ရှေ့မှာ မင်းထည့်ကြမယ် ဆိုပါတော့. . . ဘယ်လို မင်းထည့်မှာလဲ. . . မင်းကြီး. . . မင်းကလေးလား ဦးမင်းကျော်လား. . . "

"သွားစမ်းပါ. . . မင်းပြောလိုက်ရင် ဒါမျိုးချည်းပဲ. . . ဦးကိုလွင်က မင်းသီဟ. . . အောင်ထွန်းက မင်းသိခ်. . . သူတို့နှစ်ယောက် စာပေနယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



လျှမ်းလျှမ်းတောက်စာရေးဆရာ နှစ်ယောက်ဖြစ်အောင် ကြိုးစားကြမယ်တဲ့ အောင်ထွန်းက ငါ့ဆီ စာရေးလိုက်တယ်. . . ”

သတ္တဝါတစ်ခု၊ ကံတစ်ခု စကားမှာ အလွန်မှန်သည်။ သီပေါတွင် နာမည်ရှေ့၌ အတူတူ (မင်း) တပ်ခဲ့သူနှစ်ယောက်အနက် မင်းသီဟသည် စာပေနယ်မှာ မထင်မရှားလှဘဲ ရုပ်ရှင် ဗီဒီယိုနယ်တွင် ဒါရိုက်တာ မင်းသီဟ အဖြစ် လျှမ်းလျှမ်းတောက် ထင်ရှားသွားသည်။

မင်းသိခ်ဆိုသော ကျွန်ုပ်၏ မိတ်ဆွေ ကိုအောင်ထွန်းကား မည်သို့ လာချေမည်နည်း။ စာပေနယ်သို့ မားမားမားမားဖြင့် လာချေမည်လော။ ကုပ်ချောင်း ကုပ်ချောင်း ဖြင့် လာချေမည်လော။ တံခွန်လွှား၍ လာချေမည်လော။ ပုဆိုးခြုံ၍ လာချေမည်လော. . .။

ကျွန်ုပ်သည် အပတ်စဉ်ထုတ် လစဉ်ထုတ် စာနယ်ဇင်းများ၌(မင်းသိခ်) အမည်ကို သတိထားစောင့်ကြည့်နေလေ၏။ ကျွန်ုပ်၏ မိတ်ဆွေကြီးကား စာပေ တာထွက်ကောင်းလွန်းလှသည်။ မင်းသိခ် အမည်ကို ဘယ်မဂ္ဂဇင်း ဘယ်စာ စောင်မှာမှ ကျွန်ုပ်မတွေ့ရပေ။ အဆိုပါ မင်းသိခ်သည် ရသစာပေမရေးဘဲ ရည်းစားစာတွေ ရေးကာ ကောင်မလေးတွေကို လျှောက်ပေးမနေ တန်ရာဟု ကျွန်ုပ်ခန့်မှန်းမိပါသည်။

ခက်တာက တစ်လစောင့်ကြည့်သော်လည်း မင်းသိခ် အမည်ကို မတွေ့ရ။ နှစ်လစောင့် ဖတ်သော်လည်း မင်းသိခ်နာမည်ကို မမြင်။ သုံးလစောင့် ဖတ်သည့် ကျွန်ုပ်၏ မင်းသိခ်လက်ရာကို ကျွန်ုပ်တစ်စွန်းတစ်စမျှ မမြင်ရ. . .။ အိုင်ဆေး ကိုအောင်ထွန်းတစ်ယောက် စာရေးဆရာလုပ်မည် စာရေးမည်ဆိုပြီး ဘာစာတွေ ရေးနေပါလိမ့်. . .။ အမေထံပေးစာ. . . ညီ၊ ညီမများထံပေးစာ . . . သူငယ်ချင်းစွန်ကြီးထံ ပေးစာတွေပဲ ရေးနေလေသည်ထင့်. . .။

မင်းသိခ် အမည်ကို ဘယ်နေရာမှာမှ မတွေ့ရသဖြင့် ထုံးတစ်ပုံးဝယ် ပြီး အုတ်နံရံများ၊ အုတ်တံတိုင်းများတွင် (မင်းသိခ်၊ မင်းသိခ်) ဟု လျှောက်ရေး ထားရကောင်းလေမည်လားဟု ကျွန်ုပ်ခပ်ကြောင်ကြောင် စဉ်းစားမိသည်။ ကျွန်ုပ် ၏ မိတ်ဆွေကြီးအား အလွန်နာမည် ကြီးစေချင်သော စေတနာကြောင့် ဖြစ်ပါ လေ၏။

သုံးနေ့သုံး၌ ၃၃လမ်း လေထန်ကုန်း၌ ကျွန်ုပ်ထိုင်နေစဉ် လမ်းထဲသို့ ကုပ်ပိုင်း ကုပ်ကိုင်းဝင်လာသော စာရေးဆရာ အယ်ဒီတာ နီလေးမောင်ကို တွေ့ ရသည်။ နီလေးမောင်သည် ကျွန်ုပ်ကို မြင်သောအခါ အဝေးကပင် သွားဖြဲပြ

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

နီလေးမောင်နှင့် ကျွန်ုပ်ကား ပြစ်မှု မဂ္ဂဇင်း၌ သူအယ်ဒီတာလုပ်စဉ် မှစ၍ လွန်စွာရင်းနှီးခဲ့ကြသော မိတ်ဆွေများ ဖြစ်သည်။ ပြောမနာ ဆိုမနာ စာပေမိတ်ဆွေများ ဖြစ်သည်။ လက်ဖက်ရည်တစ်ခွက်ကို နှစ်ယောက်မျှ သောက်ခဲ့ကြသော ဘိုင်ကျဖော် ဘိုင်ကျဖက်များလည်း ဖြစ်သည်။

ကျွန်ုပ်သည် စာရေးဆရာကြီး ရဲအရာရှိတစ်ဦးရှိစဉ်က ပြစ်မှုမဂ္ဂဇင်း တွင် နှစ်ပေါင်းများစွာ လစဉ်မပျက်ရေးခဲ့သော စာရေးဆရာဖြစ်သည်။ အယ်ဒီတာချုပ်က ရဲအရာရှိတစ်ဦး။ တာဝန်ခံ အယ်ဒီတာက နီလေးမောင်။ လက်ထောက်အယ်ဒီတာက အောင်ချစ်သူ။ နောက်ပိုင်းတွင် ပြစ်မှုတိုက်ရှိရာ ကမာရွတ် လှည်းတန်း စပယ်ခြံသို့ သွားရလာရ ပင်ပန်းလှသဖြင့် မရေးဖြစ် တော့။ ပြစ်မှုနှင့် ကျွန်ုပ်လမ်းစ ပြတ်နေတာ နှစ်နှစ်ခန့် ရှိပြီ. . .။

ဘယ်လိုလဲ. . . ကိုနီငါးမောင်. . . စာအုပ်ထွက်ပလား. . . ”

ကျွန်ုပ်သည် နီလေးမောင်ကို ချစ်စနိုးဖြင့် နီငါးမောင်ဟု ခေါ်လေ့ရှိ သည်။ နီလေးမောင်က ကမ္ဘာကျော် မိုနာလီဇာအပြုံးနှင့် ဘာမှ မဆိုင်သော နီလေးမောင် အပြုံးကို ပြုံးပြ၍. . .

“ထွက်ပြီ. . . ဆရာကွေး. . . ”

“ထွက်ပြီဆိုရင် ပြစ်မှုမဂ္ဂဇင်းရဲ့ မူလလက်ဟောင်း ရှေးဦးပကတူး လက်မွန်မဆွ စာရေးဆရာကြီးကို မေတ္တာလက်ဆောင် စာအုပ်တစ်အုပ်ပေးဖို့ တာဝန်ရှိတယ်။ မောင်မင်း တာဝန် မောင်မင်းမသိရင် ကျွန်ုပ် မောင်မင်းကို နီငါးမောင်ကနေ နီခြောက်မောင်လို့ ပြောင်းခေါ်မယ်. . . စာထဲမှာ ထည့်ရေး မယ်. . . ”

“အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ဗျာ ဟောဒီမှာ ပြစ်မှုစာရေးဆရာ ဟောင်းကြီးအတွက် မေတ္တာလက်ဆောင်စာအုပ်. . . ”

ကိုနီလေးမောင်က လွယ်ထားသော လွယ်အိတ်ထဲမှ ပြစ်မှုမဂ္ဂဇင်း စာအုပ်ထုတ်ပေးသည်။ ပြစ်မှုကား ကျွန်ုပ်ရေးစဉ်ကအတိုင်း စာဖေါင်နည်းနည်း နှင့် ခပ်ပါးပါးသာ ဖြစ်သည်။

“ရေးတဲ့သူတွေက အရင်လူတွေပဲလား. . . ”

“အရင်လူတွေရော လူသစ်တွေရော အစုံပဲ ဆရာကွေးလဲ ပြန်ရေး ပါဦး. . . အဘိုးကြီးက ဟိုကောင် မရေးတာကြာပြီလို့ ဆရာကွေးကို ပြောနေ တယ်. . . ”

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးဆိုသည်မှာ စိန်ခင်မောင်ရီတို့အဖေ ရဲအရာရှိတစ်ဦး အမည်ခံ ဦးဘသော်ကို ဆိုလိုသည်။ ကျွန်ုပ်သည် တစ်ချိန်တစ်ခါက တစ်ပုဒ် လျှင်စာမူခ ဖွတ်ကလိ ဒင်္ဂါး ဆယ့်ငါးကျပ်နှင့် ကျွန်ုပ်လစဉ် ရေးခဲ့သော ပြစ်မှု မဂ္ဂဇင်းကို တစ်ရွက်ချင်း လှန်ကြည့်သည်။

နီလေးမောင်၏ အဆင်အပြင် အထားအသို ပညာအတိုင်း မြှားကြီး တွေ ထိုးပြထားသည့် လက်ညိုးကြီး ထိုးပြထားသည့် ပြစ်မှုအမည်နှင့် လိုက် လျောအောင် မျက်နှာဖုံးတွင် သေနတ်ပုံတွေ လက်ထိပ်ပုံတွေ တွေ့ရသည်။

"ဟိုက်. . . ရှာလပတ်ရည် ဒါ. . . ဒါ. . . "

စာအုပ်ကို လျှောက်လှန်ရင်းက တစ်နေရာတွင် ကျွန်ုပ် ဝမ်းသာအားရ ထအော်မိသည်။ ဝမ်းသာလွန်း၍ စကားကို အပြည့်မပြောနိုင်. . .။ စကား ထစ်နေသည်။

"ဆရာကွေး. . . ဘာဖြစ်သွားတာလဲ. . . "

"ကျုပ်သူငယ်ချင်း စာမူတွေ့လို့ ဝမ်းသာအားရ ထအော်တာ"

"သူငယ်ချင်းက ဘယ်သူလဲ. . . "

"မင်းသိခ်လေ. . . ခင်ဗျား စာအုပ်မှာ ဆားပုလင်းနှင်းမောင် ရေး ထားတဲ့ မင်းသိခ်. . . လူချင်းမတွေ့ရတာတောင် အတော်ကြာပြီ. . . "

"တွေ့ချင်ရင် နောက်တစ်မျက်နှာ လှန်လိုက် ဓါတ်ပုံပါတယ်"

ကျွန်ုပ်သည် ပြစ်မှုမဂ္ဂဇင်း၏ နောက်တစ်မျက်နှာတွင် ကျွန်ုပ်၏ မိတ် ဆွေကြီး ကိုအောင်ထွန်း (ခေါ်) မင်းသိခ်၏ ဓါတ်ပုံကို နှုတ်ခမ်းမွှေးစုတ်ဖွားဖြင့် တွေ့လိုက်ရသောအခါ ဟိုက် ရှာလပတ်ရည်ဟု ကျယ်လောင်စွာ အော်မိလေ သည်။

♦ ♦ ♦

ကျွန်ုပ်နှင့် ပြန်မတွေ့ခင် ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုအောင်ထွန်း(ခေါ်) မင်းသိခ် ခမျာ၊ များစွာ ဒုက္ခရောက်ခဲ့ရလေသည်။ ကျွန်ုပ်နှင့်သာ စောစော တွေ့ဖြစ်ပါက သူသည် သုခကို တွေ့ခြင်းဖြစ်သည်။ ကျွန်ုပ်နှင့်မတွေ့ရသည့် အတွက် သူခမျာ ဒုက္ခကို တွေ့သွားရရှာလေသည်။

သူစာရေးရန် ကြိုးပမ်းစဉ်က ကျွန်ုပ်သည် စာပေနယ်တွင် ဘယ်သူက မှ မသတ်မှတ်ဘဲ အသက်နှစ်ထောင် ဆရာကြီးကွေးဟု ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ကာ စွာလောင်၊ စွာလောင် လုပ်နေသည်။ ကမ္ဘာကြီးအရေးတွင် ဆရာကြီးကွေးအမြင် ဘာညာကွိကွ ကမ္ဘာ့ရေးရာများအထိ ခြေဆန့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းဂျာနယ်တွင် ကလောင်ရေးပြနေသည်။ ငယ်ကလည်းငယ်သေး၊ ကလောင်ကလည်း ထက်ထက်နှင့် ဟိုနှက် ဒီနှက် တစ်ကမ္ဘာလုံးကို လျှောက်နှက်နေချိန်။

ထိုအချိန်က ကျွန်ုပ်နှင့်သာ ဆုံဖြစ်ပါက စာပေနယ်ထဲသို့ အတင်းဆွဲသွင်းမည် ဖြစ်လေ၏။ ကျွန်ုပ်နှင့် မတွေ့ရသည့်အတွက် မင်းသိင်္ခသည် မည်သည့် အကူအညီမှ မရှိဘဲ သူဟာသူ ကြိုးစားရလေသတည်း။

သူသည် (မနုစာရီ) လုံးချင်းဝတ္ထုကြီးကို တကုပ်ကုပ်ဖြင့် ကြိုးစားရေးခဲ့ရာ ပြီးစီးသွားသောအခါ လွန်စွာ အားရကျေနပ်မိလေ၏။ စာရေးသူတစ်ယောက် အနေဖြင့် အတိုအထွာကို စ,မရေးဘဲ၊ လုံးချင်းကြီး တစ်အုပ်ကိုရေးသည်ဆိုသည်မှာ ပေါ့ပေါ့သေးသေး ကြိုးပမ်းမှုမဟုတ်။ ကြီးမားသော ဘရားဝါးလားကြိုးပမ်းမှုကြီး ဖြစ်လေ၏။ ထိုဝတ္ထုကြီး ရေးပြီးသွားသောအခါ ဝတ္ထုထဲက မနုစာရီက မင်းသိင်္ခအား ကိုယ်တခြား၊ အမြီးတခြား၊ ခေါင်းတခြား၊ ပေါင်တခြား ဟု သက္ကတစကားဖြင့် ကောင်းချီးပေးလေသတည်း။

မနုစာရီတော့ ပြီးသွားပြီ။ လှပကြွကာ ရုပ်လုံးပေါ်လာပြီ။ သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ် ဖြစ်လာပြီ။ စာရေးဆရာ ရင်ငွေ့ပေး၍ မွေးခဲ့ရေးခဲ့သော မနုစာရီ တစ်ယောက် အသက်ဝင်လာပြီ။ အဆိုပါ မနုစာရီကို ကိုအောင်ထွန်းခေါ် မင်းသိင်္ခ ဘယ်ပို့မည်နည်း. . .

ရန်ကုန်တွင် ထိုစဉ်က နာမည်ကြီးနေသော အလီမူလာသို့ ပို့မည်လော။ ကြည့်မြင်တိုင် သံတံတားမှ မပုအိမ်သို့ ပို့မည်လော။ ထိုနေရာများသို့ ပို့လို့မဖြစ်။ မနုစာရီမှာ ထူးခြားသော မိန်းမမြတ်ဖြစ်သည်။ သူမ၏ လက်ဖဝါးနှစ်ဘက်တွင် အာယုလေခ ခေါ် အသက်လမ်းကြောင်းကြီး လွန်စွာရှည်လျားစွာ ပါလာသည်။ မည်မျှ ရှည်သနည်း။ လက်ဖဝါးမှ တစ်တောင်ဆစ်၊ တစ်တောင်ဆစ်မှ ချိုင်းကြား၊ ချိုင်းကြားမှ တစ်ကိုယ်လုံးပတ်ကာ ချက်အထက်နားရောက်သည်အထိ ရှည်သည်။ ကျွန်ုပ်၏ လက်သုံးတော် ဝေါဟာရဖြင့် ပြောရလျှင် အာယုလေခမှာ ဟိုက် ရှာလပတ်ရည် အာယုလေခ ဖြစ်သည်။

မင်းသိင်္ခသည် မနုစာရီ လုံးချင်းစာမူကြီးကို ထိုစဉ်က လွန်စွာနာမည်ကြီးနေသော နှစ်ကျပ်တန် ရုပ်စုံ မဂ္ဂဇင်းကြီးကို ပို့လိုက်လေ၏။ ထိုမဂ္ဂဇင်းကြီးတွင် တင့်တယ်၊ သန်းဆွေ၊ သော်တာဆွေ၊ လင်းယုန်နီ၊ ကြယ်နီ၊ မင်းရှင်၊ ဂျာနယ်ကျော်မမလေး စသော နာမည်ကြီး စာရေးဆရာများ ရေးနေသည်။

ချုံကြိုချုံကြား ဘယ်ကမှန်း မသိသော မင်းသိင်္ခကို ထိုမဂ္ဂဇင်းကြီးက

www.burmeseclassic.com

www.burmeseclassic.com



အဘယ်မှာ သုံးလိမ့်မည်နည်း။ ဂိုး-တူး-သယ် ဖိုင်တွဲ စာမူဖိုင်တွဲထဲ ထည့်ကာ မနုစာရီကို တစ်ရေးအိပ်ခိုင်းသည်။ မယ်မင်းကြီးမ ဟိုက် ရှာလပတ်ရည် အာယု လေခနှင့် မနုစာရီမှာ ထိုတိုက်တွင် တခေါ်ခေါ် ဟောက်လျှက် ခြောက်လကျော် ကျော် အိပ်မောကျခဲ့ရ ရှာလေသည်။

ကျွန်ုပ်မိတ်ဆွေ ကိုအောင်ထွန်းခေါ် မင်းသိခ်ကား ဖွဲ့ကြီးလှဘိ၏။ သူ့မနုစာရီကို သုံးနိုး၊ သုံးနိုး မျှော်လင့်လျှက် သွားသွားမေးရသည်မှာ အခေါက် ပေါင်း ခုနှစ်ရာခြောက်ဆယ့်ငါးခေါက်တိတိ ရှိသောဟူ၏။ ခုနှစ်ရာ ခြောက်ဆယ့် ခြောက်ခေါက် မြောက်တွင်ကား ထိုမဂ္ဂဇင်းတိုက်က မင်းသိခ်အား လူကို မျက်စိ နောက်သလား၊ နှုတ်ခမ်းမွှေးကို မျက်စိနောက်သလား၊ ဘာကို မျက်စိနောက် သည် မသိ။ မနုစာရီ စာမူကြီးကို ပြန်ပေးလိုက်လေ၏။

မင်းသိခ်သည် ဖုံမှုန့်များ အလိမ်းလိမ်းကပ်နေသော မနုစာရီစာမူကြီး ကို ခါလိုက်ရာ ဖုံမှုန်ပြီး ဟတ်ချိုး. . . ဟတ်ချိုး. . . ဟတ်ချိုး. . . ကိုးကြိမ် တိတိ နဝင်းကြေအောင် ချေဆတ်လိုက် ရလေ၏။ ဒီစာမူကို နောက်ထပ် ဘယ် တိုက်ပို့မည်နည်း။ စိတ်ညစ်ညစ်ဖြင့် ဘော်တယ်ဆိုင် ပို့ရမလား။ ဒီလိုလုပ်လို့ လည်း မဖြစ်သေး။ ဘော်တယ်ကုလားက စာမူကို ချိန်ခွင်ထဲထည့်ချိန်မည်။ ထိုစဉ်က စက္ကူဟောင်းဈေးအတိုင်း တစ်ကျပ်ခွဲ၊ နှစ်ကျပ်မတတ်တင်း လောက်ပေး မည်။ မနုစာရီကား တန်ဘိုး အနဂ္ဃတန်သော ရင်နှစ်ရတနာ။ မင်းသိခ် အသည်း နှလုံး။

"နောက် မဂ္ဂဇင်းတိုက် တစ်တိုက်ကို ပြောင်းပို့မယ်. . . "

မင်းသိခ်သည် မနုစာရီ စာမူကြီးကို မိခင်က ရင်သွေးငယ်အား ယုယ စွာပွေ့သလို ပွေ့ပိုက်ကာ ရန်ကုန်အရှေ့ပိုင်းရှိ မဂ္ဂဇင်းတိုက်ကြီး တစ်တိုက်သို့ ခရီးဆက်လေ၏။ ထိုမဂ္ဂဇင်းတိုက်ကြီးမှာ မြန်မာမဂ္ဂဇင်းလောကတွင် သက်တန်း အရှည်ဆုံးဖြစ်၍ ထိုမဂ္ဂဇင်းကြီးတွင် စစ်ကိုင်း ဦးဘိုးသင်း၊ ရွှေတည်လျောင်၊ ပေါင်းတည် အုန်းမောင်၊ နတ်တလင်း သက်ပြင်း၊ မိုးဟိန်း၊ ငွေးမောင်၊ ကြပ်ကလေးတို့ ရေးနေကြသည်။

ဟိုက် ရှာလပတ်ရည် အာယုလေခနှင့် မနုစာရီမှာ လွန်စွာ အအိပ်မက် ပုံရသည်။ ထိုတိုက်တွင်လည်း ခြောက်လနီးနီး တခေါ်ခေါ် ဟောက်လျှက် အိပ် မောကျခဲ့ရ၏။ ပါးစောင်နှစ်ဖက်မှ သွားရည်တွေ တများများကျအောင် ထိုမိန်းမ ခမျာ အိပ်မောကျခဲ့ရလေ၏။ ထိုစဉ်က ကျွန်ုပ်ဂုရုကွေးနှင့်သာ တွေ့ဖြစ်ပါက မနုစာရီအား လွန်စွာ ကရုဏာသက်ပြီး၊ လက်ထပ်ယူခဲ့မိမည်မှာ ဧကန်။ (ဤ

www.burmeseclassic.com

www.burmeseclassic.com



ကား အကြောင်းအရာနှင့် ဘာမှမဆိုင်ဘဲ အချောင်ဝင်ပြီး အသားယူလိုက်ခြင်း ပေတည်း)

ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်ကား ဖွဲကြီး လှဘိ ၏။ သူ၏ မနုစာရီကို ထိုမဂ္ဂဇင်းကြီးမှ သုံးနိုး၊ သုံးနိုး မျှော်လင့်လျက်သွားသွား မေးရသည်မှာ အခေါက်ပေါင်း ခုနှစ်ရာခြောက်ဆယ့်ငါးခေါက်တိတိ ရှိသော သူ့၏ ခုနှစ်ရာခြောက်ဆယ့်ခြောက်ခေါက်မြောက်တွင်ကား ထိုမဂ္ဂဇင်းတိုက်က မင်းသိခ်အား လူကိုမျက်စိနောက်သလား၊ နှုတ်ခမ်းမွှေးကို မျက်စိနောက် သလား. . . ဘာကိုနောက်သည်မသိ၊ မနုစာရီစာမူကြီးကို ပြန်ပေးလိုက်လေ၏။

မင်းသိခ်သည် ပင့်ကူမျှင်များ ရစ်ထွေးနေသော စာမူကြီးကို ခါလိုက် ရာ စာမူကြားမှ ကင်းမြီးကောက်တစ်ကောင် ထွက်လာပြီး ၎င်း၏လက်ဖမိုးကို အမြီးကောက်ဖြင့် ထိုးလိုက်လေ၏။ မင်းသိခ်သည် အို့ဖူရှာသခင်ဟု ပုဂံရာမ ခေတ်က ဘုရားတ,နည်းအတိုင်း ဘုရားတပြီး ဘက်ဒ်ထ၊ ဘက်ဒ်ထ ဆိုးလှောင့် တေး၊ ဆိုးလှောင့်တေးဟု အကြိမ်ကြိမ် မြည်တွေးမိလေသတည်း။

ဒီစာမူကို ဘာဆက်လုပ်မည်နည်း။ ဆေးရွက်ကြီး ဝယ်ပြီး စာမူက စက္ကူများဖြင့် ပွတ်ချွန်းလုပ်၍ သောက်ရမည်လော။ ဒါဆို သုံးနှစ်လောက်တော့ ပွတ်ချွန်းသောက်နိုင်မည်။ မင်းသိခ်သည် လူလည်းကုပ်၊ နှုတ်ခမ်းမွှေးလည်း ကုပ်လျက် ပြန်လာစဉ် အောင်မင်္ဂလာလမ်းထိပ် အုတ်ခုံတွင် ထိုင်နေသော မောင် ရွှေစွန်နှင့် တွေ့လေ၏။ မောင်ရွှေစွန်က လူတစ်ယောက်နှင့်အတူ ထိုင်ကာ စကားပြောနေသည်။

"ဟော့ကောင် အောင်ထွန်း နှုတ်ခမ်းမွှေး နှစ်ဘက်လုံး ကုပ်ကျလို့ ငါးဇင်းရိုင်း နှုတ်ခမ်းမွှေး ဖြစ်နေပါလား. . . မင်းဘာဖြစ်လာတာလဲ. . . မင်း ကို ဘယ်ကောင် ဘာလုပ်လိုက်သလဲ. . . အဲဒီကောင်ကို ငါသွားထိုးမယ်. . . "

အရပ်ပုသလောက် ထစ်ခနဲရှိလျှင်. . . လက်ရုံးအားကိုးတတ်သော မောင်ရွှေစွန်က မေးသည်။ မင်းသိခ်သည် သက်ပြင်းမောကြီးတစ်လုံးကို မှုတ် ထုတ်လိုက်ရာ မောင်ရွှေစွန်သာမက ဘေးကလူပါ ပူသွားလေ၏။ ထို့နောက် မင်းသိခ်သည် မောင်ရွှေစွန်ဘေးတွင် စိတ်ပျက်ညှိုးငယ်စွာဝင်ထိုင်၍. . .

"မနုစာရီကို ပယ်လိုက်ပြန်ပြီကွာ. . . "

ဘေးကလူက စိတ်ဝင်စားသွားသည်။

"ဘာလဲဗျ. . . မနု. . . စာရီ ဆိုတာ မနုဆိုတဲ့ မိန်းမက စာတွေ ဖတ်ပြီး ရယ်တာလား. . . "

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က. . . မနု. . . စာရီ ရမှာလဲ. . . (မနုစာရီ)ဗျ ကျုပ်သူငယ်ချင်းရေးတဲ့ ဝတ္ထု. . ."

"ပြစမ်းဗျာ. . . ကြည့်ရအောင်. . ."

"ဟော့ကောင်. . . အောင်ထွန်း. . . ပြလိုက်စမ်း. . ."

မင်းသိခ်သည် စာမူထပ်ကြီးကို ထိုသူအား နွေးကွေးစွာ လှမ်းပေးလိုက်သည်။ ထိုသူက စာမျက်နှာကို လှန်ဖတ်သည်။

"ဒါဘာစာတွေလဲဗျ မြန်မာစာလည်း မဟုတ်ဘူး ကောက်တိကောက်ကွေးတွေနဲ့ ဘာစာလဲ"

"အဲဒါ ပျူစာ. . ."

"ကျွန်တော် စိတ်ဝင်စားသွားပြီ. . ."

မင်းသိခ်အသံက အားပျော့သလောက် ထိုသူ့အသံက တက်ကြွနေသည်။ ထိုသူသည် မနုစာရီ စာမူကြီးကို သုံးလေးရွက် ဆက်ဖတ်ပြီးနောက်. . .

"ဘယ်သူ ထုတ်ထုတ်. . . မထုတ်ထုတ်. . . ဒီစာမူ ကျွန်တော်ထုတ် မယ်. . . ကျွန်တော်ကြိုက်လို့ ကျွန်တော် ထုတ်မှာ. . ."

မောင်ရွှေစွန်ရော မင်းသိခ်ပါ လန့်ဖျပ်ပြီး ရေမြောင်းထဲ နောက်ပြန်မကျရန် မနည်းထိန်းလိုက်ရသည်။ ထိုင်နေသော အုတ်ခုံနောက်တွင် ရေမြောင်းကြီးစီးနေသည်။

စာမူ အတိုအထွာတောင် မပါဘူးသေး မင်းသိခ်ဆိုသော ကလောင်အမည်ကို ရွှေစွန်နှင့် အောင်ထွန်းနှစ်ယောက်သာ သိသည်။ မနုစာရီသည် နာမည်ကြီးမဂ္ဂဇင်းတိုက်ကြီး နှစ်တိုက်မှ နှစ်ခါပယ်ပြီးပြီ။ မိအေးနှစ်ခါနာသလို မနုစာရီ နှစ်ခါနာပြီးပြီ။ ထိုသို့ နှစ်ခါကြီးများတိတိ နာထားသော မယ်မင်းကြီးမ မနုစာရီကိုမှ ထိုသူက သူထုတ်မည်တဲ့. . .။

"ဟုတ်တာပေါ့ဗျာ. . . ကျွန်တော့်သူငယ်ချင်းက စာရေးကောင်းဗျ. . . ဒီကောင် ဝတ္ထု ကျိန်းသေ ရောင်းရမယ်. . ."

ကာယကံရှင် မင်းသိခ်က ဝမ်းသာလုံးဆို့နေ၍ ဘာမှမပြောနိုင်။ ခင်မောင်သိန်း (ခေါ်) မောင်ရွှေစွန်က တစ်ခါမှ စာအုပ်မထုတ်ဖူးသော ထုတ်ဝေသူအသစ်ကျပ်ချွတ်ကြီး အားရှိအောင် ဝင်လျော်ပေးနေသည်။

မင်းသိခ်မှာ စာအုပ်ထုတ်ပေးမည့်သူဒကာ ပေါ်လာ၍ ပျော်နေ သည်။ စာမူခ ဘယ်လောက်ရမယ် မှန်းမသိ။ ဘယ်လောက်တောင်းရမှန်း မသိ။ လောလောဆယ်တွင် ထမင်းမစားရသေးသဖြင့် ဗိုက်ဆာနေသည်။ ရေချည်း

www.burmeseclassic.com

www.burmeseclassic.com



ခွက်ဆင့်သောက်နေရသည်မှာ ကိုးခွက် ဆယ်ခွက် ရှိခဲ့ပြီ. . .။

"ခင်ဗျားမှာ ပိုက်ဆံ ဘယ်လောက်ပါသလဲ. . ."

"လေးဆယ်ပါတယ်. . ."

"အဲဒီလေးဆယ် အကုန်ပေးခဲ့လို့ ရမလား. . ."

"ရရင် ပေးခဲ့ဗျာ. . . ကျွန်တော် ထမင်းမစားရသေးဘူး. . ."

စာမူခ ကြိုငွေလည်း မဟုတ်။ ဘာငွေမှန်းလည်း မသိ။ ထမင်းမစား ရသေးသဖြင့် ထမင်းဝယ်စားရန် တောင်းသည်။ ထိုသူကလည်း အိတ်ထဲပါ လာသည့် ငွေလေးဆယ်ကို အကုန်ပေးခဲ့သည်။

"စာအုပ်ဖြစ်အောင် ကျွန်တော်လုပ်ပေးမယ်။ စာမူကို ခင်ဗျားယူသွား ပြီး အစအဆုံး ဖတ်ကြည့် ကြိုက်ကိုကြိုက်ရမယ်ဗျာ. . ."

မောင်ရွှေစွန်က ထပ်လှော်သည်။

"ပျူစာတွေ မြင်ကတည်းက ကျွန်တော် ကြိုက်ပြီးသားပါ. . ."

မအူမလည် ထုတ်ဝေသူကလည်း မဖတ်ရသေးခင်ကပင် ကြိုက်ပြီး သားပါတဲ့။ စာရေးဆရာကလည်း တစ်ခါမှ မရေးဘူးသေးတဲ့အသစ် ထုတ်ဝေသူ ကလည်း စာတစ်ဖေါင်မှာ စာမျက်နှာ ဘယ်လောက်ပါမှန်းမသိတဲ့ အသစ်။

အသစ်နှစ်ယောက်တို့ အူတူတူ၊ ကြောင်တောင်တောင် ကျားတား တား။ အူကြောင်ကျား ပေါင်းလို့မိကြပြီ။ မောင်ရွှေစွန်က စာအုပ်ဖြစ်အောင် လုပ်ပေးမည်တဲ့။ ထုတ်ဝေသူလက်သစ်မှာ မိန်းမဆွဲကြိုးရောင်း လက်ကောက် ရောင်း၊ ကလေးနားဆွဲရောင်းပြီး (မနုစာရီ) ကို ထုတ်သည်။

ဟိုက် ရှာလပတ်ရည် အာယုလေခနှင့် ထိုမိန်းမ ကံကောင်းချင်တော့ မျက်နှာဖုံးပန်းချီကျော် မောင်မောင်သိုက် လက်ရာနှင့် ထုတ်ဖြစ်သည်။ မိအေး နှစ်ခါနာသော ထိုမိန်းမ ကံဆိုးချင်တော့ ထုတ်ဝေသူခမျာ ငွေမနိုင်တော့၍ ကြော်ငြာ မထည့်နိုင်. . .။

"ဟော့ကောင် ခင်မောင်သိန်း စာအုပ်ထွက်လို့ ပိုက်ဆံရရင် မင်းနဲ့ငါ ဖောဖောသီသီ လျှောက်သုံးကြမယ်. . . လိုအပ်တာတွေ ဝယ်ကွာ ငါတာဝန်ယူ တယ်. . ."

"လိုအပ်တာကတော့. . . ကျောက်မဲက ငါ့ရည်းစားဆီသွားဖို့ လမ်း စရိတ်ပဲ. . ."

"လမ်းစရိတ်လောက်များ စကားထဲ ထည့်ပြောမနေနဲ့ ငါပေးလိုက် မယ်. . . ရထားအပ်ပါးက လိုက်သွား. . ."

www.burmeseclassic.com

www.burmeseclassic.com



မနုစာရီစာအုပ်ထွက်လာပြီ။ ခင်မောင်သိန်းနှင့် အောင်ထွန်းတို့ စိတ်ကူးနှင့် ဖဲရိုက်နေကြသည်။ ထုတ်ဝေသူကလည်း သူ့မိန်းမကို ဆွဲကြိုးတုတ်တုတ်ကြီး အသစ်လုပ်ပေးရန် စိတ်ကူးယဉ်နေသည်။ ဘာတွေ ဆက်ဖြစ်ကြမည်နည်း။

♦ ♦ ♦

မနုစာရီသည် ကံကောင်းမလိုလိုနှင့် ကံဆိုးသွားပြီး ကံဆိုးရာမှ ကံပြန်ကောင်းလာရသော မိန်းမဖြစ်သည်။ ဝတ္ထုတွေထဲတွင်ပါသော မိန်းမများအနက် မနုစာရီလောက်ဆန်းကျယ်သော မိန်းမမျိုးရှိလိမ့်မည် မထင်ပေ. . .။

ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုအောင်ထွန်း (ခေါ်) မင်းသိခ်၏ ပွဲဦးထွက်လုံးချင်းဝတ္ထု မနုစာရီကို ထုတ်ဝေသူ မအူမလည်က ပန်းချီမောင်မောင်သိုက်အား ဉာဏ်ပူဇော်ခ မျက်မျက်ကလေးပေး၍ အဖုံးအပ်လေ၏။ မောင်မောင်သိုက်လည်း မင်းသိခ်ဆိုသော အမည်ကို မကြားဖူးပေ။ ဘယ်မှာ ရေးမှန်းမသိ။ ဘယ်က ငတိမှန်းမသိ။

တစ်ခါမှ နာမည်မကြားဖူးသူက လုံးချင်းတွေ ဘာတွေရေးခြင်း၊ ထိုလုံးခြင်းကို ထုတ်ခြင်းတို့အား လွန်စွာအံ့သြမိလေသတည်း။ မနုစာရီကား မောင်မောင်သိုက်၏ မျက်နှာဖုံးဖြင့် ခမ်းခမ်းနားနား၊ ခန့်ခန့်ညားညားဆိုင်တွေပေါ်ရောက်လာပြီး။

"မနုစာရီ ရှိလား. . ."

ခင်မောင်သိန်း (ခေါ်) မောင်ရွှေစွန်သည် သူငယ်ချင်းဖြစ်သူ အောင်ထွန်း၏ အခြေအနေကို သိချင်၍ စာအုပ်ဆိုင်များသို့ လှည့်လည်စုံစမ်းသောအခါ. . .

"ဘာလဲဗျ. . . မနုစာရီ ဆိုတာ. . ."

"မနုစာရီဆိုတာ ဝတ္ထုလေ ဂမ္ဘီရဝတ္ထု. . ."

"ဘယ်သူရေးတာလဲ. . . တက္ကသိုလ်တင်မြင့်လား. . . ဆွေလှိုင်ဦးလား. . ."

"မင်းသိခ်ရေးတာ. . ."

"အဲဒီထဲမှာ ရှာကြည့်ပေတော့ ကျွန်တော်တို့လဲ မသိဘူး။ ဆိုင်မှာလာတင်ထားတာတော့ စာအုပ်တွေ အစုံပဲ. . ."

စာအုပ်ဆိုင်ရှင်က စိတ်မပါသော လေသံဖြင့် ပြန်ပြောပြီး၊ ချခင်းထားသော ဝတ္ထုစာအုပ်မျိုးစုံကို မေးငေါ့ပြသည်။ မောင်ရွှေစွန်သည် များစွာသောစာအုပ်မျိုးစုံကြားမှ မယ်မင်းကြီးမ မနုစာရီကို မျက်စိဖြဲကား မနည်းရှာရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော. . . တွေ့ပါပြီ. . . မနုစာရီသည် စာအုပ်များ၏ ချောင်ကြားထဲတွင် ရောက်နေ၏။ အရောင်းသွက်သော စာအုပ်များက ဆိုင်၏ ရှေ့ဘက် နေရာကောင်းတွင် နေရာယူထားသည်။ မင်းသိခ်လို နာမည်မရှိသေးသော ကလောင်သစ်များမှာ ချောင်ကြားထဲတွင် ခြင်ကိုက်ခံ၍ နေရလေသည်။

"ဘယ်နှအုပ်လောက် ရောင်းရသလဲ. . ."

"လာတင်တဲ့နေ့ကစပြီး အခုအချိန်အထိ မေးတဲ့လူဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ရှိတယ်။ ရောင်းရဖို့ ဆိုတာကတော့ ဝေလာဝေးပဲ. . ."

ဆိုင်ရှင်က မောင်ရွှေစွန်ကို မသိ။ သာမန်စာအုပ်ဝယ်မည့်သူထင်၍ ပွင့်ပွင့်လင်းလင်း ပြောပြလိုက်သည်။ ခင်မောင်သိန်း (ခေါ်) မောင်ရွှေစွန်သည် စိတ်မလျှော့သေးပေ။ ရန်ကုန်မှာ စာအုပ်ဆိုင်တွေ အများကြီးရှိသည်။ တစ်ဆိုင် မရောင်းရလျှင် တစ်ဆိုင်ရောင်းရမည်။ ဘာအရေးလဲ။ နောက်တစ်ဆိုင် ထပ်မေးမည်။ မောင်ရွှေစွန်သည် နောက်တစ်ဆိုင်သို့ သွားမေးပြန်၏။ နောက်တစ်ဆိုင်ကလည်း ပထမဆိုင်က အတိုင်း ဖြေလေ၏။ ဟီးထအောင် ပုံနေသော မနုစာရီ စာအုပ်ပုံကြီးကို လက်ညှိုးထိုး၍ပင် ပြလိုက်လေ၏။

"မင်းသိခ်ရဲ့ မနုစာရီ ဘယ်လိုလဲ အရောင်းသွက်ရဲ့လား. . ."

သူ့ကို မောင်ရွှေစွန်မှန်းသိသော စာအုပ်ဆိုင်သို့ ဝင်စုံစမ်းသည်။ ထိုဆိုင်က ခပ်ပြတ်ပြတ် ပြောတတ်သူဖြစ်၍. . .

"အရောင်းထိုင်းရဲ့လားလို့ မေးမှပေါ့. . . ရောင်းရဖို့နေနေသာသာ ကိုင်ကြည့်တဲ့သူတောင် မရှိဘူး. . ."

ရန်ကုန်တစ်မြို့လုံး စာအုပ်ဆိုင်တွေ စုံသွားပြီ. . . ဘယ်ဆိုင်မေးမေး. . . ထိုနည်းလည်းကောင်း၊ မနုစာရီ စာအုပ်တစ်အုပ်မှ မရောင်းရ။ မနုစာရီကို ပထမအကြိမ်ပုံနှိပ်ခြင်းအဖြစ် အုပ်ရေ နှစ်ထောင်ရိုက်သည်။

အုပ်ရေနှစ်ထောင်ရိုက်တာ နှစ်ထောင့်နှစ်အုပ် ကျန်နေသည်ဆိုသော ရယ်စရာ ဟာသလို ဖြစ်နေသည်။ နှစ်အုပ်က နမူနာရိုက်ထားသော နှစ်အုပ်ဖြစ်သည်။ မနုစာရီကား ခွက်ခွက်လန်ရှုံးမက ပက်လက်လန်အောင် ရှုံးလေပြီ။ ဟက်တက်ကွဲရှုံးမက ဆေးရုံတက်ပြီး ဆယ်ချက်လောက် ချုပ်ရအောင် ကွဲလေပြီ။

"အောင်ထွန်း မင်းစာမူခ ဘယ်လောက်ရပြီးပြီလဲ. . ."

အောင်မင်္ဂလာလမ်းထိပ်မှ အုတ်ခုံတွင် လင်းတမှိုင်မှိုင်၍ ထိုင်နေသော အောင်ထွန်း (ခေါ်) မင်းသိခ်ကို မောင်ရွှေစွန်က မေးသည်။

"မင်းသိတဲ့အတိုင်းပဲ စာမူ ပေးလိုက်တဲ့နေ့က ထမင်းမစားရသေးလို့

www.burmeseclassic.com

www.burmeseclassic.com



ငွေလေးဆယ်တောင်းတာပဲ ရှိတယ်။ အဲဒီလေးဆယ်ပဲ ငါရထားသေးတယ်. . . ”

ခင်မောင်သိန်း (ခေါ်) မောင်ရွှေစွန်က ငါးသလဲထိုး ပြုံးလေးပြုံး၍. . .

“ဘာပဲဖြစ်ဖြစ် အလုပ်လုပ်တယ်ဆိုတာက ရှုံးချင်ရှုံးမယ်။ မြတ်ချင်မြတ်မယ် ရှုံးတာမြတ်တာ ကိုယ့်အလုပ်မဟုတ်ဘူး။ သူ့အလုပ် ကိုယ့်အလုပ်က ကိုယ့်စာမူခ အပြည့်အဝရဖို့ပဲ. . . ။ အောင်ထွန်း စာရေးဆရာတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအနေနဲ့ စာမူခ ထိုက်ထိုက်တန်တန် ရဖို့ မင်းလုပ်ရမယ်. . . ”

“ငါက ဘာလုပ်ရမှာလဲ. . . ဒီထုတ်ဝေသူကို လည်ပင်းသွားညှစ်ပြီး ငါ့ပိုက်ဆံပေးလို့ တောင်းရမှာလား. . . ”

“ငါပြောတာ ဒီလိုမဟုတ်ဘူး. . . လုံးချင်းဝတ္ထုကြီးတစ်အုပ်ကို အောင်မြင်စွာနဲ့ ရေးနိုင်တဲ့ စာရေးဆရာအနေနဲ့ ရင်ကော့ခေါင်းမော့ပြီး ကျုပ်စာမူခ (သို့မဟုတ်) ဉာဏ်ပူဇော်ခငွေကို ချီးမြှင့်ပါ. . . လို့ ခပ်တင်းတင်း တောင်းရမယ်. . . ”

“ဘယ်တော့ တောင်းရမှာလဲ. . . ”

“စာအုပ်တွေ ပြန်သိမ်းပြီး တစ်ရက်နှစ်ရက်ကြာရင် သွားတောင်း. . ”

ထုတ်ဝေသူ မအူမလည်ခမျာ သူဖြန့်ထားသော ဆိုင်များမှ မနုစာရီ ပေါင်းများစွာကို ကားတစ်စီးဖြင့် လှည့်သိမ်းရသည်။ ဟိုဆိုင်သိမ်းလည်း အစည်းလိုက်၊ ဒီဆိုင်သိမ်းလည်း အစည်းလိုက်။

“ဘုရား. . . ဘုရား. . . စာအုပ်တွေကလည်း ရောင်းကောင်းလိုက်တာ ကားတစ်စီး တစ်ခေါက်နဲ့တောင် ရပ့်မလား. . . ဒီကားပဲ ထပ်ငှားပြီး နောက်တစ်ခေါက် လိုက်သိမ်းရလိမ့်ဦးမယ် ထင်တယ်. . . ”

ထုတ်ဝေသူ၏ တူတစ်ဝမ်းကွဲကလေးမှာ မနုစာရီ စာအုပ်စည်းများကို ကားပေါ်သို့ သယ်ရတင်ရသဖြင့် ခါးတစ်ဖက်ပင် မျက်သွားသေးရ၏။ ရွှေဆွဲကြိုး တုတ်တုတ်ကြီးတစ်ကုံး ဝတ်ရမည်ဟု မျှော်လင့်ထားသော ထုတ်ဝေသူကတော်မှာ စာအုပ်တွေ အစည်းလိုက် အစည်းလိုက် အိမ်ပေါ်ပြန်တင်နေတာ မြင်ရတော့. . .

“ရှင်ပြောတော့ ရောင်းကောင်းမယ်ဆို အုပ်ရေနှစ်ထောင်လောက်များ တစ်ပတ်အတွင်း ပြိုက်ခနဲ ကုန်သွားမယ်ဆို. . . ”

“ငါပြောတာ မဟုတ်ဘူး မင်းသိခ်ရဲ့ သူငယ်ချင်း မောင်ရွှေစွန်ပြောတာ. . . ”

www.burmeseclassic.com

www.burmeseclassic.com



"စွန်တွေ လင်းတတွေ ကျီးကန်းတွေ စာကလေးတွေ ကျွန်မ နားမလည်ဘူး. . . ကျွန်မဆွဲကြိုး ဘယ်တော့ ပြန်လုပ်ပေးမှာလဲ. . . သမီးရဲ့ နားဆွဲလေးပါ ပြန်လုပ်ပေး ရမှာနော်. . . "

"စာအုပ်က ရှုံးရတဲ့အထဲ မင်းကလည်း တမျောင့်. . . "

လင်မယား စကားများနေချိန်တွင် မနုစာရီအထုပ်စည်းကြီးကို ထမ်းတက်လာသော တူတစ်ဝမ်းကွဲ ကလေးက. . .

"ဦးလေး ဒီစာအုပ်စည်းကြီး ဘယ်နားထားရမှာလဲ. . . "

"မင်းအဒေါ် ခေါင်းပေါ် သွားထားကွာ. . . "

မိန်းမဖြစ်သူကို လက်ညှိုးထိုးပြလိုက်သည်။ မိန်းမမှာ ဆွဲကြိုးအစားပြန်ရကိန်းမမြင်သဖြင့် စိတ်အကြီးအကျယ် ဆိုးနေသည်။

"ငါ့ခေါင်းပေါ် မတင်နဲ့ နင့်ဦးလေး ခေါင်းပေါ် တင်. . . "

ကောင်ကလေးက စိတ်ပျက်ပျက်ဖြင့် စာအုပ်စည်းကြီးကို ဖိနပ်ချွတ်၌ ပစ်ချလိုက်သည်။ အစည်းပြေကာ စာအုပ်တွေ ဖရိုဖရဲ ပြန့်ကျဲသွားသည်။ ရွံ့ဗွက်ထဲတွင် ဗွက် တစ်ပိုင်း၊ ကုန်းတစ်ပိုင်း ဖြစ်သွားသည်။ စာအုပ်တစ်ဝက်က ရွံ့ထဲမှာ တစ်ဝက်က မြေပျော့သော နေရာမှာ. . .

"ထုတ်ဝေသူ ရှိသလားဗျို့"

အောင်မယ် ထုတ်ဝေသူ ရှိသလားဗျို့တဲ့။ အသံက မာကျယ်ကျယ်စွာလောင်လောင် ပါလား။ ဒီမှာ စာအုပ်တွေ ရှုံးလို့ စိတ်ညစ်ရတဲ့အထဲ လင်မယားရန်ဖြစ်နေချိန်မှာ ဘယ်သူများပါလိမ့်. . .

"ရှိတယ်ဟေ့ ဘယ်သူလဲ"

"ဘယ်သူရမှာလဲ စာရေးဆရာ မင်းသိခ် မနုစာရီ လုံးချင်းဝတ္ထုတော်ကြီးကို အောင်မြင်စွာ ရေးသားခဲ့တဲ့ စာရေးဆရာ မင်းသိခ်"

မောင်ရွှေစွန် မြောက်ပေးထားသဖြင့် မင်းသိခ်သည် ခပ်မာမာ လေသံဖြင့် တုံ့ပြန်ကာ ထုတ်ဝေသူ အိမ်ပေါ် သို့ ရင်ကော့စွာ တက်လာသည်။

"လာပါ. . . လာပါ. . . ခင်ဗျားကို မျှော်နေတာ အတော်ပဲ"

"လာရမှာပေါ့ဗျာ. . . ဒီလုံးချင်းဝတ္ထုကြီးအတွက် စာမူခအဖြစ် ငွေလေးဆယ်ပဲ ကျုပ်ရသေးတာ နောက်ထပ် ရစရာအများကြီး ကျန်သေးတယ်. . . "

"ခင်ဗျားက ဘယ်လောက် ထပ်လိုချင်လို့လဲ. . . "

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရွှေစွန် ပြောတော့ တစ်သောင်းလောက် ပေါက်ဈေးရှိတယ် ဆိုပဲ. . ."

ထုတ်ဝေသူက မရယ်ချင်ဘဲ လည်ချောင်းညှစ်ကား ချောက်ကပ်ကပ် ရယ်သည်. . .။

"ရွှေဈေးနဲ့ စာမူခ မှားနေပြီးနဲ့ တူတယ်. . ."

"မှားတာတွေ မှန်တာတွေ ကျုပ်မလိုချင်ဘူး. . . ထမင်းဖိုးအဖြစ် ကျုပ်ကြိုယူထားတဲ့ လေးဆယ်နှုတ်ပြီး ကိုးထောင့်ကိုးရာနဲ့ ခြောက်ဆယ်ပေး ပါ. . ."

ကျွန်ုပ်သာ ထုတ်ဝေသူဆိုလျှင် ထိုသို့လာတောင်းခံပါက ဟိုက် ရှာလ ပတ်ရည် အခွန်းတစ်သိန်းလောက် ဆိုလေမည်။ ထိုသို့ ထုတ်ဝေသူကား ဟိုက် ရှာလပတ်ရည် အော်မည့်အစား ဒေါသတွေ တဖွားဖွား ထွက်လာသည်။ မျက်နှာ တစ်ပြင်လုံး ငရုတ်ဆီတွေ သုတ်လိမ်းလိုက်သလို ရဲရဲနီလာသည်။

"ကိုးထောင်မပြောနဲ့ ကိုးပြားတောင် မပေးနိုင်ဘူး. . ."

"ဘာပြောတယ်. . ."

"ခင်ဗျား နားမပါဘူးလား"

"ပါတယ် တစ်ဖက်တောင် မကဘူး နှစ်ဖက်စလုံး အပြည့်အစုံပါ တယ်. . ."

"ပါရင် သဘောပေါက် တစ်ပြားမှ မပေးနိုင်ဘူး အရင်လေးဆယ် တောင် ကျုပ်နားမလည်လို့ ပေးမိတာ. . . မိုက်လို့ ပေးမိတာ"

ထိုသူမှာ ပြောရင်းပြောရင်းဒေါပွလာ၍. . .

"ခင်ဗျား အိမ်ပေါ်ခဏလောက် တက်ခဲ့စမ်းပါ. . ."

အိမ်ပေါ်ခေါ်သဖြင့် မင်းသိခ် နည်းနည်း လန့်သွားသည်။ ဘာလဲ ရိုက်မလို့လား ဓားနဲ့ထိုးမလို့လား။ သို့သော် သူသည် ကျောက်မြောင်းကြီးသား ဖြစ်သည်။ ကျောက်မြောင်းကြီးသားတို့သည် သူရဲဘောနည်း သူများမဟုတ်၊ သတ္တိကြောင်သူများ မဟုတ်။

"ခင်ဗျား. . . ဘာလုပ်မလဲ တက်တယ်ကွာ. . ."

"တက်ရုံနဲ့မပြီးဘူး အခန်းထဲ အထိ ဝင်လိုက်ပါ. . ."

ဒုက္ခပါပဲ၊ အခန်းထဲတောင် ဝင်ခိုင်းနေပြီ၊ နှုတ်ခမ်းမွှေးစုတ်ဖွားကို တစ်ပင်မှ မကျန်အောင် ဝိုင်းနုတ်ကြမလို့များလား။

"ဝင်ဆို ဝင်တယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် ခါးထောက်ရပ်နေသော ထုတ်ဝေသူ၏ မိန်းမကို မြင်ရသည်။ သူမ၏ မျက်လုံးများ မှာမီးကျီးခဲနှစ်ခဲကဲ့သို့ ရဲရဲနီနေသည်။

"ဒီမှာ ကြည့်စမ်း ရှင်ဒုက္ခပေးထားတာ. . . "

အခန်းပတ်လည်သို့ လက်ညှိုးထိုးပြသည်။ နံရံတွင် ပုံထပ်ထားသော မနုစာရီစာအုပ်များကို မြင်ရသည်။ အခန်းတစ်ခန်းလုံး မနုစာရီတွေနှင့် ပြည့်နေသည်။

"ရှင့်ဟာမတွေ တစ်ခန်းလုံး နေရာယူထားလို့ ကျွန်မတို့ လင်မယား အိပ်စရာနေရာတောင် မရှိတော့ဘူး။ အိပ်ခန်းထဲလည်း မနုစာရီ ဧည့်ခန်းထဲလည်း မနုစာရီ မီးဖိုခန်းထဲလည်း မနုစာရီ အိမ်သာထဲထားဖို့တောင် နေရာကျဉ်းနေလို့ တစ်အိမ်လုံး စာအုပ်တွေချည်း ဖြစ်ကုန်ပြီ။ ရှင်ဒုက္ခပေးထားတာ. . . "

ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုအောင်ထွန်း (ခေါ်) မင်းသိခ်မှာ စာအုပ်ပုံကြီးကို ကြည့်ကာ ဘာပြော၍ ဘာဆိုရမှန်း မသိတော့ပေ။ ထုတ်ဝေသူ လင်မယားအတွက် အားနာသလိုလို စိတ်မကောင်းသလိုလို ခံစားရသည်။

"အဲသလောက် ရှုံးနေတဲ့ စာအုပ်ကို စာမူခ လာတောင်းနေသေးတယ် ကွာ. . . "

စာမူခဆိုသဖြင့်. . .

မိန်းမခမျာ ဒေါသတွေ ဆူပွက်လာသည်. . .

"ရှင့်စာမူခ အသာထား. . . ကျွန်မဆွဲကြိုး ဘယ်လို ပြန်လုပ်ရမယ် မသိသေးဘူး. . . ဒါလောက် ဒုက္ခပေးရင် တော်လောက်ပါပြီ. . . "

ကျွန်ုပ်၏ မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်မှာ စာမူခ တစ်ပြားမှ မရဘဲ ကုပ်ချောင်းချောင်းဖြင့် ပြန်လာခဲ့ရသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ် အိုင်ဆေး ကိုအောင်ထွန်း. . . မောင်ရွှေစွန် မြှောက်ပေးလို့ သွားတုန်းက ရင်ကော့သွားပြီး ပြန်လာတော့ နှုတ်ခမ်းမွေး ကုပ်ပြီး ပြန်လာတာ ဘာဖြစ်လို့လဲဗျ ဟု မေးသောအခါ. . . မင်းသိခ်က. . .

"ဒီလိုဗျ အိုင်ဆေးဂုရုရဲ့. . . ကျုပ်ဆက်တောင်းနေရင် နောက်ထပ် မရတဲ့အပြင် ပထမပေးတဲ့ ငွေလေးဆယ်ပါ ပြန်တောင်းနေမှာစိုးလို့ ပြန်ခဲ့ရ တာဗျို့. . . "

ပုတ်သင်ညို ပြုံးပြုံးကာ ပြန်၍ ဖြေလေ၏။ တစ်အုပ်တည်းဖြင့် မင်းသိခ် လက်လျှော့မည်လော။ စာရေးဆရာဖြစ်အောင် ဆက်ကြိုးစားမည်လော။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း(ခေါ်) မင်းသိခ်သည် ကျမ်းဂန် စကားဖြင့် ပြောရမည်ဆိုသော်(မဟာပုရိသ) ယောကျ်ားကောင်း ယောကျ်ားမြတ် ဖြစ်ပေ၏။ သူ့ခမျာ မနုစာရီ လုံးချင်းဝတ္ထုကြီး တစ်အုပ်လုံးအတွက် စာမူခ လေးဆယ်ကျပ်သာ ရရှိခဲ့ပြီး ထုတ်ဝေသူ၏ နင်ဘဲငဆ ဆက်ဆံမှုကို ခံခဲ့ရသည်။

တခြားသူသာဆိုလျှင် ဤသို့ကြုံရပါက စိတ်ပျက်လက်လျှော့သွား မည်မှာ ဧကန်အမှန် ဖြစ်သည်။ မင်းသိခ်ကား အားလျှော့သူမဟုတ်၊ စိတ်ပျက် သူမဟုတ်။ ပင်လယ်ထဲတွင် လက်ပစ်ကူးရဲသော အလောင်းတော် ဇနက္က မင်းသား၏ စိတ်ဓာတ်မျိုး အပြည့်ရှိသည်။

တစ်ကြိမ် မအောင်လျှင် နှစ်ကြိမ်ကြိုးစားမည်။ နှစ်ကြိမ် မအောင်လျှင် လေးကြိမ်ကြိုးစားမည်။ လေးကြိမ်မှ မအောင်သေးလျှင် ရှစ်ကြိမ်၊ တစ်ဆယ့် ခြောက်ကြိမ်၊ ဆတိုး၊ ဆတိုး ကြိုးစားမည်။ ယောကျ်ားကောင်းတို့လုံ့လ၊ သေခါ မှ လျှော့ရမည်ဟု စကားဆိုရိုးရှိသည်။ ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်ကား သေသည့်တိုင်အောင် လျှော့မည့်သူ မဟုတ်။ နောင်တမလွန် ဘဝအထိ အောင်မြင်အောင် ဆက်ကြိုးစားမည့် အာဂ ယောကျ်ား ဖြစ်သည်။

စာရေးဆရာ ဖြစ်ချင်စိတ်ကို ချိုးနှိမ်၍မရ။ လုံးချင်းစာအုပ်ကလည်း တစ်အုပ်ဆို ဆိုသလောက် ပက်လက်လန်အောင် ကွဲခဲ့ပြီ။ ဘာဆက်လုပ်မည် နည်း။ စာပဲ ဆက်ရေးရုံပေါ့။ မင်းသိခ်သည် ဆားပုလင်းနှင်းမောင် ဝတ္ထုတိုများ ကို ပြစ်မှု မဂ္ဂဇင်းတွင် လစဉ်ရေးလေ၏။ တစ်ဆယ့်ငါးကျပ်ဖြင့် မိမိ၏ အာလျှ ကို ဖြေသိမ့်ရရှာလေ၏။

ပြစ်မှုမှ စာမူခ ဆယ့်ငါးကျပ်ကလည်း လွန်စွာ လက်ပေါက်ကပ်၏။ တာဝန်ခံ အယ်ဒီတာ နီလေးမောင်နှင့် တွေ့မှရသည်။ မတွေ့လျှင် မရ။ တစ်ခါ တစ်ရံတွေ့ပါလျက် ထုတ်ဝေသူက မပေးသေးသဖြင့် တမေ့တမြော စောင့်ရရှာ သေး၏။ နီလေးမောင်ကိုယ်တိုင် အယ်ဒီတာလစာ မထုတ်ရသေး။ မင်းသိခ်၏ စာမူခကို ဘယ်လိုမှ စိုက်မပေးနိုင်။

ထိုကာလများကား အယ်ဒီတာကော၊ စာရေးဆရာပါ အလွန် ကသိ ကအောက် ဖြစ်ရသော ကာလများဖြစ်သည်။ တစ်နေ့သ၌ နီလေးမောင်ကိုလည်း အဆင်သင့်တွေ့၊ ထုတ်ဝေသူထံမှလည်း စာမူခပေးထားပြီး ဖြစ်၍ ဆယ့်ငါးကျပ် ကို ချောချောချူချူ ရခဲ့သည်။ သို့သော် မထင်မှတ်သော ပြဿနာနှင့် လာတိုး ရသည်။

ဇော်မျိုးသက်သည် သူ့စာမူပါမည်ထင်ပြီး ပြစ်မှုတိုက်သို့ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ စာမူက မပါသေး။ ထိုစဉ်က တိုက်တိုင်းလိုလို စာမူပါမှ စာအုပ်ထွက်မှ စာမူခပေးကြသည်။ ဇော်မျိုးသက်က မြောက်ဥက္ကလာသို့ ပြန်ရမည်။

"ကိုအောင်ထွန်း ကျွန်တော့်ကို လမ်းစရိတ်ထောက်ဗျာ၊ ပြန်စရာ ကားခ မရှိတော့ဘူး"

မင်းသိခ်ခများ စာမူခ ဆယ့်ငါးကျပ်မှ နီလေးမောင့် လက်ထောက် အယ်ဒီတာ အောင်ချစ်သူနှင့် ဇော်မျိုးသက်ကိုပါ လက်ဖက်ရည် တိုက်ပြီးပြီ။ သူလည်း သောက်ပြီးပြီ။ ထိုစဉ်က လက်ဖက်ရည်တစ်ခွက် တစ်မတ်ဖြစ်၍ ဆယ့်ငါးကျပ်မှ တစ်ကျပ်လျော့သွားပြီ။ ဇော်မျိုးသက်က ပြန်စရာ လမ်းစရိတ်မရှိ၍ တောင်းလာတော့လည်း သူ့ခများ မနေနိုင်ရှာ။

"သုံးကျပ်ဆို လောက်မလား"

"လောက်တယ်၊ လောက်တယ်။ ပိုတဲ့ပိုက်ဆံ ဆေးလိပ်တောင် ဝယ် သောက်လို့ ရသေးတယ်"

မင်းသိခ်သည် တစ်ကိုယ်ကောင်းသမား မဟုတ်။ တစ်ကိုယ်ကောင်း စိတ်မရှိ။ ရသမျှကို ဝေမျှ သုံးလိုသူ ဖြစ်သည်။ ငွေကို အကျိုးရှိအောင် သုံးနည်း ကို ထိုစဉ်ကပင် သူ နားလည်ခဲ့သည်။

(မောင်ရွှေစွန်၏ ပြောပြချက်အရဆိုပြီး ကျွန်ုပ်ရေးခဲ့သော အမှား နှစ်ချက်ကို ဤစာမူတွင် ပြင်ချင်ပါသည်။ မင်းသိခ် အလုပ်လုပ်ခဲ့သော ဆန်စက် မှာ ဒါးပိန်မှ ဆန်စက် မဟုတ်ပါ။ လေးထောင့်ကန်မှ ပြည်တော်အေးဆန်စက် ဖြစ်သည်။ မင်းသိခ်နှင့် မင်းသီဟ ကလောင်အမည် တစ်ပြိုင်တည်းယူခဲ့သည်ကို လည်း ပြင်မှတ်ကြစေလိုသည်။ မင်းသိခ်က အရင်ကျ၍ မင်းသီဟက နောက်ကျ သည်ဟု မင်းသိခ်၏ နှုတ်မှ ပြောပြခဲ့ပါသည်။ ထိုနှစ်ချက်ကို ပြင်မှတ်ကြပါရန် မေတ္တာရပ်ခံပါသည်။)

မင်းသိခ်သည် လေးထောင့်ကန်၊ ပြည်တော်အေးဆန်စက်တွင် စာရေး လုပ်ခဲ့စဉ် ဗေဒင်ပညာကို စတင်လေ့လာခဲ့သည်။ ဗေဒင်ပညာကို အတန်ငယ် တတ်ကျွမ်းလာသောအခါ နက္ခတ်ပညာကိုပါ ပူးတွဲလေ့လာခဲ့သည်။ ကျောက် မြောင်းတွင် နေထိုင်သောအိမ်က အမှုဖြစ်နေသည်။ အမှုအတွက် တရားစရိတ် မရှိ၍ ပြည်တော်အေးမှ ထွက်ပြီး နယ်လှည့်ဗေဒင်ဆရာ လုပ်ရသည်။

ကျောက်မဲသို့ ရောက်အသွား စာအုပ်ဆိုင်တစ်ဆိုင်တွင် ပြစ်မှု မဂ္ဂဇင်း ကို ဝင်လှန်ကြည့်သည်။ သူရေးပေးထားသော ပထမဆုံး ဆားပုလင်းနှင်းမောင် ဝတ္ထု ပြစ်မှုတွင် ပါလာသည်ကို ဝမ်းသာဖွယ်ရာ တွေ့ရသည်။ ဘေးတွင်အတူ

www.burmeseclassic.com

www.burmeseclassic.com



ပါလာသော စာပေသမားတစ်ယောက်ကို ပြတော့. . .

“သွားစမ်းပါကွာ။ သူများရေးတာကို ခင်ဗျားရေးတာလို့ လာညာမနေပါနဲ့။ ကျုပ်မယုံဘူး”

ခါးခါးသီးသီး အပြောခံရသည်။ ပထမဆုံး လုံးချင်း မနုစာရီမအောင်မြင်၍ မင်းသိခ် ဗေဒင်ထွက်ဟောရပြန်ပြီ။ သည်တစ်ခါတော့ ရှမ်း/မြောက် မဟုတ် ရှမ်း/တောင် ဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့တွင် ဗေဒင်ဟောရသည်။ ဆိုင်ခန်းအခန့်စားတွင် ခမ်းခမ်းနားနား ဟောရသည် မဟုတ်။ တောင်ကြီးဈေးထဲမှ သမဆိုင် ကော်ရစ်ဒါတွင် ပိတ်ဆိုင်းဘုတ် ချိတ်ကာ ဟောရခြင်း ဖြစ်သည်။ လမ်းဘေး ဗေဒင်ဆရာမှ တကယ့်ကို လမ်းဘေး ဗေဒင်ဆရာ။ သူ့ရှေ့မှာ ကားတွေ၊ လူတွေ ဥဒဟို သွားလာနေသော ကတ္တရာလမ်းမကြီးပဲ ရှိသည်။

ရှမ်းပြည်၏ ရာသီဥတုမှာ အအေးဓာတ် လွန်ကဲသည်။ အချမ်းဓာတ်က နေ့ရော၊ ညပါ မပြတ်ရှိနေသည်။ နေ့က နေရောင်လေးနှင့်မို့ တော်သေး၏။ ညဆိုလျှင် ပိုချမ်း၏။ မင်းသိခ်မှာ အနွေးထည်လည်း လုံလုံလောက်လောက် ပါမသွား။ ကုတ်အင်္ကျီအဟောင်းလေး တစ်ထည်သာ ပါသည်။ စောင်လည်း ဖောဖောသီသီမရှိ။ တောင်ကြီးမြို့တွင် ဖြစ်သလို နေထိုင်၍ ကုတ်အင်္ကျီအဟောင်းကလေး ဝတ်ကာ စောင်ပါးလေး ခြုံပြီး (တောင်ကြီးဆောင်း) ကို တုန်တုန်ခိုက်ခိုက်ဖြင့် ရင်ဆိုင်ဖြတ်သန်းရသည်။

ချမ်းလွန်းတော့ မနေနိုင်။ ညကြီးသန်းခေါင် မီးထလှုံရသည်။ နေ့ ဗေဒင်ဟော၊ ညမီးလှုံ၍ ချို့ချို့ငဲ့ငဲ့ နေရစဉ် ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်မှာ သူ့တာဝန်ကို သူမမေ့။ ထိုတာဝန်ကား စာရေးသည့် တာဝန် ဖြစ်သည်။ ညည ချမ်းလွန်း၍ အိပ်မရသည့်တူတူ မင်းသိခ် စာထိုင်ရေးသည်။ စာရေးနေရလျှင် စာထဲ စိတ်ရောက်နေ၍ အချမ်းသက်သာသလိုလိုပင် ထင်ရသည်။

ဤသို့ဖြင့် ဒုတိယမြောက် လုံးချင်းဝတ္ထုဖြစ်သော (ဆားပုလင်း နှင်းမောင်နှင့် ပိတုန်းသုံးကောင်) ဝတ္ထုကို ရေးဖြစ်သွားသည်။ တစ်ည နည်းနည်းချင်း နည်းနည်းချင်း ရေးရာမှ တစ်အုပ်ဖြစ်အောင် ညပေါင်းများစွာ ရေးခဲ့ရသော ဝတ္ထု၊ ဆားပုလင်းနှင်းမောင်နှင့် ပိတုန်းသုံးကောင်။

ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း(ခေါ်) မင်းသိခ်သည် အနေချို့တဲ့၊ အစားချို့တဲ့၊ အဝတ်ချို့တဲ့ ပင်ပန်းဆင်းရဲစွာ ဗေဒင်ဟောရင်းမှ ပိတုန်းသုံး

www.burmeseclassic.com

www.burmeseclassic.com



ကောင်ကို အောင်မြင်စွာ ရေးသားနိုင်ခဲ့ပြီ။ ထိုအောင်မြင်မှုအတွက် တောင်ကြီး တစ်ဝိုက်တွင် ရှိကြကုန်သော တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ ဈေးစောင့်နတ်၊ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည် (အိုဘယ့်လူသား အသင်သည် ယောကျ်ားကောင်း ယောကျ်ားမြတ်ပေတကား) ဟု ချီးကျူးကြလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်သည်။

ပိတုန်းသုံးကောင်တော့ ပြီးသွားပြီ။ ပိတုန်းတစ်ကောင်လျှင် မည်မျှတန်၍ သုံးကောင်ဆိုပါက မည်မျှ တန်မည်နည်း။ မနုစာရီတုန်းကလို မဖြစ်ညစ်ကျယ်၊ ငွေကလေးလေးဆယ်နှင့် ပြီးလိုက်ရမှာလား။ ယခု မင်းသိခ်ကား ယခင် မင်းသိခ် မဟုတ်တော့ပြီ။ ပြစ်မှု မဂ္ဂဇင်းတွင် ဆားပုလင်းနှင်းမောင်ဝတ္ထုတိုများလည်း ရေးနေသဖြင့်၊ အထိုက်အလျောက် ထင်ရှားစပြုနေပြီ။ ပရိသတ် ရှိသင့်သလောက် ရှိနေပြီ။ အညတရမင်းသိခ် မဟုတ်တော့၊ လူသိများစ မင်းသိခ် ဖြစ်လာပြီ။

ပြစ်မှု မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ နီလေးမောင်ထံ ပိတုန်းသုံးကောင် စာမူ ပြီးနေကြောင်းစာရေးလိုက်သည်။ နီလေးမောင်က ထိုစာကို ပြစ်မှု မဂ္ဂဇင်း ထုတ်ဝေသူကို ပြသည်။ ထုတ်ဝေသူက သူ့ဇနီးကို ထိုစာမူ ရယူရန်အတွက် တောင်ကြီးသို့ လွှတ်လိုက်သည်။

ထုတ်ဝေသူဇနီးမှာ တောင်ကြီးသို့ မရောက်ဖူး၊ သွားဖူး လာဖူးရှိသူများထံမှ မေးမြန်းပြီး သွားရသည်။ တောင်ကြီး ရောက်တော့ တည်းခိုခန်းမှာ တည်းသည်။ မင်းသိခ် ဘယ်မှာနေမှန်းမသိ။ ဘယ်သူ့မေးရမှန်းလည်း မသိ။

"ဒီမှာ ဦးလေးကြီး၊ ဆရာမင်းသိခ်ဆိုတာ သိသလား"

တောင်ကြီးတွင် တွေ့ရသော ပအို့ဝ်အမျိုးသားကြီး တစ်ယောက်ကို မေးကြည့်တော့. . .

"မသိပါဘူးကွယ်။ အခြားတစ်ယောက် မေးကြည့်ပါ" ဟု ရည်မွန်စွာ ဖြေသွားသည်။ ထုတ်ဝေသူ ဇနီးမှာ ဟိုမေး၊ ဒီမေး၊ လျှောက်မေးနေသော်လည်း တောင်ကြီး တစ်မြို့လုံး စာရေးဆရာ မင်းသိခ်ကို သိသည့်သူ မတွေ့ရ။ သို့သော် မေးပါများ စကားရ ဆိုသည့်အတိုင်း ကားစပယ်ယာတစ်ယောက်ထံမှ သတင်း စတင်ရလာသည်။

"တောင်ကြီးမှာ စာရေးဆရာ မင်းသိခ်တော့ မရှိလူး။ ဗေဒင်ဆရာ တစ်ယောက်တော့ ရှိတယ်။ မင်းသိခ်လား၊ ဘာလား ကျွန်တော်မသိဘူး"

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ဗေဒင်ဟောနေတယ် ကြားတယ်။ ဘယ်မှာ ဟော

www.burmeseclassic.com

www.burmeseclassic.com



တာလဲ”

“အဲဒါလဲ. . . ကျွန်တော် မသိဘူး။ သူများပြောတာ ကြားဖူးတာ။ အစ်မ ရှာကြည့်ပါ”

ထုတ်ဝေသူ၏ ဇနီးမှာ တောင်ကြီးမြို့ပေါ်မှ ဗေဒင်ဆိုင်းဘုတ်များကို လိုက်ရှာကြည့်သည်။ ဆိုင်နှင့် ကန္နားနှင့် ကျကျနန၊ အခန့်စား ဟောနေကြသော ဗေဒင်ခန်းများစုံပြီ။ မင်းသိခ်ကို ဘယ်ဗေဒင်ခန်းမှာမှ မတွေ့။

တောင်ကြီးမှာ နေတယ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား။ ပြန်တာပဲ အေးတယ်ဟု ဆုံးဖြတ်ကာ တောင်ကြီးဈေးသို့ ဈေးဝယ်ရန် သွားသည်။ ဈေးထဲရှိ သမဆိုင်ရှေ့ ရောက်သွားသည်။ ပိတ်ဆိုင်းဘုတ် နောက်ခံထားကာ ခပ်ငိုင်ငိုင် ထိုင်နေသော လူတစ်ယောက်ကို တွေ့ရသည်။ သူ့ရှေ့မှာ ဗေဒင်မေးသူ တစ်ယောက်မှ မရှိ။ ထို့နေ့အတွက် ဈေးဦးမှ ပေါက်ပါသေးလေစ။

ထုတ်ဝေသူ၏ ဇနီးသည် မင်းသိခ် ရှေ့သို့သွားရပ်သည်။ မင်းသိခ် မျက်နှာ လျှပ်စီးလက်သလို ဝင်းခနဲ လက်သွားသည်။ ဈေးဦးတော့ ပေါက်ပြီ။

“ထိုင်ပါခင်ဗျာ။ ဗေဒင်ကြည့်မှာလား။ လက္ခဏာ ကြည့်မှာလား”

ထုတ်ဝေသူဇနီးက မင်းသိခ်ကို မြင်ဖူးထားသည်။ မင်းသိခ်က ထုတ်ဝေသူဇနီးကို မမြင်ဖူးသေး။ ဗေဒင်ကြည့်မည့်သူထင်၍ ထိုင်ခိုင်းသည်။ ထုတ်ဝေသူ ဇနီးကလည်း ခပ်တည်တည် ဝင်ထိုင်သည်။

“နာမည် ဘယ်လိုခေါ်ပါသလဲ”

“မပြုံးလို့ ခေါ်ပါတယ်”

“မပြုံးဆိုရင် ကြာသပတေးသမီး ဖြစ်ရမယ်။ မွေးတဲ့ခုနှစ် သက္ကရာဇ်ကို ပြောပါ။ မြန်မာခုနှစ် ပြောပြော၊ ခရစ်ခုနှစ်ပြောပြော ကြိုက်တာပြောပါ။

“မပြောနိုင်ဘူး”

မင်းသိခ် အူကြောင်ကြောင် ဖြစ်သွားသည်။ ဗေဒင်ဆရာရှေ့လာထိုင်ပြီး မွေးသက္ကရာဇ်မေးတော့ မပြော။ ဘယ်လို မိန်းမပါလိမ့်။

“ဗေဒင်မေးဖို့ လာတာ မဟုတ်လား”

“မဟုတ်ဘူး”

“ဒါဖြင့် ဘာလို့ လာတာလဲ”

မပြုံးက ပြုံးရွှင်သော မျက်နှာဖြင့် လာရင်းကိစ္စကို ပြောပြသည်။ ကျွန်ုပ်၏ မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ် သူ့နဖူးသူ လက်ဝါးဖြင့် ရိုက်ကာ ဟိုက်- ရှာလပတ်ရည် မအော်နိုင်ဘဲ ပါးစပ် အဟောင်းသား ပွင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့စာမူကို စာအုပ်ထုတ်ဖို့ လာခဲ့တာပါ"

"ကျွန်တော့်စာမူ ဟုတ်လား"

မနုစာရီတစ်အုပ်တည်းဖြင့် လုံးချင်းထုတ်ရန်လန့်သွားသော မင်းသိခ် ကပြောသည်။ မပြုံးက သူမ၏ လက်ပွေ့အိတ်ကို ဖွင့်၍ စာတစ်စောင်ကို ထုတ်သည်။

"ဆရာ. . . ကိုနီလေးမောင်ဆီ ရေးလိုက်တဲ့စာလေ။ ဒီမှာ ပြန်ယူလာတယ်။ အဲဒီစာထဲမှာ ပါတဲ့ ဆရာ့စာမူ လိပ်ပြာသုံးကောင်. . . "

"ပိတုန်းသုံးကောင်ပါ မပြုံးရာ"

"အဲဒါကို ကျွန်မတို့ ထုတ်မယ်။ ကျွန်မက ရဲအရာရှိတစ်ဦး အမည်ခံ ဆရာကြီး ဦးဘသော်ရဲ့ သားအလတ်၊ ကိုခင်မောင်စီရဲ့ ဇနီးပါ။ ကိုခင်မောင် ရီတော့ ဆရာသိမှာပါ။ သတင်းစာဆရာ၊ စာရေးဆရာကြီးခင်မောင်ရီလေ"

ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်မှာ ဘာပြန်ပြော ရမှန်းမသိအောင် ဝမ်းသာလုံးဆို့သွားသည်။ သူသည် သူ၏ကံဇာတာများ ပြန်တက်လာပြီဟု ဗေဒင်တွက်မကြည့်ရဘဲ အလိုအလျောက် သိစိတ်ဖြင့် သိလိုက်သည်။

"စာမူခက. . . "

"လေးဆယ်. . . အဲ. . . အဲ. . . မပြုံးတို့ ဘယ်လို ရည်ရွယ်ထား သလဲ"

"ကျွန်မတို့ ဒီစာအုပ်ကို ဉာဏ်ပူဇော်ခ. . . သုံးထောင် ကန်တော့ဖို့ ရည်ရွယ်ထားပါတယ်"

သုံးထောင်၊ သုံးထောင်၊ သုံးထောင် ဆိုသော အသံများ မင်းသိခ်၏ နားဝတွင် ပဲ့တင်ရိုက်သွားသည်။ ဝတ္ထုနာမည်က ဆားပုလင်းနှင်းမောင်နှင့် ပိတုန်းသုံးကောင် ရမည့်စာမူခကလည်း သုံးထောင် သုံးကောင်နှင့် သုံးထောင် တြင်းကျေသွားပြီ။

"ရတယ်လေ. . . ထုတ်ပါ"

မအောင်မြင်ခင်က မိမိက ထုတ်ဝေသူဆီ သွားရသည်။ အောင်မြင် ဖို့ အလားအလာ ရှိလာသောအခါ ထုတ်ဝေသူက မိမိရှိရာသို့ လိုက်လာသည်။ မပြုံးသည် တောင်ကြီးအထိ တကူးတက၊ လိုက်လာပြီး စာမူခ သုံးထောင်ပေးကာ ပိတုန်းသုံးကောင် ဝတ္ထုစာမူကြီးကို ယူသွားလေ၏။

"မင်းသိခ်၏ ဆားပုလင်းနှင်းမောင်နှင့် ပိတုန်းသုံးကောင် ဝတ္ထုထွက်

www.burmeseclassic.com

www.burmeseclassic.com



ပြီ”

ပြစ်မှုမဂ္ဂဇင်းနှင့် သတင်းစာတွင် အထက်ပါ ကြော်ငြာကို ထည့်လိုက်ရာ နယ်အမှာစာများ တဖွဲဖွဲ ရောက်လာကြလေ၏။ ရန်ကုန်မြို့ပေါ်မှ ဆိုင်များတွင်လည်း အတန်အသင့် ရောင်းရလေ၏။

ကျွန်ုပ်၏ မိတ်ဆွေ ကိုအောင်ထွန်း(ခေါ်) မင်းသိခ်သည် လွန်စွာအားတက်လာပြီး ဆားပုလင်းနှင်းမောင်နှင့် မြိုင်ရာဇာတာတေ အခန်းဆက် ဝတ္ထုရှည်ကြီးကို ပြစ်မှုမဂ္ဂဇင်း၌ ရေးလေ၏။ ဆားပုလင်းနှင်းမောင်နှင့် ပိတုန်းသုံးကောင်မှာ တစ်စတစ်စဖြင့် အရောင်းလိုက်လာသည်။

ထိုအချိန်တွင် ပထမလက်ရာ (မနုစာရီ)ကို ပထမ ထုတ်ဝေသူက ဂုဏ်ထူးစာပေတွင် တစ်အုပ်ပြားငါးဆယ်နှုန်းဖြင့် အဟောင်းချရောင်းသည်။ ဂုဏ်ထူးစာပေက တစ်မတ် အမြတ်တင်ပြီး ခုနှစ်ဆယ့်ငါးပြားဖြင့် ရောင်းသည်။ မနုစာရီသည် အသစ်တွင် ကံလွန်စွာ ကောင်းခဲ့သည်။

ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း(ခေါ်) မင်းသိခ်မှာ တောင်ကြီးတွင် ပေဒင်ဟောရင်းမှ ရန်ကုန်သတင်းကို နားစွင့်နေရ၏။ ပိတုန်းသုံးကောင် အရောင်းသွက်လာကြောင်း၊ ပြစ်မှုမှ မြိုင်ရာဇာတာတေကို လူကြိုက်များလာကြောင်း ဝမ်းမြောက်ဖွယ် သတင်းကောင်းများကို ကြားရသည်။ ထို့အပြင် မနုစာရီပါ  အဟောင်းဈေးကွက်တွင် လွန်စွာအရောင်းသွက်နေကြောင်း ဆက်၍ ကြားရပြန်၏။

“မြိုင်ရာဇာတာတေကို ကျွန်မတို့ပဲ ထုတ်မယ်”

မပြုံးတို့ပင် မြိုင်ရာဇာတာတေကို ဆက်ထုတ်သည်။ မင်းသိခ်သည် အောင်မြင်ခြင်းလမ်းပေါ်သို့ ခြေချမိလေပြီ။ ရှေ့ဆက်၍ အောင်လံလွှင့်ကာ လမ်းဆက်လျှောက်ဖို့ပဲ ရှိတော့သည်။ မင်းသိခ်က မြိုင်ရာဇာတာတေအတွက် စာမူခ တိုးတောင်းသည်။ မပြုံးတို့က မပေး။ ပိတုန်းသုံးကောင်တုန်းကလို သုံးထောင်ပဲပေးသည်။

ထုတ်ဝေသူနှင့် စာရေးဆရာမှာ ရေအိုးနှင့် ရေမှုတ်ဖြစ်သော်လည်း သည်ရေအိုးနှင့် စိတ်တိုင်းမကျလျှင် နောက်ရေအိုးသို့ ပြောင်းရမြဲ။

ကျွန်ုပ်၏ မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်မှာ နောက်ထပ် ဘာတွေဆက်ရေးပြီး၊ ဘယ်ထုတ်ဝေသူနှင့် လက်တွဲဦးမည်နည်း။ ကျွန်ုပ်တို့ စောင့် ကြည့်ကြပါစို့။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



ချစ်သောမောမြေကို ခွဲခွာရတော့မည်။

ဘဝသည် လေလွင့်ရော်ရွက်ဝါလို လွင့်ချင်ရာ လွင့်နေသည်။ နယ်လှည့် ပေဒင်ဆရာအဖြစ် ရှမ်းမြောက်မှ ရှမ်းတောင်သို့ ရောက်လာသည်။ တောင်ကြီးတွင် အခြေချမည်ကြံကာမှ ကံကြမ္မာက တစ်မျိုးလှည့်ပြောင်းလာပြန်ပြီ။ ရှမ်းမြေကို အလွမ်းတဝေဝေဖြင့် ခွဲရဦးတော့မှာပါလား။

ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း(ခေါ်) မင်းသိခ်သည် သမဆိုင်ကော်ရစ်ဒါရှိ ပေဒင်ဟောခန်းမှ တောင်တန်းကြီးများကို ကြည့်ငေးရင်း လွမ်းနေသည်။ တောင်တန်းကြီးမှာ တောင်ခိုးတွေဝေလျက်မြူတွေ ဆိုင်းနေသည်။ တောင်ပေါ်တွင် ထုံးဖြူဖြူ စေတီလေးတစ်ဆူကို လှမ်းမြင်နေရသည်။

တောင်ကြီးတွင် မိမိဘာတွေ စွမ်းဆောင်နိုင်ခဲ့သနည်း။ ပေဒင်ဟောကာ ဝမ်းစာရှာရင်း စာအုပ်နှစ်အုပ် ရေးဖြစ်ခဲ့သည်။ ဆားပုလင်းနှင်းမောင်နှင့် ပိတုန်းသုံးကောင်၊ ဆားပုလင်းနှင်းမောင်နှင့် မြိုင်ရာဇာတာတေ စာမူခအဖြစ် တစ်အုပ်လျှင် ကျပ်သုံးထောင်စီ ရသည်။ တိုးတောင်းသော်လည်း ထုတ်ဝေသူက တိုးမပေး။

ထိုစာအုပ်နှစ်အုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်၏ နာမည်မှာ မီးပုံးပျံတက်သလို တရွေ့ရွေ့တက်လာခဲ့သည်။ မိုးမြင့်အာကာသို့ပင် ရောက်စပြုလာသည်။ ကိုအောင်ထွန်းသည် စာမရေးရလျှင် မနေနိုင်သဖြင့် ညအချိန်တွင် ဝတ္ထုတစ်ပုဒ်ဆက်ရေးသည်။ တဖြည်းဖြည်းချင်း ရေး၍ ဘယဆေးစုသလို တတိတတိ စုလာခဲ့ရာ လုံးချင်းတစ်အုပ်စာ ရတော့မည်။ တစ်နေ့ထက် တစ်နေ့ ထူထူလာသော စာမူကြီးကိုကြည့်ကာ ကိုအောင်ထွန်းစဉ်းစားရပြီ။ စာရေးဆရာ ပီပီပြင်ပြင်ဖြစ်အောင် ရန်ကုန်မှာ ပြန်နေရမည်။ နယ်က ရေးပို့နေလို့ မဖြစ်နိုင်။ ဖြစ်သည့်တိုင် အချိန်တွေ များစွာကြာမည်။ မိမိအနေနှင့် အောင်မြင်ခြင်းလမ်းမပေါ်သို့ ခြေချမိနေပြီ။ ပန်းတိုင်ရောက်အောင် ဆက်လျှောက်ဖို့ပဲ ရှိတော့သည်။

"ရန်ကုန် ပြန်လိုက်ဦးမယ်ဗျာ"

တောင်ကြီးတွင် နေသားထိုင်သားကျ၍ ခင်မင်စပြုနေသော စာပေမိတ်ဆွေများ၊ ပေဒင်မိတ်ဆွေများကို လွမ်းတသသဖြင့် ခွဲခွာခဲ့ရသည်။ ရန်ကုန်ပြန်ရောက်တော့ ဟောခန်းနေရာ ရှာရသည်။ မင်းသိခ်ဆိုသော နာမည်မှာ အညွန့်တလူလူ၊ လူစပြုပြီဖြစ်၍ ရန်ကုန်မြို့လယ်တွင် ဖွင့်ရမည်၊ သို့မှသာ မြန်မြန်လူသိသွားမည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်သည် အဆိုးတွေက လွတ်မှန်းမသိလွတ်ကာ အကောင်းဘက်သို့ ရောက်မှန်းမသိ ရောက်လာသည်။ ရန်ကုန်မြို့လယ်ခေါင် မဟာဗန္ဓုလပန်းခြံလမ်း အထက်ဘလောက်ရှိ မင်းသား လေး တေးသံသွင်းအပေါ်ထပ် ထိုက်ဓာတ်ပုံတိုက် ကော်ရစ်ဒါတွင် ဟောခန်း နေရာရသွားသည်။

တစ်နေ့သ၌ သူ၏ဗေဒင်ဟောခန်းသို့ အသားဖြူဖြူ လူရည်သန့်သန့် လူငယ်တစ်ဦး ရောက်လာသည်။ ထိုလူငယ်သည် စောစီးစွာ ရောက်နှင့်နေကြ သော ဗေဒင်မေးမည့်သူများဘေးတွင် ခပ်ရိုရို့လေး ဝင်ထိုင်သည်။ သူ့အလှည့် ကို စိတ်ရှည်လက်ရှည် စောင့်သည်။

"နာမည်ပြောပါ. . . "

"မောင်ဉာဏ်ဝင်းပါ. . . ဆရာ"

"ခုနှစ်သက္ကရာဇ် ပြောပါ၊ မြန်မာနှစ်ဖြစ်ဖြစ် ခရစ်နှစ်ဖြစ်ဖြစ် ကြိုက် တာ ပြောပါ"

မောင်ဉာဏ်ဝင်းက ခရစ်သက္ကရာဇ်ကို ပြောသည်။ မင်းသိခ်က တွက် ချက်ပေးပြီး စုံစုံစေ့စေ့ ဟောပေးသည်။ မောင်ဉာဏ်ဝင်းသည် ဆရာမင်းသိခ် ၏ ဟောချက်များကို ကျေနပ်သွားသည်။ လွန်စွာရှင်း၍ လွန်စွာတိကျကာ၊ လွန်စွာ ပြတ်သားသည် မဟုတ်ပါလား။

"နောက်ထပ် ဘာသိချင်သေးသလဲ၊ သိချင်တာ မေးပါ"

"သိချင်တာကတော့ ဆရာ အခု ဘာရေးနေသလဲ"

"ကျုပ်ဗေဒင်တွက်နေတယ်လေ။ ရေးတာ မဟုတ်ဘူး။ တွက်တာ၊ ခု လေးတင် မောင်ရင့်ကို တွက်ပြီး ဟောပေးလိုက်ပြီပဲ"

"မဟုတ်ဘူးဆရာ၊ ကျွန်တော် သိချင်တာက ဆရာအခု ဘာလုံးချင်း ဝတ္ထုရေးနေသလဲ။ ဘယ်တိုက်နဲ့ ထုတ်မှာလဲ။ အဲဒါပါ"

ဟိုက် ရှာလပတ်ရည်။ လက်စသတ်တော့ ဗေဒင်လာမေးတဲ့သူက ကိုယ့်စာဖတ်ပရိသတ် ဖြစ်နေပါလား။ ဗေဒင်ပရိသတ် နှင့် စာပေပရိသတ် ထပ်တူကျနေပြီ။ မင်းသိခ်သည် လွန်စွာ ဝမ်းသာသွားပြီး ရေးပြီးတော့မည့် လုံးချင်းဝတ္ထုအကြောင်း ပြောပြသည်။

"ဘယ်တိုက်နဲ့ ထုတ်ဖြစ်မယ် မသိသေးဘူး။ ရေးကောင်းကောင်းနဲ့ ဝတ္ထုပြီးအောင် ရေးနေတယ်။ ပြီးတော့မယ်။

"ပိတုန်းသုံးကောင်နဲ့ မြိုင်ရာဇာတာတေ ထုတ်ခဲ့တဲ့ တိုက်နဲ့ ဆက်

www.burmeseclassic.com

www.burmeseclassic.com



မထုတ်တော့ဘူးပေါ့”

“စာမူခ တိုးတောင်းတာ မပေးဘူးဗျာ။ စာအုပ်တွေလည်း ကုန်သားနဲ့ တိုးမပေးဘူး. . . ”

“ဒါဆို ကျွန်တော် တိုးပေးမယ်။ ဆရာ ဘယ်လောက်ယူမလဲ။ ဆရာ့ စာမူ ကျွန်တော်ထုတ်မယ်. . . ”

လူတို့၏ ကံတရားမှာ လွန်စွာအံ့ဩဖွယ် ကောင်းသည်။ မင်းသိခ်နှင့် မနုစာရီ ထုတ်ဝေသူမှာ ကံမစပ်ခဲ့ပေ။ ဒုတိယ ထုတ်ဝေသူမှာ လည်း ရေရှည် မမြဲခဲ့။ နှစ်အုပ်တည်းနှင့် လမ်းခွဲခဲ့ရသည်။ တတိယထုတ်ဝေသူ မောင်ဉာဏ်ဝင်း (ဉာဏ်ဝင်းစာပေ) နှင့်ကျမှ ကံစပ်ကြသည်။

ဉာဏ်ဝင်းစာပေသည်လည်း ဟုန်းခနဲတောက်။ မင်းသိခ်သည်လည်း ဒုန်းခနဲမြောက်၊ ကံဇာတာချင်း အပြန်အလှန် သဟဇာတဖြစ်၍ တိုက်ကော၊ စာရေးဆရာပါ လျှမ်းလျှမ်းတောက် ဖြစ်သွားသည်။ ဉာဏ်ဝင်းစာပေတိုက်မှ မင်းသိခ် နာမည်ကျော် နာမည်ကြီး (ပုဏ္ဏားဘကွန်း) ဝတ္ထုကို စထုတ်သည်။

ဖတ်ဖူးသူတွေ များလှပြီဖြစ်၍ ပုဏ္ဏားဘကွန်း၏ ဇာတ်လမ်းအကျဉ်း ကို ကျွန်ုပ်မရေးတော့ပါ။ ကျွန်ုပ်၏ မိတ်ဆွေကိုအောင်ထွန်း (ခေါ်) မင်းသိခ်၏ စာပေခရီးတွင် ပုဏ္ဏားဘကွန်းသည် အဓိက တွန်းအားဖြစ်သည်။ ကောင်းကင် သို့ ရောက်စပြုနေသော မီးပုံးပျံကို ပုဏ္ဏားဘကွန်း လေပြင်းက အမြင့်ဆုံး ရောက်အောင် မှုတ်တင်ပေးလိုက်သည်။ ပုဏ္ဏားဘကွန်းဖြင့် မင်းသိခ်နာမည် အထွတ်အထိပ်သို့ ရောက်သွားသည်။ ခိုင်သွားသည်။

သူ့ရှေ့တွင် ရှိနေနှင့်ကြသော ခေတ်ပြိုင်လုံးချင်းစူပါများကို မင်းသိခ် သည် ပိတုန်းသုံးကောင် မြိုင်ရာဇာတာတေတို့နှင့် ရင်ဘောင်တန်းကာ ပုဏ္ဏား ဘကွန်းဖြင့် ကျော်ဖြတ်ပစ်လိုက်သည်။ လုံးချင်းလောကတွင် မင်းသိခ် ထိပ်တန်း စူပါ ဖြစ်သွားသည်။ ပုဏ္ဏားဘကွန်းသည် အစက တစ်အုပ်တည်းနှင့် အပြီး ရေးသောဝတ္ထုဖြစ်သည်။ ဆင်းရဲရာမှ ကြိုးစားသဖြင့် ပုဏ္ဏားဘကွန်း အလွန် ချမ်းသာသွားသည်။ ပြီးပြီ။

ဘကွန်းချမ်းသာခန်းရေးနေစဉ် စာရေးဆရာ အသည်းရောင်ရောဂါ ဖြစ်၍ ဆေးရုံတက်ရသည်။ ချမ်းသာခန်း ရေးနေရင်း ဆေးရုံအခန်းထဲသို့ ရောက်သွားခြင်း ဖြစ်သည်။ ဤတွင် ကျွန်ုပ်၏ မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ် လောကဓံတရား၏ ကြံဖန်ခါးသီးမှုကို ကြုံရပြန်သည်။

အောင်မြင်ခင်က ငွေကြေးကျပ်တည်းသည်။စား ချင် တာ ဝယ်မစား

www.burmeseclassic.com

www.burmeseclassic.com



နိုင်။ ရှေ့နောက်ချင့်ချိန် တိုင်းထွာပြီး ချို့ချို့ငဲ့ငဲ့ စားရသည်။ စူပါအဖြစ် အောင်မြင်လာ၍ လက်ဖျားငွေသီးတော့လည်း စားချင်တာ မစားနိုင်ပြန်။ ကျန်းမာရေး မကောင်း။ အသည်းရောင် နေသည်။

ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း(ခေါ်) မင်းသိခ်သည် ဆေးရုံပေါ်တွင် အလူးအလဲ ဝေဒနာခံစားရင်း အသိသစ်တစ်ခု ရသွားသည်။ တကယ့်ချမ်းသာခြင်းသည် ငွေကြေးမဟုတ်။ ကျန်းမာခြင်း ဖြစ်သည်။ ငွေတွေ ဘယ်လောက်ချမ်းသာချမ်းသာ။ လူမကျန်းမာက တကယ်ချမ်းသာသည် မခေါ်နိုင်။ လူကြီးများ ဆုပေးလျှင် ကျန်းမာချမ်းသာပါစေဟု ပေးသည်။ ချမ်းသာ ကျန်းမာပါစေဟု မပေးတတ်။ ချမ်းသာခြင်းထက် အရေးပါသော ကျန်းမာခြင်းကို ရှေ့ကထား၍ ဆုပေးသည်။ မင်းသိခ် ချမ်းသာခြင်းအစစ်ကို သဘောပေါက်သွားသည်။

"မောင်ဉာဏ်ဝင်းရေ. . . ပုဏ္ဏားဘကွန်းကို တစ်အုပ်တည်းနဲ့ ပြီးလို့ မဖြစ်တော့ဘူး။ ဒုတိယတွဲ ဆက်ရေးရတော့မယ်. . ."

သို့ဖြင့် ပုဏ္ဏားဘကွန်းသည် နှစ်တွဲဖြစ်သွားသည်။ နှစ်တွဲစလုံး ဝက်ဝက်ကွဲအောင်မြင်သည်။ ဆရာဝန်က မင်းသိခ်ကို စာမရေးဖို့ ခေတ္တတားထားသည်။ ရောဂါပျောက်မှ ရေးစေချင်သည်။ မင်းသိခ်ကလည်း မနေနိုင်။ ပုဏ္ဏားဘကွန်း ဒုတိယတွဲကို ဆေးရုံပေါ်တွင် ခိုးရေးသည်။ ဆရာဝန်၊ ဆရာမများ အလစ်တွင် နည်းနည်းချင်း နည်းနည်းချင်း ရေးသည်။

"ဆရာ ရေးဖြစ်သေးလား။"

"ရေးဖြစ်တယ်၊ ညက တစ်ရေးနိုးမှာ ထရေးတာ။ တော်တော်ပြီး သွားတယ်။ ရော့ ရော့ ဆရာဝန် မမြင်အောင် ဝှက်ယူသွား"

မောင်ဉာဏ်ဝင်းက ဆေးရုံသို့ နေ့စဉ်လာ သတင်းမေးသည်။ သတင်းမေးရင်းမှ အသည်းရောင်ဝေဒနာရှင် စာရေးဆရာ၏ ခိုးဝှက်ရေးထားသော စာမူများကို သိုသိုသိပ်သိပ် ယူသွားသည်။ ဆရာဝန်သိလျှင် ပြဿနာတက်မည် မဟုတ်ပါလား။ ပုဏ္ဏားဘကွန်းဒုတိယတွဲကို မင်းသိခ်သည် ဆေးရုံတက်ရင်း အပြီးရေးသည်။

ပုဏ္ဏားဘကွန်း၏ ဂယက်သည် စာဖတ်ပရိသတ်ထဲတွင် အကြီးအကျယ် လှုပ်ခတ်သွားသည်။ လမ်းဘေးတွင် ဆင်းဆင်းရဲရဲနှင့် ဈေးရောင်းနေရသူများ ပုဏ္ဏားဘကွန်းကို ဖတ်ပြီး အားကျကြသည်။ မင်းသိခ်အစွဲကြီးသူ၊ မင်းသိခ် ခရေဇီတို့သည် ပုဏ္ဏားဘကွန်း မန်ကျည်းဖျော်ရည် စသည်ဖြင့် မိမိတို့

www.burmeseclassic.com

www.burmeseclassic.com



၏ ဆိုင်းထမ်းများတွင် ဂုဏ်ယူဝင့်ကြွားစွာ ရေးသား ချိတ်ဆွဲခဲ့ကြသည်။

ဉာဏ်ဝင်းစာပေနှင့် မင်းသိခ်၊ မင်းသိခ်နှင့် ဉာဏ်ဝင်းစာပေ ဘယ်ဘဝက ဘယ်လို ပဋ္ဌာန်းဆက်တွေ ရှိခဲ့သည်မသိ။ လွန်စွာ့လွန်စွာ အတိုင်းမသိ အောင်မြင်သည်။ မောင်ဉာဏ်ဝင်းသည် မင်းသိခ်၏ လုံးချင်းဝတ္ထုများကို ရုပ်ပြအဖြစ်ပါ ပူးတွဲထုတ်ဝေသည်။ ထိုရုပ်ပြများလည်း အောင်မြင်သည်။ အငှားရဆုံး တော့တန်း ရုပ်ပြစာရင်းတွင် မင်းသိခ်၏ ရုပ်ပြများလစဉ် နေရာယူနိုင်သည်။

ဆေးရုံတက်နေစဉ် မင်းသိခ်၏ ဘဝ၌ တစ်သက်မမေ့နိုင်စရာ အဖြစ်တစ်ခုကို ကြုံရသည်။ တစ်နေ့. . . နေ့လယ်ခင်းအသည်းနေရာမှ အောင့်တောင့်အောင့်တောင့် ဖြစ်လာ၍ ခုတင်ပေါ်တွင် လဲလျောင်းနေစဉ် အခြားဘက်ခန်းမှ လူမမာတစ်ယောက် ခုတင်နားသို့ ရောက်လာသည်။

"နေထိုင်ကောင်းပါရဲ့လား မိတ်ဆွေ"

နှုတ်ဆက်သူကို မင်းသိခ် ရုတ်တရက် မမှတ်မိ။ ထိုသူမှာ မျက်နှာတွေကျနေသည်။ မျက်တွင်းတွေ ကျနေသည်။ နားထင်တွေ ချိုင့်နေသည်။ မျက်လုံးတွေ မှိန်နေသည်။ ထူထဲနက်မှောင်သော မျက်ခုံးများသာ ကျန်တော့သည်။ အတန်ကြာအောင် ကြည့်နေပြီးမှ ထိုသူကို မင်းသိခ် မှတ်မိသွားသည်။

"ဟာ. . . ဆရာပါလား၊ ထိုင်ပါဆရာ. . . ထိုင်ပါ"

ပျာပျာသလဲ နေရာပေးရသည်။ လူမမာချင်း သတင်းလာမေးသူသည် မင်းသိခ်၏ ခုတင်ဘေးတွင် ဖြေးလေးစွာ ဝင်ထိုင်သည်။ သူ့ကြည့်ရတာ အားရှိပုံမရ။ မောပန်း နွမ်းနယ်နေသည်။ အသက်ဇီဝကို ချုပ်ငြိမ်းမသွားအောင် အနိုင်နိုင် ထိန်းထားပုံရသည်။

"ဆရာလည်း ဆေးရုံတက်နေရသလား"

"ဟုတ်တယ် ကျွန်တော် ဟိုဘက်ခန်းမှာ. . . မိတ်ဆွေ ရောက်နေတယ် ကြားတာတော့ ကြာပြီ၊ မထနိုင်လို့ မလာရတာ. . . ဒီနေ့ နည်းနည်းသက်သာတာနဲ့ တဖြည်းဖြည်း လျှောက်ရင်း လာမေးတာ"

"ဒုက္ခရှာလို့ ဆရာရယ်၊ ကျွန်တော်က လာမေးရမှာပါ. . . ဆရာဆေးရုံတက်နေတာ ကျွန်တော် မသိလို့ပါဆရာ. . . သိရင်လာပါတယ်"

လူမမာ လာမေးသော လူမမာက ပန်းလျစွာပြုံး၍. . .

"အကြောင်းမဟုတ်ပါဘူး မိတ်ဆွေ၊ ဘယ်သူကလာလာ ကျုပ်တို့မိတ်ဆွေတို့ဟာ. . . တစ်ယောက်ကို တစ်ယောက် အားပေးရမယ်. . . မိတ်ဆွေ၊ ကောင်းသွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



သတင်းလာမေးသော လူမမာမှာ လွန်စွာယဉ်ကျေးသိမ်မွေ့သော မိမိကိစ္စကို နောက်ထားပြီး တစ်ဘက်သားကိစ္စကို ရှေ့တန်းတင်လေ့ရှိသော များစွာလူမှုရေး သိတတ်သော စာရေးဆရာကြီး ဗန်းမော်တင်အောင် ဖြစ်သည်။

ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိင်္ခသည် စာရေးဆရာကြီး ဗန်းမော်တင်အောင် သတင်းလာမေးသည့်အတွက် အားနာသွားသည်။ နောက် တစ်ရက်နှစ်ရက်အကြာတွင် ရောဂါသက်သာ၍ မင်းသိင်္ခဆေးရုံမှ ဆင်းရသည်။ ဆေးရုံမှ အဆင်းတွင် ဗန်းမော်တင်အောင်ကို သွားနှုတ်ဆက်သည်။

"ဆရာ. . . ကျန်းမာရေး အခြေအနေ. . . "

"ဒီလိုပါပဲ. . . မိတ်ဆွေရယ်. . . ကျွန်တော့် ကျန်းမာရေးက တစ်နေ့ ရွှေ၊ တစ်နေ့ငွေ မဟုတ်ဘူး. . . တစ်နာရီ ရွှေ၊ တစ်နာရီငွေ ဖြစ်နေတယ်"

"ကျွန်တော် ဒီနေ့ဆင်းရမယ်. . . ဆရာ"

"မိတ်ဆွေ ကောင်းသွားမှာပါလို့ ကျွန်တော် ပြောသားပဲ၊ ဆေးရုံက ဆင်းရမယ်. . . ဝမ်းသာတယ်ဗျာ. . . ကျွန်တော်တော့ ဘယ်လောက်ကြာဦးမယ် မသိဘူး၊ ဆေးရုံသက် ရှည်ရဦးမှာပဲ"

ဗန်းမော်တင်အောင်က ပန်းလျှသံဖြင့် ပြန်ပြောရင်း သက်ပြင်းချသည်။ မင်းသိင်္ခသည် ပါလာသော ပုဆိုးသုံးထည်အနက် အသစ်ဆုံး ပုဆိုးကို ဗန်းမော်တင်အောင်အား ကန်တော့ခဲ့သည်။

"အေးဗျာ. . . ကျွန်တော့်မှာ ပုဆိုးနည်းနေတာနဲ့ အတော်ပဲ အလဲအလှယ်လေး ဝတ်ရတာပေါ့၊ ကျေးဇူးကြီးလှပါတယ် မိတ်ဆွေ"

မင်းသိင်္ခ လွန်စွာ လူကြီးလူကောင်းဆန်သော လူ့တန်ဖိုးကြီးမားသော စာရေးဆရာကြီး ဗန်းမော်တင်အောင်ကို ရိုသေစွာ ရိုကျိုးစွာ နှုတ်ဆက်ပြီး ဆေးရုံပေါ်မှ ဆင်းခဲ့လေသည်။

ကျန်းမာရေးအရ မင်းသိင်္ခအိမ်မှာ နားနေစဉ် မောင်ဉာဏ်ဝင်း ရောက်လာသည်။

"ငါ တစ်ရက်နှစ်ရက်နားပြီး စာပြန်ရေးမယ်. . . "

"စာရေးဖို့ လာမေးတာ မဟုတ်ဘူး ဆရာ. . . ခရီးထွက်ဖို့ လာခေါ်တာ. . . ကျွန်တော့ မိသားစုနဲ့ ထားဝယ်ဘက် ခရီးထွက်မလို့ ထားဝယ်ကို ဆရာ မရောက်ဖူးသေးဘူး မဟုတ်လား၊ စိတ်ပြေလက်ပျောက်လိုက်ခဲ့ပါ. . . "

"ကောင်းသားပဲ. . . ငါလိုက်ခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



အသည်းရောင်ရောဂါပျောက်စ နလံထ မင်းသိခ်တစ်ယောက် မောင်ဉာဏ်ဝင်းမိသားစုနှင့်အတူ ထားဝယ်ရောက်သွားသည်။ ထားဝယ်သည် မင်းသိခ်၏ ဘဝတွင် မရောက်ဖူးသေးသော နယ်မြေသစ်ဖြစ်သည်။ ပထဝီစိမ်းသော ဒေသဖြစ်သည်။ယဉ်ကျေးမှု အစဉ်အလာကြီးမားသော ထားဝယ်တွင် မင်းသိခ်အတွက် လေ့လာစရာတွေ များလှသည်။ ထားဝယ်သားတို့၏ စကားသံကို လေ့လာရသည်။ အသုံးအနှုန်းကို လေ့လာရသည်။ ဝတ်စားဆင်ယင်မှုကို လေ့လာ ရသည်။

ထားဝယ် ဒိန်းသံတွေကို လေ့လာရသည်။ ရေသစ်မြေသစ် ဒေသသစ်တွင် လေ့လာစရာတွေ ကြား၌ မင်းသိခ် နစ်မျောနေသည်။ ထားဝယ် ယဉ်ကျေးမှုပဒေသာကို လေ့လာလို့ မဆုံးအောင် ဖြစ်နေသည်။

"ဆရာ. . . သတင်းစာ"

မောင်ဉာဏ်ဝင်းက ယနေ့ ရန်ကုန်မှရောက်လာသော ကြေးမုံသတင်းစာကို လာပေးသည်။ ထားဝယ်ရောက်နေတာ ကြာပြီပဲ။ ရန်ကုန်နှင့် အခိုက်အတန့်မျှ အဆက်ပြတ်နေသည်။ မင်းသိခ်သည် ကြေးမုံသတင်းစာကို စေ့စေ့စပ်စပ် လှျောက်ဖတ်ရင်း နာရေးစာမျက်နှာတွင် သူ့မျက်လုံးတွေ ဝေဝါးသွားသည်။ ရင်ထဲတွင် ဆို့တက်လာသည်။

"ဆရာ ဇန်းမော်တင်အောင် ကွယ်လွန်ပြီ. . ."

ဆေးရုံပေါ်တွင် လူမမာချင်း သတင်းလာမေးခဲ့သော အားပေးခဲ့သော စာရေးဆရာကြီးကား ကွယ်လွန်သွားရှာပြီ။ မိမိဘာမှ မကန်တော့နိုင်ခဲ့။ ပုဆိုးလေး တစ်ထည်သာ ကန်တော့ခဲ့သော လူ့အဖိုးတန်ကြီး လူ့လောကမှာ မရှိတော့ပြီ။

"အေးဗျာ. . . ကျွန်တော့်မှာ ပုဆိုးနည်းနေတာနဲ့ အတော်ပဲ၊ အလဲအလှယ်လေး ဝတ်ရတာပေါ့ ကျေးဇူးကြီးလှပါတယ် မိတ်ဆွေ"

ပန်းလျလျ အသံဖြင့် ကျေးဇူးတင်စကားပြောခဲ့သော ဇန်းမော်တင်အောင်ကို တမ်းတမ်းတတ ပြန်သတိရလာသည်။ အနားတွင် ခုပဲရပ်ပြောနေသလို ထင်ယောင်မှားရသည်။ မင်းသိခ်သည် ကြေးမုံသတင်းစာမှ ဇန်းမော်တင်အောင်၏ နာရေးကြော်ငြာကို စူးစိုက်ကြည့်ရင်း ရင်ထဲမှာ မခံနိုင်အောင် ဖြစ်လာသည်။ ရင်တင်းကြပ်လာသည်။ သူ့မျက်လုံးမှ မျက်ရည်တစ်ပေါက် နာရေးကြော်ငြာပေါ်သို့ ကျသွားသည်။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်ကားလွန်စွာ စိတ်ရင်းကောင်းသူဖြစ်၏။ တစ်ဘက်သားကို ကူညီရမည်ဆိုလျှင် ကိုအောင်ထွန်းလောက် တက်တက်ကြွကြွ ကူညီတတ်သူမရှိ။ ကျွန်ုပ် မတွေ့ဘူးသေး။

မောင်ဉာဏ်ဝင်းနှင့် ကိုအောင်ထွန်းမှာ ဗေဒင်မေးရင်းမှ အဆွေခင်ပွန်း ဖြစ်သွားကြသည်။ တစ်ယောက်က ထုတ်ဝေသူ၊ တစ်ယောက်က စာရေးဆရာ။ အတိတ်ဘဝ ရေစက်၊ ပဋ္ဌာန်းဆက်ကြောင့် ကြုံကြုံဖန်ဖန် ဗေဒင်လာကြည့်ရင်း ဆုံဆည်းမိကြခြင်းဖြစ်သည်။

လူတို့မည်သည် အကျိုးပေးချိန် ရောက်သောအခါ ဤသို့လျှင် အကြောင်းသင့် လာတတ်မြဲ။ မင်းသိခ်ကော မောင်ဉာဏ်ဝင်းပါ အကျိုးပေးချိန် တန်လေပြီ။ ယခင်က မင်းသိခ်သည် လုံးချင်းသုံးအုပ်ဖြင့် အညတရဘဝမှ နာမည်ရစသာ ရှိသေး၏။ ယခင်က ဉာဏ်ဝင်းစာပေသည် လုံးချင်းအတန်အသင့်ဖြင့် ထုတ်ဝေသူ လောကတွင် နာမည်ရစသာ ရှိသေး၏။

မင်းသိခ်နှင့် ဉာဏ်ဝင်းစာပေ. . . ဉာဏ်ဝင်းစာပေနှင့် မင်းသိခ် ပူးပေါင်းမိကြသောအခါ စာရေးဆရာကော ထုတ်ဝေသူပါ လျှမ်းလျှမ်းတောက်သွားသည်။ မင်းသိခ်သည် ပုဏ္ဏားဘကွန်းနှစ်တွဲဖြင့် စာအထွတ်အထိပ်သို့ ရောက်လာ၏။ လုံးချင်းလောကတွင် ရှေ့ကရှိနေသော စူပါများကို ကျော်ဖြတ်ကာ. . . ထိပ်ဆုံးသို့ ဝုန်းခနဲ ထိုးတက်သွားသည်။ ကိုအောင်ထွန်းခေါ် မင်းသိခ်ကား လုံးချင်းလောကတွင် အုပ်ရေအရ နာမည်အရ၊ သိက္ခာအရ၊ ငွေကြေးအရ မည်သည့်စာရေးဆရာမှ မတုဖက်နိုင်သော ရင်ဘောင်မတန်းနိုင်သော ပြိုင်စံရှား စာရေးဆရာကြီး ဖြစ်သွားလေပြီ။

ဉာဏ်ဝင်းစာပေမှ. . . မင်းသိခ်၏ ဝတ္ထုများ နှစ်လတစ်အုပ်၊ သုံးလတစ်အုပ်နှင့် မှန်မှန် ထွက်လေ၏။ ထွက်သမျှလည်း ပြိုက်ခနဲ ပြိုက်ခနဲ ရောင်းမလောက်အောင် မှန်မှန်ကုန်လေ၏။ ကျွန်ုပ်၏ လက်သုံးစကားဖြင့် ပြောရလျှင် ကိုအောင်ထွန်းခေါ် မင်းသိခ်မှာ စူပါ့. . . စူပါ. . . စူပါ. . . စူပါ အခါတစ်သိန်း စကားဖြစ်သွားချေပြီတည်း။

လူတို့မည်သည် မိမိ၏ အခြေအနေ တိုးတက်လာလျှင် အနည်းနှင့်အများ ဘဝမေ့တတ်၏။ အောက်ခြေလွတ်တတ်၏။ မိုးမမြင် လေမမြင် ဖြစ်တတ်၏။ စိတ်ကြီးဝင်တတ်၏။ ကိုအောင်ထွန်းကား ထိုသို့ မဟုတ်. . . မိမိ၏ ဘဝအခြေအနေ မြင့်တက်လာလေ နူးညံ့သိမ်မွေ့လေ. . . နိမ့်ချလေ။ လူအများနှင့် အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံတတ်လေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ထွန်းသည် နာမည်. . . မိုးပေါ် ရောက်ချိန်၊ ကလောင်ဖျား ငွေသီးချိန်တွင် ဘဝမေ့။ အောက်ခြေမလွတ်. . . မိုးကိုလည်း မြင်၏။ လေကိုလည်း မြင်၏။ ရှင်းရှင်းရေးရလျှင် ကိုယ့်အောင်မြင်မှုနှင့်ကိုယ်. . . လူမမုန်းအောင် နေတတ်သည်။ ဘာမာနမှ မရှိဘဲ တပေးပေး တဟားဟားဖြင့် လူချစ်အောင် နေတတ်သည်။

"ဘယ်လိုလဲ. . . ဂုရုကြီး ရေးလှချည့်လား၊ မဂ္ဂဇင်း. . . စာစောင်မှန်သမျှ ဂုရုမပါတာ တော်တော်ရှားနေပြီ။ မဂ္ဂဇင်းတိုင်း စာစောင်တိုင်း ဂျာနယ်တိုင်းလိုလို ဂုရုချည့် ဖြစ်နေပါလား။ ဖွတ်ကလိ ဒင်္ဂါးတွေ ဘယ်သွားထားသလဲ. . . "

တစ်နေ့သ၌ ကွန်ုပ်နှင့် ဆုံမိခိုက် ကိုအောင်ထွန်းက ရယ်သွမ်းသွေးသည်။ ကွန်ုပ်တို့ နှစ်ယောက်မှာ မတွေ့လိုက်နှင့် တွေ့လိုက်တာနဲ့ ရယ်စရာတွေ ပြောလေ့ရှိသည်။ နှစ်ပေါင်းများစွာ အတူတကွ ပေါင်းသင်းလာကြသော စာပေငယ်ပေါင်းများ ဖြစ်၍ တစ်ဦးနှင့် တစ်ဦးသံယောဇဉ် ကြီးကြသည်။

"ရေးရတယ် လူကလေး ကွန်ုပ်က လူကလေးလို စူပါအခါတစ်သိန်း စတား မဟုတ်ဘူး။ စူပါ အခါတစ်ရာလောက်ပဲ စတားတာ. . . လူကလေး မောင်အောင်ထွန်းက တစ်အုပ်တစ်အုပ်ရေးရင် သိန်းချီရတယ်။ ကွန်ုပ်က တစ်ပုဒ်တစ်ပုဒ် ရေးရင်. . . ထောင်ဂဏန်းပဲ ရတာ. . . ဝင်ငွေချင်း မိုးနဲ့ မြေကွာတယ်။ တစ်လ တစ်လ ငါ့မှာ ခါနာခါရေခါဖို့အတွက် အများကြီး ရေး ရတယ် သူငယ်ချင်း"

ကွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်သည် ကွန်ုပ်အပေါ်တွင် လွန်စွာ ကောင်းခဲ့သူ ဖြစ်သည်။ များစွာ ကူညီခဲ့သူလည်း ဖြစ်၏။ ကွန်ုပ်လက်ရှိနေထိုင်ရာ အမှတ် ၇၆၅၊ မင်္ဂလာလမ်း၊ ၁၂ ရပ်ကွက် တောင်ဥက္ကလာပမှ ခြံနှင့် အိမ်ကို ရောင်းကာလျှူစရာရှိတာ လျှုဒါန်းပြီး သူနှင့် အတူ . . . လာနေဖို့ ခေါ်သည်။ စားဝတ်နေရေး၊ ကျန်းမာရေးကအစ သူတာဝန်ယူမည်ဟု အာမခံသည်။

လောကတွင် သူ့ထက်ကောင်းသော အဆွေခင်ပွန်းသည်ပင် သူ့လောက် ကောင်းနိုင်မည် မထင်။ ကွန်ုပ်နှင့် ကိုအောင်ထွန်းမှာ ဤမျှ အထိ ရင်းနှီး၍ ဤသို့လျှင် သံယောဇဉ် ရှိကြသည်။ ကွန်ုပ်တို့၏ သံယောဇဉ်မှာ. . . စာရေးသူချင်း သံယောဇဉ် ဖြစ်၏။

မောင်ဉာဏ်ဝင်းနှင့်သူ၏ သံယောဇဉ်ကျတော့ တစ်မျိုး၊ မိဘနှင့်

www.burmeseclassic.com

www.burmeseclassic.com



သားသမီးသံယောဇဉ်ဟု ခေါ်ရမည် ထင်သည်။ မင်းသိခ်သည် မိဘနေရာ၌ ရှိ၏။ မောင်ဉာဏ်ဝင်းနှင့် မဌေးဌေးမော်တို့ သည် သားသမီးနေရာ၌ ရှိ၏။ မင်းသိခ်သည် မောင်ဉာဏ်ဝင်းတို့ကို သားသမီးလို ဆုံးမသည်။ သားသမီးလို အရေးပေးသည်။ သားသမီးလို အလိုလိုက်သည်။

မောင်ဉာဏ်ဝင်းသည် မင်းသိခ်ကို မိဘလို ရိုသေသည်။ မိဘလို လေးစားသည်။ မိဘကို ပြုစုသလို မင်းသိခ်ကို ပြုစုသည်။ သူတို့ ဆက်ဆံရေး ကား. . . စာရေးဆရာနှင့် ထုတ်ဝေသူ ဆက်ဆံရေးမဟုတ်၊ မိဘနှင့် သားသမီး ဆက်ဆံရေးမျိုး ဖြစ်သည်။

"ဆရာကြီး. . . ကျွန်တော် ဆရာကြီး ဝတ္ထုတွေကို ရုပ်ပြပြန်ထုတ် ကြည့်ချင်တယ်။ ဖြစ်လိမ့်မယ် ထင်တယ်. . ."

"ဖြစ်မယ် ထင်ရင်. . . လုပ်လေကွာ"

မင်းသိခ်သည် လူဖတ်များသော စာရေးဆရာဖြစ်သည်။ စာဖတ်ပရိသတ် အများစုသည် မင်းသိခ်၏ ဝတ္ထုများကို တရှိုက်မက်မက် စွဲလမ်းကာ ဖတ်ကြသည်။ ဆားပုလင်းနှင်းမောင် ခရေဇီတွေ၊ ပရော်ဖက်ဆာ ဒေါက်တာ ဆိတ်ဖွား ခရေဇီတွေ၊ ပုဏ္ဏားဘကွန်း ခရေဇီတွေ မြန်မာပြည်မှာ အများကြီး ရှိသည်။

သည်လောက် လူဖတ်များသော ဇာတ်လမ်း သိထားပြီးဖြစ်သော ဝတ္ထုများကို ရုပ်ပြပြန်ထုတ်လို့ ဖြစ်ပါ့မလား။ ရောင်းလို့ စွံပါ့မလား. . . ဈေးကွက်ရှိပါ့မလား။ မောင်ဉာဏ်ဝင်းကား ဘာကိုမှ မစဉ်းစားတော့. . . မင်းသိခ်ထံမှ ခွင့်ပြုချက် ရသည်နှင့် ဉာဏ်ဝင်းစာပေမှ ထုတ်ဝေခဲ့ပြီးသော မင်းသိခ်ဝတ္ထုများကို ရုပ်ပြ ပြန်ထုတ်လေသည်။

အံ့သြစရာကား. . . မင်းသိခ်သည် လုံးချင်းလောကတွင် စူပါဖြစ်သလို ရုပ်ပြလောကတွင်လည်း စူပါဖြစ်သွားသည်။ မင်းသိခ်၏ ရုပ်ပြများ ရောင်းကောင်းသည်။ လက်မလည်အောင် ရောင်းရသည်။ အခြားတိုက်များမှလည်း မင်းသိခ်၏ ဝတ္ထုများကို ရုပ်ပြထုတ်ကြသည်။ ထိုရုပ်ပြများလည်း ရောင်းကောင်းကြသည်။

ဝတ္ထုကို ရုပ်ပြလုပ်သောအခါ ချို့ယွင်းချက်များ ရှိတတ်သည်။ ဝတ္ထုက စိတ်တိုင်းကျ ရေးလို့ရသည်။ ကြိုက်သလောက်ရေး. . . ကြိုက်သလောက် ရှည်ရသည်။ ရုပ်ပြက ကန့်သတ်ချက်ရှိသည်။ ဝတ္ထုကြီး တစ်အုပ်စာလုံးကို ရုပ်ပြ တစ်အုပ်တည်းဖြင့် လိပ်ပတ်လည်အောင် ရေးရသည်။ ဇာတ်ညွှန်းခွဲတတ်ဖို့ လိုသည်။ မလိုအပ်သည်များကို ချန်ထားကာ လိုအပ်သည်များကို ပါအောင်

www.burmeseclassic.com

www.burmeseclassic.com



ထည့်ရသည်။

တစ်ခါက မင်းသိခ်၏ဝတ္ထုကို ဇာတ်ညွှန်းခွဲသော ရုပ်ပြသမား တစ်ယောက်၏ စကားမှာ အလွန် ဝမ်းနည်းစရာ ကောင်းသည်။ ဆရာမင်းသိခ် ဝတ္ထုမှာ အဓိကဇာတ်ကောင်နှစ်ယောက်ဖြုတ်ခဲ့ပြီး သုံးယောက်တည်းနဲ့ ရုပ်ပြ တစ်အုပ်ဖြစ်အောင် လုပ်လိုက်ရတယ် ဂုရုကြီးတဲ့။ ဤသို့လျှင် မမျှော်လင့်ဘဲ ဇာတ်လမ်းပုံစံ ပျက်ခဲ့ရသော ရုပ်ပြအချို့လည်းရှိခဲ့သည်။ ခြုံငုံသုံးသပ်လျှင် မင်းသိခ်၏ ရုပ်ပြမှန်သမျှ ရောင်းကောင်းခဲ့ကြသည်သာ။ ယခုလည်း ရောင်းကောင်းနေသည်သာ။

မောင်ဉာဏ်ဝင်း၏ မွေးရက်မှာ လွန်စွာအံ့သြဖို့ ကောင်းသည်။ ၁၆ ရက်ဖွား၊ ၇ ဂဏန်းသမား ဖြစ်နေသည်။ မောင်ဉာဏ်ဝင်း နေထိုင်ရာကလည်း လွန်စွာ ဆန်းသည်။ အမှတ် (၁၁၁)၊ ရွှေတောင်တန်း. . . ယင်းသို့လျှင် (၁) ဂဏန်း သုံးလုံးဆိုင်နေပါက နိုင်ငံခြား သွားရတတ်သည်တဲ့။

တစ်နေ့သ၌ မောင်ဉာဏ်ဝင်းသည် မင်းသိခ်ထံ ရောက်လာပြီး၊ သူ အတော် နေမကောင်းဖြစ်နေကြောင်း ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ပြောသည်။ ဘာရောဂါလဲ မေးကြည့် သောအခါ အသည်းရောဂါဟု ဖြေသည်။ မောင်ဉာဏ်ဝင်းသည် သူလာတိုင်းလာတိုင်း မင်းသိခ်ကိုလက်ဆောင်တစ်ခုမဟုတ် တစ်ခု ပေးတတ်သည်။ ထိုနေ့က ဇစ်ပိုမီးခြစ်တစ်လုံးပေးသည်။

"ဆရာကြီး စီးကရက်သောက်ရင်. . . ညှိဖို့. . . "

မင်းသိခ်သည် သူ့ဇာတ်ကောင် ဆားပုလင်းနှင်းမောင်ကဲ့သို့ စီးကရက် ကြိုက်သည်။ နှင်းမောင်သောက်တာက ရေခဲတောင် စီးကရက်. . . သူသောက်တာက ငါးသုံးလုံး စီးကရက်။ မောင်ဉာဏ်ဝင်းသည် ဆရာ့အကြိုက်ကိုသိ၍ မီးခြစ်ကို လက်ဆောင် ပေးခြင်းဖြစ်သည်။

ကျွန်ုပ်၏ မိတ်ဆွေ ကိုအောင်ထွန်း(ခေါ်) မင်းသိခ်သည် မောင်ဉာဏ်ဝင်း ကမ်းပေးသော မီးခြစ်ကလေးကို လှမ်းယူရင်း ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ မီးခြစ်ဘေးတွင် ရေးထားသည်ကား CANCER (ကင်ဆာ). . . "

ဂမ္ဘီရ ပညာတွင် (အမြင်နိမိတ် အတိတ်လက်ဆောင်၊ အသံတဘောင်) ဟု ဆိုရိုးစကား ရှိသည်။ ယခုမြင်ရသော နိမိတ်အရ အသည်းကင်ဆာဟု ပြနေသည်။ မင်းသိခ် စိတ်မကောင်း။ မိမိ၏ သားသမီးလို ချစ်ခင်ပြီး သံယောဇဉ်ထားသော မောင်ဉာဏ်ဝင်းကိုမှ ဒီရောဂါက လာဖြစ်ရသလား။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နိုင်ငံခြား သွားကုမယ် ဆရာ. . . "

"မင်းအိမ်နံပါတ်က တစ်သုံးလုံးဆိုတော့ နိုင်ငံခြား သွားရကိန်းလည်း ရှိနေတယ်"

မောင်ဉာဏ်ဝင်း. . . သူ့အသည်းရောဂါကို နိုင်ငံခြားတိုင်းပြည် တစ်ပြည်၌ သွားကုသည်။ ထိုနိုင်ငံမှ မင်းသိခ်ထံ နေ့စဉ်ဖုံးဆက်၍ သူ့ကျန်းမာရေး အခြေအနေကို အသိပေးသည်။ ရောဂါက ကျွမ်းနေပြီ။ ငွေကုန်ကြေးကျခံကာ နိုင်ငံခြားသွားကုသော်လည်း ရတော့အံ့မထင်။

မောင်ဉာဏ်ဝင်း၏ အသံများ တစ်နေ့တစ်ခြား တိုးတိမ်လာသည်။ ရောက်စက ဆက်တုန်းက အသံမာသလောက်. . . ရက်အတော်ကြာလာလျှင် အသံတွေ အားပျော့လာသည်။ တိုးလာသည်။ တိမ်လာသည်။

"ကျွန်တော်. . . ဉာဏ်ဝင်းပါ ဆရာ. . . "

"အေးပြော. . . "

"ဆရာ့ကို မှာချင်လို့ပါ"

အသံတိုးလွန်းသဖြင့် အားစိုက် နားထောင်ရသည်။

"ဘာမှာမလဲ. . . မှာလေ"

"ကျွန်တော် မရှိတော့ပေမယ့် ဉာဏ်ဝင်းစာပေတိုက်ဆိုတာ ရှိနေစေချင်တယ်ဆရာ"

"ဟာ. . . ရှိရမှာပေါ့၊ မင်းလည်းရှိရမယ်. . . မင်းစာပေတိုက်လည်း ရှိရမယ်"

"မဟုတ်ဘူးဆရာ. . . ကျွန်တော့် အခြေအနေ ကျွန်တော်သိတယ်၊ ကျွန်တော့်စာအုပ်တိုက်ကို ပစ်မထားပါနဲ့. . . "

"စိတ်ချ. . . ငါအသက်ထင်ရှား ရှိသရွေ့ မင်းစာအုပ်တိုက်လည်း ရှိရမယ်"

"ကျေးဇူးတင်ပါတယ် ဆရာ. . . "

ဉာဏ်ဝင်း ဖုန်းပြန်ချသွားသည်။ ကျေးဇူးတင်ပါတယ် ဆရာဟု ပြောရင်း. . . အသံက တဖြည်းဖြည်း တိမ်ဝင်သွားသည်ကို မင်းသိခ်သတိပြုမိသည်။ အဝတ်အစားပင် မလဲနိုင်ဘဲ ဗိုလ်တစ်ထောင်ဘုရားသို့ အားချင်းပြေးသည်။ မောင်ဉာဏ်ဝင်းအတွက် လိုအပ်သော ယတြာကို ချေသည်။

"မောင်ဉာဏ်ဝင်း ကျန်းမာပါစေ. . . ချမ်းသာပါစေ. . . ရောဂါဝေဒနာ သက်သာပါစေ၊ မကြာမီ မြန်မာပြည်သို့ ပြန်လာနိုင်ပါစေ. . . "

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းနေရသော်လည်း ထင့်နေသည်။ မကြားချင်သောသတင်းကို မကြားခင်ကြားရတော့မည်ဟု အလိုလို သိနေသည်။ မင်းသိခ်သည် ဗိုလ်တစ်ထောင်ဘုရားတွင် လုပ်သင့်တာတွေ လုပ်ခဲ့ပြီး ရွှေတောင်တန်းမှ ဉာဏ်ဝင်းစာပေတိုက်သို့ ပြန်လာသည်။

တိုက်ရှေ့တွင် လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ တာရပတ် မိုးထားသော မဏ္ဍပ်ကို တွေ့ရသည်။ မဏ္ဍပ်ထဲတွင် ကုလားထိုင်တွေ ခင်းထားသည့် စားပွဲတွေ ပြင်ထားသည်။ စားပွဲပေါ်တွင် ကွာစိထည့်ထားသော ပန်းကန်လေးတွေ တင်ထားသည်။ ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်သည် အခင်းအကျင်းကို ကြည့်ကာ မောင်ဉာဏ်ဝင်းတစ်ယောက် သွားရှာချေပြီ။ အသက်မကုန်မီ မိမိကို နောက်ဆုံးမှာခဲ့ခြင်းဟု စိတ်မကောင်းစွာသိလိုက်ရလေသတည်း. . . ။

♦ ♦ ♦

ကျွန်ုပ်တို့ အလယ်တန်း ကျောင်းသားဘဝက အတန်းပိုင်ဆရာသည် (နိုးပိန်း နိုးဂိန်း) ဟု မကြာခဏပြောပြလေ့ရှိ၏။ အဓိပ္ပာယ်ကား အနာမခံလျှင် အသာမစံရဟု ဖြစ်သည်။ အောင်မြင်ခြင်းရအောင် ကြိုးစားရာတွင် အနာခံရ၏။ အနာခံနိုင်မှသာ နောက်ဆုံးတွင် အသာစံရသည်။

ကျွန်ုပ်၏ မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်၏ စာပေခရီးအကြောင်းကို ရုပ်ရှင်မျက်မှန် မဂ္ဂဇင်းတွင် စာစီသမားဘဝမှ ဉာဏ်ဝင်းစာပေတိုက်တွင် လှျမ်းလျှမ်းတောက် စာရေးဆရာကြီး ဖြစ်သည်အထိ အတော်ကလေး စုံလင်အောင် ကျွန်ုပ် ရေးခဲ့ပြီးလေပြီ။

ယခုလတွင် မင်းသိခ်၏ စာရေးဟန်နှင့် သူ၏ ဇာတ်ကောင်များအကြောင်းကို ဗဟုသုတရဖွယ် ဆက်လက်ရေးသားပေအံ့။ မင်းသိခ်၏ စာရေးဟန်မှာ ရှေးရိုးဆန်သည်။ ရိုးရိုးရှင်းရှင်းရေးသည်။ ထိမိအောင်ရေးသည်။ ဖတ်သူနားလည်အောင်ရေးသည်။ ကျွန်ုပ်နှင့် မင်းသိခ်မှာ စာပေဟောပြောပွဲပေါင်းများစွာတွင် နှစ်ပေါင်းများစွာအတူတွဲဟောခဲ့ကြသော ဟောဖော်ဟောဘက်များ ဖြစ်သည်။ သူနှင့် ကျွန်ုပ်သည် ရေးဖော်ရေးဘက်သာမက ဟောဖော်ဟောဘက်များလည်း ဖြစ်သည်။

ဟောပြောပွဲတိုင်း လိုလိုတွင် မင်းသိခ်သည် သူ၏စာရေးဟန်နှင့် ပတ်သက်၍ ကြားညှပ် ဟောပြောတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် စာရေးနည်းကတော့ ဆိုရေးခြင်းပါပဲ၊ ဆိုရေးတယ် ဆိုတာ ဝါကျတစ်ကြောင်းကို မရေးမီ ကိုယ့်ဟာကိုယ် စိတ်ထဲက ဆိုကြည့်တယ်။ စာ မချောဘူး။ ထစ်ငေါ့နေမယ်ဆိုရင် မဟုတ်သေးဘူး။ စာချောအောင် မထစ် မငေါ့အောင် ဆိုပြီးမှ ချရေးတာပါ။ ဥပမာ ကျွန်ုပ်သည် တစ်နေ့သ၌ ကျောက် မြောင်းရှိ နေအိမ်တွင် စာရေးနေစဉ် ကျွန်ုပ်၏ မိတ်ဆွေ ဆရာကြီး အီကြာကွေး ရောက်ရှိလာလေ၏။ ကျွန်ုပ်က ဆို ကွေးကြီးဟု မေးသောအခါ ဆရာကြီး အီကြာကွေးက ဘာဆိုရမှာလဲ ကိုအောင်ထွန်း ခေတ်ဟောင်းလား၊ အနှစ် နှစ်ဆယ်လား၊ ကာလပေါ်လားဟု ပြန်ပြောလေ၏။ အဲဒီသဘောအတိုင်း ရေးတာပါပဲ"

သူဟောပြီးလျှင် နောက်ဆုံးပိတ် ပွဲသိမ်းအဖြစ် ကျွန်ုပ် ဟောရမည် ဖြစ်သည်။ ကျွန်ုပ်ကို ရည်ညွှန်းပြီး အရွှန်းဖောက်လိုက်သောအခါ ပရိသတ် သည် သဘောကျစွာဖြင့် တအုန်းအုန်းရယ်ကြလေ၏။ မင်းသိခ်၏ ရေးဟန်မှာ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှားတို့၏ ရေးဟန်မျိုးဖြစ်သည်။ ရိုးရိုး ရှင်းရှင်းနှင့် ပရိသတ် နားလည်အောင် ရေးခြင်းဖြစ်သည်။

"တစ်ခါ တစ်ခါကျတော့ ဆရာကြီး ရွှေဥဒေါင်းရဲ့ လမ်းကြောင်း အတိုင်း လိုက်ရတာတွေ ရှိတယ်။ ဆရာကြီးက ဝတ္ထုတစ်ပုဒ်မှာ ခင်စိန်ကြည် သည် ဘိုပြုံး ပြုံးလေ၏။ ဘိုပြုံးကို သိလိုပါက ဘိုမများပြုံးသည်ကို ကိုယ်တိုင် သွားရောက် ကြည့်ရှုကြပါရန်ဆိုပြီး စာဖတ်သူကို တာဝန်ပေးလိုက်တယ်။ ကျွန်တော်လည်း ဝတ္ထုတစ်ပုဒ်မှာ ဆိုက်ကားသမားများ၏ ကျားဝိုင်းကဲ့သို့ တစ် ဦးကိုတစ်ဦး မခံချင်အောင် ပြောကြလေ၏လို့ ရေးပြီး ဆိုက်ကားသမား ကျားဝိုင်း ကို လေ့လာလိုသူများ လမ်းထိပ် ဆိုက်ကားဂိတ်တွင် သွားရောက်လေ့လာ ကြပါကုန်လို့ စာဖတ်သူကို တာဝန် ပေးလိုက်ရတယ်"

မင်းသိခ်သည် စာအရေးအသားတွင် လက်စွမ်းပြသူ မဟုတ်။ ဇာတ် လမ်း ဇာတ်ကွက်၊ ဇာတ်အိမ်တွင် လက်စွမ်းပြသူ ဖြစ်သည်။ မင်းသိခ်၏ ဝတ္ထု များမှာ စာဖတ်သူကို အစမှ အဆုံးအထိ လက်က မချနိုင်အောင် ဇာတ်လမ်း ဇာတ်ကွက် အကွေ့အလိမ် အတိမ်အနက်တို့ဖြင့် ဆွဲခေါ်သွားသည်။ စာဖတ်သူ စိတ်ဝင်စားအောင် ထူးခြားဆန်းကျယ်သော အဖြစ်အပျက်များဖြင့် မွမ်းမံထား သည်။ ရသစကားဖြင့် ပြောရလျှင် အမ္ဘုတရသ၊ ဘယာနကရသတို့ကို အလေး ကဲထားသည်။ တချို့သော ဝတ္ထုများတွင် ဟာသရသကို အကွက်ကျကျ အသုံး ချထားသည်ကို တွေ့ရသည်။

သူ၏ ဇာတ်လမ်း၊ ဇာတ်ကွက်များ ထူးခြား ဆန်းကျယ်သလို သူ၏

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ရုပ်၊ ဇာတ်ကောင်များလည်း ထူးခြားဆန်းကျယ်သည်။ ဇာတ်ကောင် အတော်များများမှာ အပြင်တွင် တကယ်ရှိသူများကို ကိုယ်စားပြု ရေးဖွဲ့ထား ခြင်းဖြစ်သည်။ ဘွန်ဟောင်းဆိုသော ဇာတ်ကောင်နှင့် ပတ်သက်၍ ကျွန်ုပ် မေး ကြည့်သောအခါ

"ဘွန်ဟောင်းတို့ ဦးဂွမ်တီတို့က အပြင်မှာ တကယ်ရှိတယ်၊ ကိုယ် လေးထောင့်ကန် ပြည်တော်အေး ဆန်စက်မှာ ဆန်စက်စာရေး လုပ်ခဲ့တုန်းက လုပ်ဖော်ကိုင်ဖက်တွေ အတော်များများက တရုတ်လူမျိုးတွေ ဘွန်ဟောင်းက ကိုယ့်လက်အောက်က ကိုပေါ်ဟွန်း ကိုအသွင်ပြောင်းထားတာ။ ကိုပေါ်ဟွန်းက အလုပ်ထဲမှာ ကိုယ့်တပည့် အပြင်မှာ ကိုယ့်ဆရာ။ သူက ဗဟုသုတ အတော်စုံ တယ်"

အလားတူပင် ဆားပုလင်းနှင်းမောင် ပရော်ဖက်ဆာ ဒေါက်တာ ဆိတ်ဖွား၊ မြိုင်မဟာ မမြလေးတို့လည်း အပြင်တွင် ကိုယ်စားပြုထားသူများ ရှိကြသည်။ နှင်းမောင် ဝတ္ထုများတွင် နှင်းမောင်နှင့် ပူးတွဲ၍ အခြားစုံထောက် များလည်း ထည့်ပေးထားသည်။ ထိုစုံထောက်များသည် နှင်းမောင်လောက် မတော်၊ မျက်နှာဖြူ အရာရှိကို ကပ်ပါး ရပ်ပါး လုပ်နေသူများ ဖြစ်သည်။ နှင်းမောင် ဝတ္ထုများဖြင့် မင်းသိင်္ခသည် နယ်ချဲ့အလိုတော်ရိများကို လှောင်ထား သည်။

မင်းသိင်္ခ၏ ဝတ္ထုများမှာ ကြာသပတေးနာမ်တွေ များသည်။ မမင်းဖြူ မှန်မှန်ပြော၊ မြိုင်မဟာ မမြလေး၊ ပုဏ္ဏားဘကွန်း၊ ဘုံပြတ်ဘမောင်၊ မင်းသိင်္ခ သည် ကြာသပတေးကို အားပြုသည်။ သူသည် ဗေဒင်ပညာဖြင့် တွက်ချက်ပြီးမှ ဝတ္ထုနာမည်ပေးသည်။ သူနှင့် သောကြာနာမ်မှာ သင့်မြတ်ပုံမပေါ်။ သေသော သူသည် သုသာန်သို့ သွားသည် လုံးချင်းဝတ္ထုသည် ဈေးကွက်တွင် မအောင်မြင် ခဲ့။ အရောင်းထိုင်းခဲ့သည်။ ကြာသပတေး အမည်တပ် ဝတ္ထုတိုင်း ရောင်းအား ကောင်းနေချိန်တွင် သောကြာအမည်တပ် ဝတ္ထုကကြားညှပ်ခံလိုက်ရခြင်း ဖြစ်သည်။

ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိင်္ခသည် စာရေးဆရာ နှင့် ဗေဒင်ဆရာ ပေါင်းစပ်ထားသော ပုဂ္ဂိုလ်ဖြစ်သည်။ တစ်ဖက်ကကြည့်လျှင် ထိပ်ဆုံးရောက် စာရေးဆရာဖြစ်သလို တစ်ဖက်ကကြည့်လျှင် လျှမ်းလျှမ်း တောက် ဗေဒင်ဆရာလည်း ဖြစ်သည်။ ကျွန်ုပ်တို့ချင်းမှာ လူရင်း လူယုံများ ဖြစ်၍ တစ်ခါသော် ကျွန်ုပ်တဲ့တိုး မေးကြည့်ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် အောင်ထွန်းကြီး မင်းဝတ္ထုတွေမှာ ဗေဒင်ပညာကို အားပြုထားသလား အထောက်အကူ ယူထားသလား။ အဲဒါ ငါ စိတ်ဝင်စားတယ်"

မင်းသိင်္ခသည် သူ၏ ထိကိုင်လျှက် ပွင့်လင်းစွာ ရယ်၍ ရိုးသားစွာ ဖြေ၏။

"ပါတယ် ကွေးကြီး၊ ဟိုဘက်က ပညာကို ဒီဘက်မှာ ပြန်အသုံးပြုထားတာ၊ ကိုယ့်ဇာတ်ကောင်တွေဟာ အပြင်မှာ တကယ်ရှိတဲ့လူတွေကို ကိုယ်စားပြုထားတယ်၊ သဘာဝကျအောင် ဇာတ်ကောင်တိုင်းကို ဗေဒင်ပညာနဲ့ တွက်ချက်ပေးထားတယ်၊ ဥပမာ နှင်းမောင်ဆိုရင် ရာဇဖွား ရာဇဖွားတွေရဲ့ စရိုက်က ထက်မြက်တယ်၊ သွက်လက်တယ်၊ မဟုတ် မခံတတ်ဘူး၊ စိုက်လိုက် မတ်တတ်လုပ်တယ် ဖွဲ့ကောင်းတယ်၊ ဒီသဘောမျိုးပေ့ါ ဗေဒင်မှာ အထက်တန်းဖွား၊ အောက်တန်းဖွား ဒါတော့သိမှာပေ့ါ"

"သိတယ် သူငယ်ချင်း အဓိပတိ၊ သိုက်၊ ရာဇ၊ အထွန်းတို့က အထက်တန်းဖွား ပုတိ၊ ဘင်္ဂ၊ မရဏတို့က အောက်တန်းဖွား"

"ကောင်းတဲ့ဇာတ်ကောင်ကို အထက်တန်းဖွားနဲ့ တွက်ချက်ပေးပြီး၊ မကောင်းတဲ့ ဇာတ်ကောင်ကို အောက်တန်းဖွားနဲ့ တွက်ချက်ပေးထားတယ်၊ အဲဒီအဖွားတွေနဲ့ စရိုက်အတိုင်း ဇာတ်ကောင်စရိုက်ကို သွင်းပေးတယ်၊ အပြင်မှာလည်း ဒီလိုလူမျိုးတွေ ရှိနေတော့ ကိုယ့်ဇာတ်ကောင်တွေ သဘာဝကျတာ ဘာဆန်းမှာလဲ"

ကျွန်ုပ်သည် ဆယ့်ငါးနှစ်သားက စ၍ ကဗျာရေးပြီး ယခုအသက်အထိ စာပေနယ်တွင် တောက်လျှောက် ကျင်လည်လာခဲ့သူ ဖြစ်သည်။ စာရေးဆရာပေါင်းများစွာကို ကျွန်ုပ် ခင်မင်ရင်းနှီးခဲ့ဖူးသည်။ ယခင်အခါက စာရေးဆရာအတော်များများမှာ အရက်နှင့် မကင်းခဲ့ကြပေ။ သို့ဖြစ်၍ အောင်တော့ အောင်မြင်ကြပါ၏။ ထိပ်ဆုံးသို့လည်း ရောက်ကြပါ၏။ သို့သော် ထိပ်ဆုံးတွင် ကြာကြာ မနေနိုင်ကြ၊ အရက်ကြောင့် ဒလိမ့်ထိုးကာ အဝီစိသို့ ပြန်ဆင်းသွားကြသည်။

အောင်မြင်ခြင်းကို နှစ်ပေါင်းများစွာ ဆုပ်ကိုင် မထားနိုင်ကြပေ။ ထိုဆရာများကား အရက်သောက်မှ စာရေးလို့ရသည်ဆိုသော သူရာမေရိယ ဆရာများဖြစ်ကြသည်။ နာမည်အရ အောင်မြင်သော်လည်း စီးပွားရေးအရ မအောင်မြင်ကြ၊ အရက်လေးတမြမြ၊ ကလောင်လေး တဆွဲဆွဲနှင့် ဘဝပျက်ကာ နောက်ဆုံးတွင် အသက်ပါ ဆုံးသွာရသူများကို များစွာ ကြုံရဖူးသည်။ ဗန်းမော်ကြီး၏ လေသံဖြင့် ရေးရလျှင် ထိုဆရာများအတွက် စိတ်မကောင်းခြင်း ဖြစ်ရုံ

www.burmeseclassic.com

www.burmeseclassic.com



မှ လွဲပြီး ကျွန်ုပ်က ဘာများကော တတ်နိုင်ပါဦးမည်နည်းဟု ရေးရုံသာ

ကျွန်ုပ်၏ မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်ကား ဘာသာရေး သမား ဖြစ်သည်။ ကံငါးပါးကို လုံအောင် ထိန်းထားသူ၊ စရဏအားကောင်း သူ ဖြစ်သည်။ ဝတ္တုရေးနေစဉ် အမိဋ္ဌာန်ဝင်၍ သက်သတ်လွတ်စားသည်။ ဝတ္တု မပြီးမချင်း အမိဋ္ဌာန်ဝင်ထားသည်။ သက်သတ်လွတ်စားသည်။ (ဥပမာ) မမင်းဖြူ မှန်မှန်ပြော ဝတ္တုရေးစဉ်က ဘုရားစင်တွင် သာသနာပွဲ ထိုးထားသည်။ မမင်းဖြူ မှန်မှန်ပြောဟု စာရေးထားသော ရေချမ်းအိုးလေး လှူထားသည်။ အိုးထဲတွင် တံခွန်၊ ကုက္ကား၊ မုလေး ပွားများ ထိုးထားသည်။ ဝတ္တု မပြီးမချင်း ပွဲကို လဲလဲ ထိုးသွားသည်။ အမိဋ္ဌာန်ကို ဆက်ဆက်ဝင်သွားသည်။ စာရေးခြင်း ကိုလည်း မပျက်စေရ။ ပုတီးစိပ်ခြင်း၊ တရားမှတ်ခြင်းကိုလည်း မပျက်စေရ။ သူ့အချိန်နှင့်သူ ခွဲခြားပြီး စနစ်တကျ လုပ်သွားသည်။

အရက်သောက်ပြီး စာရေးသောဆရာများ မရှိကြတော့ ချိန်တွင် တရားထိုင်ပြီး စာရေးသောဆရာက လျှမ်းလျှမ်းတောက်ဆဲ။ အောင်မြင်မှု အဟုန်ပြင်းဆဲ။ လောကီလောကုတ္တရာ မည်သည့် အမြင်ဖြင့် ကြည့်ကြည့် ကိုအောင်ထွန်း (ခေါ်) မင်းသိခ်သည် ဆက်လက်အောင်မြင်နေမည်ဟု ကျွန်ုပ် အာမခံရဲပါသည်။

♦ ♦ ♦

ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်နှင့် ကျွန်ုပ်မှာ ရေး ဖော်ရေးဖက်များ ဖြစ်ရုံသာမက ဟောဖော်ဟောဖက်များလည်း ဖြစ်ကြ၏။ ကျွန်ုပ် တို့သည် မြန်မာနိုင်ငံ အရပ်ရပ်မှ စာပေဟောပြောပွဲများတွင် အတူတကွ ဟောပြောခဲ့ကြသည်မှာ ပွဲပေါင်းမနည်းတော့ပြီ။

ထိုသို့ ဟောပြောခဲ့ကြရာတွင် ပွဲတိုင်းလောက်နီးနီး အဆင်ပြေခဲ့ကြ ပါ၏။ ချောမောခဲ့ကြပါ၏။ သို့သော် လောက၏ ဓမ္မတာအတိုင်း တစ်ပွဲမဟုတ် တစ်ပွဲ တစ်နေရာ မဟုတ် တစ်နေရာတွင်တော့ လွန်စွာစိတ်ပျက်ဖို့ကောင်းသော ဖြစ်ရပ်များနှင့် ကြုံခဲ့ရဖူးပါ၏။

ကြာတော့ အတော်ကြာပြီ။ အနှစ် နှစ်ဆယ်ကျော်ခန့်ရှိလိမ့်မည် ထင်သည်။ ရန်ကုန်တစ်နေရာရှိ စက်ရုံတစ်ရုံတွင် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ တစ်ပွဲ ကျင်းပသည်။ ထိုပွဲတွင် ဆရာကြပ်ကလေးရယ်၊ ဆရာ မင်းသိခ်ရယ်၊ ကျွန်ုပ်ရယ် သုံးဦး ဟောရန် ဖိတ်ထားသည်။

ထိုဆရာတွေက တကယ်လာမှာလား၊ တော်တော်ကြာ ကြော်ငြာတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုး၊ ဟောတော့ တစ်မျိုး အမျိုးမျိုးတွေ ဖြစ်တတ်လွန်းလို့။

ထိုစက်ရုံမှာ မနှစ်ကလည်း ကျွန်ုပ် ဟောခဲ့ပြီးပြီ။ ထိုပွဲတွင် သုမောင်ပါသည်ကို ကောင်းစွာမှတ်မိနေသေးသည်။ လာဖိတ်သော ဝန်ထမ်းမှာ ကဗျာအတိုအစများ ရေးနေသော ကဗျာဆရာလေး ဖြစ်သည်။ သူနှင့်က မနှစ်ကတည်းက ခင်မင်ပြီးသားမို့ ပွင့်ပွင့်လင်းလင်း မေးရသည်။

"လာမှာပါ ဆရာ၊ ကျွန်တော်တို့ သေသေချာချာ လေးလေးစားစားကို ဖိတ်ထားပြီးပါပြီ။ ဆရာကတော့ လူရင်းလို ဖြစ်နေလို့ နောက်ဆုံးထား ဖိတ်တာပါ။"

ထိုပွဲမှာ တစ်ခုခုတော့ ထူးခြားလိမ့်မည်ဟု အလိုလိုသိနေသည်။ ဟောမှာက စာရေးဆရာ သုံးယောက်၊ နှစ်ယောက်က နှုတ်ခမ်းမွှေးကိုယ်စီနှင့်၊ တစ်ယောက်က ခေါင်းတုံးဆံတောက်၊ ရှေ့တစ်လက်မ နောက်ပြောင်နှင့် နှစ်ယောက်က ဟာသသမား၊ တစ်ယောက်က ဂမ္ဘီရသမား၊ စာရေးဆရာသာမက ဗေဒင်ဆရာလည်း ဖြစ်သည်။

"စောလှချည့်လား. . . ခဏလေး စောင့်ဦး"

နောက်တစ်နေ့တွင် ချိန်းထားချိန်ထက် ဆယ့်ငါးမိနစ်စောပြီး စက်ရုံမှ ကြိုဆိုရေးကား ရောက်လာသည်။ ကားပေါ်တွင် ဆရာကြပ်လည်းမပါ။ ဆရာမင်းသိခ်လည်းမပါ။ ယာဉ်မောင်းနှင့် လာဖိတ်သူ နှစ်ယောက်တည်းသာ. . .

"စက်ရုံက အလုပ်သမားတွေကို ကြာဆံဟင်းခါးတိုက်မယ် ဆရာ၊ အဲဒါ သယ်န်းကျွန်းဈေးမှာ ရှောက်သီးတို့ နံနံပင်တို့ လာဝယ်ရင်း လမ်းကြုံ တာနဲ့ ဆရာ့ဝင်ခေါ်တာ"

ပွဲကတော့ စကတည်းက ယဉ်သကို ဖြစ်နေပြီ။ စာရေးဆရာကို လာကြိုတာမဟုတ်။ ဈေးဝင်လာရင်း ကြုံကြိုက်လို့ ဝင်ခေါ်တာ။ မည်သို့ပင် ဖြစ်စေ ကတိပေးပြီးသား ကြော်ငြာထားပြီးသား ဖြစ်နေ၍ ကျွန်ုပ်လိုက်သွား ပါသည်။

"ရှောက်သီးပါလား. . . နံနံပင်ပါလား"

ကားဆိုက်သည်နှင့် စာရေးဆရာတွေ ပါသလားဟု ဘယ်သူမှ မမေး၊ ရှောက်သီး ပါလား၊ နံနံပင်ပါလားပဲ မေးကြသည်။ စာပေဟောပြောပွဲမှာ ကြာဆံဟင်းခါးကျွေးရာတွင် စာရေးဆရာထက် ရှောက်သီးနှင့်နံနံပင်က ပို၍ အရေးပါနေသည်။

ဟောပြောစင်မှာ စက်ရုံခန်းမထောင့်တွင် ခုံရှည်ခြောက်လုံး ဆက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားသည်။ စင်ဘေးတွင် ခြောက်လုံးပတ်ဝိုင်း တစ်ဝိုင်းအသင့်ရှိနေသည်။ အလုပ်သမားတွေ ကြာဆံဟင်းခါး စသောက်နေကြပြီး၊ ဂုရုကွေးနှင့်အတူ တပည့်ကလေးကျော်ကျော်လွင် ပါလာသည်။ နှစ်ယောက်စလုံး စင်ရှေ့က ကုလားထိုင်အလွတ်များတွင် နေရာချပေးပြီး. . .

"ဆောရီးပဲဆရာ. . . လူကြီးခိုင်းလို့ ကျွန်တော်မြို့ထဲပြေးရဦးမယ်၊ အခမ်းအနားမှူး ကျွန်တော် လုပ်ဖို့ပဲ၊ ကျွန်တော်မအားလို့ နောက်တစ်ယောက် လုပ်လိမ့်မယ်၊ စိတ်တိုင်းကျဟောပါ ဆရာ. . ."

ပြောပြောထွက်ထွက် စက်ရုံခန်းမမှ ပျာယီးပျာယာ ပြန်ထွက်သွားသည်။ အခမ်းအနားမှူး အသစ်က ဟလို တက်စတင်. . . ဟလို တက်စတင် ဝမ်း. . . တူး. . . သရီး. . . ဖိုး. . . ဝမ်း. . . တူး. . . သရီး. . . ဖိုး. . . ဟု အော်ပြီးနောက်. . .

"ဆရာကြီး အိကြာကွေး ဟောပြောရန် စင်မြင့်ပေါ်သို့ ကြွပါ" တဲ့ ထိုင်ရာမှ ထပြီး စင်မြင့်ဆီသို့ အသွားတွင် စင်ဘေးမှ ခြောက်လုံးပတ်ဝိုင်းမှ စည်တော်တွေ ဘာတွေယွန်းလို့ ဟုတ်ဟုတ်သေးတော့. . . စင်မြင့်ပေါ်ရောက်လို့ မိုက်ကရိုဖုံး ရှေ့ရောက်သည်အထိ စည်တော်က ယွန်းလို့မပြီးသေး။ ဒုတိယမ္ပိ တစ်ကြော့ ပြန်ယွန်းနေသည်။ ကျွန်ုပ်မှာ အူကြောင်ကြောင်ဖြင့် ရပ်နေရသည်။ တောက်. . . လှမ်းကြည့်လိုက်တော့ ကျော်ကျော်လွင်က စပ်ဖြဲဖြဲ ပြန်ကြည့်နေသည်။ အလုပ်သမားတွေက ကြာဆံဟင်းခါး အသောက်မပျက်။

"ဟောနိုင်ပါပြီဆရာ. . . ဟောပါ"

အခမ်းအနားမှူးမှ အမိန့်ပေးလိုက်သဖြင့် စဟောလို့ နှစ်မိနစ်လောက်ပဲ ရှိသေး. . .

"ခဏ ရပ်ပါဦး ဆရာ. . . ဆရာနဲ့ မိတ်ဆက်ပေးမလို့ပါ"

ဟိုက်. . . ရှာလပတ်ရည် ဟောရင်းတန်းလန်းမှ ရပ်ဆိုင်းပြီး အတ္ထုပ္ပတ္တိ ဖတ်ကာ ပရိသတ်နှင့် မိတ်ဆက်ပေးသည်။ ပြီးမှ. . . ဆက်ဟောနိုင်ပါပြီ ဆရာတဲ့. . .

ကျွန်ုပ်မှာ ဟောပြောရန်အတွက် လုံးဝ (လုံးဝ) လုံးဝ စိတ်မပါတော့ပေ။ ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်လည်း ရောက်မလာသေး။ အလုပ်သမားတွေက ကြာဆံဟင်းခါးသောက်ရင်း သူတို့အချင်းချင်း စကားတွေများကြ၊ နောက်ကြ ပြောင်ကြ၊ ရယ်ကြ၊ သူတို့ ပျော်ကြသလောက် ကျွန်ုပ်မှာ စိတ်ညစ်နေသည်။ ဟောရတာ စိတ်မပါ။ ဝဋ်ခံနေရသလို ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ရယ်စရာပြောတာကို မရယ်. . . ရယ်မည့်သူဆို၍ ကျွန်ုပ်၏ တပည့်ကလေး ကျော်ကျော်လွင် တစ်ယောက်သာ ရှိသည်။ ဒီကောင်က ကျွန်ုပ်ပြောသည့် စကားကို ရယ်ခြင်းမဟုတ်။ စင်ပေါ်မှာ ကျွန်ုပ် ချောက်ကျနေသည်ကို ရယ်ခြင်း ဖြစ်သည်။ ရယ်ရာမှ အခန်းဝသို့ မေးငေါ့ပြသည်။ ကျွန်ုပ်လှမ်းကြည့်လိုက်တော့ ဟိုက်. . . ရှာလပတ်ရည် မင်းသိင်္ခ. . .

ပရိသတ်များ မျှော်လင့် စောင့်စားနေတဲ့ ဆရာမင်းသိင်္ခ ရောက်လာတဲ့အတွက် ကျွန်တော့်ဟောပြောချက်ကို ဒီမှာတင်ပဲ အဆုံးသတ်ပါတယ်။

လက်ခုပ်တီးမည့်သူ မရှိ. . . စင်ပေါ်က ခပ်ကြောင်ကြောင် ပြန်ဆင်းလာရသည်။ ကျော်ကျော်လွင် ဘေးတွင် မင်းသိင်္ခက ထိုင်သည်။ မင်းသိင်္ခ ဘေးတွင် ကျွန်ုပ်ထိုင်သည်။ "ဟေ့ကောင် သတိထား"ဟု သတိပေးလို့မှ မဆုံးသေး အခမ်းအနားမှူးက ဆရာ မင်းသိင်္ခ ဟောပြောရန် စင်မြင့်ပေါ်သို့ ကြွပါတဲ့။ ခြောက်လုံးပတ်ဝိုင်းက အိုးစည်တီးပေးသည်။ မင်းသိင်္ခလည်း ဒုက္ခတွေ တွေ့နီးကီးပြီ. . .

"ကျွန်တော် ခုလို လာရောက် ဟောပြောခွင့်ရတဲ့အတွက်. . ."

"ဆရာ ခဏနေပါဦး. . ."

မင်းသိင်္ခက နှုတ်ခမ်းမွေး စုတ်ဖွားဖြင့် မိုက်ခရိုဖုံး ရှေ့မှာ ခပ်ကြောင်ကြောင် ရပ်နေစဉ် အခမ်းအနားမှူးမှ အတ္ထုပ္ပတ္တိ ဖတ်သည်။

"ဆက်ဟောနိုင်ပါပြီ ဆရာ"

ကိုအောင်ထွန်းခမျာ ကျွန်ုပ်ကဲ့သို့ပင် ခံစားရရှာပြီ။ စိတ်မပါ၊ လက်မပါ ဟောလို့သာ ဟောနေရ၊ စကားတွေက ဟိုရောက် ဒီရောက် ကြာဆံဟင်းခါးသောက်နေသူများကလည်း တစ်သုတ်ပြီး တစ်သုတ် အသောက်မပျက်ကြ။ စကားပြော မပျက်ကြ။ ကျွန်ုပ်နှင့် ကျော်ကျော်လွင်လည်း ကြာဇံဟင်းခါးသောက်ရင်း. . . မင်းသိင်္ခ ချောက်ကျနေသည်ကို ဟားနေပြန်သည်။ တော်ပါသေးရဲ့ဗျာ. . . ပရိသတ်များ မျှော်လင့်စောင့်စားနေတဲ့ ဆရာကြပ်ကလေး ရောက်လာပြန်ပြီဗျို့။ ကျွန်တော့် ဟောပြောခြင်းကို ဒီတင် နိဂုံးချုပ်ပါတယ်။

ဆရာကြပ်မှာ ကျွန်ုပ်တို့ ခံထားရသည်ကို မသိသေး။ နှုတ်ခမ်းမွေး တကားကားဖြင့် ခန်းမထဲဝင်လာသည်။ ကျွန်ုပ်တို့နားတွင် ထိုင်ခွင့်မရ။ အခမ်းအနားမှူးက. . .

"ဆရာ ကြပ်ကလေး စင်ပေါ်တန်းတက်ပါခင်ဗျား" တဲ့. . .

www.burmeseclassic.com

www.burmeseclassic.com



တီးဝိုင်းက ဒိုးပတ်တီးလေသည်။ အဆိုသမားတစ်ယောက်က "မငိုပါနဲ့ လူကလေးရယ်၊ မငိုပါနဲ့ လူကလေးရယ်၊ မင်းအမေပြန်လာမှ" ဟု ဒိုးပတ်သီချင်းကို ဆိုလေသည်။ ဆရာကြပ်ကလေးလည်း စင်ပေါ်တွင် အူကြောင်ကြောင်. . .

"ဟေ့ကောင်. . . ကွေးကြီး ကြပ်ဒုက္ခရောက်တော့မယ်"

ကျွန်ုပ်တို့ ကဲ့သို့ပင် ဆရာကြပ်လည်း ထပ်တူကြုံရသည်။ ကျွန်ုပ်ချောက်ကျတုန်းက ကျော်ကျော်လွင်ဟားသည်။ မင်းသိခ်ချောက်ကျတော့ ကျော်ကျော်လွင်နှင့် ကျွန်ုပ်နှစ်ယောက်အတူ ဟားသည်။ ဆရာကြပ် ချောက်ကျတော့ မင်းသိခ်ပါ သုံးယောက်အတူ ဟားကြသည်။ ကြာဆံဟင်းခါးက အဲသည်တော့မှ ရှေ့လာချသည်။ ကျွန်ုပ်တို့မှာ ကြာဆံဟင်းခါးသောက်ရင်း ဟားနေစဉ်. . .

"ဟိုက် ရှာလပတ်ရည် ဟိုကောင်ပါလား"

မင်းသိခ်က အပေါက်ဝကို လှမ်းကြည့်ပြီး ပြောသဖြင့် စာရေးဆရာတစ်ယောက်ယောက်များ ထပ်ရောက်လာသလား။ လာရင်လည်း အကောင်းသား။ ဆရာကြပ်ဒုက္ခရောက်နေရာမှ လွတ်မြောက်သွားမည်ဟု ဝမ်းသာအားရကျွန်ုပ်လှမ်းကြည့်လိုက်ရာ စာရေးဆရာမဟုတ်၊ မင်းသိခ်၏ ဗေဒင်တပည့်ကလေး မောင်သိန်းစိုး ဖြစ်နေသည်။

"ကဲ. . . အားလုံးပဲ ကျွန်တော့်တပည့် လိုက်လာလို့ သွားလိုက်ပါဦးမယ်"

"ကျွန်တော်တို့လည်း သွားလိုက်ပါဦးမယ်"

စက်ရုံဝတွင် ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်သည် လွန်စွာ စိတ်ပိန်သွားပုံရသော မျက်နှာဖြင့် "ဘယ်လိုပွဲကြီးမှန်း မသိပါဘူးကွာ" ဟု ညည်းသည်။ "ဟုတ်တယ် သူငယ်ချင်း ပွဲများတော့ ဒီလိုပွဲမျိုးလည်း ကြုံရမှာပဲ" ဟု ကျွန်ုပ်က ဖြေသိမ့်စကားပြော ရသည်။ အတွင်းဘက်မှ ပရိသတ် ရယ်သံမကြားရ။ ဆရာကြပ် ဟောနေသံသာ ကြားရသည်။

"ကြပ်တော့ ဆက်နစ်နေတုန်းပဲဟေ့"

ကျွန်ုပ်တို့သည် ကမောက်ကမ ကြုံရသော စာပေဟောပြောပွဲများအကြောင်း ပြန်လည်စကားစပ်ကြတိုင်း ထိုစက်ရုံပွဲအကြောင်းကို မမေ့မလျော့ ပြောမိကြဆဲ. . .။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်နှင့် ကျွန်ုပ်မှာ ရေးဖော်ရေးဖက်များ ဖြစ်ရုံမက ဟောဖော်ဟောဖက်များလည်း ဖြစ်ကြသည်။ မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် စာပေဟောပြောပွဲပေါင်းများစွာကို အတူတကွ ဟောခဲ့ကြသည်။ ပွဲပေါင်းမည်မျှ ဆိုတာ စာရင်းတို့မထား၍ အတိအကျ မမှတ်မိ တော့. . . များတာတော့ အတော်များသည်။

ထိုသို့ အတူတွဲဟောခဲ့ကြရာတွင် အဆင်ပြေသော ပွဲများရှိသလို ကသိ ကအောက်နှင့် အဆင်မပြေသော ပွဲများလည်း ရှိခဲ့သည်။ တစ်ခါက ပွဲတစ်ပွဲ တွင် သူဟောနေခိုက် မီး မီး ဟု မီးလန့်သဖြင့် ပရိသတ်တွေ ထပြန်ကြသည်။ သူလည်း ပြီးစီးအောင် မဟောလိုက်ရ။ ကျွန်ုပ်မှာ လုံးဝမဟောလိုက်ရဘဲ ပွဲ ပျက်သွားသည်။ ကျွန်ုပ်တို့တွင် ကိုယ်ရေးကိုယ်တာ ကိစ္စများရှိသည်။ တစ်ခါ တစ်ရံ တာဝန်အရ ဟောလို့သာ ဟောနေရသည်။ စိတ်ကမပါ၊ ဇွတ်မှိတ်၍ ကျိတ်လိုက်ရသည်များလည်း ရှိသည်။ (ရယ်ချင်လျက်နှင့် ဇာတ်ကွက်ကိုဆ, ငိုလိုက်ရတယ်၊ လွမ်းတသက်သက် ငိုချင်လျက်နှင့်ကွယ် ခိုင်းစေချက် ညီမျှရန် တကယ်ရယ်ရ ပြန်တယ်) ဆိုသော ကချေသည် သီချင်းကဲ့သို့ပင်။

ကျွန်ုပ်မှာ မယားမရှိ သားမရှိ။ တစ်ကိုယ်တည်းသမား ဖြစ်၍ သူ့ လောက်ဗလိဗောစမများ။ သူ့မှာ ထိုစဉ်က အိမ်ထောင် ရှိနေသဖြင့် မလိဗေမိ၊ ကိစ္စ ဝိစ္စတွေ များလှသည်။ ကိစ္စများမြောင် လူတို့ဘောင် ဖြစ်နေသည်။ ကျွန်ုပ် သည် အချိန်တိုင်းလိုလို ဟာသတွေ ပြောကာ ဟားတိုက်နေသူ ဖြစ်သည်။ ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်ခမျာ ကျွန်ုပ်လောက် ဟား မတိုက်နိုင်။ ဗေဒင်ဟောရ၊ စာရေးရ၊ တပည့်တွေ ပညာပေးရ၊ အထိုင်များပြီး ခါးကိုက်နေသူ ဖြစ်သည်။

မှတ်မှတ်ရရ စာပေဟောပြောပွဲတွင် သူဟာသတွေ ပြောသည်။ ကွင်းလုံးပြည့်နေသော ချောက်မြို့ပရိသတ်ကြီးက ဝေါခနဲ ရယ်သည်။ နောက် ဟာသတစ်ခုပြောပြန်သည်။ ချောက် ပရိသတ်ကြီး ဝေါခနဲ ရယ်ပြန်သည်။

တစ်ပွဲလုံး ရယ်နေသော်လည်း ကျွန်ုပ်မရယ်နိုင်၊ သူဇွတ်တိုက်၍ ဟာသပြောနေမှန်း ကျွန်ုပ် အတတ်သိသည်။ သူ့မျက်နှာက ဟန်ပြုံးပြုံးထား သော်လည်း သူ့မျက်လုံးတွေက သောကတွေနှင့် ရီဝေနေသည်။ မျက်နှာက ရှင်သော်လည်း မျက်လုံးတွေက သေနေသည်။ သူ့အဖြစ်ကို ပရိသတ်မသိ။ သေချာစွာ အကဲခတ်လေ့လာနေသော ကျွန်ုပ်တစ်ယောက်သာ သိသည်။

“ဘယ်လိုဖြစ်တာလဲ သူငယ်ချင်း မင်းစိတ်မပါဘဲ ဟောနေတာ ငါ

www.burmeseclassic.com

www.burmeseclassic.com



သိတယ်”

ပွဲပြီးလို့ နှစ်ကိုယ်ကြား မေးကြည့်တော့ ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ် သက်ပြင်းမော တစ်လုံးကိုချသည်။ တိုးတိမ်သော အသံဖြင့် နှစ်ကိုယ်ကြား ပြန်ဖြေသည်။ ငါ ဒီလိုပဲ ဟောနေတာ သုံးလေးပွဲ ရှိပါပြီတဲ့။ သူငယ်ချင်းကို ကျွန်ုပ်သနားသွားသည်။ သူ့ခမျာ လက်ရှိအိမ်ထောင်နှင့် အဆင်မပြေ၊ ကတောက်ကဆတွေ ဖြစ်နေသည်။ ရန်ကုန်က ထွက်လာတော့ လင်မယား စကားများလာသည်။ ယောက်ဖက နိုင်ငံခြားက သင်္ဘောပေါ်မှာ အက်ဆီးဒင့် ဖြစ်ပြီးကွယ်လွန်သည်။ ထိုယောက်ဖကို သူအတော်ချစ်သည်။ ဤလိုအနေအထားဖြင့် ဟာသတွေ ပြောနေရသည်။ သူဘယ်လိုလုပ်ပြီး ပျော်နိုင်မည်နည်း။

သူတကယ်ပျော်သောပွဲကိုလည်း ကျွန်ုပ်သာ ကြုံဖူးသည်။ ထိုပွဲကား ဧရာဝတီတိုင်း၊ ကျုံပျော်မြို့ကပွဲ။ ထိုပွဲတွင် သူရယ်၊ မောင်ရွှေစွန်ရယ်၊ မောင်မောက် (ဥက္ကလာ)ရယ်၊ ကျွန်ုပ်ရယ် လေးယောက် ဖြစ်သည်။ ကျွန်ုပ်တို့မှာ ဟောပြောပွဲမစမီ ကျုံပျော်ဘိုတဲပေါ်၌ သရဲအကြောင်းတွေ ပြောကြသည်။ သူကြားဖူးသော သရဲအကြောင်း သရဲမျိုးစုံအကြောင်းတွေ ပြောကြသည်။ ပြောလိုက်ကြ၊ ရယ်လိုက်ကြ၊ ဇည့်ခံကျွေးမွေးထားသော လက်ဖက်သုပ်တွေ စားလိုက်ကြ၊ ငါးရံ့ခြောက်တွေ တွယ်လိုက်ကြ၊ ရေနွေးကြမ်းတွေ သောက်လိုက်ကြ၊ တဟားဟား တဝါးဝါး ဖြစ်နေစဉ် စာပေလုပ်သား အတွင်းရေးမှူး ကျုံပျော် မြသန်း ရောက်လာ၍. . .

“ဆရာတို့ ဟောပြောပွဲစတော့မယ် ဘိုတဲအောက်မှာ ကားရောက်နေပြီ”

စင်ဆီသို့ သွားရန်လာခေါ်သည်။ ကျွန်ုပ်တို့မှာ စာပေဟောပြောပွဲကို မဟောချင်တော့။ သရဲအကြောင်း ပေါက်တတ်ကရတွေ ပြောရတာနှင့်ပင် ကျေနပ်နေကြပြီ။

“ဟေ့ကောင်. . . မြသန်း ငါမဟောတော့ဘူးကွာ၊ ဒီကောင်သုံးကောင်ဟောလိမ့်မယ်”

“ဟာ. . . ဘယ်ဖြစ်မလဲ ဆရာကွေး ပရိသတ်ကမျှော်နေပြီ”

“တို့လည်း မဟောချင်တော့ဘူး၊ အချင်းချင်း ဟောနေတာ ကျေနပ်သွားပြီ”

မြသန်း မျက်နှာငိုမဲ့မဲ့ ဖြစ်နေစဉ် ကျွန်ုပ်တို့ ကားပေါ်သို့ တက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သရဲအကြောင်းက စင်ပေါ်အထိ အရှိန်မသတ်နိုင်။ ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်၏ ဟောပြောချက်ထဲတွင် သရဲအကြောင်းတွေ အတော်ပါသွားသည်။ ဘရိတ်အုပ်လိုက်နိုင်ကြလို့။ မအုပ်နိုင်လျှင် ထိုညက ဟောပြောပွဲမှာ ကျွန်ုပ်တို့အစတွင် မေ့မရနိုင်အောင် ပျော်ခဲ့ရသောပွဲ ဖြစ်သည်။

ကွမ်းခြံကုန်းပွဲကျတော့ တစ်မျိုး၊ ထိုပွဲတွင် သူရယ်၊ မောင်ရွှေစွန်ရယ်၊ ကျွန်ုပ်ရယ်၊ သူငယ်ချင်း သုံးယောက် သူရော ကျွန်ုပ်ပါ အရက်သေစာ မသောက်သော်လည်း၊ မောင်ရွှေစွန်ကတော့ သောက်သည်။ မောင်ရွှေစွန်မူးပြီး ရစ်လျှင် သူ့ကို အမြဲနိုင်တတ်သည်။

"ဟေ့ကောင် အောင်ထွန်း မင်းအကြောတက်လို့ အနှိပ်အနင်းခံရတဲ့အကြောင်း ငါထည့်ဟောမယ်နော်"

ထိုစဉ်က ကိုအောင်ထွန်းမှာ အညောင်းဘုရင် အကြောပြေဆေးကြီး ဖော်ရောင်းနေသည်။ မောင်ရွှေစွန်သည် မူးမူးဖြင့် တကယ်ထည့်ဟောသည်။ ကွမ်းခြံကုန်းပရိသတ်က ဟာသလုပ်သည်ထင်ပြီး ရယ်ကြသည်။ကျွန်ုပ်၏ မိတ်ဆွေ ကိုအောင်ထွန်း (ခေါ်) မင်းသိခ်ကို ဓနုဖြူမှ ပရိသတ်များ မြင်ဖူးစေချင်သည်။ ဟောတာတွေ ကြားဖူးစေချင်သည်။ ဓနုဖြူ ဟောပြောပွဲသို့ ကျွန်ုပ် ခေါ်သွားဖူးသည်။ ထိုပွဲလည်း ထိတ်ထိတ်ကြဲပွဲ ဟောပြော သူတွေက တကယ့် အဟောကောင်း၊ အပြောကောင်းတွေ လယ်တွင်းသား စောချစ်၊ ရွှေကူ မေနှင်း၊ မင်းသိခ်။

ကျွန်ုပ်မှာ ဒေသခံဖြစ်၍ ပဏာမ မိတ်ဆက်စကားသာ ရှေ့ဆုံးမှ ထွက်ပြောပေးပြီး သူတို့ သုံးယောက်ကို လွှတ်ပေးလိုက်သည်။ သူငယ်ချင်းတို့ မိုးလင်းရင်လင်းပစေ အားရပါးရသာဟော။ ဓနုဖြူပရိသတ်က အမာခံပရိသတ် မိုးလင်းအောင်ဟောရင် မိုးလင်းအထိ နားထောင်မယ်. . .

သူတို့စိတ်တိုင်းကျ အားပါးတရ ဟောကြသည်။ သုံးယောက် တစ်ယောက် တစ်မျိုးစီ အပြိုင်ကောင်းကြသော ပွဲဖြစ်သည်။ ညဉ့်နှစ်ချက်တီးမှ ပွဲပြီးသည်။ ဓနုဖြူ ပရိသတ်က ကျေနပ်သွားသည်။ မြို့က ကျေနပ်သည်ဆိုတော့ ခေါ်ပင့်လာရသော ကျွန်ုပ်လည်း ဝမ်းသာရသည်။ ဓနုဖြူပွဲအပြီးတွင် ဆကာကြီး ပွဲသို့ ဆက်သည်။ ဆကာကြီးပွဲလည်း အောင်မြင်သည်။

ထိုပွဲက အပြန်ခရီးတွင် သည်းထိတ်ရင်ဖိုစရာ အဖြစ်ကလေးတစ်ဖြစ် ကြုံရသည်။ ထိုစဉ်က တံတားကြီးတွေ မတည်ဆောက်ရသေး။ သွားရေး လာရေး အလွန် ဒုက္ခများသည်။ ဓနုဖြူက ရန်ကုန်အပြန် ညောင်တုန်းတွင် ဇက်ကူး

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အင်းစိန်တွင် ကူးတို့ကူးရသည်။ အင်းစိန် တစ်ဖက်ကမ်းတွင် ကူးတို့ကူးရန်အဆင်း မေနှင်း ခြေချော်သွားသည်။ကျွန်ုပ်နှင့် လယ်တွင်းသားတို့ အံ့အားသင့်နေသည်။ ကိုအောင်ထွန်းက ရေစပ်သို့ ပြေးဆင်းသွားသည်။ မေနှင်းက ဘာမှ မဖြစ်။ ကိုအောင်ထွန်းက ရေထဲအထိ ဆင်းမည့်ဟန် ပြင်နေသဖြင့်. . .

"ဟော့ကောင်. . . ဟော့ကောင် မင်းရေကူးတတ်လို့လား"

ကျွန်ုပ်က လှမ်းအော်လိုက်မှ သူ သတိရသွားသည်။ ဆက်မဆင်းတော့။ သတိမေ့ပြီး ဆက်ဆင်းသွားလျှင် မေနှင်းကိုမကယ်ရဘဲ သူ့ကိုကယ်နေရမည်။ ဟောပြောပွဲ အကြောင်းတွေ ပြန်ရေးတိုင်း ယခုပြန်ကြုံနေရသလို ပူပူနွေးနွေး ခံစားရသည်။ ကျွန်ုပ်မှာမူ ဤစာမူကို ရေးနေချိန်အထိ ဟောပြောပွဲတွေ တရမန်းကြမ်း အဆက်မပြတ် ဟောနေရသည်။ သူကား ဟောပြောပွဲ မထွက်။ အတော်ကြာပြီ မှော်ဘီတွင် အထိုင်ကျနေပြီ. . .

ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ထွန်း(ခေါ်)မင်းသိခ်အကြောင်းကို ကျွန်ုပ်ရေးလာခဲ့သည်မှာ လပေါင်းအတန်ကြာခဲ့ပြီ။ သူ၏ဘဝခရီးမှ စာပေ အတွေ့အကြုံများကို ဟောပြောပွဲအကြောင်းများဖြင့် အနားသတ်ပေးလိုက် ပါသည်။ ဤတွင်ရွေ့. . . (မင်းသိခ်နှင့် ကမ္ဘသကာ) ကျွန်ုပ်၏အခန်းဆက် ဆောင်းပါးကြီး ပြီးဆုံးခြင်းသို့ ရောက်ပြီ။ အောင်ပြီ. . . အောင်ပြီ. . . အောင်ပြီ။

**သဗ္ဗေ သတ္တာ ကမ္မသကာ**

♦ ♦ ♦

သောကြာစာစောင်
အမှတ် (၄၅၃)၊ မေလ၊ ၂၀၀၁- ခုနှစ်
အမှတ် (၄၅၄)၊ ဇွန်လ၊ ၂၀၀၁- ခုနှစ်
အမှတ် (၄၅၅)၊ ဇူလိုင်လ၊ ၂၀၀၁- ခုနှစ်
အမှတ် (၄၅၆)၊ ဩဂုတ်လ၊ ၂၀၀၁- ခုနှစ်
အမှတ် (၄၅၇)၊ စက်တင်ဘာလ၊ ၂၀၀၁- ခုနှစ်
အမှတ် (၄၅၈)၊ အောက်တိုဘာလ၊ ၂၀၀၁- ခုနှစ်
အမှတ် (၄၅၉)၊ နိုဝင်ဘာလ၊ ၂၀၀၁- ခုနှစ်
အမှတ် (၄၆၀)၊ ဒီဇင်ဘာလ၊ ၂၀၀၁- ခုနှစ်
အမှတ် (၄၆၁)၊ ဇန်နဝါရီလ၊ ၂၀၀၂- ခုနှစ်
အမှတ် (၄၆၃)၊ မတ်လ၊ ၂၀၀၂- ခုနှစ်

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သုမောင်

## ဗလဆိုတဲ့ကောင် သုမောင်

တစ်နေ့ အနည်းဆုံး တစ်ခါလောက်မှ လက်ဖက်ရည်ဆိုင် မထိုင်ရလျှင် ထိုနေ့အတွက် တစ်ခုခုလိုနေသလို စိတ်ထဲမှာ လစ်ဟာနေတတ်သည်။ ဖြစ်နိုင်ပါက မနက်ပိုင်းတွင် သုံးဆိုင်လောက် ဆက်တိုက် ထိုင်ရလျှင် ပို၍ ပျော်ရွှင်မည်။ ပို၍ လွတ်လပ်ပေါ့ပါးမည်။

မနက်ပိုင်း အိမ်မျက်စောင်းထိုးက အနန္တဂုဏ်ရည် ကဖီးတွင် ပထမဆုံး ထိုင်သည်။ ဒုတိယအဖြစ် ဆယ်ရပ်ကွက်ဈေးထဲက နာမည် တပ်မထားသော ဆိုင်တွင် ထိုင်သည်။ တတိယအဖြစ် လမ်းထိပ်က အင်ပါယာဆိုင်မှာ ထိုင်တော့ တိုက်တိုက်ဆိုင်ဆိုင် သကြ်န် စီဒီခွေဖွင့်နေသည်နှင့် တန်းတိုးသည်။

“မြန္မာ နေညိုညို ရစ်ကာသန်းတော့ ××× ရွှေမန်းတောင်ရိပ် တူတူဆိုမယ် ××× တူတူခိုမယ် ××× ပျိုဖြူတွေရယ်×××”

သီချင်းဆိုနေတာ ဘယ်သူလဲလို့ ကြည့်လိုက်တော့ ဟိုက် ရှာလပတ်ရည် ဗလဆိုတဲ့ကောင် သုမောင်ပါလား။ အခွေထဲမှာ ဒီကောင် ဟန်ကျပန်ကျ



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေသည်ကို ကိုယ်က အပြင်ကကြည့်ပြီး စည်းလိုက်နေမိသည်။

"ခေါင်းလေးတညိတ်ညိတ် ဒူးခေါင်းလက်ဝါးနဲ့ ပုတ်ပုတ်ပြီး ဘာတွေ လုပ်နေတာလဲ ဂုရုကြီး"

ဆိုင်ထဲသို့ ဝင်လာသော မိတ်ဆွေတစ်ယောက်က မေးသဖြင့်

"သုမောင် သကြ်န်ခွေထဲက မြနန္ဒာသီချင်းကို စည်းလိုက်နေတာလေ၊ ကျုပ်က ဒီလိုပဲ. . . ကိုယ်ရတဲ့ သီချင်းဆိုရင် စည်းလိုက်တတ်တယ်။ တီးတိုး လိုက်ဆိုတတ်တယ်။ သီချင်းရတဲ့အရသာ သီချင်းဟစ်ရတဲ့ အရသာ သီချင်း ညည်းရတဲ့ အရသာကို ပြောမယုံ ဆိုဖူးမှ သိမယ်"

"ဂုရုကြီးက အနုပညာနယ်ပယ်စုံ အကုန်သိနေတော့ သုမောင်နဲ့လည်း သိမှာပဲနော်"

"ဘယ့်နှယ် မသိရမှာလဲ၊ သိတာပေါ့. . . ဒီကောင် ငယ်ငယ်တည်းက ထဲထဲဝင်ဝင် နှံ့နှံ့စပ်စပ်သိတာ. . . သူနဲ့ သိရုံတင်မကဘူး သူ့အဖေ ဆရာ သာခုနဲ့ပါ ရင်းရင်းနှီးနှီးသိတယ်"

ထိုသူက ဆက်မပြောတော့ဘဲ. . . စိမ်းမြရောင် ဖန်သားပြင်ကို ငေး နေသည်။ ဂုရုကွေးလည်း သီချင်းကို စည်းလိုက်နေရာမှ အလိုအလျောက် ရပ်သွားသည်။ ဖန်သားပြင်ပေါ်မှ သုမောင်ကို ကြည့်ရင်း သုမောင် သေးသေး လေးကို ပြန်မြင်ယောင်လာသည်။ ဩော်. . . သည်တုန်းက ဒီကောင် လူပျို ပေါက်ကလေးသာ ရှိသေး။ ပိန်ပိန် သေးသေး မည်းမည်းလေး. . .

"ဆရာကွေး. . . အဲဒါ ကျွန်တော့်သူငယ်ချင်း ကျွန်တော်နဲ့ တစ် ကျောင်းတည်း တက်နေတာ ဗလကြီးတဲ့"

ခနေဖြူအိမ်မှာ အတူနေခဲ့ဖူးသော ညောင်တုန်းသားလေး မောင်ကြည် ဝင်းက မိတ်ဆက်ပေးတော့ ဒီကောင်လေးပုံပန်းကို ကြည့်ပြီး ဂုရုကွေး တော် တော် စိတ်ညစ်သွားသည်။ ဒါလောက် ပိန်သေးလေးက ဗလကြီးတဲ့။

မောင်ကြည်ဝင်းရေ. . . မင်းဥစ္စာ တစ်နေရာရာမှာ တစ်ခုခုတော့ လွဲနေပြီ. . . ငါသိတဲ့ ဗလကြီးက မောင်မယ်ရွှေပွဲတွေက ကြွက်သားကြီးတွေ ဖုထစ်လုံးကြွနေတဲ့ ကာယဗလမောင်တွေကွ၊ မင်းဗလကြီးက နာမည်ကသာ ဗလကြီး. . . လူကြည့်တော့ ပိန်ညောင်ညောင်၊ အာပြဲခြောက်ကို မတ်တတ် ထောင်ထားသလို ဖြစ်နေတယ်"

မောင်ကြည်ဝင်းနှင့် ဒီကောင်က ဘောင်ဒရီလမ်းက စက်မှုလက်မှု ကျောင်းတွင် ကျောင်းနေဘက် အတန်းတူ သူငယ်ချင်းတွေ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူလည်း စာပေဝါသနာပါတယ်။ ကျွန်တော့်လိုပဲ စာရေးဖို့ ကြိုးစား နေတာ. . ."

စာပေဝါသနာပါသည်ဆို၍ ဂုရုကွေး စိတ်ဝင်စားသွားသည်။ စာရေးဖို့ ကြိုးစားနေတာဆိုသောအခါ စိတ်ဝင်စားမှုမှာ ပိုမိုမြင့်မားလာသည်။ အသစ် အသစ်သော စာရေးမည့်သူများကို ဂုရုကွေးတို့ လက်ကမ်းကြိုဆိုရမည်။ သူတို့ ကို ဖေးမကူညီရမည်မဟုတ်ပါလား။

"နေစမ်းပါဦးကွ. . . မင်းက ဘယ်မှာနေတာလဲ၊ ဘယ်သူ့သားလဲ"

ထိုအခါ ထိုအသေးလေးက ငါးဖျင်းသလက်ပြုံးလေး ပြုံးပြီး. . .

"ဘယ်မှာနေရမှာလဲ အိမ်မှာ နေတာပေ့ါ ဆရာကွေးရဲ့. . . ဘယ်သူ့ သားလဲဆိုတော့ အဖေ့သားလေ ကျွန်တော့်အဖေကိုတော့ ဆရာကွေး သိမယ် မထင်ဘူး. . . စာရေးဆရာ သာခုပါ"

ဂုရုကွေးမှာ အယုတ္တ၊ အနတ္တတွေ နှုတ်မှ မထွက်မိအောင် မနည်း ထိန်းထားလိုက်ရသည်။ သေချင်းဆိုး ဗလ တော်တော်နောက်တဲ့ကောင်။ မောင်ကြည်ဝင်း မိတ်ဆက်ပေးလို့ စသိကတည်းက နောက်ခဲ့တာ စာပေ ဟောပြောပွဲတွေ အတူတွဲဟောတဲ့အထိ နောက်လို့ မဆုံးနောက်တုန်း။

"မင်းအဖေကို ငါမသိဘူး ထင်လို့လား. . . ပဒေသာ မဂ္ဂဇင်းခေတ် အစ မင်းအဖေ ပူတူးတူးပေါင်ဒါ လုပ်ကတည်းက ငါသိတာ၊ ငါကဗျာဆရာ ပေါက်စဘဝ၊ စာရေးဆရာမဖြစ်ခင်ကတည်းက မင်းအဖေနဲ့ သိခဲ့တာ ဆရာ သော်တာဆွေနဲ့ ပတ်သက်ပြီးတော့ သိခဲ့ရတာပဲ။ မင်းကလည်း ဆရာသာခုသား ဆိုတာ စောစောက ပြောပါတော့လား"

"ကျွန်တော် ဂုရုကွေးကို နောက်ချင်လို့ တမင် လျှို့ထားတာ"

ဗလကြီးအမည်ရှိ ပိန်ကပ်ကပ် ကောင်ကလေးကို နောက်ထပ် မတွေ့ ရတော့။ လူနှင့်နာမည် ဘယ်လိုမှ တွဲလို့မရသော ထိုကောင်ကလေး ဆရာ သာခုသားလေးကို ဂုရုကွေး မကြာမကြာ သတိရသည်။ ညောင်တုန်းက အခင် မင်ဆုံး မိတ်ဆွေလေး မောင်ကြည်ဝင်းအကြောင်း တွေးမိတိုင်း ဗလကြီးဆိုသော ပိန်ညောင်ညောင် ကောင်လေးသည် အမြဲကပ်ကပ်ပါလာလေ့ ရှိသည်။

"ဟေ့ လူကြီး. . . ဆရာကွေးကြီး"

ကားတစ်စီးပေါ်မှ အော်သွားသောအသံ ကြားရသည်။ ဘယ်သူလဲလို့ လှမ်းကြည့်လိုက်တော့ ဟိုက်ရှာလပတ်ရည် ဗလပေပဲ။ ဒီကောင် ဘယ်သူ့ကား နှင့်မှန်းမသိ လိုက်သွားရာက လမ်းပေါ်က ဂုရုကွေးကို အော်ဟစ်နှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



သွားခြင်းဖြစ်သည်။

"မပြေးနဲ့ မိပြီ"

နောက်တစ်ခါ ပြန်တွေ့တော့ မြို့မရုပ်ရှင်ရုံအောက်မှာ လမ်းငါးဆယ် ဘက်မှ စိုက်စိုက် စိုက်စိုက် လမ်းလျှောက်လာသော ဂုရုကွေးကို မပြေးနဲ့ မိပြီ တဲ့။ ရင်ဘတ်ကို ဆီးတွန်းထားသည်။ ဗလဘေးမှာ သူ့အသက်နှင့် မတိမ်း မယိမ်းအရွယ် လူငယ်သုံးယောက် ပါသည်။

"လမ်းလျှောက်လာတဲ့ ကောင်ကို မပြေးနဲ့တဲ့. . . မင်းတော်တော် ကြောင်တာပဲ၊ ဒါတွေက ဘယ်သူတွေလဲ. . . ဗလကြီးရဲ့ သူငယ်ချင်း ဗလလတ် တို့ ဗလလေးတို့ ဗလငယ်တို့လား. . . "

အသားဖြူဖြူ မျက်စိပေါက်ကျဉ်းကျဉ်း လူငယ်လေးက နှစ်ခြိုက်စွာ ပြုံးသည်။ ပြုံးလိုက်မှ မျက်လုံးတွေက ပိုမှေးသွားသလို. . .။

"ကျွန်တော်က ကချင်မြေ သန်းဆောင်ပါ. . . သူက မောင်ငယ် သွေး. . . သူက မြင့်ဆောင် ဗလ သူငယ်ချင်းတွေပါ"

"ဗလ သူငယ်ချင်းဆိုရင် မင်းတို့ ဘလက်တွေ ဖြစ်ရမယ်။ ဘာဘလက် လဲ. . . ရုပ်ရှင်လက်မှတ် မှောင်ခိုရောင်းတဲ့ ဘလက်လား"

ဂုရုကွေးက နောက်တော့ ဒီကောင်လေးကောင် တစ်ပြိုင်တည်း ရယ် သည်။ လမ်းသွားလမ်းလာများလှမ်းကြည့်သွားကြသည်။ ဘယ်လိုလူတွေပါ လိမ့်. . .။ ရုပ်ရှင်ရုံ ပေါ်တီကို အောက်မှာ တဟားဟား တဝါးဝါးနဲ့ အရူးတွေ တော့ မဖြစ်တန်ရာပါဘူးဟု ထင်သွားကြပုံရသည်။

"နေစမ်းပါဦး. . . လူစုလူဝေးနဲ့ မင်းတို့ ဘယ်သွားကြမလို့လဲ၊ သူငယ် ချင်း တစ်ယောက်ယောက်အတွက် မိန်းမလိုက်ခိုးပေးမလို့လား"

ဗလက လူငယ်ပီပီ တက်ကြွသောအသံဖြင့် ဖြေသည်။

"ကျွန်တော်တို့ စာမူလိုက်စုနေတာ. . . မဂ္ဂဇင်းတစ်အုပ်လုပ် မယ်. . . ဒီကောင်တွေကော ကျွန်တော်ပါ အားလုံး အယ်ဒီတာချည်းပဲ"

"ဟိုက်. . . ရှာလပတ်ရည် အယ်ဒီတာတွေ ဟုတ်လား၊ မင်းတို့ကို ဘယ်သူက အယ်ဒီတာခန့်တာလဲ"

"ကျွန်တော်တို့ဟာ ကျွန်တော်တို့ ခန့်တာပေါ့. . . မဂ္ဂဇင်းကို ကျွန် တော်တို့ ပိုက်ဆံနဲ့ ကျွန်တော်တို့ ထုတ်မှာ. . . နာရီရောင်း၊ လက်စွပ်ရောင်း၊ ကင်မရာရောင်းပြီး လုပ်မှာ"

"သင်းတို့တစ်တွေ လူငယ်စိတ်ဖြင့် ဘာတွေ လျှောက်လုပ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



မသိ။ နာရီရောင်း၊ လက်စွပ်ရောင်းပြီး မဂ္ဂဇင်းထုတ်မလို့တဲ့"

"ရေးပေးပ့ါမယ်ကွာ. . . မင်းတို့ လက်စွပ်ရောင်းထားတဲ့ထဲက ဖွတ်ကလိဒင်္ဂါးလေး စားရချေသေး၊ စားရချေသေး. . . အဟေး ဟေး ဟေး ဟေး"

"အဟေး ဟေး ဟေး ဟေး လုပ်မနေနဲ့၊ စာမူတွေက တော်တော်စုံနေပြီ။ မြန်မြန်ရမှ ဖြစ်မယ်၊ မြန်ဆို သန်ဘက်ခါပေးပါ ဆရာကွေး"

"သန်ဘက်ခါ မနီးလွန်းဘူးလား. . . ငါလည်း တွေးချိန် စာရေးချိန် ပေးပါဦး. . . သန်ဘက်ခါ မလုပ်နဲ့. . . မနက်ဖြန်ယူကွာ"

မြင့်ဆောင်ဆိုတဲ့ကောင်က ဟုတ်ပြီဟု ထအော်သည်။ ကချင်မြေသန်းဆောင်က မျက်လုံးပိတ်အောင် ပြုံးသည်။ ဗလက လက်ဆွဲနှုတ်ဆက်ပြီး. . .

"ဒါမှ ဆရာကွေး" တဲ့။

"နေစမ်းပါဦးကွ. . . စာမူရေးတာတော့ ဟုတ်ပါပြီ။ ရေးပေးပ့ါမယ်. . . အဲဒီစာမူကို ငါက ဘယ်လာပို့ရမှာလဲ. . . သယ်န်းကျွန်းက မင်းတို့အိမ်လား၊ မဂ္ဂဇင်းတိုက်က မင်းတို့အိမ်မှာ ထားတာ မဟုတ်လား"

ကျွန်တော်တို့ အိမ်မှာထားရင် ရုတ်ရုတ် ရုတ်ရုတ်နဲ့ ဆိုတော့ လူကြီးတွေ မျက်စိရှုပ်မယ်. . . မဂ္ဂဇင်းက သူများမဂ္ဂဇင်း ငှားထုတ်မှာ. . . ဟုမ်းလမ်း ကွက်သစ် (၂) လမ်းက ဟာသပုံနှိပ်တိုက်မှာ ရိုက်မယ်၊ အဲဒီတိုက်မှာပဲ မဂ္ဂဇင်းထားမယ်။ မနက်ဖြန် ဆက်ဆက်လာပို့ပါ ဆရာကွေး"

ကြည့်မြင်တိုင် ဟုမ်းလမ်း ကွက်သစ် (၂)လမ်းက ဟာသပုံနှိပ်တိုက် ဆိုပါလား။ ဟာသဆယ်ပြားတန်စာစောင်တွင် တစ်ပတ် ဆယ့်ငါးကျပ်ဖြင့် ဂုရုကွေးက တွေ့ကရာ ရှစ်သောင်း ခေါင်းစဉ်ဖြင့် ပင်တိုင်ဆောင်းပါးတစ်ပုဒ်နှင့် ဟာသ ဝတ္ထုတိုတစ်ပုဒ် လစဉ်ရေးပေးရသည်။ ကိုယ်မကြာခဏ ရောက်နေကျ တိုက်ပေပဲ. . .

"ဦးအေးတို့ တိုက်မဟုတ်လား. . . မြေပြန့် ဆန်းကြည်ရဲ့ အဖေ ဦးအေးလေ. . . အဲဒီမှာ စာရေးပေးနေတာပဲ။ စိတ်ချ. . . မနက်ဖြန် ဆက်ဆက် လာပေးမယ်"

ထိုညက အတော်ညဉ့်နက်သွားသည်။ ဟာသတို တစ်ပုဒ်ကို ညဉ့်နက်အောင် စဉ်းစားပြီး ရေးရတာက မလွယ်။ ဗလတို့တစ်တွေ မဂ္ဂဇင်းထုတ်ဖို့ တက်ကြွနေကြတာ အားရဖို့ ကောင်းသည်။ သူတို့ကို ကူညီရမည်။ စာမူရေးပြီးလို့ အိပ်ရာထဲဝင်စဉ် စဉ်းစားမိတာက ဟောလစ်မဟုတ်။ ဟာသစာစောင်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း။ ထိုစာစောင်မှာ အထိုက်အလျောက် ရောင်းနေရပါလျက် လက်ပြောင်း လက်လွှဲ လုပ်တော့မည် ထင်သည်။

စာမူလိပ်ကလေးကိုင်ပြီး ဟာသတိုက် ရောက်သွားတော့ ပူပူနွေးနွေး အယ်ဒီတာမင်းလေးကောင်ကို တိုက်ပုံကိုယ်စီ မျက်မှန်တဝင်းဝင်း ခဲတံနီပြာ တွေကိုင်လျက် ခန့်ခန့်ညားညား တွေ့ရသည်။

"ရော့. . . ဟာသ စာစောင်အတွက် ဟာသစာမူ"

စာမူလှမ်းပေးလိုက်တော့ ဗလက ရှိရှိသေသေ လှမ်းယူသည်။ ဒီကောင့်စကားကြောင့် ဂုရုကွေး ဟိုက်. . . ရှာလပတ်ရည် မအော်နိုင်။ ပါးစပ်ဟောင်းလောင်းပွင့်သွားသည်။

"ကျွန်တော်တို့ မဂ္ဂဇင်းက ဝတ်မှုန်မဂ္ဂဇင်း ဆရာကွေး"

♦ ♦ ♦

ဟာသစာစောင်အတွက် ဟာသစာမူတောင်းသည် ထင်၍ သွားပေးတော့ ဗလဆိုတဲ့ကောင် သုမောင်က. . .

"ကျွန်တော်တို့ ထုတ်မှာ ဝတ်မှုန်မဂ္ဂဇင်း" တဲ့။

ဂုရုကွေး အူလည်လည် ဖြစ်သွားသည်။ ဝတ်မှုန်မဂ္ဂဇင်းကို ၃၄-လမ်း၊ သိန်းသန်းဦး ပုံနှိပ်တိုက်မှ ကိုမြင့်ဦးနှင့် တက္ကသိုလ်မောင်အောင်ဆွေတို့ ပူးတွဲကာ စတင် ထုတ်ဝေခဲ့သည်။ စထုတ်ကတည်းက စာမူတောင်းသဖြင့် လစဉ်ရေးပေးခဲ့ရသည်။

ဆယ်လအကြာတွင်လား ဆယ့်တစ်လအကြာတွင်လား မမှတ်မိတော့။ ဝတ်မှုန်မဂ္ဂဇင်း ထုတ်ဝေသူ ပြောင်းသွားသည်။ တိုက်နေရာ ပြောင်းသွားသည်။ ဒုတိယ ထုတ်ဝေသူက ယုဝတီ ဒေါ်ရွှေဝါစိန်၊ တိုက်နေရာက ကြည့်မြင်တိုင်၊ ဟုမ်းလမ်း ကွက်သစ် (၂)လမ်းမှ ဟာသစာစောင်တိုက်။

ဒေါ်ရွှေဝါစိန်နှင့်လည်း နဂိုကတည်းက ခင်မင်သည်။ စာပေဟောပြောပွဲများတွင် အတူတွဲဟောဖက်များဖြစ်သည်။ ဒေါ်ရွှေဝါစိန် တောင်းပြန်သဖြင့် ဒုတိယဝတ်မှုန်တွင်လည်း ဆက်ရေးရပြန်သည်။ ယခု ဗလတို့က ဒေါ်ရွှေဝါစိန်လက်မှ တစ်ဆင့်ယူ၍ ထုတ်ကြသည်။ တတိယ ဝတ်မှုန်. . .

"ဟေ့ကောင် ဗလ ငါရေးလာတာ ဟာသကွ၊ မင်းတို့ဆီမှာ ထည့်လို့ဖြစ်ပါ့မလား၊ မဖြစ်ရင် ဦးအေးရဲ့ ဟာသကို ပေးလိုက်မယ်"

တစ်ဘက်စားပွဲတွင် ဆေးပြင်းလိပ်ခဲပြီး ပြုံးစိစိလုပ်နေသော ဦးအေး ကျွန်တော့်အတွက်ဆိုရင် ပေးလေဟု ပြောပြီး လက်ဝါးဖြန့်သည်။ ဗလက မပေး။

www.burmeseclassic.com

www.burmeseclassic.com



ဂုရုကြွေး စာမူကို ဇတ်ခန် ဆွဲယူ၍

"ဘယ်ရမလဲ. . . ကျွန်တော်လည်း ဟာသပဲ လိုချင်လို့ ဆရာကြွေးဆီ တောင်းတာ၊ ဆရာမြေဇာလာရင် ပုံတစ်ခါတည်း အပ်လိုက်မယ်"

နှစ်ပေါင်းများစွာ ကြာခဲ့သော်လည်း ထိုစာမူ၏ ခေါင်းစီးကို ယခုထက်တိုင် မှတ်မိနေသေးသည်။ အီကြာကွေး၏ အုတ်ကျင်းကိုသာ လိမ်လို့ရမည်တဲ့။ မြေဇာက လူတစ်ယောက်၏ ခြေထောက်နှစ်ချောင်းကို အဝတ်ရေညှစ်သလို အထပ်ထပ်အပြန်ပြန် လိမ်ထားသောပုံကို သရုပ်ဖော် ရေးဆွဲပေးသည်။

"မင်းတို့ မဂ္ဂဇင်းမှာ နေရာ ကျန်သေးရင် ငါ့ကဗျာစာအုပ် ကြော်ငြာ ထည့်ပေးပါ။ နေရာ သိပ်မများပါဘူး။ မဂ္ဂဇင်း စာမျက်နှာရဲ့ လေးချိုးတစ်ချိုးပါ"

"ရပါတယ် ဆရာကြွေး ကျွန်တော်တို့ ထည့်ပေးပါမယ်၊ ဖရီးထည့်ပေးမှာ၊ ခက်တာက မဂ္ဂဇင်း အဆင်အပြင် ဒန်မီကို ကျွန်တော်က ဆွဲလိုက်၊ မြင့်ဆောင်က ပြင်လိုက် မောင်ငယ်သွေး ဆွဲလိုက်၊ မောင်သန်းဆောင်က ပြင်လိုက်၊ ခုထက်ထိ အတည်မရသေးဘူး"

အယ်ဒီတာမင်း ပူပူနွေးနွေး လေးကောင်သားက ထင်ရာတွေ စိုင်းနေကြပါလား။

"ဒါဆို မင်းတို့ မဆွဲကြနဲ့ ငါဆွဲပေးမယ်၊ ငါ့ကဗျာစာအုပ် ကြော်ငြာ သာ မပါပါအောင် ထည့်ပေး"

"ရပါတယ် ဆရာကြွေး၊ ကျွန်တော်တို့ လေးယောက်ညှိပြီး ဆွဲလိုက်မယ်၊ ကဗျာစာအုပ်ကြော်ငြာ စာကြမ်းရေးပေးခဲ့ပါ"

ဂုရုကြွေးလည်း အလွယ်တကူပင် ပုံနှိပ်စက္ကူတစ်ပိုင်းပြတ်တစ်ခုကို ကောက်ယူပြီး ကဗျာစာအုပ် ကြော်ငြာရေးပေးလိုက်သည်။ ခနုဖြူကျော်ထွန်း၏ ပရိယေသနကဗျာများ နောက်နေ့ ရောက်သွားတော့ ကဗျာစာအုပ်ကြော်ငြာ စီပြီးနေပြီ။ ပရိယေသနကဗျာများ၊ စာအုပ်နာမည် မှန်သော်လည်း ကလောင်နာမည်မှားနေသည်။ ခနုဖြူက (နု) တစ်လုံးပြုတ်ပြီး (ခဖြူ) ဖြစ်နေသည်။ ကျော်ထွန်းက (ထွန်း)တွင် ဝဆွဲမပါ။ ( ခဖြူ- ကျော်ထန်း)

"ဒါလောက် ပုံပျက်ပန်းပျက် မှားနေတာ၊ မင်းတို့ မသိဘူးလား"

ဂုရုကြွေးဆူတော့ ဒီကောင်တွေ ဟိုလူ့လွှဲချ၊ ဒီလူ့လွှဲချ လုပ်နေတယ်။ အယ်ဒီတာလေးယောက် တာဝန်ခွဲဝေမှုကလည်း အဆန်း၊ တစ်ယောက်တစ်နေ့ စီလား၊ တစ်နေ့လေးယောက် နာရီပိုင်းနှင့်လား၊ ဘာမှန်းအတိအကျ မသိရ။ တာဝန်ယူသူက သူ့တာဝန်ပိုင်းပြီး သွားလျှင် အချိန်နာရီနှင့်တကွ လက်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ရေးထိုးသွားသည်။ နောက်တစ်ယောက်က ဆက်ဝင်သည်။

"အချော မရိုက်ရသေးလို့ တော်သေးတာပေါ့။ စာအုပ်ထွက်လာလို့ ကလောင်နာမည် မှားရင်တော့ မင်းတို့သိမယ်"

ဗလက ပျာပျာသလဲ တောင်းပန်သည်။ ဒီညနေပိုင်း အယ်ဒီတာ အလှည့်က သူပါတဲ့။ ကလောင်နာမည်ကို မှန်အောင်ပြင်လိုက်ပါ့မယ်တဲ့။ နောက်နေ့ ရောက်သွားတော့ ကဗျာစာအုပ်ကြော်ငြာကို အရင်ဆုံးကြည့်ဖြစ်သည်။

"မင်းကျမှ ပိုဆိုးနေပါလား ဗလ"

"ဘာဆိုးတာလဲ ဆရာကွေး"

"ခနေဖြူ ကျော်ထွန်းက ဝဆွဲအပေါ်ရောက်ပြီး ကျော်ထိန်း ဖြစ်နေတယ်။ ရှုတ်တရက်ဖတ်လိုက်ရင် ထိန်းဆိုတော့ သေနတ်နဲ့ ပစ်လိုက်သလားလို့ လန့်ကုန်ကြမယ်၊ သေနာကောင် ပြင်ဦး"

"စိတ်ချပါ ဆရာကွေး၊ အခုပဲ ပြင်ပါ့မယ်" တဲ့။

အဲဒီတော့မှပဲ ကလောင်နာမည်က မှန်တော့သည်။ ဗလတို့က အီကြာကွေးစာမူအတွက် စာမူခ အစိတ်ပေးသည်။ အယ်ဒီတာလေးဦး၏ ထူးထူးကဲကဲ လုပ်ထားသော ဝတ်မှုန်မဂ္ဂဇင်းမှာ တစ်လပဲထုတ်ပြီး ရပ်သွားလေသတည်း။

ထိုမဂ္ဂဇင်းသာ သက်ဆိုးရှည်ခဲ့လျှင် စာပေလောကတွင် အတော်ကြည့်ကောင်းမည့် ပွဲများ ပေါ်ပေါက်လာနိုင်သည်။ မဂ္ဂဇင်းတစ်အုပ်လုံး အဲဒါမျိုးတွေ အများကြီးပါသည်။

ဝတ်မှုန်မဂ္ဂဇင်း ရပ်သွားပြီး အတော်ကြီးကြာမှ ဗလနှင့်တွေ့ဖြစ်သည်။ ဒီကောင် သုမောင်ဖြစ်နေပြီ။ ရှုမဝမှာ အခြားမဂ္ဂဇင်းများမှာ ဒီကောင့်ဝတ္ထုတိုလေးတွေ ကြိုကြားကြိုကြား တွေ့ရသည်။ ဒီကောင်ရော သူ့အစ်ကို မောင်ဝဏ္ဏပါ ဒီကောင်တွေ တစ်ခုတော်တာက အနုပညာနယ်သို့ ခြေချရာတွင် ဖခင်၏ အရှိန်အဝါကို မသုံး။ သာခုသားဆိုပြီး အခွင့်အရေးမယူ။ ကိုယ်စွမ်းကိုယ်စဖြင့် အောင်မြင်အောင် ကြိုးစားကြခြင်းဖြစ်သည်။

"ဆရာကွေး. . . ကျွန်တော် စာအုပ်တွေ ထုတ်မလို့ စီစဉ်နေတယ်"

ဟိုက်. . . ရှာလပတ်ရည် ဒီကောင် လုပ်ပြန်ပါပကော၊ ဝတ်မှုန်မဂ္ဂဇင်းနှင့်တင် သင်ခန်းစာရဖို့ ကောင်းပြီ။

"မင်း မမှတ်သေးဘူးလား"

"မမှတ်လို့ ထပ်လုပ်မှာ ဒီတစ်ခါက အဖေ့စာအုပ်တိုက်နာမည်နဲ့ ထုတ်မယ်. . . စာသဘင်လေ ဆရာကွေး သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာသာခုမှာ စာသဘင်အမည်နှင့် စာအုပ်တိုက်ရှိသည်။ စာအုပ်တွေ ထုတ်ခဲ့ဖူးသည်။

"ဘယ်သူ့စာအုပ်ထုတ်မှာလဲ. . . မင်းစာအုပ်လား၊ မင်းအဖေစာအုပ်လား"

"အဖေ့စာအုပ် ထုတ်မယ်၊ ကျွန်တော့်စာအုပ်လည်း ထုတ်မယ်။ လောလောဆယ် ဆရာကြီး ဦးစိုးမြင့် စာရေးဆရာကြီး ရွှေစကြာရဲ့ စစ်ကိုင်းမင်းသား ဝတ္ထုကြီးကို ပြန်ထုတ်မယ်"

စစ်ကိုင်းမင်းသား ဝတ္ထုမှာ ရှားပါးစာအုပ်ဖြစ်သည်။ အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်နှင့် စာအုပ်ကောင်း စုဆောင်းသူများထံတွင်သာ ကျန်ကောင်းတယ်ဆိုရုံ ကျန်တော့သည်။ ထိုစာအုပ်မျိုးကို ပြန်ရိုက်ပေးမယ် ဆိုတော့ ထုတ်ဝေသူအနေနဲ့ ဗလ ဘယ်ဆိုးလို့လဲ. . . စာပေအကျိုးကို တတ်စွမ်းသမျှ သယ်ပိုးလိုက်တာပဲ။

စစ်ကိုင်းမင်းသား ထွက်တော့ ဒီကောင်နှင့် သန်းဆောင် စာအုပ်လက်ဆောင်ကို အိမ်တိုင်ယာရောက် လာပို့ပေးသည်။ အဆင်ပြေရဲ့လား မေးတော့။ မသိသေးဘူး ဖြန့်ထားတုန်းပဲတဲ့။

"ဘာစာအုပ် ဆက်ထုတ်ဖို့ ရည်ရွယ်ထားသလဲ"

"အဖေ့ရဲ့ **အတာ** ထုတ်မယ်"

အတာသည် ဆရာသာခု၏ နာမည်ကြီးဝတ္ထုဖြစ်သည်။ ဖတ်မိသည်နှင့် လက်ကမချနိုင်အောင် ဆွဲဆောင်သွားသော ဝတ္ထု၊ အတာ နှစ်အုပ်တွဲ ထုတ်ခဲ့သည်ကို ဗလတို့က တစ်ပေါင်းတည်းပြန်ထုတ်သည်။ ဒီဇိုင်းဆိုက် ဆိုက်ကြီးဖြင့် ထူထူထဲထဲ ထုတ်သည်။ ထိုစာအုပ်ကို လက်ဆောင်လာပေးရင်း ဗလက ပြောသည်။

"ဟဲ. . . ဟဲ ဒီတစ်ခါ ထုတ်မှာက ကျွန်တော့်စာအုပ်၊ စာအုပ်နာမည်က အချစ်တဲ့"

သုမောင်၏ (အချစ်) ဝတ္ထုမှာ လုံးချင်းလောကတွင် အောင်မြင်ပါသည်။ အချစ်ပြီးတော့ ထွက်လာတာက ဒီကောင်ပဲရေးတဲ့ (ရှင်နေမင်းသို့ပေးစာ) လုံးချင်းစာအုပ်။ ထိုစာအုပ်မှာ ဘာသာပြန်ဟု ရေးတေးတေးလေး မှတ်မိနေသည်။ ကြာလည်း ကြာခဲ့မှကိုး. . .

"ရှင်နေမင်းသို့ ပေးစာ ဘယ့်နှယ်လဲ ဆရာကွေး ဖတ်ပြီးပလား"

"ဖတ်ပြီးပြီ. . . ကောင်းတယ်၊ ငါလည်း စာတစ်ပုဒ်ရေးဖို့ စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



ထားတယ်၊ ရှင်သေမင်းသို့ ပေးစာ"

"ဆရာကွေးကတော့ လုပ်တော့မယ်"

"မင်းစာအုပ်ဖတ်ပြီး စိတ်ကူးရတာကွ၊ ငါက သေမင်းဆီ စာရေးမှာ သူငယ်ချင်းသေမင်း. . . ငါ့ခေါ်ဖို့ မစဉ်းစားနဲ့. . . ငါက အသက်ရှည်မယ်၊ တော်တော်နဲ့ သေမှာ မဟုတ်ဘူး၊ မင်းခေါ်လည်း လေကုန်ရုံပဲ ရှိမယ်။ ငါမလာဘူး။ လူ့ပြည်မှာ လုပ်စရာတွေ အများကြီး ရှိတယ်။ စာတွေ ရေးရမယ်။ စာပေဟောပြောပွဲတွေ ဟောရမယ်၊ သာသနာတောင် ပြုချင်ပြုရဦးမှာ စသည်ဖြင့် ပေါ့ကွာ. . . ငါလုပ်ရမယ့် အလုပ်တွေ ပြီးပြီး သေမင်းဆီကို စာရေးမယ့် ရှင်သေမင်းသို့ပေးစာ"

ဗလဆိုတဲ့ကောင် သုမောင်က မရေးလည်းနေရော၊ ရေးမယ့်ရေးတော့ လူစိတ်ဝင်စားအောင် ရေးတတ်သည်။ အချစ်ရောင်းကောင်းသဖြင့် နောက်တစ်အုပ်ထပ်ရေးသည်။ အချစ်. . . အချစ်. . . အချစ်တဲ့။ ရှင်နေမင်းသို့ ပေးစာ အပြီး၌နောက်ထွက်လာသော ဒီကောင့်ဝတ္ထုက (ပင်တိုင်စံ စိတ်မကောင်းပါဘူးကွယ်) တဲ့။

"ဟေ့ကောင်. . . ဗလ ပင်တိုင်စံက ဘာဖြစ်လို့ စိတ်မကောင်းတာလဲ၊ မိတာခ ကြွေးကျန်တွေ များလို့ မီးဖြတ်ခံရတော့မှာ မို့လို့ စိတ်မကောင်းတာလား"

စာအုပ်လာပေးပေးချင်း စာအုပ်နာမည်ကို ကြည့်ပြီး ဂုရုကွေး ပြောလိုက်တော့. . .

"ဆရာကွေး သိချင်ရင် ဖတ်ကြည့်လေ. . . ဖတ်ကြည့်မှ အတတ်သိမယ်၊ ပင်တိုင်စံ ဘာကြောင့် စိတ်မကောင်းရတာလဲ. . . အကြောင်းတွေ ရှိတယ် ဆရာကွေး"

"ဘာအကြောင်းတွေလဲ၊ ငါက သူ့ကိုမချစ်လို့ စိတ်မကောင်းတာလား၊ ငါဆိုတဲ့ကောင်က ပင်တိုင်စံထက် လှတာတွေတောင် ချစ်ချင်မှ ချစ်တာ"

"ဖတ်တောင် မဖတ်ရသေးဘူး။ အသားက ယူနေပြန်ပြီ"

ထိုစာအုပ်နာမည် ဂုရုကွေး ရင်ထဲတွင် ကလိကလိ ဖြစ်နေသည်။ ဗလတော့ နောက်ဦးမှပါဘဲ။

"မင်း ပင်တိုင်စံကို ရှေ့လ လျှို့ဝှက်သည်းဖို့ မဂ္ဂဇင်း ငါ့ပင်တိုင်ကဏ္ဍာ ခွပ်လိုက်ကြစို့ သူငယ်ချင်းမှာ ထည့်နောက်မယ်၊ ဘယ်လိုနောက်မလဲ သိချင်ရင် ဖတ်ကြည့်"

လျှို့ဝှက်သည်းဖို မဂ္ဂဇင်းထွက်ပြီး သုံးလေးရက်အကြာတွင် ဗလနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဂုရုကွေးတို့ ပန်းဆိုးတန်းတေးသံသွင်း ဆိုင်တစ်ဆိုင်ရှေ့မှာ ဆုံမိသည်။ ဒီကောင် စပ်ဖြဲဖြဲလုပ်လျက်. . .

"ဆရာကွေး လက်တော့ ကျွန်တော် ဆလမ်တိုက်သွားပါပြီ၊ မရ,ရ အောင်နောက်တာဘဲ၊ ကြုံကြုံဖန်ဖန် ရေးတတ်တဲ့ ဉာဏ်ကို ချီးကျူးပါတယ်ဗျာ"

ဂုရုကွေး ရေးထားတာက ဟီးနိုးကားပေါ်က ကူရှင်လေး တစ်ခု အကြောင်း ကူရှင်လေးက ပေါက်နေသည်။ စပရိန်ထွက်နေသည်။ ထိုစပရိန်နှင့် ထိမိ ငြိမိသမျှ ပုဆိုးတွေ၊ ထဘီတွင်၊ စကတ်တွေ၊ ဘောင်းဘီတွေ ကသိ ကအောက် ဖြစ်ရသည်။ ထလိုက်တာနှင့် ဗြဲခနဲပြဲရသည်။ ဖင်ထိုင်ခုံဘက်က ခံစားပြီး ဘတ်စ်ကားစီး ခရီးသည်တွေကို တောင်းပန်ထားသော ဝတ္ထု၊ ဝတ္ထု နာမည်က (ဖင်ထိုင်ခုံ စိတ်မကောင်းပါဘူးကွယ်)။

♦ ♦ ♦

နောက်တဲ့နေရာတွင် ကမ္ဘာ့ရှား ဗလဆိုသော ကောင်ပေတကားဟု ကဗျာစပ်ဖို့ပဲ ကောင်းတော့သည်။ ဗလဆိုတဲ့ကောင် သုမောင်က နောက်စရာ ရှိလျှင် ဘယ်သူ့ကို မှ ချမ်းသာမပေး။ ခပ်တည်တည်ဖြင့် နောက်တတ်သည်။

ဂုရုကွေးမှာ ဒီကောင်နောက်သမျှ မကြာခဏ ခံရပေါင်းများ၍ ရိုးဟိုး ဟိုးနေပြီ။ တစ်ခါသော် ကြုံကြုံဖန်ဖန် ဒီကောင့်ကို ပြန်နောက်စရာ အခွင့်အရေး တစ်ခု ရလာသည်။ လွန်ခဲ့သော သုံးနှစ်က စာပေဟောပြောပွဲ တာဝန်ဖြင့် သုမောင်ရယ်၊ ခင်ပန်နှင်းရယ်၊ ဂုရုကွေးရယ်၊ သုံးယောက်သား မွန်ပြည်နယ်၊ ဇင်းကျိုက်သို့ သွားကြသည်။

"ဂုရုကြီး. . . ကျွန်တော်ညက သီချင်းစီးရီးတစ်ခု သွင်းရတာ မအိပ် ရသေးဘူး။ စူပါရှဖ် နောက်ခန်းမှာ ကျွန်တော် တစ်ယောက်တည်းအိပ်ပြီး လိုက် ပါရစေ"

အဖွဲ့ခေါင်းဆောင် ဂုရုကွေးကို တောင်းပန်သည်။ တစ်ညလုံး ဆိုထား ရသဖြင့် ဒီကောင် မအိပ်ရသေးတာ သေချာသည်။ မျက်နှာချောင်နေသည်။ မျက်တွင်း ချိုင့်နေသည်။ မျက်လုံးတွေက အိပ်ချင်မူးတူး ရီဝေဝေ. . .။

"ကိုမင်းရွှေသိန်း. . . ဗလအတွက် ကားနောက်ခန်းမှာ အိပ်လို့ရ အောင် စီစဉ်ပေးပါ"

ဇင်းကျိုက်က လာကြိုသော မင်းရွှေသိန်းကို သုမောင် အိပ်နိုင်ရန် စီစဉ်စေရသည်။ မင်းရွှေသိန်းက ဖျာကလေးတစ်ချပ်ခင်း၊ ခေါင်းအုံးလေး တစ်လုံး ချပေးသည်။ ဘာပြောကောင်းမလဲ။ ဗလဆိုတဲ့ကောင် သုမောင်

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် ကထွက်ကတည်းက အိပ်လိုက်တာ၊ ပဲခူးကျော်တော့ လူစင်စစ်က ငွေသံလျှင်းချိတ် ဖြစ်နေပြီ။ ဒီကောင် အိပ်လျက်ဖြင့် ခွေခွေခေါက်ခေါက်ကလေး အိပ်ပြီးပါလာ တာကိုး။

"ဂုရုကြီး. . . ဝေါမှာနားရင် ကိုသုမောင်ကို နှိုးရကောင်းမလား။ တစ်ခုခုကျွေးကြရအောင်"

ခင်ပန်နှင်းက အကြံပြုလာသည်။

"မနှိုးနဲ့. . . မနှိုးနဲ့၊ ဒီကောင့်အတွက် အအိပ်က အရေးကြီးတယ်။ ငါတို့အတွက် အစားက အရေးကြီးတယ်။ မင်းရွှေသိန်း နီးရာ လက်ဖက်ရည်ဆိုင် ရှေ့မှာ ကားရပ်ခိုင်းပေတော့"

သို့ဖြင့်. . . သိမ်ဇရပ်သို့ ရောက်လာသည်။ သိမ်ဇရပ်ထောင့်တွင် စစ်တောင်းစက္ကူစက်မှ ကဗျာဆရာတွေ တစ်စုတစ်ဝေးကြီး ဆီးကြိုနေကြသည်။ ကားထိုးရပ်လိုက်တော့ ပျာပျာသလဲ ဝိုင်းမေးကြသည်။

"ဆရာကွေး. . . ကိုသုမောင် မပါဘူးလား"

"ပါတယ်. . . ပါတယ် မင်းတို့အဘ ကားနောက်ခန်းထဲမှာ စက်တော်ခေါ်နေတယ်။ သွားကြည့်ကြ။ ဘယ်လောက် အိပ်သလဲ ဆိုတာ ကားမှန်ကို နေထိုးနေတာတောင် ဒီကောင် မနိုးဘူး"

သုမောင်ပါလာတယ်ဆိုသော သတင်းမှာ သိမ်ဇရပ်ဈေးအတွင်း ချက်ချင်းပျံ့သွားသည်။ ဈေးသူ ဈေးသားတွေက လာကြည့်ကြသည်။ အကယ် ဒမီ သုမောင်ဆိုလို့ ရုပ်ရှင်ထဲကလို သားနားမလား မှတ်တယ်၊ ပါးစောင်နှစ်ဘက် က သွားရည်စမ်းချောင်းနှစ်သွယ် စီးကျပြီး ခေါက်ကွေးလေး အိပ်ပျော်နေပါ လား။

သနားစရာလေးပဲ။ အိမ်ခေါ်သွားပြီး မျက်နှာသစ်ပေးဖို့ ကောင်းလိုက် တာ။ ဈေးသည်မကြီးများက ကရုဏာသက်နေစဉ် ဈေးထဲက ကလေးအုပ် က. . .

"ဦးသုမောင်ကြီး ထွက်ပြပါဗျို့"

ဟု ဝိုင်းအော်သည်။ ဒီကောင် တုတ်တုတ်တောင်မလှုပ်။ အိပ်ပျော် ကောင်းဆဲ၊ လူအုပ်ကြီး ဝိုင်းကြည့်နေကြသည်ကို လားလားမှ မသိ။ ဒီကောင် ဟောက်လို့ ကောင်းဆဲ။ ဤတွင် ဂုရုကွေး ခေါင်းထဲသို့ နောက်စရာ အကြံဉာဏ် တစ်ခု ဝင်လာသည်။

"ကလေးတွေ နောက်ဆုတ် လူကြီးတွေပါ နောက်ဆုတ်။ ထွက်ပြပါ

www.burmeseclassic.com

www.burmeseclassic.com



ဗျို့. . . ဆိုတိုင်း ထွက်ပြလို့ရတာ မဟုတ်ဘူး။ သော့ခတ် ပိတ်ထားတာ ဘယ်လို လုပ်ထွက်မှာလဲ။ ကားသမားလာစမ်း၊ နောက်ခန်းသော့ဖွင့်စမ်း. . .”

သော့ဖွင့်ပြီး နောက်ဖုံးလှန်လိုက်တော့ ထိုးထားသော နေရောင်က ဒီကောင့်မျက်နှာပေါ် တည့်တည့်ကျသွားသည်။ ကြားခံကားမှန် မရှိတော့။ ဒီကောင် မျက်လုံး မပွင့်တပွင့် ဖွင့်ကြည့်ပြီး. . .

“ဂုရုကြီး. . . ဘယ်ရောက်နေပလဲ တဲ့. . .”

“သယ်နီးကျွန်း ဂဖူးကွေ့ ရောက်နေပြီ။ မင်းကို ရိုးရိုးနှိုးလို့ မဖြစ်ဘူး။ ဇာတ်ထဲကလို ဇာတ်စာနဲ့ နှိုးမယ်။ ကားနောက်ခန်းပေါ် စက်တော်ခေါ် ထတော်မူပါ့ဘုရား။ အရှင်မင်းသား. . . ကဲ. . . တေဂျင်းဆိုး ထလေတော့. . .”

သုမောင် ဆင်းလာတော့ မျက်ဝတ်တွေ တဝေဝေဖြင့် အလွန်ကြည့် ပျော်ရှုပျော် ဖြစ်နေသည်။ ပရိသတ်က ဘယ်လောက်ချစ်ကြသလဲ ဆိုတော့ စာရေးဆရာသုမောင်ကို ချစ်တာလား၊ ရုပ်ရှင်မင်းသား အကယ်ဒမီသုမောင်ကို ချစ်တာလား၊ ဘယ်သုမောင်ကို ချစ်မှန်းမသိ။ မျက်ချေးဗရပျစ်နှင့် မျက်နှာမသစ် ရသေးသော သုမောင်ကို ကိုသုမောင်ကြီး. . . ကိုသုမောင်ကြီးဟု ဝိုင်းနှုတ်ဆက် လိုက်ကြတာ သိမ်ဇရပ်ဈေးထိပ်တွင် ဆူညံသွားသည်။

ချစ်ဦးညိုရယ်၊ သုမောင်ရယ်၊ ဂုရုကွေးရယ် တစ်နှစ်က သွားခဲ့ကြသော ဝါးခယ်မ ဟောပြောပွဲတော့ တစ်မျိုး။ ထုံးစံအတိုင်း နောက်ရင်းပြောင်ရင်းက ဂုရုကွေးကို အလုပ်ပေးပြီး ထားပစ်ခဲ့တာ။ အသွားတွင် မှန်လုံကားဖြင့် သွားကြ သည်။ လမ်းမှာ တံတားပြင်နေ၍ ကားသုံးခါ ပြောင်းရသည်။

ဝါးခယ်မသည် ဂုရုကွေး၏ အဖေ့ဇာတိ ဖြစ်သည်။ အဖေက ဝါးခယ်မ လမ်းသမိုင် ကျုံပေါက်သား။ ဝါးခယ်မပွဲကို ဂုရုကွေး ဘယ်လိုမှ ငြင်းလို့မရ။ သွားကို သွားဟောပေးရမည်။ တွဲရမည့်ကောင်တွေက ချေစ်တို့၊ ဗလတို့က လူရင်းတွေ။ အလွန်ပျော်စရာ ကောင်းမည်ဟု ထင်ထားခဲ့သမျှ တကယ်သွား ကြည့်မှ ငါးပါးကြီး မှောက်တော့သည်။

ဝါးခယ်မပွဲကို မြို့နယ်ခန်းမကြီးထဲတွင် ကျင်းပသည်။ ကီးဘုတ်သမား ပါသည်။ ချေစ်က ရှေ့ထွက်၊ ဗလက အလယ်ထွက်၊ ဂုရုကွေးက ထုံးစံအတိုင်း နောက်ဆုံးပိတ်။ နှစ်ကောင်စလုံး ပါစကလေးတွေ မှိုဝဲထားသဖြင့် ထွေနေသည်။ သူတို့နှစ်ယောက် ဟောအပြီးမှာ အထူးအစီအစဉ်အဖြစ် ချေစ်ညိုက ပတ္တလား တီး၊ ဗလကြီးက ဆိုသည်။ လူတွေက ထွေနေတော့ တီးတဲ့ကောင်ကလည်း အပြားတွေ ကျော်ခေါက်၊ ဆိုတဲ့ကောင်ကလည်း အလှည့်သင့်သလိုဆို။ မနေသာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ကီးဘုတ်သမားက ဝင်ကူပေးရသည်။ သီချင်းလေးနှစ်ပုဒ်လား ဆိုတီး ပြီးရုံရှိသေး သဘော်ဥသြသံ ကြားရသည်။ ပုသိမ်အမြန်ဝင်လာပြီ။

"ကျွန်တော်တို့ မနက် ရန်ကုန်မှာ အလုပ်တွေ ရှိနေလို့ ညတွင်းချင်း ပဲ ပြန်ရပါမယ်။ ကျန်တဲ့အပိုင်းကို အဆိုရော၊ အဟောရော၊ အကပါ စွယ်စုံ ရတဲ့ အသက်သုံးထောင် ဂုရုကြီးက တာဝန်ယူပါလိမ့်မယ်။ ပရိသတ်များ ကျေနပ် ရပါစေမယ် ခင်ဗျာ. . . "

လေပြေထိုးပြီး ဒီကောင်နှစ်ကောင် သဘော်အမီ ဆင်းသွားကြသည်။ ပရိသတ်က ခန်းမအပြည့်။ အချိန်က ဆယ်နာရီ မထိုးသေး။ ဒီပရိသတ် ကျေနပ် အောင် ဘယ်လိုလုပ်ရပ့်။ ကီးဘုတ်သမားကို တီးလုံး အတိုလေးတစ်ပိုဒ်တီးခိုင်း ပြီး. . .

"အကုသိုလ် အပြားလိုက် ကပ်မယ့်နှစ်ကောင်က ကျွန်တော့်ကို ချောက်တွန်းခဲ့ပြီး အဆိုကောင်း အကကောင်း အဟောကောင်းတဲ့။ ရန်ကုန်ကျ မှ ဒီကောင်တွေကို ပြန်ဆဲရင် အဆဲကောင်းပါ ဖြစ်ရတော့မယ်။ အဖွေ့ ဇာတိ ဖြစ်နေတဲ့အတွက် တတ်သမျှ မှတ်သမျှ ကျွန်တော် လုပ်ပြပါမယ်။ အောက်မှာ ကျုံပေါက်က အမျိုးတွေပါနေတော့ ခဲနဲ့တော့ မထုတန်ကောင်းပါဘူး။ အဆို တော်လည်း မဟုတ်တဲ့အတွက် အသံလည်း မကောင်းပါဘူး။ သို့သော် ဦးရှင်ကြီး ပင့်တဲ့အသံလောက်တော့ ကျွန်တော်ကြိုးစား ဆိုပြပါ့မယ်။ ဟောရင်းဆို၊ ဆိုရင်း ဟောပေါ့ ခင်ဗျာ"

ဂုရုကွေး တကယ်ပြောသည်ကို ဟာသလုပ်သည်ထင်၍ ပရိသတ်က ရယ်ကြသည်။ ဆိုလိုက် ဟောလိုက်ဖြင့် ဟောပြောပွဲကြီး တစ်ခုလုံးကို လှလှပပ ဖြစ်အောင် ကြိုးပမ်းပေးခဲ့ရသည်။ နောက်နေ့ပြန်လာတော့ ကားနှင့်ပင်။ ကား ဆောင့်သဖြင့် ခါးအောင့်တိုင်း သဘော်ဖြင့် ပြန်သွားသော ဗလတို့ကို မေတ္တာ ပို့ရသည်။

မြိတ်ကို သွားဟောတုန်းက ဗလ နောက်တာတစ်မျိုး၊ ဂုရုကွေးသာမက လှပချောမောသော လေယာဉ်မယ်ကလေးပါ ကသိကအောက် ဖြစ်ရသည်။ မြိတ်ပွဲက လေးယောက်။ ကိုဟိန်းလတ်ရယ်၊ ငချစ်ရယ်၊ ဗလရယ်၊ ဂုရုကွေးရယ်။

"လေယာဉ် စတင်ပျံသန်းတော့မည် ဖြစ်၍ ခါးပတ်များကို ပတ်ထား ကြပါရန်. . .။ ဆေးလိပ်သောက်ခြင်းကို ခွင့်မပြုပါ။ ကျေးဇူးတင်ပါတယ် ရှင့်. . . "

လေယာဉ်တက်လာတော့ လေယာဉ်မယ်တစ်ယောက် အနားရောက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ လေယာဉ်မှူးက ဖိတ်ခိုင်း၍ဆိုပြီး ဗလကြီးကို လေယာဉ်စက်ခန်းထဲသို့ ခေါ်သွားသည်။ လေယာဉ်မှူးက စာသမားသက်သက်၊ ဗလကို အဆိုတော် သုမောင် အနေဖြင့် ပင့်ဖိတ်ခြင်းမဟုတ်၊ စာရေးဆရာသုမောင်အနေဖြင့် လေးလေးစားစား ပင့်ဖိတ်ခြင်းဖြစ်သည်။

"ခုအချိန်ကစပြီး ဒီလေယာဉ်ကို ကျွန်တော် မောင်းတော့မယ်။ ဘုရားတရားတ,ပြီး လိုက်ခဲ့ကြပေတော့"

လေယာဉ်စက်ခန်းထဲ မဝင်ခင် ဒီကောင်က နောက်ဖြစ်အောင် နောက် သွားသေးသည်။ လေယာဉ်မှူးမှာ ဤသို့မှ ပင့်ဖိတ်မတွေ့လျှင် ဗလဆိုတဲ့ကောင် သုမောင်ကို ဘယ်လိုမှ တွေ့နိုင်မည်မဟုတ်။ အလုပ်ချင်းက တခြားစီ မဟုတ်လား။

ဂုရုကွေးမှာ ဂုဏ်တော်များပွားရင်း မျက်လုံးမှိတ်၍ လိုက်လာသည်။ ဘေးချင်းကပ်ခုံမှ ကိုဟိန်းလတ်က ပုတီးစိပ်နေသည်။ လေယာဉ်သည် ပေ တစ်သောင်းနှစ်ထောင်အမြင့်မှ မြိတ်မြို့ဆီသို့ ဦးတည်ကာ ပျံသန်းနေသည်။

"ဦး. . . ဦး. . ."

တစ်စုံတစ်ယောက်က ဂုရုကွေး အိပ်နေသည်ထင်၍ လာနှိုးသည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ လှပချောမောသော လေယာဉ်မယ်ကလေး ဖြစ်နေသည်။ စောစောလေးကတင် ဒီကလေးမ ခရီးသည်များကို ကော်ဖီနှင့်မုန့်များလိုက်ကျွေးထားသည်။

"အေးဆို. . . ဦးက ဘာကူညီရမလဲ။ အော်တိုရေးရမှာလား။ အော်ရှည်ရေးရမှာလား"

"မဟုတ်ပါဘူး ဦး. . .။ လေယာဉ်မှူးက တစ်ဆင့် တောင်းပန်ခိုင်းလိုက်လို့ပါ"

တောင်းပန်စရာ ဘာရှိလို့လဲ။ လေးလေးစားစားဖြင့် နေရာထိုင်ခင်းများ ပေးထားသည်။ လေးလေးစားစားဖြင့် ဧည့်ခံကျွေးမွေးထားသည်။ ဒီကလေးမက ကော်ဖီနှင့် မုန့် အခြားလေယာဉ်မယ်ကလေးမ ချောချောလေးက သကြားလုံးများဝေငှ ပေးထားသည်။

"တောင်းပန်စရာ မရှိပါဘူးလေ။ အားလုံး တာဝန်ကျေကြပါတယ်။ မြန်မာ့လေကြောင်းလိုင်း တစ်ခုလုံးက ဝန်ထမ်းအားလုံးကို ဦးအမှတ်ပေးလိုက်မယ်။ အမှတ် တစ်ရာစီ ရာနှုန်းပြည့် ယူကြစေ"

လေယာဉ်မယ်လေး မသွားသေး။ ဘေးမှာ မျက်နှာငယ်လေးဖြင့် ရပ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

“ဦးကို တောင်းပန်ချင်တာက ဒီလေယာဉ်ပေါ်မှာ အီကြာကွေးမပါ၊ ပါဘူးရှင်”

ဂုရုကွေး စိတ်ထဲတွင် ထောင်းခနဲ ဖြစ်သွားသည်။ စောစောက ပျော်နေသောစိတ်များ ဘယ်ရောက်သွားသည် မသိ။

“ဒီလေယာဉ်ပေါ်မှာ အီကြာကွေး ပါကိုပါတယ်။ ဒါကို မင်းလက်ခံရမယ်”

“မပါ၊ပါဘူး ဦးရယ်”

“ဘယ့်နှယ် မပါရမှာလဲ။ အီကြာကွေး တစ်ယောက်လုံးက. . . အီကြာကွေး ပါ၊ပါတယ် ပြောနေတာ။ ဒို့ထက်ရှင်းရဦးမလား။ ဒီလေယာဉ်ပေါ်မှာ အီကြာကွေး ပါကိုပါတယ်”

“မပါလို့ မပါဘူး ပြောတာပါ ဦးရယ်”

လေယာဉ်စက်ခန်းဝမှ ရယ်သံများ ကြားရသည်။ ဂုရုကွေးတို့ ခုံများမှာ စက်ခန်းနှင့် နီးသည်။ လှမ်းကြည့်လိုက်တော့ လေယာဉ်မှူးရယ်၊ ဗလရယ်၊ အခြား လေယာဉ်မယ်လေးရယ် ကြည့်ပြီး ရယ်နေကြတာ မြင်ရသည်။ ဂုရုကွေးနားတွင် အီကြာကွေး မပါကြောင်း တောင်းပန်ရှင်းပြနေသော လေယာဉ်မယ်လေးကို ပြန်ခေါ်သည်။

“ဂုရုကြီးကို လေယာဉ်မှူးနဲ့ တိုင်ပင်ပြီး ကျွန်တော် နောက်လိုက်တာ။ တော်တော် ပျော်သွားတယ် မှတ်တယ်”

အနားသို့ ပြန်ရောက်လာသော သုမောင်က ပြောသည်။

“မင်း ဘယ်လို နောက်လိုက်တာလဲ”

လေယာဉ်မယ်ကလေးကို ဂုရုကြီးကိုပြပြီး အဲဒီ မျက်လုံးမှိတ်ထားတဲ့ ဦးက အီကြာကွေး သိပ်ကြိုက်တယ်။ သမီးတို့ ကော်ဖီတိုက်တာ အီကြာကွေး မပါလို့ ဒေါပွနေတယ်။ အဲဒါ သွားတောင်းပန်လိုက်ဆိုပြီး ကျွန်တော်တို့ လွှတ်လိုက်တာ။ ဂုရုကြီးတို့ ကသိကအောက် ဖြစ်နေတာကို ကြည့်ပြီး ကျွန်တော်တို့ ကျိတ်ဟားနေတာ၊ အသံထွက်မရယ်မိအောင် မနည်း အောင့်ထားရတယ်။ အောင့်ထားရလေ ရယ်ချင်လေပဲ”

ဂုရုကွေးအဖို့. . . ဗလဆိုတဲ့ ကောင် သုမောင်ကို ဆဲရုံမှလွဲပြီး ဘာများကော တတ်နိုင်ပါဦးမည်နည်း။ တအောင့်အကြာတွင် စောစောက လေယာဉ်မယ်လေး တစ်ကြော့ပြန်ရောက်လာသည်။ အောင်မယ်. . .

www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေးအုပ်ကလေးချီလို့. . .

"ဂုရုကြီးကို ဂုရုကြီးမှန်းမသိလို့ ငြင်းမိတာ ကန်တော့ပါတယ်"

"ရပါတယ် သမီး. . . ခုတော့ ဒီလေယာဉ်ပေါ်မှာ အီကြာကွေး ပါလာတယ်ဆိုတာ ယုံပြီ မဟုတ်လား"

"သမီးက ဂုရုကြီး ပရိသတ်ပါ။ ယုံပါပြီ။ ယုံပါပြီ။ ခစ်. . . ခစ်. . ခစ်"

ဒီကောင် စပ်ဖြဲဖြဲမျက်နှာဖြင့် ကြည့်နေသည်။ ကိုဟိန်းလတ်နှင့် ငချစ်က ဘာတွေဖြစ်နေကြတာလဲ မေးသည်။ အကျိုးအကြောင်း ရှင်းပြလိုက်တော့ သူတို့နှစ်ယောက်လည်း ရယ်သည်။ မည်သို့ပင်ဖြစ်စေ ဗလဆိုတဲ့ကောင် သုမောင်ကား အခွင့်ကြုံတိုင်း ဂုရုကွေးကို နောက်နေဦးမည်သာ။

ဒီကောင် နောက်ထပ် အနှစ်သုံးထောင်အထိ ဂုရုကွေးကို နောက်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သရင်း. . .

♦ ♦ ♦

သောကြာစာစောင်

အမှတ် (၄၆၄)၊ ဧပြီလ၊ ၂၀၀၂- ခုနှစ်

အမှတ် (၄၆၅)၊ မေလ၊ ၂၀၀၂- ခုနှစ်

အမှတ် (၄၆၆)၊ ဇွန်လ၊ ၂၀၀၂- ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



မောင်ဝဏ္ဏ

## ကတ္တီပါဖိနပ်မစီး ရွှေထီးမဆောင်း မောင်စိန်သောင်း

ဒီကောင်နှင့်ကျွန်ုပ် ဘယ်လိုက ဘယ်လို သိကျွမ်းခင်မင်သွားခဲ့သည်ကို အခုပြန်စဉ်းစားကြည့်ရာ စဉ်းစားလို့မရ။ ကျွန်ုပ်ကား လူတိုင်းကို ခင်တတ်သော စိတ်ရှိသည် ဖြစ်၍ ခုနစ်ရက်သားသမီး မည်သူနှင့်မဆို အလွှာမရွေး၊ ပေါးလေးဝါးလား လုပ်လေ့ရှိ၏။

ဤသို့ လုပ်ရင်းမှ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်၊ မဂ္ဂဇင်းတိုက်တစ်တိုက်တိုက်၌ ဒီကောင်နှင့် ရင်းနှီးခဲ့ခြင်း ဖြစ်မည်။ အဖြစ်နိုင်ဆုံးကတော့ လှည်းတန်းအဝိုင်းထိပ်တွင် အောင်ပြည့်တို့၊ မောင်မင်းယာတို့၊ ဦးဆောက်ပန်း စာအုပ်ဆိုင်ဖွင့်တုန်းက ထိုဆိုင်သို့ ကျွန်ုပ် နေ့တိုင်းရောက်သည်။

အဲဒီဆိုင်က စာပေသမားများသာမက ပန်းချီဆရာများ ဂီတသမားများပါ လူစုံတက်စုံ ဝင်ထွက်နေကြသည်။ အဲဒီဆိုင်မှာ စာအုပ်ဝယ်သူ စာအုပ်ကြည့်သူတွေထက် ဂုရုကွေးတို့လို အလကားလာထိုင်ပြီး လေပန်းသောသူတွေက ပိုများသည်။ လူကစုံလွန်းတော့ ပေါးလားဝါးလားလုပ်ဖို့အတွက် ဦးဆောက်

www.burmeseclassic.com

www.burmeseclassic.com



ပန်း စာအုပ်ဆိုင်သည် ဘူမိနက်သန် နေရာမှန်ဖြစ်သည်။ မိမိ၏ မိဖုရားကို ချစ်မြတ်နိုးလှစွာဖြင့် (ဦးဆောက်ပန်း)ဟု အမည်နာမပေးသနားခဲ့သော ကျန်စစ်သား မင်းတရားကြီးသာသိလျှင် မည်မျှ စိတ်ပိန်ရှာချိမ့်မည်နည်း။

"ဟော့ကောင်၊ မောင်စိန်သောင်း။ မင်းနဲ့ငါနဲ့ ဘယ်တုန်းက စသိတာလဲ။ ဘယ်သူမိတ်ဆက်ပေးလို့ သိတာလဲ။ မင်း မှတ်မိသလား။ ငါတော့ လုံးဝမှ တကယ့်ကို လုံးဝ မမှတ်မိတော့ဘူး"

တစ်နေ့သ၌ မောင်စိန်သောင်းနှင့် ဆုံမိခိုက် မေးကြည့်တော့ ဒီကောင် ငါးစင်ရိုင်းနှုတ်ခမ်းမွှေးတွန့်သွားအောင်လှဲ့လှဲ့ပြုံး၍. . .

"ဘယ်မှတ်မိမလဲ ဂုရုကြီး။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီပဲ။ ကျွန်တော် ဂုရုကြီးနဲ့ သိခဲ့ ခင်ခဲ့တာ နှစ်ပေါင်းသုံးဆယ်ကျော်တာတော့ သေချာတယ်"

"ငါအခု ပြန်တွေးကြည့်တော့ ဦးဆောက်ပန်းစာအုပ်ဆိုင်မှာများ တို့တစ်တွေ သိခဲ့လေသလားလို့ ထင်နေမိတယ်။

"ဖြစ်ချင်လည်း ဖြစ်နိုင်ပါတယ်။ အဲဒီဆိုင်ကို ကျွန်တော်လည်း မကြာခဏ ရောက်တာပဲ"

မည်သို့ပင်ဖြစ်စေ ဒီကောင်နှင့် သိကျွမ်းစက အနည်းငယ် ကသိကအောက် ဖြစ်ခဲ့ရတာလေးကို ရေးရေး မှတ်မိသည်။ မင်းက ဘယ်သူလဲလို့ မေးတော့ ဆရာသာခု သားအကြီးဆုံးပါတဲ့။ ဆရာသာခုမှာ ဂုရုကွေးထက် အသက်များစွာ ကြီးသည်။ စာပေနယ်တွင် ဂုရုကွေး လူပျိုပေါက်ကတည်းက ကျော်ကြားနေသူ ဖြစ်သည်။ ဆရာသာခု၏ သားအကြီးဆုံးဆိုသည်နှင့် ဂုရုကွေး စိတ်ဝင်စားသွားသည်။

"မင်းနာမည်က. . ."

"မောင်စိန်သောင်းပါ ဆရာကြီးကွေး"

ဟိုက်. . . ရှာလပတ်ရည် မောင်စိန်သောင်း ဆိုပါလား။ ဒီနာမည်က ဂုရုကွေး၏ကာလသားဘဝတွင် ရင်းနှီးကျွမ်းဝင်ခဲ့သော နာမည်ဖြစ်သည်။

"မင်း မယ်ဒလင်တီးတတ်သလား"

"ဟိုခေါက် ဒီခေါက် နည်းနည်းပါးပါးလောက်ပဲ"

"နည်းနည်းပါးပါးနဲ့ ကျေနပ်မနေနဲ့။ များများစားစားတီးတတ်အောင် ကြိုးစား. . .။ ငါနဲ့ တွဲချင်ရင် မယ်ဒလင်တီးတတ်မှ ဖြစ်မယ်"

"ဘာဖြစ်လို့လဲ ဆရာကွေး"

"ဒီလိုကွ မနုဖြူမှာ ငါနေခဲ့စဉ်က စိန်သောင်းဆိုတဲ့ သူငယ်ချင်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ရှိတယ်။ ဒီကောင်က မယ်ဒလင်အတီးကောင်းလို့ ငါတို့က မယ်ဒလင် စိန်သောင်းလို့ ခေါ်ကြတယ်။ ငါပိုးတဲ့ကောင်မလေး အိမ်ရှေ့သွားပြီး ငါက ဆို. . .၊ စိန်သောင်းက မယ်ဒလင်တီး၊ အိပ်ပြီလားကွယ် ဖြူပြာမှုယာ သူဇာပျို ရယ်. . . ဘာညာကွိကွ သွားဟစ်တာ သူ့အဖေကြီး ထွက်ရိုက်မယ်လုပ်လို့ ပြေးခဲ့ရတာ မှတ်မိသေး အဟေး ဟေး ဟေး"

ကျွန်ုပ်ကားဒီကောင်နှင့် စကားပြောရင်း ရှေးဖြစ်ဟောင်းများကို ပြန် သတိရ၍ တဟေးဟေး ရယ်ရသေးသည်။

"မင်းသာ မယ်ဒလင်တီးတတ်မယ် ဆိုရင် ဒုတိယမယ်ဒလင် စိန် သောင်းလုပ်ခိုင်းပြီး၊ ခေါင်းဖြူစွယ်ကျိုး သင်္ကျိုင်းကုန်းခြေတစ်ဖက်လှမ်းနေတဲ့ အမယ်ကြီး တစ်ယောက်ယောက် အိမ်ရှေ့သွားပြီး အိပ်ပြီလားကွယ့် ဖြူပြာမှုယာ သူဇာအိုရယ်လို့ ဟစ်ရရင် ဘယ်လောက်များထွက်ဆဲ လိုက်မလဲ မသိဘူး။

ယင်းသို့ပြောရင်း ကျွန်ုပ်ရယ်တော့ ဒီကောင်လည်း လိုက်ရယ်သည်။ လဲ့လဲ့လေးပြုံးရာမှ ဝုန်းခနဲပွင့်ကာ ရယ်ခြင်းဖြစ်သည်။ ဒီကောင်က စတွေ့တုန်း ကလည်း ပိန်ပိန် လက်ပြင်ကိုင်းကိုင်း အနှစ်သုံးဆယ်ကျော်အထိ ဝဖီးမလာ၊ နဂိုပုံစံမပြောင်း။ ပိန်ပိန် လက်ပြင်ကိုင်းကိုင်း ငါးစင်ရိုင်းနှုတ်ခမ်းမွှေးနှင့် လဲ့လဲ့ လေး ပြုံးတတ်သူ။

"မင်းဘာလုပ်နေသလဲ"

"ဒီလိုပါပဲ. . . စာလေးဘာလေးရေး. . . အဖေခိုင်းတာလေးလုပ်။ အဖေ့ အလုပ်မှာ ဝိုင်းကူ"

ဟိုက် ရှာလပတ်ရည် စာလေး ဘာလေး ရေးတယ် ဆိုပါလား။ စာရေး တယ်ဆို၍ ဂုရုကွေး စိတ်ဝင်စားသွားသည်။ ဘယ်နာမည်နဲ့ ရေးတာလဲ၊ ဘယ်မှာ ရေးတာလဲ ပြောကရှန်း၊ ပြောကရှန်း မြန်မြန်ပြော နီးကိရှန်း. . .။

"မောင်ဝဏ္ဏ နာမည်နဲ့ ရေးတာပါ။ ရှုမဝမှာ အရေးများပါတယ်"

ဟိုက် ရှာလပတ်ရည်. . . မောင်ဝဏ္ဏဆိုတာ ဒီငါးစင်ရိုင်း နှုတ်ခမ်း မွှေးကိုး။ ဆရာသာဓုသား ကိုး။ ဒီတုန်းက ဒီကောင်တစ်ပုဒ်စ၊ နှစ်ပုဒ်စ ရေးစ သာ ရှိသေးသည်။ ပန်းချီ မောင်ငွေထွန်း၏ သရုပ်ဖော် ပန်းချီပုံနှင့်ပါတာ သတိ ပြန်ရသည်။

"ဆရာကွေး ဖတ်ဖြစ်တယ် မဟုတ်လား"

"အေး. . . ဖတ်ဖြစ်ပါတယ်။ များများရေးကွာ။ ဒါမှ မြန်မြန် နာမည် ထွက်မယ်။ ဒါက ငါ့စကား မဟုတ်ဘူး။ ဆရာကြီး ပီမိုးနင်းရဲ့စကား"

www.burmeseclassic.com

www.burmeseclassic.com



"ရေးပါတယ်။ ပယ်တာတွေ ရှိတယ်"

"ပယ်ပယ်ကွာ. . .။ ပယ်တာ အယ်ဒီတာအလုပ်၊ ရေးတာ ကိုယ့်အလုပ်. . . များများရေး. . ."

"ဟုတ်ကဲ့ပါ ဆရာကွေး"

ဒီကောင့် ဝတ္ထုတိုလေးတွေ ရှုမဝနှင့် အခြားမဂ္ဂဇင်းများတွင် အတွေ့ရများလာသည်။ ဒီကောင်. . . စာတကယ်ရေးလေပြီ။

ရှုမဝတွင် မောင်စိန်သောင်းနှင့်ဘာ၊ မောင်စိန်သောင်းနှင့်ညာ စသည်ဖြင့် မောင်စိန်သောင်းပင်တိုင် ဇာတ်ဆောင်၊ ပင်တိုင်ခေါင်းစဉ်နှင့် ဝတ္ထုတိုလေးတွေ ခပ်စိပ်စိပ် တွေ့လာရသည်။ သူ့ဝတ္ထုတိုလေးတွေက သူ့ကဲ့သို့ပင် ဟိတ်မထုတ်၊ ဟန်မလုပ် ဘဝကို ရိုးရိုးလေး ရေးဖွဲ့ပြထားသည်။ ချစ်မက်နှစ်သက်ဖွယ်ရာ ဝတ္ထုတိုကလေးများပင်။

မကြာမီ. . . အောင်ပြည့်၏ ညီမနှင့်လက်ထပ်ကြောင်း သတင်းကြားရသည်။ ဒီကောင့် မင်္ဂလာပွဲသို့ ဂုရုကွေးမရောက်ဖြစ်။ ဟောပြောပွဲတာဝန်ဖြင့် နယ်ရောက်နေသည်။ သတင်းစာမှာ တွေ့ရမှ ဆရာသာခု၏ သားအကြီးဆုံးနှင့် စာရေးဆရာ ပန်းချီဆရာ၊ အယ်ဒီတာ အောင်ပြည့်၏ညီမတို့ ဖူးစာဆုံသွားကြောင်းသိရသည်။ ဂွတ်ထ၊ ဂွတ်ထ ကောင်းလှောင့်တေး၊ ကောင်းလှောင့်တေးကလေးများများ မွေးကြပါစေ။ ဒါမှ သာခုဂျင်နရေးရှင်း ဆရာသာခု၏ မျိုးဆက်ကြီး ဖွံ့ဖြိုးဝေစည်မည် မဟုတ်ပါလား။

အိမ်ထောင်ကျပြီးမှ ရေးသော ဝတ္ထုတိုများတွင် မောင်စိန်သောင်းနှင့်အတူ အသစ်စက်စက် သူ့ဇနီးမနှင်းရည်ကိုပါ တွေ့ရသည်။ မောင်စိန်သောင်း၊ မနှင်းရည် ဝတ္ထုအတွဲဖြစ်လာသည်။ ဝတ္ထုအတွဲတွင် မနှင်းရည် ပါလာသည်။ ထို့နောက် ဒီကောင့်ဝတ္ထုများ ရုတ်တရက် အတွေ့ရနည်းသွားသည်။ မြောက်ဥက္ကလာပမှ စာပေဟောပြောပွဲတစ်ပွဲတွင် ဆုံမိကြခိုက်. . .

"ဟေ့ကောင် ဝါးလက်ခုပ် မောင်စိန်သောင်း၊ မယ်ဒလင် သင်ပါဆိုတာ မင်းမသင်သမျှ ငါကတော့ ဝါးလက်ခုပ် စိန်သောင်းပဲ ခေါ်မယ်။ မင်းဝတ္ထုတွေအတွေ့ရနည်းနေတယ် ရေးဦးကွ"

"မရေးဖြစ်ဘူး။ ဆရာကွေး ကားရိုက်နေတယ်"

"ဘာကားလဲ"

"ကတ္တီပါ ဖိနပ်စီး ရွှေထီးဆောင်း"

ဒီကောင့်ကား ရုံတင်တော့ ဂုရုကွေးတို့ကို အထူးပွဲဖိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါဖိနပ်စီးကားက အတော်ကောင်းသည်။ ဒါရိုက်တာ လက်သစ် ဆိုပေမယ့် ဒါရိုက်တာလက်ဟောင်းကြီးတွေလို သပ်သပ်ခပ်ခပ်ရှိသည်။ ဇာတ်ကား အဆင့်မြင့်သည်။

နောက်နှစ်အကယ်ဒမီကြေညာတော့ ကတ္တီပါဖိနပ်စီးပါလာသည်။ ကျွန်ုပ်၏မိတ်ဆွေကလေး ဝါးလက်ခုပ် စိန်သောင်းကား အကယ်ဒမီ မောင်ဝဏ္ဏ ဖြစ်သွားလေပြီ။ ဂွတ်ထ၊ ဂွတ်ထ ကောင်းလှောင့်တေး၊ ကောင်းလှောင့်တေး ဇာတ်ကား များများ ရိုက်နိုင်ပါစေ။

"မင်းကို ငါမကျေနပ်ဘူး ဝါးလက်ခုပ်"

"ဘာဖြစ်လို့လဲ ဂုရုကြီး"

"ရုပ်ရှင်ရိုက်တာလည်း ရိုက်ပေါ့ကွာ။ စာလည်းရေးဦးမှပေါ့။ မင်းဟာက ရုပ်ရှင်ဘက်ရောက်သွားတာနဲ့ စာပေကို ကျောခိုင်းထားသလို ဖြစ်နေပြီ။ မောင်စိန်သောင်း၊ မနှင်းရည် ဝတ္ထုစီးရီးလေးတွေ ပြန်ရေးဦးကွ။ စာဖတ်ပရိသတ်ကြိုက်သလို ငါလည်းကြိုက်တယ်"

"ရေးမှာပါ ဂုရုကြီး၊ ဒီတစ်ကားရိုက်ပြီးတာနဲ့ ပြန်ရေးမှာပါ။ မိန်းမက လည်း မရေးလို့ ဆူနေပြီ"

"သေချင်းဆိုး. . . မိန်းမဆူမှ ရေးမယ့်ကောင်. . . မင်းပြောမယ့်အစား မင်းမဟေသီမနှင်းရည်ကို မြှောက်ပေးတာကမှ ကောင်းလိမ့်ဦးမယ်"

ဂုရုကွေးကလည်း တွေ့တိုင်းဆူ၊ သူ့မိန်းမကလည်း နေ့တိုင်းကျိန်းသောကြောင့် ထင်သည်။ မောင်စိန်သောင်း မနှင်းရည်ဝတ္ထုတိုလေးတွေ ရှုမဝတွင် မကြာမကြာ ပြန်တွေ့လာရသည်။

ဖဆပလရပ်ကွက်မှ ဆရာကျော်မြသန်းတို့တိုက်ရှေ့တွင် ကျင်းပသော စာပေဟောပြောပွဲ၌ ပြန်ဆုံတော့ ဒီကောင်က ရိုးရိုး မောင်စိန်သောင်းဘဝမှ ဒါရိုက်တာ စာရေးဆရာ အကယ်ဒမီ မောင်ဝဏ္ဏ ဖြစ်နေလေပြီ။ ပရိသတ်က အကယ်ဒမီ ပူပူနွေးနွေး ရပြီးစ သူတို့အချစ်တော် စာရေးဆရာ ဒါရိုက်တာကို စောင့်မျှော် နေကြသည်။

သွားကြိုသောကား ရောက်လာသည်။ ကားပေါ်က ဆင်းလာတော့ ဒီကောင့်ကို ဘယ်သူကမှ အကယ်ဒမီ မောင်ဝဏ္ဏဟု မထင်ကြ။ မောင်ဝဏ္ဏ အိမ်က မာလီလား၊ ဒရိုင်ဘာလား ထင်ကြမည်သာ။

"ဟေ့ကောင် ဝါးလက်ခုပ် ဘယ်လိုဖြစ်လာတာလဲ"

"ဘယ်လိုမှ မဖြစ်ဘူး ဂုရုကြီး။ စာရေးရာက ထလိုက်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



"အဝတ်အစားလေး ဘာလေး လဲခဲ့ရောပေါ့ကွာ"

"မလိုပါဘူး ဂုရုကြီး။ မောင်စိန်သောင်းက မောင်စိန်သောင်းပါပဲ"

ဒီကောင် လုပ်လာတာလဲ ကြည့်ဦး။ အိမ်ဝတ်အိမ်စား ခါးဝတ်ခါးစားဖြင့် ထလိုက်လာသည်။ ပုဆိုးကလည်း ခပ်ဟောင်းဟောင်း၊ အင်္ကျီကလည်း ခပ်ဟောင်းဟောင်း၊ အိတ်နားတွင် ကွမ်းသွေး ပေထားသည်။ ခေါင်းက စုတ်ဖွား၊ မျက်တွင်းကျကျ၊ ငါးစင်ရိုင်းနှုတ်ခမ်းမွေးဖြင့် လဲ့လဲ့ပြုံး၍ ရပါတယ်ဟု ထပ်ပြောသည်။

ဒီကောင်က ဟိတ်ဟန်မလုပ်တတ်။ နဂိုနေအတိုင်း နေတတ်သည်။ အဲဒါကိုက ဒီကောင့်ရဲ့ ထူးခြားချက်၊ ခါးဝတ်ခါးစားဖြင့် စင်ပေါ်တက်ဟောရဲသည်။ ဟောခဲ့ပေါင်း များပြီ။ သူပြောသလို မောင်စိန်သောင်းက မောင်စိန်သောင်းပါပဲကို ဂုရုကွေးက ထပ်ဖြည့်ပေးလိုက်သည်။

"ကတ္တီပါဖိနပ်မစီး၊ ရွှေထီးမဆောင်း၊ မောင်စိန်သောင်း"

♦ ♦ ♦

လူအထင်ကြီးအောင် ကြီးကြီးကျယ်ကျယ် ပြောတတ်သူများ၊ နှစ်ပြားဖိုးလောက်တတ်သည်ကို နှစ်သိန်းဖိုးလောက်တတ်သည် ထင်ရအောင်ဝါကြွားတတ်သူများ၊ တွေ့သမျှ လူအပေါင်းကို သူ့တပည့်ဟု ထင်ကာ ဆရာလုပ်လေ့ရှိသူများကို ကျွန်ုပ် အလွန်အမြင်ကတ်သည်။

ထိုသူမျိုးနှင့် ဆုံမိတိုင်း လူမှုရေးအရ၊ ယဉ်ကျေးမှုအရ မိမိစိတ်ကို ချုပ်တည်းထားရသည်။ စိတ်ကို လွှတ်များပေးလိုက်လျှင် ကဲ. . . ကြွားဦးကွ၊ ပြောဦးကွ၊ ဆရာလုပ်ဦးကွဟု မေးမေးပြီး သွားသုံးဆယ့်နှစ်ချောင်းလုံး ကျိုး အောင် ဆွဲထိုးပစ်ချင်သည်။

ဂုရုကွေး ဝါးလက်ခုပ်ဟု နာမည်ပြောင် ပေးထားသော မိတ်ဆွေကလေး မောင်စိန်သောင်းက ထိုသို့သော လူစားမျိုးမဟုတ်။ အဝတ်အစား ရိုးသည်။ အနေအထိုင် ရိုးသည်။ ဖြစ်သလို ဝတ်တတ်သည်။ အပြောအဆိုကား ဆိုဖွယ်ရာ မရှိအောင် ရိုးလွန်းလှသည်။

"မောင်စိန်သောင်းရယ်၊ တစ်ခါတလေလည်း စာပေဟောပြောပွဲတွေမှာ စာရေးဆရာ အကယ်ဒမီ မောင်ဝဏ္ဏအဖြစ်နဲ့ အာလူး အလုံးကြီးကြီး ဖုတ်စမ်းပါ။ တချို့က ဘယ်လောက်တတ်တယ်။ ဘယ်လောက် တော်တယ်လို့ စင်ပေါ်မှာ သမားဂုဏ်တွေ ပြလွန်းလို့ပါ"

ထိုအခါ မောင်စိန်သောင်းသည် နှုတ်ခမ်းမွှေးနှစ်ဖက် ကုပ်ကျသွား

www.burmeseclassic.com

www.burmeseclassic.com



အောင် ငါးစင်ရိုင်းပြုံးပြုံး၍ ပြန်ပြောလာသည်ကား. . .

"ဘာလုပ်ရမလဲ ဂုရုကြီး၊ သမားဂုဏ်ပြရင် လူအထင်ကြီးခံရဖို့ထက် အမုန်းခံရဖို့က ပိုများတယ်။ စာပေဟောပြောပွဲလာတဲ့ ပရိသတ်တွေက တစ်စုံတစ်ခု ဗဟုသုတများ ရမလား မျှော်လင့်ချက်နဲ့ လာကြတာ။ အသားလွတ် သူကြွားနေတာကို နားထောင်ဖို့ လာကြတာ မဟုတ်ဘူး။ လူမေတ္တာပျက်မယ့် အလုပ်ကို ကျွန်တော် ရှောင်တယ်ဗျာ"

ကောင်းပေစွ။ ဂုရုကွေး ကြိတ်၍ သာဓုခေါ်မိသည်။ မောင်စိန်သောင်းသည် သူပြောသလို ကျင့်၍ သူကျင့်သလို ပြောသူဖြစ်သည်။ အပြောတစ်မျိုး၊ အကျင့်တစ်မျိုး လူစားမျိုး မဟုတ်ပေ။ အသက်ချင်းယှဉ်လိုက်လျှင် ဂုရုကွေး ထက်ငယ်သော်လည်း နှစ်ပေါင်း သုံးဆယ်နီးပါး အနီးကပ် ရင်းရင်းနှီးနှီး ပေါင်းသင်းလာတာကြောင့် ဒီကောင့်အကြောင်းကို ဂုရုကွေး တော်တော်သိနေသည်။

စာရေးသားမှု အတတ်ပညာအရ ရုပ်ရှင်အတတ်ပညာအရ ဒီကောင်ကား လေးစားထိုက်သူ ဖြစ်သည်။ မောင်စိန်သောင်းတစ်ယောက် ရင်ကော့မတ်ကြွား လွှား လွှား လွှား လွှားလုပ်နေသည်ကို ဂုရုကွေး တစ်ခါမှ မမြင်ဖူး ဟောင်ဖွာ ဟောင်ဖွာနှင့် ဘယ်ကားတုန်းက ကျုပ်က ဘယ်လိုရိုက်ခဲ့တာဗျ။ ဘယ်မင်းသားကို ဘယ်လိုသင်ပေးခဲ့တာဗျ။ "မိုးတစ်လုံး လေတစ်လုံး" ပါးစပ်အမြောက်ဖောက်သည်ကို ဂုရုကွေး တစ်ခါမှ မကြားဖူး။

မောင်စိန်သောင်းကား လက်ပြင်ကလေး ကိုင်းကိုင်း၊ ကုပ်ချောင်းကုပ်ချောင်းဖြင့်သာ သွားလာလှုပ်ရှားလျက် ရှိသည်။ သူ့ကို မမြင်ဘူးသူအား စာရေးဆရာ မောင်ဝဏ္ဏဟု ပြောလျှင် ယုံချင်ယုံမည်။ အကယ်ဒမီ ဒါရိုက်တာ မောင်ဝဏ္ဏပါဟု ပြောပါက လူတစ်ရာလျှင် ကိုးဆယ့်ကိုးယောက်က ယုံမည် မဟုတ်။ ကျန်တစ်ယောက်မှာ ဦးနှောက် ကျပ်မပြည့်သော နဝေတိမ်တောင် ဖြစ်ရမည်။

မောင်ဝဏ္ဏမှာ အဝတ်အစားကို ဂရုစိုက်သူမဟုတ်။ ဖြစ်သလို ဝတ်သည်။ ကဗျစ်ကညစ်နေသည်။ စာရေးနေလျှင် ရုပ်ရှင်ရိုက်နေလျှင် ပို၍ပင်ဆိုးသေးသည်။ သူသည် အလုပ်ထဲတွင် စိတ်နစ်ထားသူဖြစ်၍ ကျန်သောအရာများကို ဂရုမစိုက်ပေ။

ကျွန်တော့်အဖေ စာရေးဆရာဦးသာခုက သားတွေချည်း ငါးယောက် မွေးထားတယ်။ နာမည်ပေးတော့လည်း ခပ်ဆန်းဆန်းပဲ။ အကြီးဆုံးသားက အာယု၊ ဒုတိယသား ကျွန်တော်က ဝဏ္ဏ၊ တတိယသားက ဗလ၊ စတုတ္ထသားက

www.burmeseclassic.com

www.burmeseclassic.com



ရှုပ၊ နောက်ဆုံး အငယ်ဆုံးသားက ဉာဏ်ပေါ်။ အာယုဆိုတော့ အသက်ရှည်ခြင်းပေ့ါဗျာ။ ကျွန်တော့်အစ်ကိုဟာ အခါလည်ကျော်ကျော်မှာ ဆရာကွေးစကားနဲ့ပြောရမယ် ဆိုရင် ရှောဘရားသား ဖြစ်သွားတယ်။ ဒုတိယသား ဝဏ္ဏ။ ကျွန်တော်ဝဏ္ဏဆိုတာ ရုပ်ရည်အဆင်း လှပခြင်းတဲ့၊ ကျွန်တော့်ရုပ်ကို ပရိသတ်တွေ မြင်ကြပါတယ်။ ကားဆက်ရတာနဲ့ အိပ်ရေးတွေ ပျက်ထားလို့ မျက်တွင်းဟောက်ပက်၊ ခေါင်းစုတ်ဖွား နှုတ်ခမ်းမွေး စုတ်တီးစုတ်ဖတ်နဲ့ ဘယ်လောက်လှသလဲ။ အဖေမှည့်သွားတဲ့ ဝဏ္ဏဆိုတဲ့ ပါဠိစကားကို အားနာတယ်ဗျာ။

ဟောပြောပွဲတိုင်းမှာ ဒီကောင်ပြောလေ့ရှိသော စကားပရိသတ်က ပတ်တုတ်မရအောင် ရယ်သည်။ ခါးပိုက်နှိုက်နှင့်အမှား ခံရပုံ။ စာရေးဆရာဒါရိုက်တာ မောင်ဝဏ္ဏပါဆိုတော့ မင်းရုပ်နဲ့လား မောင်ဝဏ္ဏဟု အပြောခံရပုံတွေ ဆက်ဟောတော့ ပရိသတ်လည်း ဆက်၍ ဆက်၍ ရယ်သည်။ တစ်ပွဲလုံး တအုံးအုံး ဖြစ်နေသည်။

စာရေးဆရာတစ်ဦးစ၊ နှစ်ဦးစမှာ စင်ပေါ်ရောက်လျှင် သူမည်မျှတော်ကြောင်း၊ တတ်ကြောင်း သမားဂုဏ်ပြလေ့ရှိသည်။ မိမိထက် နားလည်တတ်ကျွမ်းသော ပရိသတ်ကို အခွင့်ကြုံခိုက် စင်ပေါ်မှ ကြွားခြင်းဖြစ်သည်။

မောင်စိန်သောင်းကား ထိုသို့သော စာရေးဆရာမျိုးမဟုတ်ပေ။ လူအထင်မကြီးချင်နေ၊ လူမမုန်းအောင် နေတတ်သည်။ ပြောတတ် ဟောတတ်သည်။ ခါးပိုက်နှိုက်နှင့် အမှားခံရပုံများကို တော်ရုံစာရေးဆရာ မည်သို့ ပြောဝံ့မည်နည်း။

မောင်စိန်သောင်းကား ပြောဝံ့သည်။ ပြောသည်။ ပြောသောကြောင့် ပရိသတ်က အထင်မသေး။ ရိုးသားခြင်းဂုဏ်မှာ အထင်းသားပေါ်နေသဖြင့် ပို၍ပင် ချစ်ခင်သွားကြသည်။ မောင်စိန်သောင်းနှင့် တွဲဟောရတိုင်း မိမိကိုယ်ကို အမွှန်းတင်လွန်းသဖြင့် ပရိသတ်ချဉ်ဖတ် ဖြစ်ခဲ့ရသော စာရေးဆရာ တစ်ယောက်ကို ဂုရုကွေး သွားသွား သတိရသည်။ ဩော်. . . အသက်ကြီးလာသည့်တိုင် အလေးချိန်အားဖြင့် အစိတ်သား ပိုမကြီးသေးသော ပြင်ညာရှိကြီးပေတကား။

မောင်စိန်သောင်းနှင့် တွဲဟောရသော ပွဲများတွင် အမှတ်တရ ဖြစ်ခဲ့ရသော ပွဲများရှိခဲ့သည်။ ပို၍ပင် အမှတ်တရ ဖြစ်ရသည်ကား မောင်စိန်သောင်းကြီးမှူးသော ကမကထ လုပ်သောပွဲ ရွှေနားပန်ဘုရားတွင် လုပ်သောပွဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဂုရုကြီး အားတယ် မဟုတ်လား”

“စာရေးတာကလွဲပြီး ဘာအလုပ်မှ မလုပ်တဲ့ကောင်ပဲ။ အမြဲတမ်း အားနေတယ်။ ဘာလဲ မင်းတို့နားမှာ အလှူရှိလို့ ဖိတ်မလို့လား။ ရတယ်။ ငါ လာခဲ့မယ်။ လုပ်လိုက်လေ။ အကြော်နဲ့ နှစ်ပွဲ”

“နေစမ်းပါဦး. . . အားအားရှိ စားဖို့ပဲ စဉ်းစားနေတာကိုး။ အား သလား မေးတာက စာပေဟောပြောပွဲ ဖိတ်မလို့ ဂုရုကြီး”

“အဲဒါလည်း ရတာပဲ၊ ဘယ်နေ့လဲ”

“သန်ဘက်ခါ ကျွန်တော်တို့ အိမ်နားက ရွှေနားပန်ဘုရား သိတယ် မဟုတ်လား။ အဲဒီနားမှာ လုပ်မှာ၊ ရပ်ကွက်ကောင်စီရုံးမှာ ညစာကျွေးမယ်”

“ဘယ်သူတွေ ပါသလဲ။ မင်းလည်း ပါတယ် မဟုတ်လား”

“ကျွန်တော် မပါဘူး။ ဂုရုကြီးနဲ့ ဆရာမ မေနှင်းနဲ့ နှစ်ယောက်တည်း ဟောရမှာ တူးမင်းရှုံးလ်ပေါ့”

“နေစမ်းပါဦး. . . ငါတို့ နှစ်ယောက်ကို ဟောခိုင်းပြီး မင်းက ဘာလုပ် မှာလဲ”

“ဟဲ. . . ဟဲ. . . ကျွန်တော်က အခမ်းအနားမှူးလေ။ ကျွန်တော့် ရပ်ကွက် ဖြစ်နေတော့ ကျွန်တော် မဟောချင်ဘူး”

ဒီကောင် ဘာကြောင့် ဟဲ ဟဲ လုပ်သည်ကို မကြာခင် ဂုရုကွေးတို့ သိကြရသည်။ ထိုစဉ်က စာပေဟောပြောပွဲများတွင် ပုဆိုး၊ ထဘီ၊ စားပွဲတင် နာရီ၊ ဓါတ်ဘူး၊ စောင် စသည်ဖြင့် လက်ဆောင်ပေးလေ့ရှိသည်။

“ငါကတော့ ရှင်းရှင်းပဲ ဘာလက်ဆောင်မှ မလိုချင်ဘူး။ ဖွတ်ကလိ ဒင်္ဂါးပဲ လိုချင်တယ်။ ဒါထက် ဆရာတစ်ယောက်ကို ဘယ်လောက်ဖိုး အထိ ကန်တော့ဖို့ စီစဉ်ထားသလဲ”

“ငါးရာဖိုး ကန်တော့ဖို့ စီစဉ် ထားပါတယ်”

“ဒါဆို မေနှင်းအတွက် ငါးရာတန်ထဘီ၊ ငါ့အတွက် ငွေငါးရာကို စာအိတ်ထဲ ထည့်ပေး”

“ဆရာမကို အထုပ်နဲ့ပေး။ ဆရာကွေးကို စာအိတ်နဲ့ပေးဆိုတော့ ပရိသတ် အမြင်အရ မကောင်းဘူးထင်တယ်”

“ဒီလိုဆိုရင်လည်း နှစ်ယောက်စလုံးကို ကတ်ဘူးနဲ့ထည့်ပေး။ သူ့ကတ် ဘူးထဲမှာ ထဘီထည့် ငါ့ကတ်ဘူးထဲမှာ ဖွတ်ကလိဒင်္ဂါး ငါးရာထည့်။ အပေါ်က ပန်းစက္ကူကပ်”

“ကျွန်တော် စီစဉ်တဲ့ပွဲပဲ၊ ဂုရုကြီး လိုချင်တဲ့ ပုံစံအတိုင်း ဖြစ်ရပါစေ့

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဖြစ်အောင် လုပ်ပေးမယ်”

ဒီကောင် ဘာလို့ ဝင်မဟောသလဲဆိုတာ ပွဲစတာနှင့် ဂုရုကွေး သိလိုက်ပြီ။ ရပ်ကွက်ထဲမှ အရွယ်စုံ၊ အသွေးစုံ၊ နှပ်ချေးထူ၊ ကြောင်ချေးရုပ်၊ ဝဲခြောက်ဗရပွ၊ ကလေးငါးဆယ်လောက် ပွဲရှေ့ဆုံးမှ အခန့်သား ထိုင်နေကြသည်။ တချို့က တင်ပျဉ်ခွေလျက် တချို့က လက်ပိုက်လျက် အတော်များများက တုံးလုံးပက်လက်။

“မင်းအဘတွေ ကျန်သေးသလား၊ ကျန်သေးရင် သွားခေါ်ကွာ”

“ကျန်သေးတယ်။ သွားခေါ်ဖို့ မလိုဘူး။ သူ့ဟာသူ ရောက်လာလိမ့်မယ်”

မေနှင်း စင်ပေါ်တက်တော့ ကလေးက တစ်ရာကျော်နေပြီ။ လူကြီးပရိသတ်မှာ ကလေးများ နောက်နားတွင် ရောက်နေသည်။ မေနှင်းသည် ခင်မောင်ရင် အကြောင်း ဟောချင်၍ ဗိုလ်အောင်ဒင်ကို ပဏာမခံသည့် ဟောပြောပွဲမှာ ဟောပြောပွဲ မဟုတ်တော့။ စင်ပေါ်နှင့် စင်အောက် အမေးအဖြေ ပွဲကြီး ဖြစ်နေသည်။

“ကလေးတို့ ဗိုလ်အောင်ဒင် သိတယ် မဟုတ်လား”

“သိပါတယ် ဆရာမ”

“ဗိုလ်အောင်ဒင်လုပ်တာ ဘယ်သူလဲ”

“ကောလိပ်ဂျင်နေဝင်းပါ ဆရာမ”

မေနှင်းက ဗိုလ်အောင်ဒင် ဇာတ်ကားမှ ခင်မောင်ရင်အကြောင်း ပြောချင်တာ ပြောလို့မရတော့။ ကလေးတွေက ဗိုလ်အောင်ဒင် ရုပ်ရှင်ဇာတ်ကားကို မမီ။ ဗိုလ်အောင်ဒင် ကက်ဆက်ခွေ ဇာတ်လမ်းကိုသာ သူတို့သိသည်။ မေနှင်းလည်း အိုးနင်းခွက်နင်း ဖြစ်လျက် ဆင်းလာရသည်။

“ကလေးတွေ ငြိမ်ငြိမ်နားထောင်မယ် မဟုတ်လား”

“နားထောင်မယ်”

“ဆူရင် ဆူတဲ့ ကလေးကို ငါ ဆင်းရိုက်မှာနော်”

ကလေး အတော်များများက (ရိုက်ပါ)ဟု အော်သော်လည်း ကလေးသုံးယောက်က လောက်လေးခွများ ထုတ်ရွယ်၍ (ရိုက်ရဲ ရိုက်ကြည့်၊ ရိုက်ရင် ခွနဲ့တီးမယ်) ဟု ပြန်အော်သဖြင့်. . .

“ဟဲ. . . ဟဲ ဦးဦးက ပျော်တတ်လို့ အလကားနောက်တာပါဟု လျှော ချလိုက်ရသည်။ ကလေးသုံးယောက်ထဲတွင် အသက်အကြီးဆုံးကလေးက

www.burmeseclassic.com

www.burmeseclassic.com



(အေး. . . ဒီလိုပဲ ဖြစ်ရမှာပေ့ါ)ဟု အော်သဖြင့် (ဟုတ်ပခင်ဗျာ. . . ဒီလိုပဲ ဖြစ်ရမှာပါ) ဟု လုံးချလိုက်ရသည်။

ပွဲပြီးသောအခါ မေနှင်းနှင့် ဂုရုကွေးကို ကတ်ဘူးတစ်ဘူးစီပေးသည်။ မေနှင်းကတ်ဘူးမှာ ပေ့ါသော်လည်း ဂုရုကွေး ကတ်ဘူးမှာ အတော်လေးသည်။ ဖွတ်ကလိဒင်္ဂါး ငါးရာကို ဒီကောင် ငါးပြားစေ့တွေချည်း ထည့်ပေးလိုက်လေသလား။

အိမ်ရောက်၍ ကတ်ဘူးကို ဖောက်လိုက်သောအခါ ဂုရုကွေးမှာ ဟိုက်ရှာလပတ်ရည် မအော်နိုင်။ ပါးစပ်အဟောင်းသား ပွင့်သွားသည်။ ကတ်ဘူးထဲမှာ ဧရာမ ကျောက်တုံးကြီး တစ်တုံး။

သေချင်းဆိုး မောင်စိန်သောင်း။ ကျောက်တုံးကြီးကို ကတ်ဘူးထဲထည့်၊ ကတ်ဘူးကြီးကို ပန်းစက္ကူကပ်၊ စက္ကူပေါ်က ဖဲကြိုးစည်းပြီး ခပ်တည်တည်နဲ့ ပေးလိုက်တာပါလား. . .။

မောင်စိန်သောင်း ကလေးတစ်ကျိပ်ရပါစေ။ ကလေးတွေ စားဖို့ ရှာရသဖြင့် ခေါင်းမွေးပြောင်ပါစေ။ တစ်နေ့လျှင် မနှင်းရည်၏ အဆူအငေါက်ကို အခါသုံးဆယ် ခံရပါစေ။

ဂုရုကွေး မောင်စိန်သောင်းကို ကျိန်ဆဲရင်း ကျောက်တုံးကြီးကို မ, လိုက်ရာ ကျောက်တုံးအောက်မှာ စာအိတ်တစ်အိတ် တွေ့ရသည်။ စာအိတ်ထဲတွင်ကား ရာတန်ငါးရွက်။

♦ ♦ ♦

သောကြာစာစောင်
အမှတ် (၄၆၇)၊ ဇူလိုင်လ၊ ၂၀၀၂- ခုနှစ်
အမှတ် (၄၆၈)၊ ဩဂုတ်လ၊ ၂၀၀၂- ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



ပါရဂူ

## ပါရဂူတွေကြားက သီးခြားပါရဂူ

မြန်မာနိုင်ငံတစ်ဝှမ်းတွင် ပါရဂူတွေ အရမ်းများနေသည်။ အသည်းရောဂါကု ပါရဂူ၊ နှလုံးအထူးကု ပါရဂူ၊ ဆီးနှင့် ကျောက်ကပ် စပယ်ရှယ်လစ် ပါရဂူ၊ သားဖွားမီးယပ် ပါရဂူ၊ အဆုတ်ရောဂါ ပါရဂူ၊ အမယ်မင်း ပါရဂူတွေ များလိုက်သည့်ဖြစ်ခြင်း. . .

သည်အထဲ မျက်မှန်ပါရဂူ ဆိုတာလည်း ရှိသေး၏။ လူ့ရွှင်တော် ပါရဂူ ဆိုတာလည်း ကြားဖူးလိုက်ရ၊ ပါရဂူမှန်ဆိုင်၊ ပါရဂူကားအမိုးကူရှင်၊ ပါရဂူ ပင်းမင်း၊ ပါရဂူတည်းခိုခန်း၊ ကြောက်ခမန်း လန့်ခမန်း ပါရဂူတွေ ဖောင်းပွနေလိုက်တာ။ ပါရဂူ မုန့်ဟင်းခါး၊ ပါရဂူဘိန်းမုန့်နှင့် ပါရဂူနို့အေးချောင်း ဆိုပြီး နောက်ထပ် လာများလာလေဦးမလား။

ထိုပါရဂူတွေကြားက သီးခြားပါရဂူကို ဂုရုကွေး သိခဲ့တာ ကြာပြီ။ မှတ်မှတ်ရရ ၁၉၆၁က စ,သိတာဆိုတော့ လေးဆယ့်တစ်နှစ်တိတိ ရှိခဲ့ပြီ။ ထိုပါရဂူမှာ မူလလက်ဟောင်း ပထမပေါ် စာရေးဆရာကြီး ပါရဂူဖြစ်သည်။ မြန်မာ

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင် ပါရဂူဝေါဟာရ မဖောင်းပွမီက ပေါ်ခဲ့သော စာရေးဆရာကြီးဖြစ်၍ စာသမားများ အလေးဂရုဂါရဝပြု၍ ဆရာပါဟု ခေါ်နေကြသော စာရေးဆရာကြီး ပါရဂူ ဖြစ်သည်။

သူ့ကို စတွေ့ဖူးတာက အမှတ်-၉၃၊ ၉၂-လမ်း၊ ရွှေဟင်္သာပုံနှိပ်တိုက်၊ ကန်တော်လေးတွင် ဖြစ်သည်။ ဂုရုကွေးတို့ ခနေဖြူစာပေဝါသနာရှင်များ အသင်းက မုန်တိုင်းစာစောင် အမှတ်- ၂ကို ရွှေဟင်္သာတွင် ပုံနှိပ်ရင်း ဆရာပါနှင့် သိခဲ့ရသည်။

ဆရာပါကလည်း ဟင်္သာတသား၊ ရွှေဟင်္သာပုံနှိပ်တိုက် ပိုင်ရှင်များကလည်း ဟင်္သာတသား၊ အစ်ကိုဖြစ်သူက အထည်ဆိုင် လုပ်ငန်းတစ်ဖက်နှင့်ဆိုတော့ ပုံနှိပ်တိုက်လုပ်ငန်းကို မကြီးကြပ်နိုင်။ ညီဖြစ်သူ ကိုကျော်ညွှန့်က ပုံနှိပ်တိုက်ကို ဦးစီးသည်။ အစ်ကိုကြီးက ဘေးမှ ရံပေးရုံသာ။

ကိုကျော်ညွှန့်ကလည်း ခေသူမဟုတ်။ အောင်ကျော်စည် အမည်ဖြင့် ထိထိရှရှ လုံးချင်းဝတ္ထုများကို ရေးနေသော စာရေးဆရာ။ **"ညာနေကြသည်" ခင်ဗျားတို့ကို စိမ်ခေါ်တယ်"** တို့မှာ အောင်ကျော်စည်၏ ပြောစမှတ်ပြုရသော ဝတ္ထုများ ဖြစ်သည်။ ဂုရုကွေးတို့မှာ ကံအကြောင်းအားလျော်စွာ မုန်တိုင်း- ၂ ကို ရွှေဟင်္သာတွင် ရိုက်ဖြစ်သွားရသည်။

မုန်တိုင်း- ၂မှာ စာဖောင် ငါးဖောင် ခြောက်ဖောင်လောက်ပဲ ရှိသည်။ ပါးပါးလေး နှစ်ရက်၊ သုံးရက်ရိုက်လျှင် ပြီးနိုင်ပါလျက် တစ်ပတ်ကျော်ကျော် ကြာသွားသည်။ ရွှေဟင်္သာတွင် အခြားစာအုပ်တွေလည်း ရိုက်နေသည်။ ဂုရုကွေးတို့ မုန်တိုင်းမှာ ထိုစာအုပ်များကြားတွင် အလှည့်ရမှ ဝင်ရသည်။

တစ်နေ့ မုန်တိုင်းဖောင်ပရုဖ်ကို ဂုရုကွေး စာအမှားပြင်နေသည်။ အသားဖြူဖြူ ပုပုလုံးလုံး လူတစ်ယောက် တိုက်ထဲကို ဝင်လာသည်။ စားပွဲတွင် စာပြင်နေသော ဂုရုကွေးကို. . .

"ကိုကျော်ညွှန့်ရှိလား"

မေးသဖြင့် ရှိပါတယ်။ အပေါ်ထပ်မှာ ခေါ်ပေးမယ် ပြောကာ ကိုကျော် ညွှန့် ဧည့်သည်ဟု အသံပြုလိုက်ရသည်။

တကယ်တော့ သူက ဧည့်သည်မဟုတ်။ အိမ်သည်။ ဂုရုကွေးတို့ကသာ ဧည့်သည် ဖြစ်သည်။ ဒီစာစောင်ပြီးလျှင် ဒီတိုက်က ခွာရတော့မည့် ဧည့်သည် ကိုကျော်ညွှန့် ဆင်းလာတော့ သူတို့ချင်း ဖက်လှဲတကင်း နှုတ်ဆက် ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အတော်ရင်းနှီးကြသည့်ပုံ. . .

"ကျွန်တော့် စာဖောင်လေးတွေ လုပ်ပါဦး"

ထိုသူ၏အသံက တိုးတိုးညင်းညင်း။ နှစ်ယောက်ကြားသာရုံ အသံ။ လေသံအရ လူတည်လူအေး ငြိမ်းချမ်းရေးသမား ဆိုတာ အကဲခတ်လို့ရသည်။ ဂုရုကွေးတို့လို ပေါးလားဝါးလား၊ ဆူဆူပူပူ ကျယ်လောင်ကျယ်လောင်သမား မဟုတ်။ တကယ့် တည်ငြိမ်ရိုးအေးသော ငြိမ်းချမ်းရေးသမား။

"ဒီနေ့ ဒါပဲ ရသလား"

"ဟုတ်ကဲ့. . . ဒါပဲ ရတယ်။ ဟိုရဲဘော်လေးတွေ စာစောင်က ဖြတ်ဝင်လာလို့ပါ။ မနက်ဖြန်ဆို ဖောင်များများ ကျရပါစေမယ်"

"ရပါတယ်. . . အေးအေးဆေးဆေးပေါ့"

အကြမ်းရိုက်ထားသော စာဖောင်နှစ်ဖောင်ကို အေးအေးဆေးဆေး ပရုဖ်ဖတ်နေသည်။ သတ်ပုံအမှား၊ စာအမှားပြင်နေသည်။ ဂုရုကွေးတို့ဘက်သို့ လှည့်လို့တောင် မကြည့်။ သူ့အာရုံနှင့်သူ ငြိမ်သက် တိတ်ဆိတ်နေသည်။

စက်ဆရာနှင့် နောက်လိုက်၊ စက်နောက်ကြည့်နှင့် ဟားလိုက်လုပ်နေသော ဂုရုကွေးမှာ ထိုသူ ငြိမ်သက်လွန်းမှုကြောင့် အသံကျယ်ကျယ်ထွက်ရမှာ ကိုပင် မဝံ့မရဲ ဖြစ်နေသည်။ ထိုသူသည် စာဖောင်နှစ်ဖောင်ကို စာအမှားပြင်ပြီးနောက် ကိုကျော်ညွန့်ကို နှုတ်ဆက်ကာ ရွှေဟင်္သာမှ အေးအေးလူလူ ထွက်သွားသည့် ခြေလှမ်းပုံ၊ ခြေချပုံက အေးချမ်းလှသည်။ ရှပ်ပျာ ရှပ်ပျာ မဟုတ်။ လှုပ်လှုပ်ခတ်ခတ် မဟုတ်။

"ဒီ စာပြင်ဆရာက ဘယ်သူလဲ ကိုကျော်ညွန့်. . . သိပ်နှုတ်နည်းတာပဲနော်"

ကိုကျော်ညွန့်က မပွင့်တပွင့် ပြုံးပြီး ပြန်ဖြေရသည်။ သူ့အဖြေကို ကြားရတော့ ဂုရုကွေးမှာ ဟိုက် ရှာလပတ်ရည် မအော်နိုင်။ ပါးစပ် ဟောင်းလောင်းပွင့်သွားသည်။

"စာပြင်ဆရာ မဟုတ်ဘူး ရဲဘော်၊ အဲဒါ စာရေးဆရာကြီး ပါရဂူ. . . သူ့စာအုပ် သူ့စာလာပြင်တာ"

ဗော်လဂါမှ ဂင်္ဂါသို့နှင့် သီဟသေနာပတိတို့ကို ဖတ်ထားပြီးဖြစ်၍ ပါရဂူကို စိတ်ထဲက ရင်းနှီးပြီးသား ဖြစ်နေသည်။ ကိုယ်လေးစားသော စာရေးဆရာကြီးနှင့် ပက်ပင်းသားဆုံပါလျက် ဟိုဘက်စားပွဲ သည်ဘက်စားပွဲ တစ်တိုက်ထဲမှာ စာတူတူပြင်ကြပါလျက် မသိလိုက်ရလေခြင်း၊ မရင်းနှီးလိုက်ရလေခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွင်းမှာ ထိခိုက်သွားသဖြင့်-

"စောစောက သိလိုက်ရင် ကောင်းမယ်ဗျာ. . . သူဘယ်တော့ လာဦး မလဲ ကိုကျော်ညွန့်"

"နက်ဖန်လာမှာပါ။ မပူနဲ့ သူ့စာအုပ်မပြီးမချင်း နေ့တိုင်းလာနေမှာ"

"လာရင် ကျွန်တော်နဲ့ မိတ်ဆက်ပေးဗျာ"

"မပူနဲ့. . . ဒါလည်း ရတယ်"

ဆရာပါရဂူ စာပြင်သွားသော စာဖောင်ကိုယူ ကြည့်လိုက်တော့ ရာဘင်ဒြာနတ်တဂိုး၏ ငြိမ်းချမ်းရေးအမည်ရှိ ဝတ္ထုဘာသာပြန် ဖြစ်နေသည်။ ထိုစာအုပ်ကို နောက်ထပ်ပြန်ရိုက်သောအခါ **ငြိမ်းချမ်းရေး** အမည်ကို မသုံး တော့။ **သူလိုဘုရင်** ဟု အမည်ပြောင်းသုံးသည်။

ဂုရုကွေးနှင့်အတူ ခနေ့ဖြူစာပေဝါသနာရှင်များအသင်း အတွင်းရေးမှူး မောင်မင်းယာလည်း ပါသည်။ သူလည်း ဆရာပါရဂူ၏ ပရိသတ်ပင်။ နောက် နေ့ ဆရာပါရဂူလာသောအခါ ကိုကျော်ညွန့်က ဂုရုကွေးတို့နှင့် မိတ်ဆက်ပေး သည်။

"ကိုလှကြိုင် ဒီဟာခနေ့ဖြူ စာပေအသင်းက ရဲဘော်ကျော်ထွန်း၊ ဒါက သူ့အတွင်းရေးမှူး ရဲဘော် ကျော်ညွန့်၊ သူတို့ မုန်တိုင်းစာစောင် လာရိုက်တယ်။ ကိုလှကြိုင်နဲ့ မိတ်ဆက်ပေးပါ တောင်းဆိုလို့ ဆက်ပေးရတာ"

ဆရာပါရဂူက အနောက်တိုင်းဆန်ဆန် လက်ဆွဲနှုတ်ဆက်ခြင်း မလုပ်။ အရှေ့တိုင်းဆန်စွာ လှိုက်လှိုက်လှဲလှဲပြုံးပြသည်။ သူနှင့်ဂုရုကွေးတို့က အသက်ချင်း များစွာကွာသည်။ ဂုရုကွေးတို့က လူငယ်ပိုင်းအရွယ်၊ သူက လူလတ် ပိုင်းအရွယ်။ သို့သော် လေးလေးစားစားဖြင့် ခင်ဗျားနှင့် ကျွန်တော်နှင့် ပြော သည်။

"ကျွန်တော်က ဟသ်ာတကဗျ။ ကျွန်တော်တို့ဆီက စုန်လိုက်ရင် ဇလွန်၊ အဖျောက် ကျော်တာနဲ့ ခင်ဗျားတို့ဆီ ရောက်ပြီ။ ခနေ့ဖြူနယ်ဘက်မှာ ကျွန်တော့် အမျိုးတွေရှိတယ်"

ကျွန်တော်တို့ချင်း တစ်ထိုင်တည်းမှာ ရင်းနှီးသွားကြသည်။ မြစ်ဝကျွန်း ပေါ်သားချင်း၊ မြို့ချင်းနီးသူချင်း၊ စာပေသမားချင်း သွေးကပြောသောကြောင့် လားမသိ။ ဆရာပါရဂူနှင့် ချက်ချင်းရင်းနှီးသွားကြသည်။

"ခင်ဗျားတို့ အသင်းမှာ စာကြည့်တိုက် ရှိသလား"

"ရှိပါတယ် ဆရာ. . . အသင်းနဲ့ စာကြည့်တိုက်နဲ့ တွဲဖွင့်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"စာအုပ်များရဲ့လား"

"ဖွင့်စကတော့ နည်းတယ်။ ခုတော့ ဟိုလူလှူ ဒီလူလှူနဲ့ စာအုပ်တွေ များလာပါပြီ။ သတင်းစာနဲ့ လစဉ်ထုတ်မဂ္ဂဇင်းတွေအတွက် သီးခြား အလှူရှင်တွေ ရှိတယ်ဆရာ။ ကျန်တဲ့စာအုပ်တွေကတော့ အသင်းလစဉ်ကြေးနဲ့ ဝယ်ပါတယ်"

"လစဉ်ကြေး ဘယ်လောက် သတ်မှတ်သလဲ"

"ဝင်ကြေးတစ်ကျပ်၊ လစဉ်ကြေး ပြားငါးဆယ်ပါ"

"မှန်မှန်ရရဲ့လား"

"မမှန်ဘူးဆရာ. . . အသင်းဝင်တွေက လူတန်းစားအလွှာစုံက ဆိုတော့ တစ်ချို့နှစ်လ၊ သုံးလမှ ပေါင်းပေးနိုင်တာတွေ ရှိတယ်။ ကျွန်တော်တို့ အသင်းမှာ ရဟန်းသံဃာတွေလည်း ပါတယ်။ ကျောင်းသူကျောင်းသား၊ ဈေးသည်၊ ပန်းထိမ်း အလုပ်သမား၊ ဆန်စက်အလုပ်သမား၊ ဆိုက်ကားသမား၊ ထီးပြင်ဖိနပ်ပြင်၊ ရေခဲခြစ်သည်၊ အခြေခံလူတန်းစားစုံတယ် ဆရာ. . ."

"အသင်းဝင် ဘယ်လောက်ရှိသလဲ"

"နှစ်ရာကျော် ရှိပါတယ်၊ ရဟန်းသံဃာ၊ အမျိုးသမီး၊ အမျိုးသား၊ ကရင်၊ ကုလား၊ တရုတ် လူမျိုးစုံပါပဲ"

"အေးဗျာ. . . စာပေအသင်းတွေ အခွန့်ရှည်ဖို့ လိုတယ်။ ကျွန်တော်ကြုံဖူးတဲ့ စာကြည့်တိုက်တွေကတော့ အစမှာ တက်ကြွသလောက် တဖြည်းဖြည်းနဲ့ စိတ်ဝင်စားမှု ကျလာပြီး နောက်ဆုံးမှာ စာကြည့်တိုက်ပျက်သွားကြတာ ချည်းပဲ။ အဲသလို မဖြစ်အောင် ခင်ဗျားတို့ ကြိုးစားကြပါ"

"ဟုတ်ကဲ့ ကြိုးစားမယ်ဆရာ"

ထိုစဉ်ကစ၍ဆရာ ပါရဂူ စာကြည့်တိုက်ကို စိတ်ဝင်စားခဲ့သည်။ နှစ်ပေါင်းများစွာ ကြာသည့်တိုင် ထိုစိတ်ဝင်စားမှုမှာ လျော့မသွား။ ဒီရေတက်သလို တက်၍ တက်၍သာလာသည်။ လွန်ခဲ့သော လေးနှစ်က ဆရာပါရဂူရယ်၊ ဒေါက်တာမတင်ဝင်းရယ်၊ ဂုရုကွေးရယ် ဟင်္သာတမြို့သို့ စာပေဟောပြောပွဲ သွားခဲ့ကြသည်။

စာဆိုတော်လ၊ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ မဟုတ်။ ဦးအောင်မြတ်ကျော် စာကြည့်တိုက် ပြန်လည်အားသစ်ရေး စာပေဟောပြောပွဲဖြစ်သည်။ ဆရာပါရဂူသည် နေမကောင်းသည့်ကြားက လိုက်လာပြီး ဟောသည်။ မတ်တတ်မရပ်နိုင်၍ ကုလားထိုင်ဖြင့် ထိုင်ဟောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟောပြောပွဲ ကော်မီတီက ဂုဏ်ပြုချီးမြှင့်သော ငွေငါးထောင်ကို ဦးအောင်မြတ်ကျော် စာကြည့်တိုက်အတွက် ချက်ချင်း ပြန်လှူပစ်ခဲ့သည်။

ထိုမျှသာလော မဟုတ်သေး။ ဆရာပါရဂူသည် သူ၏ ချွေးနည်းစာ စာမူခများဖြင့် မ,တည်၍ စာကြည့်တိုက်ကြီးတစ်တိုက်ကို ဖွင့်လှစ်လှူဒါန်းခဲ့သည်။ ထိုစာကြည့်တိုက်ကား ဆရာကြီး ပါရဂူ၏ **ရှန်တိနိကေတန်** စာကြည့်တိုက်. . .

♦ ♦ ♦

ဆရာပါရဂူ၏ စာအုပ်တိုက်က သခင်ခင်ညွန့်၏ စာအုပ်တိုက်နှင့် နာမည်ချင်း ပြောင်းပြန်၊ သခင် ခင်ညွန့်က စာပေလောက၊ ဆရာပါရဂူက လောကစာပေ။ အလိုအလျောက် ကက်ကင်းဓာတ်မိနေသော စာအုပ်တိုက် နှစ်တိုက် ဖြစ်သည်။

ဂုရုကွေးတို့ စာပေဝါသနာရှင်များ အသင်းအနေဖြင့် ရွှေဟင်္သာ ပုံနှိပ်တိုက်တွင် မှန်တိုင်းစာစောင် ရိုက်မိသည်မှာ ကံကောင်းသည်ဟု ဆိုရမည်။ ပုံနှိပ်တိုက်ပိုင်ရှင် ကိုကျော်ညွန့် (စာရေးဆရာ အောင်ကျော်စည်) နှင့် ရင်းနှီးခင်မင်ရသည့် အောင်ကျော်စည်မှ ဆက်နွယ်၍ ဆရာပါရဂူနှင့်ပါ ရင်းနှီးရသည်။ ထိုပုံနှိပ်တိုက်နှင့် အလုပ်ဆက်သွယ်ပေးသော စာရေးဆရာကြီး ဆင်ဖြူကျွန်း အောင်သိန်းကို ကျေးဇူးတော် အနန္တ တင်ရပါသည်။

ရန်ကုန်နှင့် ခနေဖြူက နီးနီးလေး။ ဂုရုကွေးတို့မှာ အိမ်ဦးနှင့် ကြမ်းပြင် တစ်လတစ်ခေါက် နှစ်ခေါက် မကြာခဏ ရောက်သည်။ ရောက်တိုင်း မဂ္ဂဇင်းတိုက်စုံသို့ ဝင်ဖြစ်သည်။ ရွှေဟင်္သာသို့လည်း ရောက်ဖြစ်သည်။

တစ်ခေါက် ရွှေဟင်္သာအရောက် အောင်ကျော်စည်က စာအုပ် တစ်အုပ် လက်ဆောင်ပေးသည်။ ညာနေကြသည် ဆိုသော သူရေးသည့်ဝတ္ထု။ ဂုရုကွေးက သူ့စားပွဲဘေးသို့ လှမ်းကြည့်လိုက်မိရာ စာအုပ်လေးငါးအုပ် ထပ်ပုံထားသည်ကို တွေ့ရသည်။

"ဘာစာအုပ်တွေလဲဗျ၊ ကိုကျော်ညွန့်"

"ဆရာပါရဲ့ **"အမ္ဗပါလီ"** တွေပါဗျာ. . ."

အမ္ဗပါလီကို ကြော်ငြာဖတ်ရကတည်းက ဂုရုကွေးတို့တစ်သင်းလုံး စိတ်ဝင်စားနေကြသည်။ စာအုပ်က ခနေဖြူက ဦးကြီးမောင် စာအုပ်ဆိုင်သို့ မရောက်သေး။ မမှာလို့ မပို့တာလား။ မှာထားလျက်နှင့် မပို့သေးတာလား။ ကြော်ငြာသာ ဖတ်ရပြီး မမြင်ရသေးသော အမ္ဗပါလီကို တိုက်တိုက်ဆိုင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်စည် စားပွဲဘေးမှာ လေးငါးအုပ် တွေ့ရသည်။

"တစ်အုပ်လောက် ပေးလိုက်လို့ မရဘူးလား"

"ရဲဘော်အတွက်လား၊ ရဲဘော်တို့ စာကြည့်တိုက် အတွက်လား"

"ကျွန်တော့်ပေးလည်း စာကြည့်တိုက်ပဲ၊ စာကြည့်တိုက်ပေးလည်း စာကြည့်တိုက်ပဲ. . . "

အောင်ကျော်စည်က အမ္ဘပါလီစာအုပ်တစ်အုပ် လက်ဆောင် ပေးလိုက်သည်။ သူရေးထားပုံကလည်း ကြည့်ဦး (ခနေဖြူ ကျော်ထွန်းနှင့် ခနေဖြူစာပေဝါသနာရှင်များအသင်း စာကြည့်တိုက်အတွက်၊ ဆရာပါရဂူကိုယ်စား ဆရာအောင်ကျော်စည် လက်ဆောင်ပေးသည်) တဲ့. . . သူရေးသော ဝတ္ထုများ ရှတတ ဖြစ်သလို လက်ဆောင်ပေးသော စာကလည်း ရှတတ. . . အာဂ အောင်ကျော်စည်. . .

အမ္ဘပါလီမှာ စာကြည့်တိုက်ဗီရိုထဲသို့ တော်တော်နှင့် ပြန်မရောက်။ အသင်းဝင်များ တစ်လက်ပြီး တစ်လက်ပြောင်း၍ နှစ်ထောင်းအားရ ဖတ်နေကြသောကြောင့် ဖြစ်သည်။ ဖတ်ရုံသာမက ဖတ်ပြီးသူ အချင်းချင်း အသင်း၌ဆုံမိခိုက် အမ္ဘပါလီအကြောင်း ပြောမိကြသည်။ မကြိုက်သူမရှိ၊ ဖတ်ပြီးသူတိုင်း ကြိုက်သွားကြသည်ချည်း။

"ဆရာပါရေ. . . အမ္ဘပါလီကတော့ ကျွန်တော်တို့အသင်း စာကြည့်တိုက်မှာ တကယ့်စံပဲဗျာ. . . နေ့ဆက်ရက်ဆက် ငှားကြတယ်၊ ဖတ်ကြတယ်၊ ကြိုက်ကြတယ်။ ကဗျာရေးတဲ့ အသင်းသားတစ်ယောက်က အမ္ဘပါလီ (ခနေဖြူ) ဆိုပြီး ကလောင်နာမည်ယူမယ် လုပ်နေလို့ မနည်းတားထားရတယ်။

ရန်ကုန်အလာ ရွှေဟင်္သာမှာ ဆရာပါနှင့် ဆုံမိစဉ် ဝမ်းသာအားရ ပြောပြတော့ ဆရာပါက မိန့်မိန့်ကြီးပြုံးသည့် သူ့စရိုက်က ဒီအတိုင်းပဲ။ ဘယ်သူက ဘာပြောပြော၊ သိမ်သိမ်မွေ့မွေ့ဖြင့် မိန့်မိန့်ကြီး ပြုံးတတ်သည်။

"နောက်တစ်အုပ် လာဦးမယ်ဗျ. . . စာမူပြီးနေပြီ ရိုက်တော့မယ်"

"ဘာစာအုပ်လဲ ဆရာ. . . "

"စိတ္တရလေခါ. . . ၊ အမ္ဘပါလီလို ပုံစံမျိုး၊ ဇာတ်ကောင်မျိုးပဲ၊ ခင်ဗျားတို့ ကြိုက်ဦးမှာပါ. . . "

"စိတ္တရလေခါကို ဦးကြီးမောင် စာအုပ်ဆိုင်ကော၊ မာလာစတိုး စာအုပ်ဆိုင်ပါ နှစ်ဆိုင်တင်သည်။ နှစ်ဆိုင်လုံး ရောင်းရသည်။ ဂုရုကွေးတို့ စာကြည့်တိုက်မှာ အသင်းရုံပုံငွေနှင့်ဝယ်တာ တစ်အုပ်၊ အပြင်က လှူတာ တစ်အုပ်၊

www.burmeseclassic.com

www.burmeseclassic.com



စိတ္တရလေခါ နှစ်အုပ်ဖြစ်သွားသည်။ အသင်းဝင်များ အလှည့်မစောင့်ရဘဲ မြန်မြန်ဆန်ဆန် ဖတ်နိုင်ကြသည်။

စိတ္တရလေခါကိုလည်း ကြိုက်ပြီးရင်း ကြိုက်ဖြစ်နေသည်။ ဆရာပါရဂူ၏ နောက်တစ်အုပ် ထပ်ထွက်လာသည်။ ဒိဗ္ဗာ။ အမ္ဗပါလီ၊ စိတ္တရလေခါတို့လို လိုင်းမျိုး ဝတ္ထုမျိုးဖြစ်သည်။ ဒိဗ္ဗာကိုလည်း ကြိုက်ကြရပြန်သည်ပင်။ ဂုရုကွေးတို့မှာ ဆရာပါ၏ စာအုပ်များကို ထုတ်တိုင်းနီးပါး ကြိုက်သည်။

ရန်ကုန်ရောက်တိုင်း နယ်က ပါလာသမျှ ငွေစကြေးစကလေးတွေနှင့် လမ်းဘေး စာအုပ်အဟောင်းပုံတွေ မွှေရသည်မှာ တကယ့်ကို ပျော်စရာ။ အပုံထဲမှ ကြိုက်တာ တစ်အုပ်ရလျှင် ကျောက်တူးသမား ကျောက်ကောင်းတစ်ပွင့်ရသလို အတိုင်းမသိအောင် ဝမ်းသာရသည်။

ထိုစဉ်က လမ်းဘေးစာအုပ်အဟောင်းပုံတွေက ခုလောက်ဈေးမကြီး။ တောင်ပုံရာပုံ ဟီးထအောင် ပုံထားပြီး၊ ဈေးနှုန်းသုံးမျိုးလောက် ခွဲထားသည်။ နှစ်ဆယ့်ငါးပြား၊ ပြားငါးဆယ်၊ တစ်ကျပ်၊ အထူးဈေး သီးသန့်ဈေးဆိုတာ မရှိသေး။

တစ်နေ့ . . ညနေစောင်း အသင်းအတွင်းရေးမှူး မောင်မင်းယာနှင့် အတူ ဗိုလ်ချုပ်အောင်ဆန်း လမ်းပေါ်မှ ပလက်ဖောင်းစာအုပ်ပုံကို ဝင်မွှေကြသည်။ ပြားငါးဆယ်ပုံထဲမှာ ဆရာပါရဂူ၏ စာအုပ်တစ်အုပ် သွားတွေ့သည်။ ဗုဒ္ဓယဉ်ကျေးမှု ပြဇာတ်များ၊ တစ်အုပ်ဆို တစ်အုပ်တည်း ရှားရှားပါးပါး သွားတွေ့ခြင်းဖြစ်သည်။

"ဒီစာအုပ်ယူမယ်"

သူမွှေ ကိုယ်မွှေ ဝိုင်းမွှေနေကြသဖြင့် ကိုယ်ယူမယ့်စာအုပ်ကို အပုံထဲမှ ဆွဲထုတ်ကာ ကိုယ့်ရှေ့မှာ ချထားရသည်။ ဒါမှ စိတ်ချရသည်။ နို့မို့ဆို ကိုယ်ရွေးထားသော စာအုပ် သူများလက်ပါသွားတတ်သည်။

"ခင်ဗျား မဆိုးဘူးဗျ ရှာတတ်တယ်"

မောင်မင်းယာက ဂုရုကွေးကို ချီးကျူးသည်။ နောက်တာမဟုတ် လှိုက်လှိုက်လှဲလှဲ စိတ်ပါလက်ပါ ချီးကျူးတာပါ။ ဗုဒ္ဓယဉ်ကျေးမှု ပြဇာတ်များသည် ဆရာပါ၏ စာအုပ်များတွင် သီးခြားလက်ရာ ဖြစ်သည်။ ဝတ္ထုတွေသာများသည်။ ပြဇာတ်အလွန်နည်းသည်။

ဆရာဦးမောင်မောင်ကြီး၏ မြန်မာပြဇာတ် စာပေစာတန်းတွင် ဗုဒ္ဓယဉ်ကျေးမှု ပြဇာတ်များကို ဤသို့ မှတ်တမ်းပြုထားသည်။ (ပြဇာတ်အသီးသီး

www.burmeseclassic.com

www.burmeseclassic.com



တွင် စစ်ဆန့်ကျင်ရေး၊ ကာမဂုဏ်၏အပြစ်၊ မေတ္တာအဖွဲ့၊ သစ္စာအဖွဲ့ကို ဇာတ်လမ်း ခင်းထားပါသည်။ ထိုဇာတ်လမ်းများမှာ ပြဇာတ်ပီသပါလေသည်။ ရည်ရွယ်ချက်ကို ထင်ထင်လင်းလင်း ဖော်ပြနိုင်စွမ်းလည်း ရှိပါသည်။ အိန္ဒိယစာပေမှ မြန်မာသို့ တိုက်ရိုက် ဘာသာပြန်များဖြစ်၍ မြန်မာစာပေပရိသတ်အဖို့ တစ်မျိုး ဆန်းသစ်ပါပေသည်) တဲ့။

ထိုအခါက်က ရန်ကုန်လာရသည်မှာ ဆရာပါ၏ ပြဇာတ်စာအုပ် တစ်အုပ်ရတာနှင့် သင်္ဘောခ လေးကျပ်တန်သည်ဟု၍ မှတ်ယူမိပါသည်။ ဗုဒ္ဓယဉ်ကျေးမှု ပြဇာတ်များကို အသင်းသားများ သိပ်မငှားကြပါ။ အသက်ကြီး သော အသင်းသားအချို့နှင့် သံဃာတော်များသာ အများဆုံးငှားကြသည်ကို သတိထားမိသည်။ ဂုရုကွေးလည်း ဖတ်မည် ဖတ်မည်နှင့် အတော်ကြာမှ ဖတ်ဖြစ်ပါသည်။

"ကောင်းတော့ကောင်းတယ် ဆရာပါ။ ကျွန်တော်တို့ ဉာဏ်မမီလို့လား မသိဘူး။ စိတ္တရလေခါလောက် မစွဲဘူး. . . "

၃၄-လမ်း၊ ရွှေပြည်စိုး ပုံနှိပ်တိုက်တွင် ဆရာပါနှင့် ဆုံခိုက် ပြောပြမိတော့။ ဆရာပါက သူ့ထုံးစံအတိုင်း သိမ်သိမ်မွေ့မွေ့ပြုံးသည်။

"ခင်ဗျားတို့ ငယ်သေးလို့ပါ။ ဗုဒ္ဓစာပေ အဖတ်အရှုနည်းတာလည်း ပါမယ်။ အသက်ကြီးလာတဲ့ အခါ ထပ်ဖတ်ကြည့်ပါ. . . "

ဗုဒ္ဓယဉ်ကျေးမှု ပြဇာတ်များနှင့် ပတ်သက်၍ ဒါလောက်ပဲပြောသည်။ မှန်သည်။ ဂုရုကွေးတို့ အသက်အရွယ် ငယ်သေးသည်။ ဗုဒ္ဓစာပေ အဖတ်အရှုနည်းသေးသည်။ နောင် အသက်အရွယ်ရလာ၍ ဖတ်ကြည့်သောအခါမှ ဗုဒ္ဓယဉ်ကျေးမှုပြဇာတ်များ၏ စာပေတန်ဖိုးကို နားလည်သွားသည်။ တစ်ခါဖတ် တိုင်း တစ်ခါအသိတိုးသော ပြဇာတ်များပင်။ အထပ်ထပ်ဖတ်လျှင် အထပ်ထပ် အသိတိုးလိမ့်မည်။

ဆရာ ပါရဂူကျေးဇူးမှာ မြန်မာစာပေလောကအတွက် အလွန်ကြီးပါသည်။ ဆရာပါသည် အိန္ဒိယစာပေမှ စာအုပ်ပေါင်းများစွာကို ဘာသာပြန်ပေးခဲ့သည်။ ပြန်ပေးနေဆဲလည်း ဖြစ်သည်။ ဆရာပါက ဟိန္ဒီဘာသာကို ကောင်းစွာ တတ်ကျွမ်းသည်။ ဖတ်တတ်၊ ပြောတတ်၊ ဘာသာပြန်တတ်သည်။

မှတ်မိပါသေးသည်။ စာရေးဆရာ၊ စာပေကလပ် ကာလတုန်းက ဖြစ်သည်။ ဂုရုကွေးလည်း စာပေကလပ်ဝင် ဖြစ်၍ နှစ်ပတ်လည်အတွက် ဖိတ်ကြားသောကြောင့် မနေဖြူကနေ လာတက်ရသည်။ စာရေးဆရာ စာပေကလပ် နှစ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်လည်အတွက် အိန္ဒိယစာရေးဆရာအသင်းမှ သဝဏ်လွှာပို့သည်။

ဟိန္ဒီဘာသာဖြင့် ရေးသားထားသော သဝဏ်လွှာကို ဆရာပါရဂူက ဖတ်သည်။ တစ်ပိုဒ် ဖတ်လိုက်၊ မြန်မာလို ပြန်ပြလိုက်။ နောက်တစ်ပိုဒ် ဆက်ဖတ်လိုက်။ ကုလားသံ၊ မြန်မာသံ၊ နှစ်သံ ထွက်နေသည်။

"ဆရာပါတို့ကတော့ ဟန္ဒီကျွမ်းပကွာ၊ ခန်းမထဲ ကုလားရောက်နေသလား မှတ်ရတယ်။ ဝရွတ် ဝရွတ် နေတာပဲ . . ."

အနားတွင် ထိုင်နေသော ပန်းတနော် ဝင်းသိန်းကပြောသည်။

စာရေးဆရာ စာပေကလပ် နှစ်ပတ်လည်ပွဲက စာရေးဆရာတွေ စုံသည်။ ဂုရုကွေးတို့လို နယ်ကလာတက်ရသော စာရေးဆရာ၊ ကဗျာဆရာများလည်း ရှိသည်။

လူကြီးပိုင်း စာရေးဆရာကြီးတွေက ရှေ့တန်းတွင် ထိုင်၍ ဂုရုကွေးတို့ ပန်းတနော်ဝင်းသိန်းတို့ မောင်ဆွေတင့် တို့လို လူငယ် လူလတ်ပိုင်းတွေက ခန်းမ၏ နောက်ပိုင်းမှ ကုလားထိုင်များတွင် ထိုင်သည်။

လူကြီးတွေနှင့် ဝေးနေတော့ လူငယ်တွေ အချင်းချင်း နောက်လားပြောင်လား လုပ်လို့ ရသည်။ တခိခိ တဟိဟိ လုပ်သာသည်။ ဆရာပါ ကုလားလို ဖတ်ပြလိုက်၊ မြန်မာလို ပြန်ပြလိုက် လုပ်သည်ကို ပရိသတ်က တော်တော်သဘောကျသည်။

ဂုရုကွေးမှာ ခနေဖြူတွင် ကုလားသူငယ်ချင်း အပေါင်းအသင်းတွေ ရှိသည်။ အသင်းဝင်ထဲမှာလည်း ကုလားကလေးတွေ သုံးလေးယောက် ရှိသည်။

သူတို့ချင်း ကုလားလိုပြောသည်ကို မကြာခဏ နားထောင်ရသည်။ ကုလားစကားနှင့် ပတ်သက်၍ ကိုယ်တိုင်မပြောတတ်သည့်တိုင် သူတို့ပြောသည်ကိုတော့ နားထောင်ဖူးနေသည်။

"တချို့ဘာသာပြန်တယ် ဆိုတာက အင်္ဂလိပ်က တစ်ဆင့်ပြန်တာ၊ ဟိန္ဒီကို အင်္ဂလိပ်လိုပြန် အင်္ဂလိပ်ကို မြန်မာလိုပြန်တော့ ကြားထဲမှာ တစ်ဆင့်ခြားနေတယ်။ ဆရာပါက ဟိန္ဒီကနေ တိုက်ရိုက် ပြန်တာဆိုတော့ မူလစာမူရဲ့ ရသကို အပြည့်ရတယ်။

ရှေ့တန်းတွင် ထိုင်နေကြသော ဆရာကြီးများထံမှ ဝေဖန်သံဖြစ်သည်။ ဂုရုကွေးတို့မှာ အသက်အရွယ်ငယ်သေး၍ စာပေနှင့် ပတ်သက်ပြီး၊ အတွေ့အကြုံနည်းသေးသည်။ ဆရာကြီးတွေ ပြောတာ ဝေဖန်တာပဲ နားထောင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆရာ၊ ဆရာပါ ကျေးဇူးဟာ ကျွန်တော်တို့ အတွက်ကော စာပေလောကအတွက်ပါ များစွာကြီးမားတယ်။ သူ့ကြောင့် အိန္ဒိယစာပေကို ထဲထဲဝင်ဝင် သိရ ကျွမ်းရတာ"

အခြားဆရာကြီး တစ်ယောက်၏ ဝေဖန်သံကိုလည်း ကြားရပြန်သည်။ ဂုရုကွေးတို့က မှတ်သားလိုက်ရသည်ချည်း။

အမှန်ပြောရလျှင် ဆရာပါ ကုလားလို ဖတ်သောအခါ ဂုရုကွေးမှာ ခနဲ့ဖြူက ကုလားသူငယ်ချင်းများကို သတိသွားရ၍ တခိခိ ရယ်မိသည်။

အစည်းအဝေး ခေတ္တနားချိန်၊ ဆရာပါနားသွားပြီး (ဆရာပါ ကုလားလိုဖတ်သွားတာ နားထောင်လို့ ကောင်းတယ်၊ ဂုဏ်ပြုပါရစေ ယက်လဲ့ ဝမ်းကဲ့လို့ ဂုရုကွေးက နောက်တော့) ဆရာပါက သူ့ထုံးစံအတိုင်း သိမ်သိမ်မွေ့မွေ့ ပြုံးသည်။

♦ ♦ ♦

ဆရာပါနှင့် ဂုရုကွေး တူတာတွေ ရှိသလို မတူတာတွေလည်း ရှိသည်။ အသက်အရွယ်ချင်း မတူ။ ခေတ်ချင်းမတူ။ ဖြတ်သန်းမှုချင်း မတူ၊ သဘာချင်း၊ ဝါချင်းမတူ။ ဆရာပါက ဂုရုကွေးထက် အသက်အများကြီးကြီးသည်။ သဘာအရ၊ ဝါအရ၊ ပညာအရလည်း မိုးနှင့်မြေပမာ ကွာသည်။

ဆရာပါခေတ်က ဂုရုကွေးခေတ် ထက်စောသည်။ ဆရာပါက ကိုရင်ဘဝ ရဟန်းဘဝကို ဖြတ်သန်းပြီးမှ စာရေးဆရာ ဖြစ်သည်။ ဂုရုကွေးက လူထုလှုပ်ရှားမှုဘဝ၊ လူငယ်အဖွဲ့အစည်းများ၊ စာပေအဖွဲ့အစည်းများ၏ ခေါင်းဆောင်ဘဝကို ဖြတ်သန်းပြီးမှ စာရေးဆရာဖြစ်သည်။ ဆရာပါက ဘုရားအရေတော်သက်န်းကို ခြုံလွှမ်း၍ အေးအေးချမ်းချမ်း၊ ဂုရုကွေးက လောကီအဆင်တန်ဆာ၊ တိုက်ပုံ အင်္ကျီလက်ခေါက်၊ ပုဆိုးတိုတိုစည်း၊ ခုံဖိနပ်စီး၍ ကြမ်းကြမ်းတမ်းတမ်း။

ဆရာပါက ဘုရားနှုတ်ခပတ်တော်များ ရွတ်ပွား၍ အေးချမ်းငြိမ်သက်နေစဉ် ဂုရုကွေးက မိဘပြည်သူများခင်ဗျားဟု တိုင်တည်၍ လှုပ်ရှားနေသည်။ ဖဆပလ၏ ခါးပိုက်ဆောင် ပြူစောထီးများ၏ အန္တရာယ်ကြားမှ သက်စွန့်ဆံဖျားအလုပ်လုပ်နေသည်။ ဘဝဖြတ်သန်းမှုချင်းက မတူ။ ဆရာပါက အေးအေးချမ်းချမ်း ဂုရုကွေးက ကြမ်းကြမ်းတမ်းတမ်း. . .

မတူတာတွေ များသလို တူတာတွေလည်း များသည်။ ဆရာပါနှင့် ဂုရုကွေး ခံယူချက်ချင်း တူသည်။ ထေရဝါဒ ဗုဒ္ဓဘာသာကို ခံယူချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တူ သည်။ ထေရဝါဒ ဗုဒ္ဓဘာသာကို စွဲစွဲနစ်နစ် ယုံကြည်တာချင်း တူသည်။ အိမ်ကလေး တစ်လုံးမှာ စာအုပ်တွေ ဝန်းရံလျက် တစ်ကိုယ်တည်း နေချင်တာချင်း တူသည်။ ခွေးချစ်တာချင်း တူသည်။

တစ်နေ့ မြားနတ်မောင် မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဒေါက်တာ လွဏ်းဆွေနှင့် ဆရာပါ အိမ်လိုက်သွားတော့ ဆရာပါက သူ့အိမ်ကလေးနားက လက်ဖက်ရည်ဆိုင်ကလေးတွင် ဧည့်ခံသည်။ အိမ်က ထွက်သည်နှင့် သူ့ခွေးတွေ တစ်အုပ်ကြီး လက်ဖက်ရည်ဆိုင် လိုက်လာကြသည်။ ဆရာပါအနားမှာ ဆောင့်ကြောင့်ထိုင်တဲ့ကောင်က ထိုင်။ သမံတလင်းမှာ တုံးလုံးလှဲအိပ်တဲ့ ကောင်က အိပ်. . . တစ်ကောင်ဆိုလျှင် ဆရာပါ့ ခြေဖမိုးပေါ်တွင် မေးတင်၍ ငြိမ်နေသည်။

"ကျွန်တော့်ခွေးတွေလည်း လက်ဖက်ရည်ဆိုင် ထွက်ရင် တစ်ကောက်ကောက် လိုက်တတ်တယ်။ ကျွန်တော့် ပတ်ပတ်လည်မှာ ဆရာပါ့ခွေးတွေလိုပဲ ဝိုင်းနေကြတယ်။ ဆရာပါ့ ခွေးတွေက ငြိမ်တယ်။ ကျွန်တော့်ခွေးတွေက အီကြာကွေး လုစားရင်း ဟောင်ကြ၊ ဟိန်းကြတယ်။

ဆရာပါက ဘာမှ ပြန်မပြော။ ခြေဖမိုးပေါ် မေးတင်ထားသော ခွေးကို ခေါင်းသပ်ပေး၍ သိမ်မွေ့စွာ ပြုံးနေသည်။ ဆရာပါနှင့် ဂုရုကွေး စားသောက်ရတာချင်းမတူ။ ဆရာပါ အိမ်နားက အိမ်ကထမင်းချိုင့်ပို့ပေးသည်။ အချိန်မှန်စားရသည်။ ဂုရုကွေးက စားရေး သောက်ရေးတွင် ပရမ်းပတာ မရမ်းမဆလာ။

အားတဲ့အခါ ဈေးသွား ကိုယ်တိုင်ချက်။ မအားတဲ့အခါ ထမင်းတစ်လုံးချက်ပြီး ဆိုင်က ဟင်းဝယ်စား။ သူများကိစ္စတွေ လိုက်ကူညီပေးရင်း လမ်းဘေးဆိုင်မှာ သူများကျွေးတာစား။ စာဆိုတော် ရာသီတွင် နယ်အနှံ့လျှောက်စားထမင်းစားရေးနှင့် ပတ်သက်ပြီး ကြုံရာကျပန်း ပရမ်းပတာ ဖြစ်နေသည်မှာ သုံးလေးနှစ် ရှိပြီ။

ဆရာပါ အိမ်သွားတိုင်း ပထမဆုံးကြုံရသည်မှာ သူ၏ ခွေးများတဝုတ်ဝုတ်ဖြင့် ဆီးဟောင်ကြသည်။ ဆရာပါ ထွက်လာပြီး ငေါက်လိုက်တော့လည်း ငြိမ်သွားကြသည်။ စာအုပ်တွေ ဝန်းရံထားတဲ့ အလယ်မှာ ထိုင်စကားပြောရတာ အလွန် အရသာရှိသည်။ စာပေအကြောင်း၊ စာနယ်ဇင်းများအကြောင်း၊ စာရေးဆရာများအကြောင်း၊ အယ်ဒီတာများ စာအုပ်တိုက်များအကြောင်း ပြောကြပြီဆိုလျှင် နှစ်ဦးစလုံး ထမင်းမေ့ ဟင်းမေ့။ အိမ်နားက လက်ဖက်ရည်ဆိုင်ကလေးသို့ ထွက်ထိုင်ဖို့ကိုပင် မေ့နေတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အသီးမှာ သရက်၊ အသားမှာ ဝက်ဆိုတဲ့ အရသာတွေထက် အဆ ပေါင်းများစွာသာတဲ့ စာပေရေးရာ အရသာပါ။ ဘာနှင့်မှ နှိုင်းလို့မရတဲ့ စာပေ နှီးနှောပြောဆိုရခြင်း အရသာပါ။ ထိုအရသာကို စာပေသမားချင်း၊ စာရေး ဆရာချင်းမှသာ ခံစားနိုင်ကြသည်။ သိကြသည်။

ဆရာပါနှင့် ဂုရုကွေး စာပေဟောပြောပွဲ အချို့တွင် အတူတွဲခဲ့ဖူး သည်။ ခရီးအတူသွားခဲ့ဖူးသည်။ စာရေးဆရာ အချင်းချင်း၏ အတွင်းသဘော မနောစရိုက်ကို ရန်ကုန်မှာနေလျှင် မသိနိုင်။ ခရီးအတူတူ သွားဖူးမှသာ တစ် ယောက်အကြောင်း တစ်ယောက်သိနိုင်သည်။ ရန်ကုန်မှာက တွေ့တုန်းခဏ၊ ဆုံတုန်းခဏ ကြုံတုန်းခဏသာကိုး။ ဘယ်လိုသိနိုင်မှာလဲ။

မှတ်မိသေးသည်။ မလှိုင်စာပေ ဟောပြောပွဲ။ ထိုဟောပြောပွဲမှာ စာရေးဆရာစုံသည်။ ဆရာပါ၊ ဆရာမြသန်းတင့်၊ ဆရာမင်းကျော်၊ ဆရာမကြီး ဒေါ်ခင်ဆွေဦး မင်းသားမြတ်လေးနှင့် ဂုရုကွေး။ သူတို့က အဖွဲ့လိုက် လာကြ သည်။ ဂုရုကွေးက တစ်နေရာက ပွဲကူးလာရသည်။

စာရေးဆရာများသော စာပေဟောပြောပွဲတွင် စာရေးဆရာ တစ်ဦး ချင်းစီ၏ ပင်ကိုယ်စိတ်ရင်းကို တွေ့ရတတ်ပါသည်။ ငါ့အလှည့်မှာ အားရပါးရ ဟောလိုက်မယ်ဟဲ့၊ နောက်ဆရာ ဘာဖြစ်ဖြစ်။ ပရိသတ် ကျန်ကျန် မကျန်ကျန်ဟု တစ်ကိုယ်ကောင်း ဆန်သူများ။ လူငါးယောက် ဟောရမည့်ပွဲကို သူတစ်ယောက် တည်း ဟောသည့်ပွဲလုပ်ပြီး၊ အတ္တကြီးသွားကြသူများ။

မိမိ မည်မျှ တတ်ကြောင်း၊ မည်မျှ တော်ကြောင်း ဘာဘွဲ့ကြီးတွေ ညာဘွဲ့ကြီးတွေ ရပြီးဖြစ်ကြောင်း သမားဂုဏ်ပြ၍ ကိုယ့်ကိုယ်ကိုဖော် မသူတော် လုပ်ပြီး ပရိသတ် အထင်ကြီးအောင် လုပ်ယူသူများ။ မြန်မာစာပေကို ဟောပြော နေပါလျက်။ လိုအပ်သည်ထက်ပိုပြီး ဘိုစကားညှပ်သုံးတတ်သူများ ရွှတ်ရျက် ဒွက်ဒက် ဝမ်းတရွှတ်ရွှတ် ပုဇွန်တောင်တွေ မှုတ်တတ်သူများ။

ထိုသို့သော အမြင်ကတ်စရာ စာရေးဆရာများတွင် ဆရာပါ မပါ။ မလှိုင်ပွဲတွင် ရှေ့ဆုံးမှ ထွက်ပြီး ပရိသတ်လည်း ကျေနပ်အောင် လိုအပ် သလောက်ဟောပြီး စင်ပေါ်မှ ပြန်ဆင်းသွားသည်။ ဟောပြောရာတွင် သမား ဂုဏ်မပြ၊ မာနအစွန်းမထွက်။ ငြိမ်သက်အေးဆေး ယဉ်ကျေးသိမ်မွေ့စွာ ဟောပြီး ပြန်ဆင်းလာခဲ့သည်ချည်း။

အချို့သောပွဲများ၊ စာရေးဆရာသုံးယောက်သာပါသော ပွဲများတွင် ဆရာပါရယ် တစ်နာရီလောက်တော့ ဟောပေးပါဟု တောင်းပန်မှ ဟောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း အပိုဆာဒါးမပါ။ အကြောင်းအရာအရ လိုအပ်သလောက်သာ ပြောသည်။ ပြာလဲ့မှာ ဇာချဲ့တတ်သူမဟုတ်။

ဂုရုကွေး၏ အမြင်အရ အတွေ့အကြုံအရ ဆရာပါသည် စာပေဟောပြောပွဲများတွင် စင်ပေါ်မှာ ရသမျှအချိန်ကို အမြတ်ထုတ်တတ်သူ မဟုတ်။ အချိန်လောဘကြီးသူ အဟောလောဘကြီးသူမဟုတ်။ အခြားစာရေးဆရာများအတွက် ငဲ့ညှာကာ၊ အချိန်ကို လိုအပ်သလောက်သာ ယူပြီး ကျန်စာရေးဆရာများအား လှူခဲ့သူဖြစ်သည်။

ဆရာပါသည် အချင်းချင်း စကားပြော ဆွေးနွေးခြင်းတို့တွင်တော့ အချိန်ယူတတ်ပါသည်။ အားရပါးရ ပြောဆို ဆွေးနွေးတတ်ပါသည်။ စင်ပေါ်၌ ဟောပြောရခြင်းထက် အာတွေ့ပုံရပါသည်။

ဆရာပါနှင့် အတူတွဲသော ရသမျှ မှတ်မှတ်ရရ ပွဲတွေ ရှိသည်။ ဟင်္သာတ ဟောပြောပွဲ။ ဦးအောင်မြတ်ကျော် စာကြည့်တိုက် ပြန်လည်မွမ်းမံရေးအတွက် ဟောတဲ့ပွဲပါ။ ဒေါက်တာမတင်ဝင်းနှင့် ဂုရုကွေးတို့က စာအကြောင်း ဟောသော်လည်း၊ ဆရာပါက စာကြည့်တိုက်အကြောင်းကိုပဲ ဘောင်ခတ်ဟောသွားသည်။

ထိုစာကြည့်တိုက်၏ နောက်ခံသမိုင်း လက်ရှိအခြေအနေ။ မည်သို့ပြုပြင်သင့်ပုံတို့ကို ကျဉ်းကျဉ်းဟောသွားသည်။ ခြေဖမိုးတွေ ယောင်နေသဖြင့် မတ်တတ်ရပ် မဟောနိုင်။ ကုလားထိုင်ဖြင့် ထိုင်၍ ဟောရသည်။

ဆရာပါသည် တည်ငြိမ်သိမ်မွေ့သူ ဖြစ်ကြောင်း ရှေ့ပိုင်းတွင် ရေးခဲ့ပြီ. . . တည်ငြိမ်သော်လည်း ခြောက်ခြောက်သွေ့သွေ့သမားမဟုတ်။ ဟာသဓါတ်အခံရှိသည်။ စကားပြောရင်း ဆွေးနွေးရင်းမှ ဆရာပါ ရယ်တတ်သည်။ ဂုရုကွေးတို့ ရယ်သလို အော်ကြီးဟစ်ကျယ် ဟီးဟီး ဟားဟားတော့ မရယ်တတ်။

ဆရာပါ အားပါးတရ ခွက်ထိုးခွက်လန် ရယ်ခဲ့သော အဖြစ်ကလေး တစ်ခုရှိသည်။ ဒါက ဟင်္သာတအထက်က ညောင်ကျိုးရွာကြီး၏ ဟောပြောပွဲနှင့်ပတ်သက်သည်။ ညောင်ကျိုးဟောပြောပွဲမှာ ဆရာပါရယ်၊ ဆရာ မြသန်းတင့်ရယ် ဆရာမ ဒေါ်ခင်ဆွေဦးရယ် နာမည်ကြီး ကဗျာဆရာ တစ်ယောက်ရယ်၊ ဂုရုကွေးရယ်. . . ငါးယောက်။

သူတို့က အုပ်စုလိုက် တစ်နေရာမှ လာသည့် ဂုရုကွေးက တစ်ယောက်တည်း တစ်နေရာမှလာသည့် သာရဝေါဆိပ်ကမ်းမှာ ဆုံကြသည်။ ညောင်ကျိုးမှ လာကြိုသော မော်တော်က သာရဝေါ ဆိပ်ကမ်းမှာ အဆင်သင့်စောင့်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆရာပါတို့ ရောက်နေသည်။ သာရဝေါရထားဆိုက်၍ ဂုရုကြွေး ရထားပေါ်မှ ဆင်းပြီး မော်တော်ပေါ်တက်မှ မော်တော်ထွက်ရသည်။

"အဲဒီတန်းလျားလေးပေါ်မှာ ကျွန်တော်မေးမယ်။ ဆရာတို့ နောက်ဘက်သွား။ နောက်ဘက်မှာ ပက်လက်ကုလားထိုင်တွေ ခင်းထားတယ်။ ကျွန်တော်ညက တစ်မှေးမှ မမှေးရသေးဘူး။ အဲဒီပွဲကိုကနေ ညောင်ကျိုးပွဲကို နေ့ချင်းကူး တန်းကူးလာခဲ့ရတာ။ ပွဲကူးကြမ်းတယ်"

ဆရာပါက ဂုရုကြွေးကို စေ့စေ့စပ်စပ်ကြည့်ပြီး ကရုဏာသံဖြင့် ပြောသည်။

"ဟောပြောပွဲနဲ့ ပတ်သက်ရင်၊ ခင်ဗျား တော်တော် အပင်ပန်းခံတာပဲ။ ခင်ဗျားကြည့်ရတာ သိပ်ပင်ပန်းနေပုံရတယ် မှေး. . . မှေး"

သူတို့လူသိုက် မော်တော်နောက်ပိုင်းသို့ ရောက်သွားသည့် တန်းလျားပေါ်မှာ ဂုရုကြွေးတစ်ယောက်တည်း ဟင်းမ်ဘက်အိတ်ကလေး ခေါင်းအုံးပြီး အခန့်သားလှဲနေသည်။ မော်တော်ဦးက လေလေး တဖြူးဖြူးဖြင့် အိပ်ပျော်သွားသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

"ဆရာကြွေး. . . ထ. . . ထ. . . ညောင်ကျိုး ရောက်တော့မယ်"

ညောင်ကျိုးမှ လာဖိတ်သော ကိုယ်စားလှယ်က နှိုးမှ ဂုရုကြွေး နိုးတော့သည်။ အချိန်က ညနေစောင်းနေပြီ။ နေလုံးက အနောက်ဘက် တောတန်းတွင် မေးတင်နေပြီ။ မကြာမီ နေဝင်တော့မည်။

"ဘာတွေလဲဗျ. . . ရေပန်းတွေ ထပြီး ရေထဲမှာ တဖွားဖွားနဲ့"

အနားမှာ ရပ်နေသော ဆရာပါက မေးသည်။ ဂုရုကြွေးသည် အိပ်မှုံစုံမွှား မျက်လုံးများဖြင့် ရေပန်းများ တဖွားဖွားထရာသို့ လှမ်းကြည့်သည်။ ဟိုက်ရှာလပတ်ရည် ကြောက်ခမန်း လန့်ခမန်း ကလေးအုပ်ကြီး ဖြစ်သည်။ ကလေးအစိတ်သုံးဆယ်ခန့် ရှိလိမ့်မည်။ လက်နှစ်ဖက် ခါးထောက်ပြီးရေထဲတွင် တတောင်များကို ညီညီညာညာ ဘယ်ညာ ဝှေ့ယမ်းနေကြသည်။

ယိမ်းတစ်ယိမ်းကနေသလို ညီညာလှသဖြင့် ကြည့်လို့ပင် ကောင်းတော့။ သူတို့က ရေတွေကို တတောင်ဖြင့် တွက်တွက်ထုတ်နေသဖြင့် ရေတဖွားဖွား ဖြစ်နေသည်။

"အီကြာကွေး. . . အီကြာကွေး"

"အီကြာကွေး. . . အီကြာကွေး"

ညီညီညာညာအော် ညီညီညာညာ တွက်ထုတ်နေသည့် ရေတွေ

www.burmeseclassic.com

www.burmeseclassic.com



တဖွားဖွား ဖြစ်နေသည်။ ညောင်ကျိုးရွာနား မော်တော်နီးလာလေ၊ မြင်ကွင်းက ပိုရှင်းလာလေ။ ဆရာပါသည် ထိုကလေးအုပ်ကြီးကို လက်ညှိုးထိုးပြကာ. . .

“အဲဒါ ခင်ဗျားပရိသတ်တွေ ခင်ဗျား ပရိသတ်တွေ၊ ခင်ဗျားကို ကြို နေကြတာ. . . ”

ပြောလည်းပြော၊ ရယ်လည်းရယ်၊ ခွက်ထိုးခွက်လန် ရယ်သည်။ အား ပါးတရ ရယ်သည်။ အချိန်အတော်ကြာကြာ ရယ်သည်။ ဂုရုကွေး ကြုံဖူးသမျှ ဆရာပါ ရယ်တာ ဒီတစ်ခါလောက် အားပါးတရ ဖြစ်တာ ဒီတစ်ခါပဲ ရှိသည်။


ဆရာပါနှင့် ဂုရုကွေးတို့ ရွှေဟင်္သာပုံနှိပ်တိုက်တွင် မုန့်တိုင်းစာစောင် ရိုက်နှိပ်ရင်း စသိခဲ့ကြသည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ဘာပါရဂူ ညာပါရဂူ၊ ပါရဂူတွေ များနေရာမှ ရှားရှားပါးပါး ပါရဂူဖြစ်သော ဆရာပါရဂူ တစ်ယောက် အသက်ရာကျော်ရှည်ပြီး စာတွေ သည်ထက်အများကြီး ရေးနိုင်ပါစေ။ စာပေ အကျိုး သည့်ထက်သည်သယ်ပိုးနိုင်ပါစေဟု ဆုတောင်းရင်း. . . ပါရဂူတွေ ကြားက သီးခြားပါရဂူကို နိဂုံးကမွတ်အဆုံးသတ် လိုက်ပါသည်။

♦ ♦ ♦

သောကြာစာစောင်
အမှတ် (၄၆၉)၊ စက်တင်ဘာလ၊ ၂၀၀၂- ခုနှစ်
အမှတ် (၄၇၀)၊ အောက်တိုဘာလ၊ ၂၀၀၂- ခုနှစ်
အမှတ် (၄၇၁)၊ နိုဝင်ဘာလ၊ ၂၀၀၂- ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



ဒဂုန်တာရာ

## ဒဂုန်တာရာ (သို့မဟုတ်) မအိုသေးသောပန်းနုရောင်

ကျိုက်လတ်မြို့မှ ရှေ့နေ ဒေါ်စန်းစန်းဝေက စာပေဟောပြောရန် လာဖိတ်တော့ ဂုရုကွေး ပျော်သွားသည်။ ကျိုက်လတ်ကို ရောက်ဖူးချင်နေတာကြာပြီ။ ဒေးဒရဲသို့ ရောက်ဖူးပြီ။ သုံးခေါက်။ ဖျာပုံသို့ ရောက်ဖူးပြီ နှစ်ခေါက်။ ဒေးဒရဲ၊ ဖျာပုံတို့နှင့် ကပ်နေသော ကျိုက်လတ်ကို မရောက်ဘူးသေး။

အကြောင်းမတိုက်ဆိုင်သေး၍ မရောက်ရခြင်း ဖြစ်သည်။ ယခုတော့ စာဆိုတော်လ မဟုတ်ပေမယ့် အကြောင်းက တိုက်ဆိုင်လာပြီး ရောက်ရတော့မည်။ ကျိုက်လတ်သည် ဂုရုကွေး၏ ခင်မင်ရင်းနှီးသော စာပေရောင်းရင်းကြီး ဒဂုန်တာရာ၏ ဇာတိဖြစ်သည်။ သူနှင့် ခင်နေတာကြာပြီ။ ဆယ်စုနှစ် သုံးလေးစု နီးပါးရှိရော့မည်။ သူ့ဇာတိသို့ ယခုမှပင် ရောက်ရတော့သည်။

မအူပင်က ထွက်လာတော့ ကားလမ်းက ကြမ်းလာသည်။ ကတ္တရာလမ်းဖြစ်လိုက်၊ ကျောက်ချောလမ်း ဖြစ်လိုက်၊ အချို့နေရာတွင် ချိုင့်၊ အချို့နေရာတွင် ကမူလှိုင်းထသလို မညီမညာ။ သို့သော် တော်သေး၏။ ဒေါ်စန်းစန်းဝေတို့

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေ ဇနီးမောင်နှံက စာရေးဆရာများ သက်တောင့်သက်သာ ဖြစ်စေရန် ဆလွန်းကားလေး တစ်စင်းကို လွှတ်ပေးလိုက်သည်။

"ထိုင်ကူ - မြစ်တန်းရွာဆိုတာ ဘယ်နားဆီလောက်မှာ ရှိမလဲ"

ကျိုက်လတ်ရောက်ဖို့ သုံးလေးမိုင် အလိုတွင် တံတားတစ်ခုပေါ်သို့ ကားဖြတ်သည်။ ဝဲဘက်ကြည့်လည်း တော၊ ယာဘက်ကြည့်လည်း တော၊ တောအုပ်တောတန်းတွေ မြင်နေရသည်။ ယာဉ်မောင်းအား မြစ်တန်းရွာကို မေးကြည့်တော့. . .

"ခုန ဖြတ်လာတာ ထိုင်ကူချောင်းပါ။ ထိုင်ကူ မြစ်တန်းရွာက ဒီတော အုပ်ကျော်ပြီး ဟိုရှေ့ဝေးဝေးပျပျမှာ ရှိပါတယ်။ ထိုင်ကူမှာ ဆရာ့အသိ ရှိလို့လား. . ."

"ဟုတ်ကဲ့ ရှိတယ်။ ဒီအသိက ထိုင်ကူမှာ မနေတော့ဘူး၊ ရန်ကုန်မှာ နေလိုက်၊ ရှမ်းပြည်နယ်တောင်ပိုင်းမှာ နေလိုက်။ ရာသီဥတုနဲ့ အညီ အဆင်ပြေသလို နေတယ်"

"ဘယ်သူများပါလိမ့် ခင်ဗျာ"

"ကျွန်တော်တို့ အချင်းချင်း ကိုဌေးမြိုင်လို့ ခေါ်တဲ့ ကဗျာဆရာ၊ စာရေး ဆရာကြီး ဒဂုန်တာရာပေါ့"

"ဟုတ်ကဲ့. . . ကြားဖူးတယ် ကြားဖူးတယ်"

ကျိုက်လတ်က ယာဉ်မောင်းအဖို့ ဒဂုန်တာရာ၏ အမည်ကို ကြားဖူး ရုံသာ ကြားဖူးပြီး၊ လူကို မမြင်ဘူးပေ။ သူတို့သည် ကိုဌေးမြိုင်တို့ ဂုရုကွေးတို့ ထက် လူဖြစ်နောက်ကျခဲ့သော မျိုးဆက်သစ်များ ဖြစ်သည်။ ထိုင်ကူရွာသို့ သာမက ကျိုက်လတ်မြို့သို့ပင် ရောက်ခဲပေါက်ခဲသော စာရေးဆရာကြီး ဒဂုန် တာရာကို အဘယ်မှာ မြင်ဖူးကြမည်နည်း။

"သူ ထိုင်ကူမြစ်တန်းမှာ နေခဲ့တုန်းက အကြောင်းလေးတွေ သိရရင် ကောင်းမယ်။ ကျွန်တော်တို့ နယ်သားစာရေးဆရာကြီးရဲ့ ငယ်ဘဝ၊ ကလေးဘဝ ပေါ့ခင်ဗျာ"

ယာဉ်မောင်း လူငယ်က အတော်သိချင်နေသည်။ သူ့အမေးတွင် အလွန် စိတ်ဝင်စားသော လေသံတွေ ပါနေသဖြင့်. . .

"ကျိုက်လတ်ကို လာဟောရမယ် ဆိုတော့၊ သူရေးခဲ့တဲ့ (ဒဂုန်တာရာ၏ ဒဂုန်တာရာ) ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်ကို ကျွန်တော် ပြန်ဖတ်ခဲ့တယ်။ စာအုပ်က ၁၉၆၇ ခုနှစ် နိုဝင်ဘာလက ပုဂံစာအုပ်တိုက်က ထုတ်တဲ့ စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ပါ။ စာကြည့်တိုက် အချို့နဲ့ စာသမားတွေ လက်ထဲကလွဲပြီး ခုနေ တွေ့ဖို့ မလွယ်တော့တဲ့ ရှားပါးစာအုပ်ပါ။ စာအုပ်နောက်ဆက်တွဲမှာ သူရေးခဲ့တဲ့ ကဗျာတွေပါ ပူးတွဲ ဖော်ပြထားတယ်. . . ”

“သူ့ကလေးဘဝကို ဆရာဖတ်ပြီး မှတ်မိသမျှ ကျွန်တော် သိပါရစေ. . . ”

“သူရေးထားတာ အတော်လှတယ်. . .၊ မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက် ပေါ်လာတယ်။ သူမွေးပြီးစက စကောလေးနဲ့ ထည့်ထားတော့ ပုရွက်ဆိတ်တွေ တက်နေတယ်တဲ့။ လူကြီးတွေက ပုရွက်ဆိတ်တွေကို ဖယ်ရှားပေးကြတယ်တဲ့။ သူ့ကလေးဘဝမှာ ကျွန်တော် သဘောကျတာ နှစ်ကွက် ရှိတယ်”

“ကြားပါရစေ ဆရာ”

“သူဟာ သူ့အမေရဲ့ တစ်ဦးတည်းသောသား။ အမေကို အလွန်ချစ်တယ်။ မြေကြီးပေါ်မှာ လူးလိမ့်ငိုနေရင် အမေထူပေးမှ ထတယ်။ တခြား လူကြီးတစ်ယောက်က သွားထူပြီး တစ်နေရာရာမှာ ချထားရင် မနေဘူး။ မူလ လူးလိမ့်ငိုနေတဲ့ နေရာကိုပဲ ပြန်သွားတယ်။ ပြန်လှဲပြီး ပြန်ငိုတယ်။ သူ့အမေ လာထူပေးမှပဲ ထတော့တယ်။ အဲဒါက စွဲမြဲတဲ့ သူ့ရဲ့ ဖွဲ့သတ္တိကို ဖော်ပြတဲ့ သင်္ကေတပဲ”

“အဖိုးတန်လိုက်လေ ဆရာ”

“နောက်တစ်ကွက်က ဟာသဖတ်ပြီး ကျွန်တော် ဟားတိုက်ရယ်မိတဲ့ဟာသ။ သူငါးနှစ်သားလောက်ကပေါ့. . . သူတို့အဘိုးနဲ့ သင်္ဂြိုဟ်လာလာ ဆွေးနွေးတတ်တဲ့ ဦးထွေးကြီးဆိုတာ ရှိတယ်။ အသက် ၇၀အရွယ် အဘိုးကြီးပါ။ တစ်နေ့ ဦးထွေးကြီးက ခေါင်းတုံးရိတ်ပြီးစ သူတို့အိမ် ရောက်လာတယ်။ ခေါင်းတုံးတပြောင်ပြောင်လက်လက်၊ စိမ်းစိမ်းစိုစိုဆိုတော့ အဲဒီခေါင်းတုံးကို လက်နဲ့ ပုတ်ချင်တဲ့ စိတ်တွေ ပေါ်လာတယ်။ သူနဲ့ သူ့ဦးလေး (နောင်အခါ စာရေးဆရာ မောင်စည်သူ ဖြစ်လာမည့်သူ) တို့ဟာ ဦးထွေးကြီးရဲ့ ခေါင်းတုံးပြောင်ကို ဖတ်ခနဲ ဖတ်ခနဲ လက်ဝါးနဲ့ ပုတ်ပြီး ထွက်ပြေးကြတဲ့အခန်း”

“ဟုတ်တယ် ရယ်ရတယ်၊ ဘယ်လိုသဘောနဲ့ ပုတ်တယ်လို့ ဆရာထင်သလဲ. . . ”

“စာရေးဆရာ ဖြစ်မယ့်သူရဲ့ ပင်ကိုယ်ဗီဇကြောင့် သွားပုတ်ဖြစ်တာ။ စာရေးဆရာဟာ လူတင်းကြပ်တာကို ခံနိုင်တယ်။ စိတ်တင်းကြပ်တာကို မခံနိုင်ဘူး။ စိတ်ထဲမှာ ဒီခေါင်းတုံးကို ပုတ်ချင်တယ်။ နောက်မှ ဖြစ်ချင်ရာဖြစ် သွားပုတ်ပစ်လိုက်တယ်. . .၊ ဒါဟာ စိတ်ကို အတင်းအကြပ်မခံနိုင်ဘူး။ လွတ်လွတ်

www.burmeseclassic.com

www.burmeseclassic.com



လပ်လပ် ပေါ့ပေါ့ပါးပါး ထားတတ် နေတတ်တဲ့ စာရေးဆရာရဲ့ ဗီဇပဲ. . . ”

ကားက ကျိုက်လတ်မြို့ထဲသို့ ဝင်လာသည်။ မဟာဂီတ ကျမ်းပြုဆရာကြီး ဦးပြုံးချို၏ ကိုယ်တစ်ပိုင်းရုပ်ထုကို မြင်ရသည်။ လမ်းနာမည်ကလည်း ဦးပြုံးချိုလမ်း. . . ဆရာသုခလည်း ကျိုက်လတ်သား ကျိုက်လတ်တွင် သုခလမ်း၊ သုခရုပ်ထုရှိသင့်သလို ၊ ဒဂုန်တာရာလမ်း၊ ဒဂုန်တာရာ ရုပ်တုလည်း ရှိသင့်သည်ဟု ဂုရုကွေး ဆန္ဒပြုမိသည်။ နောင်အခါ ဖြစ်ကောင်းဖြစ်လာပါလိမ့်မည်ဟု စိတ်ကို လျှော့ဖြေလိုက်ရ၏။

ဒဂုန်တာရာနှင့် ဂုရုကွေးမှာ အသက်ချင်းမတူပေ။ သူက ဂုရုကွေးထက် အသက်များစွာကြီးသည်။ သူနှင့်ဂုရုကွေးမှာ ခေတ်ချင်းလည်း မတူပေ။ သူက ဒဂုန်မဂ္ဂဇင်းခေတ်၊ ဂုရုကွေးက တိုင်းရင်းမေခေတ်၊ ဖြတ်သန်းမှုချင်းလည်း မတူပေ။ သူက ဟိုဘက် အင်္ဂလိပ်ခေတ်ကို ဖြတ်သန်းလာရသည်။ ဂုရုကွေးက အင်္ဂလိပ်ခေတ်ကို ဝိုးတဝါး၊ ဂျပန်ခေတ်ကို သိတာ သိ, မသိတာမသိ။

တူတာလေးတွေကျတော့ တစ်ဦးတည်းသောသားချင်းတူသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ကဗျာဆရာ ဖြစ်တာချင်း တူသည်။ ဒဂုန်တာရာက အသက် ၁၄ နှစ်သားတွင် ဒဂုန်မဂ္ဂဇင်း၌ ကဗျာစ, ရေးပြီး ကဗျာဆရာဖြစ်သည်။ ဂုရုကွေးက အသက် ၁၆ နှစ်သားတွင် ဟံသာဝတီ သတင်းစာ မဂ္ဂဇင်းကဏ္ဍ၌ ကဗျာစ, ရေးပြီး ကဗျာဆရာ ဖြစ်သည်။

သူက ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)၏ အမှုဆောင်၊ ဂုရုကွေးက မနေ့ဖြူ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်မှ ဆရာကြယ်နီ၏ တပည့်. . . ရန်ကုန်ကို ဆရာကြယ်နီနှင့် လိုက်လာရင်း ကိုဌေးမြိုင်ကို ရှုမဝတိုက်မှာ ဆုံဖူးသည်ဟု ထင်သည်။ မသေချာ။

သေချာတာက ဒဂုန်တာရာ၏ အဆင်တန်ဆာ။ ဘန်ကောက်လုံချည် အစိမ်းနုရောင် ဝတ်ထားသည်။ မျက်မှန်အထူကြီး တပ်ထားသည်။ ဆံပင်တွေက ကောက်တိကောက်ကွေး။ ဤသည်ကား နာမည်ကျော် မေဝတ္ထုကို ရေးခဲ့သူ၊ တာရာမဂ္ဂဇင်းကို ထုတ်ဝေခဲ့သူ၊ လေနုအေးသည် တန္ခွဲ့နွဲ့နှော့နေဆဲကို မြန်မာစာအရေးအသားကို ဆန်းသစ်ခဲ့သူ။ အဝေးက လှမ်းကြည့်ပြီး ရင်ခုန်ခဲ့ရသည်။

၁၉၆၂ ပထမဆုံး ကမ္ဘာ့အေး ကုန်းမြေ စာပေညီလာခံတွင် စာပေသစ်အုပ်စုက ဒဂုန်တာရာကို ပြင်းပြင်းထန်ထန် ဝေဖန်ကြသည်။ ဝေဖန်သည်ဆိုတာထက် ပုဂ္ဂိုလ်ရေးအရ ဆဲရေးပုတ်ခတ်သည် ဆိုလျှင် ပိုမှန်မည်။ ဒဂုန်တာရာ

www.burmeseclassic.com

www.burmeseclassic.com



ကား အရေထူလွန်းလှသည်။ ခံနိုင်ရည် ရှိလွန်းလှသည်။ ဂုရုကွေးတို့မှာ လူငယ် ကဗျာဆရာများပီပီ၊ ဒဂုန်တာရာဘက်မှ ခံပြင်းမိကြသည်။ ကိုယ်က နယ်က လာတက်ရတာဆိုတော့၊ ရန်ကုန်အဟန့်ကို လန့်နေသည်။ ပရိသတ်အလယ် မှာ ရဲရဲရင့်ရင့် ထမချဲရဲ. . .

ဒဂုန်တာရာနှင့် စသိတော့ ကိုယ်က ကဗျာဆရာပေါက်စ၊ သူက မဂ္ဂဇင်းများ၏ ရှေ့ပိုင်းစာမျက်နှာမှာ ပန်းချီသရုပ်ဖော်ပုံဖြင့် အမြဲတန်းပါနေ သော မဟာ ကဗျာဆရာ၊ သို့သော် သူစာဖတ်သည် တိုင်းရင်းမေ ဂျာနယ်မှာ ကြိုကြားကြိုကြား။ ရှုမဝမှာ၊ သွေးသောက်မှာ ရံဖန်ရံခါ ပါနေသော ဂုရုကွေး ကဗျာလေးများကို သူသတိထားမိသည်။

"ခင်ဗျားက မနေ့ဖြူကနော်"

"ဟုတ်ပါတယ်၊ ဟိုမှာနေလိုက်၊ ဒီကိုလာလိုက်၊ ဟိုမှာ အနေများတယ်"

"မနေ့ဖြူက ဆိုတော့ ကိုအောင်မြင့် သိမှာပေါ့. . ."

ကိုအောင်မြင့်မှာ မနေ့ဖြူ ဖဆပလတွင် တာဝန်ထမ်းဆောင်နေသည်။ အောင်မြင့်စာပေ ဖြန့်ချိရေးအမည်ဖြင့် စာနယ်ဇင်း ကိုယ်စားလှယ်လည်း လုပ် သည်။ ကိုအောင်မြင့်သည် ဒဂုန်တာရာ၏ တာရာမဂ္ဂဇင်းတွင် အောင်မြင့်အမည် ဖြင့်လည်းကောင်း၊ ကြယ်တာရာ အမည်ဖြင့်လည်းကောင်း၊ ဝတ္ထုတိုအချို့ကို ရေးခဲ့သည်။ တောသူကြီးတို့ သေနတ်သံတို့ အစရှိသည့် ဝတ္ထုတိုများ. . .

"သိပါတယ်. . .၊ ဘာဖြစ်လို့လဲ. . . ဘာမှာလိုက်ချင်သလဲ. . . ကျွန်တော်ပြန်ရင် ပြောလိုက်မယ်"

ဒဂုန်တာရာက လဲ့လဲ့လေးပြုံး၍ အသံတိုးတိုးဖြင့် မှာသည်။

"သူ့ကို စာပြန်ရေးဖို့ပြောပါ။ စာရေးတဲ့လူတွေ အမြဲတမ်း ရေးနေစေ ချင်တယ်. . ."

ဒဂုန်တာရာသည် သူ့ရေးဖော်ကြယ်တာရာခေါ် ကိုအောင်မြင့်ကို အမှတ်တရမှာသည်။ ကိုအောင်မြင့်အပေါ် ထိုစဉ်က စပြီး ယခုအထိ သံယော ဇဉ်ကြီးနေသည်။

"ခင်ဗျားလူက မအားဘူးဗျ။ ဖဆပလ အလုပ်တွေနဲ့ ပိနေတယ်"

ဂုရုကွေးက ဆရာကြယ်နီ၏တပည့်ပီပီ ဖဆပလကို အမြင်ကတ်နေသည်။ ဂုရုကွေး လေသံက ရိသဲ့သဲ့ဖြစ်သော်လည်း လေနုအေးသမား ဒဂုန်တာရာ က. . .

"ဘယ်မှာပဲ လုပ်လုပ်ပေါ့ဗျာ၊ စာရေးဆရာဟာ စာကိုတော့ ရေးနေ

www.burmeseclassic.com

www.burmeseclassic.com



စေချင်တယ်"

လေသံအေးအေးဖြင့် ပြောသည်။ သူပြောတာ မှန်ပါသည်။ သူက ကိုအောင်မြင့်ကို ဖဆပလနှင့် ကပ်မကြည့်။ တွဲမကြည့်။ စာရေးဆရာ အဖြစ်သာ ကြည့်သည်။ ဖဆပလနှင့် ခွဲကြည့်သည်။ ခွာကြည့်သည်။ ဂုရုကွေးတို့က အမြင်မကြည်သေး။ ဝိုးတဝါး ထွေးနေသည်။

ဒဂုန်တာရာက ကျိုက်လတ်သား။ ဂုရုကွေးက ဓနုဖြူသား။ နှစ်ယောက်စလုံး ဧရာဝတီတိုင်းသားတွေ ဖြစ်ကြသည်။ မြစ်ဝကျွန်းပေါ်သားတွေ ဖြစ်ကြသည်။ သူ့ကျိုက်လတ်ကို ဂုရုကွေးရောက်ခဲ့ပြီ။ ဟောပြီးပြီ။ ဂုရုကွေး၏ ဓနုဖြူကို သူမဟောဖူးသေး. . .။ ဒဂုန်တာရာသည် အစည်းအဝေးများ၊ စာပေဆွေးနွေးပွဲများတွင်သာ စကားပြောသည်။ စာပေဟောပြောပွဲတွေ လိုက်ဟောလေ့မရှိ. . . ဂုရုကွေးနှင့် တစ်ပွဲမှ တွဲမဟောဖူး. . .။

သူ့ဇာတိ ကျိုက်လတ်ဟောပြောပွဲကား အောင်မြင်ပါသည်။ အချိန်နောက်ကျမှ ပွဲစရသော်လည်း ပရိသတ်လာပါသည်။ စည်ကားပါသည်။ နောက်နေ့မနက် စောစောတွင် ခရီးသည်တင် မှန်လုံကားကြီးဖြင့် ဂုရုကွေးတို့ ရန်ကုန်ပြန်သည်။ ဒေါ်စန်းစန်းဝေတို့ ရှေ့နေမောင်နဲ့က ကားဆိပ်သို့ လိုက်ပို့သည်။

ချောင်းကူးတံတားကို ကားဖြတ်တော့ ဒဂုန်တာရာကို ဂုရုကွေး ဖျတ်ခနဲ သတိသွားရသည်။ ထိုင်ကူရှာရှိရာဘက်သို့ လှမ်းမျှော်ရင်း သဂြိုဟ်ဆရာဦးထွေးကြီး၏ ခေါင်းတုံးပြောင်ကို ဖတ်ခနဲ လက်ဝါးဖြင့် ရိုက်ပြီး ထွက်ပြေးသော မောင်ငွေမြိုင်ကလေးကို မြင်ယောင်ကာ တစ်ယောက်တည်း ပြုံးမိသည်။

♦ ♦ ♦

မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးတွင် ထိုစဉ်က က/ခ ပြဿနာ တက်နေသည်။ စာရေးဆရာ အချင်းချင်းကို ကကြီးတန်း ခခွေးတန်း ခွဲထားသည်။ စာမရေးသောသူများက နှစ်ကြေးပေးပြီး အသင်းဝင်ကာ စာရေးဆရာ နာမည်ခံကြသည်။

စာရေးဆရာအသင်းကြီးတွင် စာရေးဆရာအစစ်နှင့် စာရေးဆရာ အမည်ခံများ အုတ်ရောရောရော ကျောက်ရောရော ဖြစ်နေသည်။ ထိုသည်ကို ဒဂုန်တာရာအပါအဝင် စာတကယ်ရေးနေသော စာရေးဆရာ စစ်စစ်များက မခံချင်ကြပေ။ အသင်းကြီး၏ အစည်းအဝေးများတွင် အုပ်စုကွဲကာ ပူညံပူညံ ဖြစ်နေကြသည်။

စာရေးဆရာအစစ်က ကိုယ့်စာကိုယ် အေးအေးရေးနေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပူညံပူညံ မလုပ်ချင်။ လုပ်ဖို့ ဝါသနာမပါ။ နှစ်စဉ်ကြေး ဝင်ကြေးပေးပြီး ဝင်ထားသော အတုများက အသံကျယ်လှသည်။ ဤသို့ဖြင့် စာရေးဆရာ အသင်းကြီးအပေါ် စိတ်ကုန်ခန်းလာကြသော စာရေးဆရာအစစ်များက စာရေးဆရာ စာပေကလပ်ဆိုပြီး သီးခြား စာရေးဆရာ အဖွဲ့တစ်ဖွဲ့ကို ဖွဲ့ကြသည်။

ထိုအဖွဲ့က စာရေးဆရာစစ်များသာ ပါဝင်ခွင့်ရသည်။ စာရေးဆရာ စာပေကလပ်သည် နောင်အခါ စာရေးဆရာသမဂ္ဂဟု နာမည်ပြောင်းလိုက်သည်။ စာရေးဆရာသမဂ္ဂတွင် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့လို လူကြီးပိုင်းတွေက နာယကအဖွဲ့၊ ဒဂုန်တာရာတို့လို သက်လတ်ပိုင်းတွေက အတွင်းရေးမှူးအဖွဲ့၊ ဂုရုကွေးတို့လို သက်နုတွေက ရိုးရိုးအဖွဲ့ဝင်အဖြစ် ပါဝင်ကြသည်။

စာရေးဆရာအသင်းကြီးလောက် လူမများသော်လည်း စာရေးဆရာသမဂ္ဂသည် လူနည်းနည်းနှင့် ကျစ်ကျစ်လစ်လစ်ရှိသည်။ အဖွဲ့ဝင်တိုင်း ဒေါင်ဒေါင်မြည် စာရေးဆရာ၊ ကဗျာဆရာတွေ ဖြစ်ကြသည်။ စာရေးဆရာ အသင်းကြီးက လူများပြီးပွဲမစည် စာရေးဆရာသမဂ္ဂက လူနည်းသော်လည်း ပွဲစည် သည်။

"ရဲဘော်က ရန်ကုန်မှာ နေတာလား၊ ခနေ့ဖြူမှာ နေတာလား"

စာရေးဆရာ သမဂ္ဂအစည်းအဝေးပွဲသို့ လာတက်သော ဂုရုကွေးကို ကိုဌေးမြိုင်က မေးသည်။ သူသည် မျက်စိမှုန်သဖြင့် မျက်မှန်အထူကြီး တပ်ထားရသည်။ သို့သော် ဂုရုကွေးတို့ကို ဘယ်သူဘယ်ဝါ ကွဲကွဲပြားပြား ခွဲခွဲခြားခြား သိသည်။

"ကျွန်တော်က ရန်ကုန်နေလိုက် ခနေ့ဖြူနေလိုက်ပါပဲ ကိုဌေးမြိုင် ဦးဝိစာရကွက်သစ်လို့ခေါ်တဲ့ ကပ္ပလီကွက်သစ်မှာ ကျွန်တော့်အဘနဲ့ ကျွန်တော့်အန်တီတို့ အိမ်ငှားနေကြတယ်။ အဲဒီမှာ လာနေလိုက် ခနေ့ဖြူပြန်ပြီး ဘွားစောကြီးနဲ့ နေလိုက်"

"ဘာအလုပ် လုပ်သလဲ. . ."

"ခင်ဗျားကလည်း စာရေးဆရာ စာရေးတဲ့အလုပ်ကို လုပ်တာပေါ့"

"မဟုတ်ဘူးလေ ကျွန်တော်မေးတာက တခြားလခစားအလုပ် အသက်မွေးဝမ်းကျောင်း အလုပ်။"

"ဘာလခစားမှ မလုပ်ဘူး။ ဘာအသက်မွေးဝမ်းကျောင်းမှ မကျောင်းဘူး။ အဘထမင်းစားလိုက် ဘွားစောကြီး ထမင်းစားလိုက်၊ ကိုယ်ရေးချင်တဲ့ စာရေးလိုက် ခနေ့ဖြူက စာပေဝါသနာရှင်များအသင်း ကဗျာဆရာအသင်းတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စာပေတာဝန်မှူးနဲ့ ဥက္ကဋ္ဌလေ၊ အိမ်က ထမင်းစားပြီး ကိုယ်ထင်ရာ ကိုယ်လုပ်နေရတာ ကျွန်တော့် အတွက်တော့ နိဗ္ဗာန်ဘုံပဲ ကိုငွေးမြိုင်"

ကိုငွေးမြိုင်က ဂုရုကွေးစကားကို ပြုံးနေသည်။

"ခင်ဗျားမှာ ဟာသရှိတယ် ဟာသလည်း ရေးတယ် မဟုတ်လား"

"ရေးပါတယ် အဟိနဲ့ သောကြာမှာ အရေးများတယ်။ တစ်ကျပ်တန် ရုပ်ရှင်စာစောင် လေးတွေမှာလည်း ရေးတယ်။ အီကြာကွေး (ခနေဖြူ)လေဗျာ။ ခင်ဗျား မဖတ်ဖူးဘူး မဟုတ်လား. . . "

"ကျွန်တော် ဖတ်ပါတယ် ရဲဘော်၊ အမြဲတမ်းတော့ မဟုတ်ဘူး။ ကြုံ ကြိုက်တဲ့ အခါပေ့ါ။ ရဲဘော်ကဗျာတွေတော့ တော်တော်ဖတ်ဖြစ်ပါတယ်"

ဒဂုန်တာရာသည် မျက်စိအားမကောင်းပေ၊ သို့သော် စာဖတ်အား ကား ကောင်းသည်။ စာကိုမပြတ်တမ်း ဖတ်သည်။ သူမဖတ်အားလျှင် ဘေးနား က တစ်ယောက်ယောက်ကို ဖတ်ခိုင်းသည်။ စူးစူးစိုက်စိုက် နားထောင်သည်။

ဂုရုကွေးတို့မှာ တခြား ဝေယျာဝစ္စ၊ ဗလိဗောဓတွေ များလှသဖြင့် သူ့လောက် မဖတ်နိုင်ကြပေ။ သူ့ခမျာ မျက်စိမှုန်မွှားမွှားဖြင့် စာကို ကြိုးစား၍ ဖတ်ရရှာသည်။ စာမဖတ်နိုင်သောအခါ သူများကို ဖတ်ခိုင်းပြီး စာနာရှာသည်။

စာရေးဆရာ သမဂ္ဂဖျက်သိမ်း သွားသောအခါ ဒဂုန်တာရာနှင့် ဂုရုကွေးတို့ အတွေ့ရနည်းသွားသည်။ ဂုရုကွေးလည်း တောင်ဥက္ကလာ ရောက် လာသည်။ ရန်ကုန်တွင် အတူတူ နေကြသော်လည်း အဖွဲ့အစည်းမရှိတော့၍ လွယ်လွယ်ကူကူ မတွေ့ဖြစ်တော့ပေ။

ရံဖန်ရံခါ လဆန်းရက်များတွင် ရှုမဝမဂ္ဂဇင်းတိုက်၌ ဆုံဖြစ်ကြသည်။ တစ်ယောက် တစ်ယောက် မာကြောင်း သာကြောင်းမေးကြမြန်းကြ စာပေ အကြောင်း နည်းနည်းပါးပါး စကားစပ်ကြ။ ပြီးနောက် လူချင်းခွဲ၍ သူတစ်လမ်း ကိုယ်တစ်လမ်း. . .

ဂုရုကွေးမှာ စာရေးသောအလုပ်သာမက စာပေနှင့်နီးနွယ်သော ဆက် စပ်နေသော အခြားအနုပညာအလုပ်များလည်း လုပ်သည်။ အနုပညာလုပ်ငန်း မျိုးစုံဖြင့် အသက်မွေးသည်ပဲ ဆိုကြပါစို့. . .

မြန်မာနိုင်ငံတွင် ကက်ဆက်ဇာတ်လမ်းများ တစ်ခေတ်ထလာသည်။ ထိုရေစီးကြောင်းထဲတွင် ဂုရုကွေးလည်း ပါသွားသည်။ ကက်ဆက် ဇာတ်လမ်း ဇာတ်ညွှန်းရေးသည်။ ကိုယ်တိုင်ကြီးကြပ်အသံသွင်းသည်။ ကက်ဆက်ဇာတ်လမ်း တစ်ခေတ်ဦးပိုင်းတွင် ကောလိပ်ဂျင်နေဝင်းနှင့် တင်တင်နွဲ့တို့ ဇာတ်အတော်

www.burmeseclassic.com

www.burmeseclassic.com



များများ အသံသွင်းရသည်။ သူတို့နှစ်ယောက် အများဆုံးဟု ဆိုရမည်။

ဂုရုကွေး၏ ဝတ္ထုဇာတ်ညွှန်း (ကိုလူပျိုနှင့် မသောကြာ)တွင်လည်း ကောလိပ်ဂျင်နေဝင်းနှင့် တင်တင်နွဲ့တို့ပင် ကိုနေဝင်းကို အိမ်သွားခေါ်တော့ ထိုအိမ်တွင် ဒဂုန်တာရာနှင့် ဆုံသည်။ တစ်ယောက်ကို တစ်ယောက် ဝမ်းသာအားရနှုတ်ဆက်ကြသည်။

ခင်ဗျား ဒီမှာနေတယ်ဆိုတာ ကြားသာကြားပြီး မရောက်နိုင်ဘူး ကိုငွေမြိုင် ကက်ဆက်ဇာတ်လမ်းတွေ လုပ်မှပဲ ရောက်ဖြစ်တော့တယ် မင်းသားကြီးနဲ့က နောက်ထပ် ဇာတ်ထုပ်တွေ လုပ်စရာရှိသေးတယ်။

ကောလိပ်ဂျင်နေဝင်း အဝတ်အစားလဲနေစဉ် စန္ဒယားသံမျှင်းမျှင်းလေး ကြားရသည်။ ကိုငွေမြိုင်တီးနေတာပါ။ အသံက သိပ်မကျယ်။ တိုးတိုးမျှင်းမျှင်းလေးဖြစ်သည်။ စန္ဒယားဘေးတွင် ကလေးမလေးတစ်ယောက် ရပ်နေပြီး အသံလွင်လွင်ဖြင့် လိုက်ဆိုနေသည်။ ထိုစဉ်က ထိုကလေးမလေးသည် နောင်အခါ အဆိုတော် ဟေမာနေဝင်း ဖြစ်လာလေသည်။ သူတို့အမေ ဒေါ်ခင်မာလာက အသံသွင်းရက်ချိန်းတွေမှတ်၊ ဂုရုကွေးတို့က ကိုယ့်ဇာတ်သွင်းရက်တွင် မင်းသားကြီးကို သွားခေါ်၊ ထိုအိမ်သို့ မကြာခဏ ရောက်ဖြစ်သည်။ ဒဂုန်တာရာနှင့်က တစ်လနှစ်ခါ သုံးခါ တွေ့ဖြစ်သည်။

ဂုရုကွေး ရောက်သွားတိုင်း ဒဂုန်တာရာသည် စန္ဒယားတီးရင်တီး စာဖတ်ရင်ဖတ်၊ စာရေးရင်ရေး တစ်မျိုးမဟုတ် တစ်မျိုးလုပ်နေသည်နှင့် ကြုံရမြဲ၊ ဒေါ်ခင်မာလာရယ် ကောလိပ်ဂျင်ကြီးရယ် ဂုရုကွေးတို့ရယ် ဇာတ်လမ်း ဇာတ်ညွှန်းအတွက် ခေါင်းချင်းရိုက်တိုင်ပင်ရ၊ ရက်ချိတ်ရ အလုပ်ရှုပ်လှသဖြင့် ကိုငွေမြိုင်နှင့် အေးအေးဆေးဆေး စကားပြောချိန်မရ၊ မာကြောင်း သာကြောင်း ပဋိသန္ဓာရ စကားလောက်သာ ပြောဖြစ်ကြသည်။

ထိုစဉ်က ထိုအိမ်တွင် တွေ့ခဲ့ရသော ချာတိတ်ကလေးမှာ ယခုအခါ ရာဇာနေဝင်း ဖြစ်လာသည်။ တကယ်တော့ ဟေမာတို့ ရာဇာတို့ ရူပါတို့မှာ ကိုငွေမြိုင် မှည့်ခဲ့သော နာမည်များ ဖြစ်သည်။ ထိုကလေးများသည် ကိုငွေမြိုင် မျက်စိအောက်မှာ လက်ပေါ်မှာ ကြီးပြင်းလာကြသည်။

ကက်ဆက်ဇာတ်လမ်းခေတ် တိမ်ကောသွားသည်။ ကောလိပ်ဂျင်ကြီး ကွယ်လွန်သွားသည်။ လုပ်ငန်းဆက်စပ်မှု မရှိတော့သဖြင့် ထိုအိမ်သို့ ဂုရုကွေး မရောက်ဖြစ်တော့။ ရုပ်ရှင်ကားကြီး ဇာတ်ညွှန်းကိစ္စတစ်ခုဖြင့် ဒေါ်ခင်မာလာ၊ တောင်ဥက္ကလာ အိမ်ကလေးသို့ ရောက်လာသည်။ မလုပ်ဖြစ်ကြ။ ကိုငွေမြိုင်

www.burmeseclassic.com

www.burmeseclassic.com



နေကောင်းကြောင်း သူ့ထံမှ သတင်းကြားရသည်။

စာပေလောကတွင် ဂျာနယ်တွေ တစ်ခေတ်ဆန်းလာသည်။ အိုးဝေ၊ ရှုဒေါင့်၊ ရွှေတူ၊ သတင်းဂျာနယ်၊ ပြည်သူ့ကြယ်၊ ပွင့်လင်း စသောဂျာနယ်များ ဖြစ်သည်။ ဂုရုကွေးသည် ဂျာနယ်ရေစီးကြောင်းတွင် ပါဝင်မျောပါရပြန်သည်။ အိုးဝေက ဂျာနယ်အမှတ် (၁)တွင် ဗေထိဂေဟာ (ဟုထင်သည်) တစ်ပုဒ်ရေးပေးပြီး ဆက်မရေးဖြစ်တော့။

ရှုဒေါင့်ဂျာနယ်က လာခေါ်ပြီး ပင်တိုင်ကဏ္ဍ တာဝန်ပေးသဖြင့် အပတ်စဉ်ရေးပေးနေရသည်။ အိုးဝေ၊ ရှုဒေါင့်၊ ရွှေတူနှင့် ပြည်သူ့ကြယ်တို့မှာ တစ်လနှစ်ကြိမ်ထုတ်ဖြစ်၍ သတင်းဂျာနယ်၊ ပွင့်လင်းဂျာနယ်၊ မျက်လုံးဂျာနယ်တို့မှာ တစ်ပတ်တစ်ကြိမ် ထုတ်ဖြစ်သည်။ ထိုစဉ်က အပတ်စဉ်ထုတ်များတွင် သတင်းဂျာနယ်က သက်တမ်းအရှည်ဆုံးဖြစ်၍ ပွင့်လင်းဂျာနယ်မှာ သက်တမ်းမရှည်ခဲ့ပေ။ မျက်လုံးဂျာနယ်မှာ ပို၍ပင် သက်တမ်းတို ခဲ့လေသည်။

တစ်နေ့ ရှုဒေါင့်ဂျာနယ်သို့ နိုင်ငံတော် ပြည်အရေးစာမူသွားအပို့တွင် တိုက်ပေါ်၌ ကိုငွေးမြိုင်နှင့် ဆုံသည်။ မတွေ့ရတာ ကြာပြီ၊ ခုမှ ပြန်တွေ့ရသဖြင့် စကားတွေ ပြောမကုန်နိုင် ဖြစ်ကြရသည်။

"အေးဗျာ. . . မင်းသားကြီး အိမ်တုန်းက ကိုယ့်အလုပ်နဲ့ကိုယ်၊ ရှုပ်နေလို့ စကားဝဝ မပြောခဲ့ရဘူး။ ခုမှပဲ အားရပါးရ ပြောနိုင်တော့တယ်"

ရှုဒေါင့်တွင် ဒဂုန်တာရာသည် ဗညားသီဟ ကလောင်ခွဲဖြင့် ဝေဖန်ရေးတွေ ရေးနေသည်။ ဂုရုကွေးလိုပင် အပတ်စဉ်ပင်တိုင် ဖြစ်သည်။ ရှုထောင့်ဂျာနယ်တိုက်တွင် ဆုံစဉ်က ကိုငွေးမြိုင်က ထူးထူးခြားခြား စကားတစ်ခွန်းပြောသည်။

"ခင်ဗျားကို ကျွန်တော် မလွတ်တမ်း ဖတ်နေတာ ကြာပြီ ရဲဘော်"

ဟိုက် ရှာလပတ်ရည်၊ အဟိတို့ သောကြာတို့တုန်းက ကြုံမှဖတ်တယ် ဆိုသော ကိုငွေးမြိုင်က ခုတော့ မလွတ်တမ်း ဖတ်နေရတယ် ဆိုပါလား။ ဘယ်လိုကြီးပါလိမ့်။ တစ်မျိုးတော့ တစ်မျိုးကြီးပဲ။

"မဖတ်လို့ မဖြစ်ဘူးလေ။ ခင်ဗျားဟာသက. . ."

ဝေဖန်ရေးဆရာကြီး ဗညားသီဟ၏ ဝေဖန်ချက်ကို လေးလေးစားစား နားထောင်မည်ဟု နားစွင့်ထားပါမှ အယ်ဒီတာချုပ် သခင်လွင်က လှမ်းခေါ်သဖြင့် ကိုငွေးမြိုင် ထသွားရသည်။ သွားရင်းပြောသွားတာက. . .

"နောက်တော့ ပြောမယ်လေ၊ တွေ့ကြဦးမှာပဲ" တဲ့။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



ကိုငွေးမြိုင်က တကယ်အံ့ဩစရာကောင်းသော စာရေးဆရာ ကဗျာဆရာ၊ ဝေဖန်ရေးဆရာ ဖြစ်သည်။ တချို့ စာရေးဆရာတွေက ရေးလိုက်၊ မရေးလိုက်၊ စိတ်လိုလက်ရရှိတဲ့အခါ ရေးသည်။ စိတ်လိုလက်ရ မရှိတဲ့အခါ မရေးတော့။ ထိုစာရေးဆရာများမှာ အချိန်ပြည့် စာရေးဆရာများ မဟုတ်။ အချိန်ပိုင်း စာရေးဆရာ (သို့မဟုတ်) ထုံ့ထိုင်းထုံ့ထိုင်း စာရေးဆရာများဖြစ်သည်။

ဂုရုကွေး လေ့လာသိရှိရသမျှ ကိုငွေးမြိုင်သည် ဒဂုန်မဂ္ဂဇင်းခေတ်မှသည် ယနေ့မျက်မှောက်ခေတ်အထိ စာကို အစဉ်တစိုက် ရေးလာခဲ့သည်။ အဆက်မပြတ် ရေးလာခဲ့သည်။ ဆရာကြီးပီမိုးနင်းတို့ ဆရာကြီး ဦးရန်အောင်တို့၊ ဆရာတက်တိုး၊ ဆရာမ ဒေါ်နုယဉ်တို့လို တကယ့် စာရေးဆရာဖြစ်သည်။ စာပေအလုပ်၊ စာရေးခြင်းအလုပ်ကို တစိုက်မတ်မတ်လုပ်သော စာရေးဆရာဖြစ်သည်။

“ဗညားသီဟ ဝေဖန်ရေးတွေ ကောင်းတယ် ကိုငွေးမြိုင်. . . ခင်ဗျားတော်တော် အလုပ်လုပ်နိုင်တဲ့ ရဲဘော်ပဲ”

ဂုရုကွေးတို့နှစ်ယောက် ရှုဒေါင့်ဂျာနယ်တိုက်မှာ မကြာခဏ ဆုံကြသည်။ စကားတွေ ပြောဖြစ်ကြသည်။ ရှုဒေါင့်ဂျာနယ်တိုက်က ဗိုလ်အောင်ကျော်လမ်း၊ အထက်ဘလောက်မှာရှိသည့် ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးဘက်သို့ ပိုနီးသည်။

ဂုရုကွေးက လွယ်အိတ်တစ်လုံးနှင့် တိုက်ပေါင်းစုံ လည်နေသောစာပေခြေလျင်ခရီးသည် ဖြစ်သည်။ လွယ်အိတ်ထဲတွင် စာအုပ်တွေနှင့် ရေးပြီးစ၊ ရေးလက်စ စာမူတွေ ပါသည်။ ကြုံတဲ့စားပွဲမှာ ထိုင်ကာ စာရေးသည်။ သွေးသောက်တိုက်ကို စာမူပို့ပြီး အပြန် ရှုဒေါင့်တိုက်ပေါ် တက်လိုက်တော့ ကိုငွေးမြိုင်နှင့် ပက်ပင်း သွားဆုံသည်။ ရှုဒေါင့်ဂျာနယ် အယ်ဒီတာနှင့် စကားထိုင်ပြောနေသည်။

ဗညားသီဟအကြောင်း ဂုရုကွေးက ပြောတော့ သူကလည်း ပြန်ပြောသည်။

“ရဲဘော်လည်း တော်တော်ရေးတာပဲ၊ ကောင်းပါတယ်။ ရဲဘော်ရေးတာတွေကို မလွတ်တမ်း ဖတ်နေရတယ်၊ လွတ်လို့ မရတော့ဘူး”

ဟိုက် ရှာလပတ်ရည် လာပြန်ပြီ ဤစကား အရင်တစ်ခါတုန်းက စ, ထားသော စကားကို ခုတစ်ဖန် ထပ်ပြောပြန်သည်။ ဒီတစ်ခါတော့ စာပေဝေဖန်ရေးဆရာကြီး ဗညားသီဟ၏ ဝေဖန်မှုကို မရရအောင် တောင်းရပေတော့မည်။ ခေါင်းရင်းစားပွဲကို လှမ်းကြည့်လိုက်တော့ အယ်ဒီတာချုပ် သခင်လွင် မရောက်

www.burmeseclassic.com

www.burmeseclassic.com



သေး။ စာစီသမားတွေက နောက်ခန်းမှာ အယ်ဒီတာ စားပွဲတွင် ဂုရုကွေးတို့ သုံးယောက်ပဲရှိသည်။

“တိုက်မှာလူရှင်းတုန်း စကားအေးအေးဆေးဆေး ပြောခွင့်ရတုန်း ပြော ဗျာ. . . ကျွန်တော့်ဟာသက ဘယ်လို အမျိုးအစားလဲ၊ ဂျုတ်လား၊ ဟယူမား လား၊ ဆက်တိုင်းယားလား. . .”

ဂျုတ်မှာ ရိုးရိုးဟာသ ဖြစ်သည်။ ဟယူးမားမှာ ရယ်ဖွယ်ဟာသ အလတ် စားဖြစ်ပြီး၊ ဆက်တိုင်းယားမှာ အမြင့်ဆုံးဟာသ ဖြစ်သည်။ သရော်စာ ဟုလည်း ခေါ်ကြသည်။ အသော့အထေ့ဟုလည်း သုံးကြသည်။

ကိုငွေးမြိုင် မျက်မှန်ထဲက မျက်လုံးအစုံကို ပုတ်ခတ် ပုတ်ခတ်လုပ်၍ ညင်ညင်သာသာ ပြုံးသည်။ ပြီးတော့ ပြောသည်။

“ခင်ဗျားဟာသက ဂျုတ်လည်းပါ၊ ဟယူးမားလည်းပါ၊ ဆက်တိုင်းယား လည်းပါ၊ အမျိုးစုံတယ်။ ဟာသတိုင်း ဟာသတိုင်းမှာ ခင်ဗျားက ခေတ်ကိုပြော လေ့ရှိတယ်။ ခင်ဗျားဟာသက ခေတ်ပြိုင်ခံစားမှုဟာသပဲ”

ဟိုက် ရှာလပတ်ရည် ဂုရုကွေး ရေးတတ်သလို ရေးသော စိတ်လွတ် လက်လွတ် ရေးချင်သလို ရေးသော ဟာသကို ဗညားသီဟ အမည်ခံ ဒဂုန် တာရာက (ခေတ်ပြိုင်ခံစားမှု ဟာသ)တဲ့ တံဆိပ်ကပ် ပေးလိုက်လေပြီ။

“ဒက်ဖနေးရှင်းလေး ဘာလေး ဖွင့်စမ်းပါဦးဗျာ. . .”

“ခေတ်ပြိုင်ခံစားမှုဟာသဆိုတာ ဒီလိုဗျ၊ ရဲဘော်ဟာ ရဲဘော် ဖြတ် သန်းခဲ့ရတဲ့ ဖြတ်သန်းနေရတဲ့ ခေတ်ကို မျက်ခြေမပြတ်ဘူး၊ အမြဲတမ်းလေ့လာ တယ်။ ခေတ်မှာ ဖြစ်နေတဲ့ဟာတွေကို ကောင်းတာ ဆိုးတာ မရွေးဘဲ ဘယ်ဘက် မှ ဘက်မလိုက်ဘဲ မှတ်တမ်းတင်တယ်။ တကယ်တော့ ရဲဘော်ဟာ ခေတ် အဆက်ဆက် ဖြစ်ပျက်ခဲ့သမျှ လူတွေရဲ့ဘဝကို ဟာသနဲ့ မှတ်တမ်းတင်နေတာ ပဲ။ ခေတ်နဲ့ပြိုင်ပြီး ခံစားရေးသားတဲ့အတွက် ခေတ်ပြိုင်ခံစားမှုဟာသလို့ ကျွန် တော် အကဲဖြတ်တာ. . . ခင်ဗျားကို မဖတ်လို့ မရဘူးဆိုတာ ဒါကြောင့်ပြော တာ. . .”

ကိုငွေးမြိုင်သည် ခေတ်ပြိုင်ခံစားမှုဆိုသော အသုံးအနှုန်းကို ခံတွင်း တွေ့ပုံရသည်။ ဗညားသီဟ၏ ဝေဖန်ရေးဆောင်းပါးများတွင် ခေတ်ပြိုင်ခံစား မှု ဝတ္ထု၊ ခေတ်ပြိုင် ခံစားမှု ကဗျာ စသော အသုံးအနှုန်းများကို ဂုရုကွေး သတိ ထားမိသည်။ ယခုလည်း ဂုရုကွေး၏ ရှုဒေါင့်ဂျာနယ်တွင် ရေးနေသော ဟာသ များနှင့်အချို့သော ဟာသများကို ခေတ်ပြိုင်ခံစားမှုဟာသတဲ့။ သတ်မှတ်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြန်ပြီ။ အကဲဖြတ်ပေးလိုက်ပြန်ပြီ။

ရှုဒေါင့်ဂျာနယ်သည် အထိုက်အလျောက်သာ သက်ဆိုးရှည်ခဲ့သည်။ ဂုရုကွေးနှင့် ကိုငွေးမြိုင်တို့မှာ ရှုဒေါင့်ဂျာနယ် အမှတ် ၁မှ ရပ်သွားသည်အထိ အပတ်စဉ်ရေးခဲ့ကြသည်။ ထိုစဉ်က ဂျာနယ်များသည် ရှုဒေါင့်အပါအဝင် မည်သည့်ဂျာနယ်မှ သက်ဆိုးမရှည်ခဲ့။ အထိုက်အလျောက်သာ ထွက်နိုင်ကြပြီး၊ အကြောင်းအမျိုးမျိုးနှင့် ရပ်စဲသွားကြသည်။ သတင်းဂျာနယ်မှ သူငယ်ချင်း အထောက်တော်လှအောင် စကားနှင့်ပြောရလျှင် အကြောင်းကြောင်းသော. . . အကြောင်းကြောင်းများကို. . . အကြောင်းပြုပြီး သကာလဟု ပြောရလိမ့်မည်ထင်သည်။

ရှုဒေါင့်ဂျာနယ် ရပ်သွားတော့ ဂုရုကွေးနှင့် ကိုငွေးမြိုင်တို့ အတွေ့ရနည်းသွားသည်။ မဂ္ဂဇင်းထွက်ရက်တွင် ရှုမဝတိုက်မှာ တစ်ခါတစ်ရံ ဆုံတတ်ကြသည်။ ရှုမဝဦးကျော် ဆုံးသွားပြီးနောက် ဒဂုန်တာရာသည် ရှုမဝသို့ အရောက်အပေါက်နည်းခဲ့သည်။

ကိုငွေးမြိုင် မော်ဘီ ဘောလုံးစက်ရုံနားမှာ နေတာသိသည်။ ကဗျာဆရာလေးတွေ ဒဂုန်တာရာကို သွားသွား ဂါရဝပြုကြသည်။ သူတို့ခမျာ ကဗျာဆရာပီသစွာ ကိုယ်ပိုင်ကား မရှိကြ။ ဘတ်စ်ကားဖြင့် သွားကြရသည်။ ဂုရုကွေးကို ခေါ်ပါ၏။ မအားသဖြင့် မလိုက်နိုင်။ ကိုငွေးမြိုင်နှင့် မတွေ့ရတာ အတော်ကြာပြီးနောက် တွေ့မည့်တွေ့တော့ ကဗျာဆရာမကြီး ဒေါ်နုယဉ်မွေးနေ့ပွဲမှာ တွေ့သည်။

ဆရာမကြီး၏ မွေးနေ့ပွဲကို စထရင်းဟိုတယ်၌ ကျင်းပသည်။ ကြွရောက်လာသော ကဗျာဆရာ၊ စာရေးဆရာ ဧည့်ပရိသတ်များကို ဂုရုကွေးတို့က မင်းသား၊ ခန်းမအဝက ကြိုကြသည်။ ဆရာကြီး ဦးရန်အောင်မှာ ဂုရုကွေးကို အဝေးကြီးကတည်းက ပြုံးပြပြီး အနားရောက်တော့ ဗိုက်ခေါက် ဆွဲလိမ်ပြီး တဟားဟား ရယ်သည်။

ဆရာကြီးဦးရန်အောင်နောက်မှာ ဆရာဒဂုန်တာရာကို တူမဖြစ်သူ သင်းမြစန္ဒီက တွဲ၍ခေါ်လာသည်။ မျက်လုံးမကောင်းသည်ကလွဲ၍ ကျန်းကျန်းမာမာ တောင့်တောင့်တင်းတင်း ရှိနေသော ဒဂုန်တာရာကို ပါတိတ်အင်္ကျီ လက်တိုနှင့် မြင်လိုက်ရတော့. . .

"ဟိုက် ရှာလပတ်ရည် ဘန်ကောက်လုံချည် ယဉ်ကျေးမှုထူထောင်ခဲ့သူက ပါတိတ်ယဉ်ကျေးမှု ထူထောင်ပြန်ပါပြီကော၊ နောက်လိုက်ဦးမှပဲ. . . "

www.burmeseclassic.com

www.burmeseclassic.com



ဂုရုကွေးဟာ ကိုငွေးမြိုင်ကို နှုတ်ဆက်လိုက်ရသည်။

"ဟော့ လူကြီး. . . မိမိကိုယ်ကို မဲဇာပို့ထားတဲ့ အရပ်ကနေ ခင်ဗျား လာခဲ့တာ မဟုတ်လား. . . အမတ်ကြီး လက်ဝဲသုန္ဒရ တစ်ယောက် နေကောင်းရဲ့လား"

ကိုငွေးမြိုင်က ဂုရုကွေးအသံကို ကျက်မိသည်။ ဂုရုကွေး၏ လက်ကို ဖမ်းဆွဲထားသည်။ တော်တော်နှင့်မလွှတ်။ သူ့လက်ဖဝါးတွေက နူးနူးညံ့ညံ့၊ နွေးနွေးထွေးထွေး သွေးအားကောင်းကြောင်း ကျန်းမာရေး ဒေါင်ဒေါင်မြည်ကြောင်း သိသာနေသည်။ ဒီလူကြီး အသက်ရှည်ဦးမည်။

"ခင်ဗျားကတော့ အမြဲတမ်း ပျော်ပျော်ပဲနော်"

"မပျော်ဘဲ ငိုနေရင် ဘယ်လိုလုပ်ပြီး ခေတ်ပြိုင်ခံစားမှု ဟာသတွေ ရေးမလဲ။ ဟိုက် ရှာလပတ်ရည် အော်မလဲ။ သွတ်သွတ်သွတ် ရွတ်မလဲ"

ဂုရုကွေး၏ဟာသကို ဒဂုန်တာရာသာမက တူမဖြစ်သူ သင်းမြစန္ဒီက ပါ ရယ်သည်။ ဦးလေးက ဖတ်ပြခိုင်းလို့ ဆရာရေးတာတွေ ဖတ်ဖတ်ပြရတယ်တဲ့။ သင်းမြစန္ဒီက ပြောသည်။

ဆရာမကြီး ဒေါ်နုယဉ်၏ မွေးနေ့ပွဲတွင် ပျော်ပျော်ပါးပါး စကားပြောကြ၊ စားသောက်ကြပြီးနောက် ကိုငွေးမြိုင်နှင့် မတွေ့ရပြန်တော့၊ စုံစမ်းကြည့်တော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်းမြို့မှာ ရောက်နေသည်ဟု ကြားရသည်။ တူမအလုပ်ပြောင်းရာသို့ ဦးလေးပါ လိုက်နေရသည်ကိုး။

"ဆရာဒဂုန်တာရာက သူ့ကျန်းမာရေးကို သူဂရုစိုက်တယ်။ ရန်ကုန်မှာ ရာသီ ဥတုပူတဲ့အခါ အောင်ပန်းမှာနေတယ်။ အောင်ပန်းမှာ အေးတဲ့အခါ ရန်ကုန်မှာ ပြန်နေတယ်။ ဆောင်းရှောင်လိုက်၊ နွေရှောင်လိုက် ဥတုသပ္ပါယ မျှတအောင် နေတာ"

ဟုတ်သည်။ ဒါကြောင့်လည်း ဂုရုကွေး၏ ရဲဘော်ကြီး ဒဂုန်တာရာ ကျန်းမာ၍ အသက်ရှည်ခြင်း ဖြစ်သည်။ ဆောင်းဝင်လာသည့် ခုလောက်ဆို ကိုငွေးမြိုင်တစ်ယောက် ရန်ကုန်ရောက်လောက်ပြီဟု ထင်နေစဉ် အောင်ကျည်စိုးမြင့်က ဒဂုန်တာရာ မြင်သာက တိုက်ခန်းမှာ ဆောင်းခိုဖို့ ရောက်နေကြောင်း သတင်းပေးသည်။ လိပ်စာအတိအကျ ပြောပြသည်။

"မောင်ဆွေမင်းရေ. . . သွားလိုက်ကြရအောင်။ မင်းလည်း ကိုငွေးမြိုင်နဲ့ စကားပြောဖူးတာပေါ့"

ဆွေမင်း(ခနေဖြူ)ကိုခေါ်၍ တောင်ဥက္ကလာမြင်သာသို့ သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျန်းမာမာ တောင့်တောင့်တင်းတင်းဖြင့် ပန်းပင်တွေ ရေလောင်းနေသော ကိုငွေးမြိုင်ကို တွေ့ရသည်။ ရှမ်းပြည်နယ် အောင်ပန်းမှာ အနေကြာခဲ့၍ ထင်သည်။ ကိုငွေးမြိုင်၏ ပါးနှစ်ဖက်မှာ နီမြန်းနေသည်။ ဝေ့ဒစ္စနေအပြာတော့ မဖြစ်နိုင်။ မစ်ကီးမောက်အနီပဲ ဖြစ်ရမည်။

"ဟော့လူ ကိုငွေးမြိုင်. . . ဟောင်းဒူးယူဒူး. . . ခင်ဗျားဒူးခေါင်းတွေ ကောင်းသေးတယ် မဟုတ်လား"

မိတ်ဆွေဟောင်းတွေ ပြန်တွေ့ရတာ ပျော်စရာ။ လက်ဆွဲနှုတ်ဆက်တော့ သူ့လက်ဖဝါးတွေ နူးနူးညံ့ညံ့ ပူပူနွေးနွေး သွေးအားကောင်းနေကြောင်း သတိထားမိသည်။ မောင်ဆွေမင်းနှင့် မိတ်ဆက်ပေးတော့ တွတ်ပီကို သူဖတ်ကြောင်း ပြောပြသည်။ ကိုငွေးမြိုင်သည် ယခုတိုင် ဖတ်အားကောင်းဆဲ၊ ရေးအားကောင်းဆဲ။

"ခင်ဗျားရေးတာ ကျွန်တော်ဖတ်တယ်ဗျ၊ ရဲဘော် တော်တော်ရေးတာပဲ"

"ဖတ်ရမှာပေ့ါ. . . ကျွန်တော့်ဟာသက ခေတ်ပြိုင်ခံစားမှု ဟာသလေ၊ ကျွန်တော်ပြောတာ မဟုတ်ဘူး၊ ဗညားသီဟဆိုတဲ့ ဂုရုကပြောတာ. . ."

ကိုငွေးမြိုင် အားပါးတရ ရယ်သည်။ ဂုရုကွေးတို့ တစ်နာရီနီးပါး စကားပြောဖြစ်သည်။ သင်းမြစန္ဒီ ဖျော်တိုက်သော ကော်ဖီကိုသောက်ရသည်။ မြင်သာက ပြန်လာတော့ လှိုက်လှိုက်လှဲလှဲ ဆုတောင်းခဲ့သည်။ ဒဂုန်တာရာ တစ်ယောက် သက်ရှည်ကျန်းမာပြီး စာများများ ရေးနိုင်ပါစေ။

♦ ♦ ♦

သည်အချိန်လောက်ဆို ကိုငွေးမြိုင် ရန်ကုန်ရောက်လောက်ပြီ။ သူက သူ့ကျန်းမာရေးအတွက် အထူးဂရုစိုက်သူ ဖြစ်သည်။ နွေရာသီတွင် နွေရှောင်ရင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့မှာနေသည်။ ဆောင်းရာသီတွင် ဆောင်းရှောင်ရင်း ရန်ကုန်မှာ ပြန်နေသည်။ တောင်ဥက္ကလာ၊ မြင်သာ သေနတ်ပစ်ကွင်းနားတွင် နေသည်။

"ဒဂုန်တာရာ. . . ရန်ကုန်ပြန်ရောက် ပြီလား. . ."

လေထန်ကုန်းမှာ စုံစမ်းကြည့်သည်။ မည်သူမျှ ရေရေရာရာ မပြောနိုင်။ ရောက်နေပြီလိုလို၊ မရောက်သေးဘူးလိုလို၊ မရေမရာ ပြောကြသည်။ ခက်တာက ကိုငွေးမြိုင်သည် ပြင်ပပြင်လွင် သိပ်ထွက်တတ်သူမဟုတ်။ ဂုရုကွေးတို့ လိုလတ်လျားလတ်လျားသမား မဟုတ်။ ဟိုနားတွေ့လိုက်၊ ဒီနားတွေ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



မကြာမကြာ တွေ့ရတတ်သူ မဟုတ်။

သူသည် ဟိုစဉ်အခါကတည်းက အိမ်မြဲသူဖြစ်သည်။ တော်ရုံတန်ရုံနှင့် အပြင်မထွက်။ ကိစ္စအထူး ရှိမှသာ အိမ်မှထွက်သည်။ မျက်စိအားနည်းတာလည်း ပါတာပေါ့လေ။ မျက်စိအားနည်းသူများ အသက်အရွယ်ကြီးသူများ အိမ်မှ ထွက်ခဲသည်။ ထွက်လျှင်လည်း တွဲဖော်၊ ဆွဲဖော်နှင့်မှ ထွက်ကြလေ့ရှိသည်။ ကိုငွေးမြိုင်မှာ အသက်အရွယ်ကြီးရုံသာမက မျက်စိကလည်း မကောင်းတော့။ အလွန် ထွက်ခဲသည်။

မြင်သာ သွားစုံစမ်းဖို့ကလည်း သူ့အိမ်နေရာကို မေ့တေ့တေ့ဖြစ်နေတော့ ခက်တယ်။

ဟိုတစ်ခါ သွားတုန်းက ဆွေမင်း(ခနွေဖြူ)က ကားဖြင့် လိုက်ပို့ပေးသည်။ သက်ကြီးရွယ်အို စာရေးဆရာကြီးကို တွေ့ဖူးမြင်ဖူး စကားပြောဖူးလိုသည်ဟု ဆို၍ မောင်ဆွေမင်းကို ခေါ်သွားရခြင်းဖြစ်သည်။ သူတို့က မျိုးဆက်သစ်များဖြစ်၍ ရှေးလူ၊ မျိုးဆက်ဟောင်းများကို သိထားဖို့ လိုသည်။

"ဆွေကြီး. . . ဒဂုန်တာရာနေတဲ့နေရာ မှတ်မိလား. . ."

တစ်နေ့သ၌ သောကြာတိုက်မှာ အလုပ်ဆင်းခိုက် မောင်ဆွေမင်းကို မေးကြည့်တော့ သူလည်း မရေမရာ၊ ဇဝေဇဝါ။

"မြင်သာ သေနတ်ပစ်ကွင်းနားဆိုတာပဲ မှတ်မိတော့တယ်. . . ဆရာ့အိမ်နားမှာ မူလတန်းကျောင်းကလေး တစ်ကျောင်းလည်း ရှိတယ်. . ."

"အေး. . . ဒါဆိုလည်း မဆိုးပါဘူး. . . မေးလိုက်ရင် ရနိုင်တယ်"

ဒဂုန်တာရာ ရောက်၊ မရောက်၊ ရှိ၊ မရှိ၊ မသေချာ၍ မသွားဖြစ်ကြသေး။ ရန်ကုန်ကို ဆောင်းရောက်လာသည်။ နွေအပူက သိသိသာသာ လျော့သွားသည်။ ဆောင်းအအေးက တဖြည်းဖြည်း အရှိန်မြင့်လာသည်။ ဆောင်းရောက်လျှင် ဒဂုန်တာရာလည်း ရောက်ရမည်။ သူက ရှမ်းဆောင်းကို ရှောင်ပြေးနေသူ မဟုတ်ပါလား။

"ဆရာကွေး. . . ခင်ဗျားလူကြီး ရောက်နေပြီ. . . အရင်နေရာပဲ. . ."

"ဆရာကြီး ဒဂုန်တာရာလေ. . . မြင်သာမှာ ရောက်နေပြီ။ အရင်နေရာပဲ။ သွားလိုက်ပါဦး. . ."

"သောကြာမှာ သူ့အကြောင်း ရေးနေတုန်း သူရောက်နေတာ အတော် ပဲ သွားမယ်၊ သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



တိုက်မှာ မောင်ဆွေမင်းနှင့် သွားကြဖို့ တိုင်ပင်နေခိုက် အဏ္ဏဝါစိုးမိုး ရောက်လာသည်။ ဘယ်သွားကြမှာလဲဟု မေးသည်။ ဒဂုန်တာရာဆီ ဆိုတော့ ကျွန်တော်လည်း လိုက်ပါရစေတဲ့။ အဏ္ဏဝါမှာ စာပေနယ်သို့ အလွန့်အလွန် နောက်ကျမှ ရောက်ရသူဖြစ်၍ ဆရာ အတော်များများကို မသိပေ။ ယခင် လင်းယုန်မောင်မောင် ရှိစဉ်က လင်းယုန်ကြီးနှင့် လိုက်သွားပြီး အသိဖွဲ့ရသည်။ လင်းယုန်ကြီး မရှိတော့ ဂုရုကွေးနှင့် လိုက်ပြီး အသိဖွဲ့နေရသည်။

"လိုက်ခဲ့ပါ. . . ရပါတယ်. . . ကျွန်တော်တို့ချင်းက ရဲဘော်ရဲဘက်ပဲ. . . အားနာစရာ မလိုပါဘူး. . ."

မောင်ဆွေမင်းရယ်၊ အဏ္ဏဝါစိုးမိုးရယ်၊ ဂုရုကွေးရယ် သုံးယောက်သား တစ်ရက် မနက်စောစောမှာ မောင်ဆွေမင်း၏ ကားကလေးဖြင့် ဒဂုန်တာရာဆီ အလည်သွားကြသည်။ မြင်သာသေနတ်ပစ်ကွင်းနား ရောက်တော့ တစ်ယောက်စ၊ နှစ်ယောက်စ မေးရသေးသည်။ သူတို့သည် စာရေးဆရာကြီး ဒဂုန်တာရာကို စာသာမက လူကိုပါ သိနေကြသည်။

"တည့်တည့်လေး မောင်းသွားပါ. . . မူလတန်းကျောင်းလေး တွေ့လိမ့်မယ်. . . အဲဒီနားက တိုက်ခန်းပဲ"

သွားရင်း၊ သွားရင်း၊ လမ်းတွေကို တဖြည်းဖြည်း ပြန်မှတ်မိလာသည်။ မူလတန်းကျောင်းနား ရောက်သည်နှင့် ကိုဌေးမြိုင် ဆောင်းရှောင်နေသော တိုက်ခန်းကို ဘွားခနဲ တွေ့ရသည်။

"ပန်းပင်တွေများ ရေလောင်းနေလား. . . ကြည့်စမ်းပါဦး. . ."

ဟိုတစ်ခါလာတုန်းက ဒဂုန်တာရာကို ပန်းပင်ရေလောင်းနေတာ တွေ့ရသည်။ အခုတစ်ခါမှာတော့ အိမ်ရှေ့ ခြံဝန်းကလေးထဲမှာ ရှင်းနေသည်။ ဘယ်သူမှ မရှိ။ တိုက်ခန်းထဲမှာလည်း ရှင်းနေသည်။ လူရိပ်လူစမမြင်. . .

"ဒီလူကြီး နေမှကောင်းရဲ့လား. . ."

တိုက်ခန်းထဲ ရောက်သွားတော့ ဂျင်းဘောင်းဘီရှည်နှင့် ကလေးမလေး တစ်ယောက် ထွက်လာပြီး ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲဟု ယဉ်ကျေးစွာ မေးသည်။ ထိုကလေးမလေးက မျက်မှန်ထဲက မျက်လုံးအစုံဖြင့် ဂုရုကွေးကို မမိုတ်မသုန် ကြည့်နေသည်။

"ကိုဌေးမြိုင်ဆီလာတာဟ. . . ရှိတယ် မဟုတ်လား. . ."

တိုက်ခန်း၊ ဘုရားခန်းဘက်မှ "ရှိပါတယ်. . . ရှိပါတယ်"

ဆိုသော ကိုဌေးမြိုင်၏အသံကို ကြားရသည်။ ကလေးမလေးက

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ကြပါ။ ဘိုးဘိုးကို သမီးသွားခေါ်ပေးမယ်" ပြောပြီး ဘုရားခန်းထဲ ဝင်သွားသည်။ သည်တော့မှ ဒီကလေးမလေးကို ပြန်သတိရသည်။ ဆရာမကြီး ဒေါ်နုယဉ် မွေးနေ့ပွဲတုန်းက ဂါဝန်ကလေးနှင့်ပါလာတဲ့ ကလေးမလေးပဲ။ နှစ်တွေကြာခဲ့ပါပြီကော။

"ဘယ်သူတွေပါလိမ့်. . ."

အညိုရောင် ဆွယ်တာကြီး ဝတ်ထားသော ကိုငွေးမြိုင်ကို သူ့မြေးမလေးက တွဲထွက်လာသည်။ တစ်မြန်နှစ်နှင့် မနှစ်က အတိုင်းပဲ။ ကိုငွေးမြိုင်မည်သို့မျှ မပြောင်းလဲ။ ခန္ဓာကိုယ် ဝဝတင်းတင်း၊ ပါးဖောင်းဖောင်း၊ ပါးအို့နီရောင်သမ်း. . .

"ရဲဘော်ကျော်ထွန်းလေဗျာ. . . လူမမှတ်မိလည်း အသံတော့ မှတ်မိမှာပေါ့. . ."

"လူရော အသံရော မှတ်မိပါတယ်. . ."

ကိုငွေးမြိုင်က ပြုံး၍ပြောသည်။ ဂုရုကွေးက မောင်ဆွေမင်းနှင့် အဏ္ဏဝါစိုးမိုးတို့ကို မိတ်ဆက်ပေးသည်။ ကိုငွေးမြိုင်၏ မှတ်ဉာဏ်တွေက အံ့ဖွယ်ကောင်းအောင် ထက်မြက်နေဆဲ. . .

"ကိုဆွေမင်းကို ကျွန်တော် မှတ်မိပါတယ်. . . အရင်တစ်ခါ လိုက်လာ ဖူးတယ် မဟုတ်လား. . . ခင်ဗျားတွတ်ပီကို ကျွန်တော့်မြေးတွေက အသည်းစွဲ ဗျ. . . သူတို့ ဖတ်ဖတ်ပြလို့ ကျွန်တော်ပါ စွဲနေတယ်. . ."

မောင်ဆွေမင်းက သောကြာစာစောင်နှစ်အုပ်နှင့် သူရေးသော စာအုပ် (ဘဝတစ်ခုအမှတ်တရ) နှင့် ဂုရုကွေး၏ (မျက်စိအောက်ကဇရာ) စာအုပ်တို့ကို လက်ဆောင်ပေးသည်။ ဒဂုန်တာရာ၏ မြေးမလေးက လာယူပြီး စားပွဲပေါ်တင်ပေးသွားသည်။

"ခင်ဗျား တော်တော်ရေးနိုင်တာပဲ. . ."

ကိုငွေးမြိုင်က ဂုရုကွေးကို ချီးကျူးသည်။ သူလည်း သူ့အရွယ်နှင့်သူ အတော်ကလေး ရေးနေသည်။

ထို့နောက်ကား ဂုရုကွေးတို့နှစ်ယောက်၊ သူကပြောလိုက်၊ ကိုယ်ကပြောလိုက်။ စကားဖောင်ဖွဲ့လို့ မဆုံးတော့။ မောင်ဆွေမင်းနှင့် အဏ္ဏဝါတို့က တစ်ချက်တစ်ချက် ဝင်ပြောကြသည်။ ဈေးသွားနေသော သူ့တူမ သင်းမြစန္ဒီ ပြန်ရောက်လာသည်။

"ဟာ. . . ဂုရုကြီး ရောက်နေတာကိုး. . . အောင်ပန်းပရိသတ်က

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နေကြတယ်. . . ”

“ဟုတ်ကဲ့. . . ကျွန်တော်ကလည်း တွေ့ချင်ပါတယ်. . . ဒီနှစ် မရောက်လည်း နောက်နှစ်တော့ ရောက်ပါလိမ့်မယ်. . . ”

သင်းမြစန္ဒီက လိမ္မော်သီးကြီးတွေ ကြွေပန်းကန်အမောက်ထည့်ပြီး လာချပေးသည်။ အောင်ပန်းလိမ္မော်တွေ ဖြစ်ပေလိမ့်မည်။ ချိုကချို၊ အရည်က ရွှမ်းပါဘိ။ ကိုဌေးမြိုင်က “စားကြပါ၊ စားကြပါ” ဟု ဧည့်ဝတ်ပြုသည်။

“မြို့ထဲမှာ မတွေ့တော့ နေမျှားမကောင်းလို့လား. . . ကျွန်တော်စိတ်ပူသွားတယ် ကိုဌေးမြိုင်. . . ”

“နေကောင်းပါတယ်. . . အေးလွန်းလို့ အိပ်ရာထဲမှာ ဝင်နေတာပါ. . . ”

စကားလက်ဆုံ ပြောမကုန်ကြ။ စာပေအကြောင်း ရောက်သွားကြသည်။ ကိုဌေးမြိုင်မျက်မှန်က အတော်ထူသည်။ မျက်လုံးခွဲလိုက်ရင် ကောင်းမယ်ဆိုတော့ မခွဲတော့ဘူးတဲ့။

စကားပြောရင်း ဗန်းမော်တင်အောင်ကို သွားသတိရသည်။ သူတို့နှစ်ယောက်၏ ပုဂ္ဂိုလ်ရေး သံယောဇဉ်ကား အံ့ဩစရာ။ ဗန်းမော်တင်အောင်သည် တာရာမှာရေးရင်း လင်းလက်သော တာရာတစ်ပွင့် ဖြစ်လာသည်။

“ခင်ဗျားတို့ နာမည်တွေနဲ့ လိပ်စာကလေးတွေ ရေးပေးခဲ့ပါဦး”

လိမ္မော်သီးပန်းကန် တင်ထားသော စားပွဲပေါ်တွင် ဗလာစာအုပ် အပါးလေးတစ်အုပ် ရှိသည်။ ထိုစာအုပ်ကလေးထဲတွင် ကိုဌေးမြိုင်ဆီ အလည်လာကြသော ရဲဘော်များ၊ မိတ်ဆွေများ၏ နာမည်တွေ လိပ်စာတွေ ရှိသည်။ ဂုရုကွေးက-

“ရေးပေးခဲ့မယ်. . . လိပ်စာတင် မကဘူး. . . အော်တိုသဘောမျိုးပါ ရေးပေးခဲ့မယ်. . . ”

ဂုရုကွေးကော၊ အဏ္ဏဝါစိုးမိုးပါ ဒဂုန်တာရာ မာစေ၊ သာစေကြောင်း ဆန္ဒပြုစာများနှင့် လိပ်စာပါ ရေးပေးခဲ့သည်။ မောင်ဆွေမင်းကတော့ စာသာမက တွတ်ပီအရုပ်ကလေးပါ ဆွဲပေးခဲ့သည်။ အသက်အရွယ်ကြီးသည့်တိုင် စာပေတာဝန်ကို ထက်ထက်မြက်မြက် ကျေပွန်ဆဲဖြစ်သော စာရေးဆရာကြီးကို လေးစားရမည် မဟုတ်ပါလား။

“ကျွန်တော်တို့ သွားတော့မယ် ကိုဌေးမြိုင်. . . ”

“အားရင် လာဦးဗျာ. . . စကားပြောလို့ ကောင်းတယ်. . . ”

www.burmeseclassic.com

www.burmeseclassic.com



ဂုရုကွေးတို့ ထွက်မလာခင် သူ့မိတ်ဆွေဟောင်း တာရာမဂ္ဂဇင်း စာရေးဆရာဟောင်း ကိုအောင်မြင့်ကို နေကောင်းရဲ့လား။ ကျွန်တော်က မေးတယ်လို့ ပြောပါဟု မှာဖြစ်အောင် မှာလိုက်သေးသည်။ ဦးအောင်မြင့်က ခနေ့ဖြူတွင်နေသည်။

"စိတ်ချ. . . စိတ်ချ. . . ကျွန်တော် ခနေ့ဖြူကို ခဏခဏရောက်တယ်. . . ဦးအောင်မြင့်ကို ပြောလိုက်မယ်. . ."

ကားထွက်လာတော့ ကိုငွေးမြိုင်တစ်ယောက် ကုလားထိုင်ပေါ်တွင် ထိုင်နေဆဲဖြစ်ကြောင်း လှမ်းမြင်ရသည်။ ဂုရုကွေးတို့ သုံးယောက်လုံး တူတူညီညီ ဆုတောင်းမိသည်ကား. . . ကိုငွေးမြိုင် စာရေးဆရာကြီး ဒဂုန်တာရာ၊ မအိုသေးသော ပန်းနုရောင်ကြီး အသက်ရာကျော် ရှည်ကာ စာတွေများများ ရေးနိုင်ပါစေ။

♦ ♦ ♦

သောကြာစာစောင်
အမှတ် (၄၇၂)၊ ဒီဇင်ဘာလ၊ ၂၀၀၂- ခုနှစ်
အမှတ် (၄၇၃)၊ ဇန်နဝါရီလ၊ ၂၀၀၃- ခုနှစ်
အမှတ် (၄၇၅)၊ မတ်လ၊ ၂၀၀၃- ခုနှစ်

**အိကြာကွေး**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com